www.burmeseclassic.com

BURMESE CLASSIC .com

မစန္ဒာ

# ဘဝအိပ်မက်ပန်းအိပ်မက်



www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက် ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ် စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## မစန္ဒာ၏ ထုတ်ဝေပြီး စာအုပ်များ

၁။ ဂျိပေါသူ (ပထမ ၁၉၇၃) (ဒုတိယ ၁၉၇၆) (တတိယ၁၉၉၄)

၂။ ငယ်သူမို့မသိပါ (ပထမ ၁၉၇၂) (ဒုတိယ ၁၉၇၅) (တတိယ ၁၉၉၄)

၃။ ငြိုးမာန်ဖွဲ့သူရယ် (၁၉၇၃) (၁၉၉၅)

၄။ ပန်းစကား (၁၉၇၄) (၁၉၈၆)

၅။ စိမ်းရွက်သစ်တဝေဝေ (ပထမ ၁၉၇၄) (ဒုတိယ ၁၉၉၄)

၆။ နက်ဖြန်ခါ (၁၉၇၅)

၇။ ပုဏ္ဏာ (၁၉၇၆) (၁၉၉၅)

၈။ နှင်းဆီ (၁၉၇၆)

၉။ အရိပ် (ပထမပိုင်း) (၁၉၇၇)

၁၀။ အရိပ် (ဒုတိယပိုင်း) (၁၉၇၈)

၁၁။ တိမ်ဖုံးပါလို့ လမသာ (၁၉၈၂)

၁၂။ မစပ်သော ရေတ်[၁] (၁၉၈၂)

၁၃။ ဂျိန်းဂျိန်းဂျုတ်ဂျုတ်[၂] ဂျိန်းဂျုတ်ဂျုတ် (၁၉၈၃)

၁၄။ မစန္ဒာ၏ ဝတ္ထုတိုများ (၁၉၇၄)

၁၅။ မစန္ဒာ၏ ဝတ္ထုတိုများ (၁၉၈၅)

၁၆။ ဘဝအိပ်မက် ပန်းအိပ်မက် (၁၉၉၄)

၁၇။ ကွက်လပ်ကလေးဖြည့်ပေးပါ (၁၉၇၄) (၁၉၉၅)

၁။ မောင်သာရ၏ 'ရေတံမှန်လျှင် စပ်လိမ့်မည်' နှင့် ပူးတွဲပုံနှိပ်သည်။

၂။ မိုးမိုး(အင်းလျား)၏ 'ကြွေရင်အတူတူကြွေမယ်' နှင့် ပူးတွဲ ပုံနှိပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

မြဝတီစာပေတိုက်၊ စာစဉ်အမှတ် (၅)

ဒုတိယအကြိမ်
အုပ်ရေ–၃၀၀၀
၁၉၉၆–ခုနှစ်၊ ဇန်နဝါရီလ

မျက်နှာဖုံးပန်းချီ–ရွှေစိုးဟန်
တန်ဖိုး–၈၅ ကျပ်

မြဝတီစာပေတိုက်၊ ၁၈၁–၁၈၃၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်တွင် ဒုတိယမိုလ်မှူးကြီးချစ်နိုင်၊ ထုတ်ဝေသူ မှတ်ပုံတင်အမှတ် (၃၇၀၂) က ထုတ်ဝေ၍ ဦးမြင့်ကြွယ်၊ ပုံနှိပ်သူ မှတ်ပုံတင်အမှတ် (၀၂၂၅၁) က ပုံနှိပ်သည်။

မြန်မာပြည်ရှိ ဦးဘပွားများကို ရည်ညွှန်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဘဝအိပ်မက် ပန်းအိပ်မက်

မစန္ဒာ

# မြတ်

ကောင်းမှုမြတ်နိုး
ကောင်းအောင်ကြိုး၍
ကောင်းကျိုးကိုယ်၌တည်စေမင်း။

ကန်တော်မင်းကျောင်းဆရာတော်
( လောကသာရပျို့ )

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ကွယ်လွန်အနိစ္စရောက်ခြင်းသည်၊ ဤကမ္ဘာ ဤလောက၊ ဤသံသရာကြီးတွင် သက်ရှိ သတ္တဝါတိုင်း မလွဲမသွေ ရင်ဆိုင်ရမည့် အရိုးစင်းဆုံးသော ကိစ္စတစ်ရပ် ဖြစ်လေသည်။ အရေးကြီးသည်ကား လူ့ကမ္ဘာရောက်လာသော လူသားတစ်ဦးသည်၊ သူအသက်ရှင်စဉ် ကာလ တွင် ဘာတွေကိုတွေး၍ ဘယ်လို ခံယူကာ ဘယ်လိုပြောဆိုလှုပ်ရှား နေထိုင် သွားသည်ဟူသော အချက်သာဖြစ်သည်။ လူတစ်ဦး ချစ်သည် သူ၏ တန်ဖိုးကို သူ၏ လုပ်ရပ်ဖြင့် ဘဝဇာတ်ခုံတွင် တင်ဆက်၍ သက်သေပြသွားကြမြဲ ဖြစ်လေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သပ်သပ်ရပ်ရပ်ရှိသော သာမန် ကန်ထရိုက်တိုက်ကလေးတစ်လုံး
င်ဖြစ်သည်။ ရန်ကုန်မြို့ စမ်းချောင်းရပ်ကွက် ဦးဖိုးလမ်း ထဲတွင်
ရှိသည်။ အိမ်နံပါတ်က (၅၂) ဖြစ်သည်။

ဘယ်ဘက်ခြမ်း အောက်ထပ်တွင်နေသူက ဦးဘမွား၊ သူ့အမေ၊
သပ်တွင်ကား၊ ကိုရန်ဝေးတို့မိသားစု၊ ညာဘက်ခြမ်း အောက်ထပ်တွင်
အိမ်ရှင်ဖြစ်သော မမွေးကြူတို့ သားအမိ၊ အပေါ်ထပ်တွင်
ကိုကောင်းထက်တို့ သားအဖ နေထိုင်ကြသည်။

သူတို့ အားလုံးသည် သာမန် လူသားများ ဖြစ်ကြသည်။

လူသာမန်တို့တွင် ရှိတတ်သော လောဘ၊ ဒေါသ၊ မောဟနှင့်
ာနတို့ရှိကြသည်။ လူ သာမန်တို့တွင် ရှိတတ်သော ကရုဏာ
တရားနှင့် အကြင်နာ တရားတို့လည်း ရှိကြလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အခန်းကလေးက ကျဉ်းသော်လည်း လင်းလင်းချင်းချင်းရှိလေသည်။ ခါတိုင်းလိုပင် နှင်းဆီနံ့ ပျံ့သင်းနေသည်။နက်(စ်)ကော်ဖီအနံ့လည်းမွှေးနေသည်။

တိုးတိုးလေး ဖွင့်ထားသော ကက်ဆက်မှ "ရစ်ချတ်ကလေဒါမင်"၏ စန္ဒရားသံလေးကလည်း ခါတိုင်းလိုပင်၊ စိတ်နှလုံးညွတ်ပျောင်းဖွယ်၊ ငြိမ့်ညောင်းသာယာလှသည်။

သို့သော် ဦးဘပွားသည် မွှေးပျံ့သော နှင်းဆီရနံ့ကို ခါတိုင်းလိုခံမင် နှစ်ခြိုက်စွာ မရှူရှိုက်မိပေ၊ သူ အလွန်နှစ်သက်သော စန္ဒရားသံကိုလည်း ယခင်တုန်းကလို စိတ်ဝင်တစား နားမထောင်နိုင်၊ သူ့ရှေ့မှ ကော်ဖီပန်းကန်ကိုလည်း တစ်ကျိုက်တလေပင် ကောက် မမော့ချင်၊ အာယာလှပမှုအပေါင်းသည် သူနှင့် လုံးဝမသက်ဆိုင်တော့ဘဲ အဝေးကြီး ဝေးသွားသည်ဟု ခံစားနေရသည်။

ပုံမှန် လည်ပတ်နေသော ကမ္ဘာကြီးသည် ရုတ်တရက် အသွင်ပြောင်းပြီး အရုပ်ဆိုး အကျည်းတန်သွားသည်ဟု ထင်မှတ် နေမိသည်။

"ကိုယ့်ကိုယ်ကို မကြာခင် သေရတော့မယ်လို့ သိနေရတဲ့လူတစ်ယောက်အနေနဲ့ မသေခင်အချိန်ကလေးမှာ ဘယ်လို နေသင့်သလဲ၊ ဘာကို လုပ်သင့်သလဲ"

စစ်တုရင်ရုပ်ကလေးများကို နေရာချနေသော ဆရာဝန် ဦးကံမြင့်အားငေးကြည့်ရင်း ဦးဘပွားက စဉ်းစားသည်။ မနေ့ညက တစ်ညလုံးတလူးလူး တလိမ့်လိမ့်နှင့် တရေးမှ အိပ်မပျော်၊ ညနှစ်ချက်တီးလောက်ရှိခါမှ အိပ်ဆေးထသောက်ခဲ့ရသည်။



ထို့ကြောင့် အိပ်ဆေးအရှိန်က ယခုထိ မပြေသေးဘဲ ခေါင်းထဲတွင် နောက်ကျိကျိ ဖြစ်နေသည်။ မျက်ခွံတွေလေးကာ မောဟိုက်ဟိုက်နှင့် အသက်ရှူ၍လည်း မဝချင်။

"ငါဘယ်လို နေရမလဲ"

ဦးဘပွားက ပင့်သက်ကို မသိမသာ ရှိုက်လိုက်မိသည်။ထိပ်လန့်တုန်လှုပ်နေသော စိတ်ကို ထိန်းချုပ်ပြီး ဘုရားရှိခိုး၊ ပုတီးစိပ်၊ တရားထိုင်ခြင်း အမှုတို့ကို အချိန်ပြည့် လုပ်နေရလျှင် ကောင်းလေမလား။

သို့သော်လည်း သူ့တစ်သက်တာလုံး ဘုရား တရားကိုမေ့မေ့လျော့လျော့နှင့် ခပ်ပေါ့ပေါ့ နေလာသူမို့ သူ့ရင်ထဲတွင် ဘုရားစိတ်၊ တရားစိတ်များကိန်းအောင်းခြင်း၊ ညွတ်နူးခြင်း မရှိသေးပေ။ ခြီးခြံခြင်း၊ ရောင့်ရဲတင်းတိမ်ခြင်း၊ သူတစ်ပါးအား မေတ္တာထားခြင်း၊ စိတ်နှလုံးအေးချမ်းသာယာခြင်း စသည်တို့သည် သူနှင့်အလွန်ဝေးကွာသောနေရာတွင် ရှိနေသည်ကို သူ့ကိုယ်သူသိနေသည်။

သည်တော့ သေနေ့ကို ကြိုးစားကာ မေ့ထားလိုက်ပြီး၊ စိတ်လွတ်ကိုယ်လွတ် လျှောက်လည်ကာ သုံးဖြုန်း ပျော်ပါးပစ် လိုက်ရလျှင်ကောင်းလေမလားဟု တွေးမိပြန်သည်။

သို့သော် သုံးဖြုန်း၊ ပျော်ပါး၊ လည်ပတ်ခြင်းများက သူ့ကိုပျော်ရွှင်မှု ပေးနိုင်တော့မည် မဟုတ်ကြောင်းကိုလည်း သူ သိနေပြန်သည်။ သည်လိုဆိုတော့လည်း သားသမီးတွေ ရောက်နေသောနိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ လိုက်သွားကာ ဆေးကုသရင်းလူမမာကြီးလုံးလုံးလုပ်ကာ သေနေ့ကို လက်ချိုးရေတွက်ပြီး စောင့်နေရမည်လား။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ပစ္စည်း ဥစ္စာရယ်၊ ပညာရယ်ကို လေ ဘ တကြီးရှာနေကြတဲ့ သူတွေ၊ ဘဝလှေကားကို အဆင့်ဆင့် ထောင်ပြီး မြင့်သည်ထက် မြင့်အောင် ကြိုးစားပြီးတက်နေ ကြတဲ့သူတွေ၊ ငါလိုက်သွားတော့ရော ငါ့အတွက်ဘယ်သူ က အလုပ်အကိုင် အပျက်ခံပြီး အချိန်ပေးချင်မှာတဲ့လဲ၊ ဝန်ထုပ်ဝန်ပိုးကြီးတောင် ဖြစ်ချင်ဖြစ်နေမှာ၊ အင်း ဖြစ်ချင် ဖြစ်နေမှာ မဟုတ်ဘူး၊ ဖြစ်ကိုဖြစ်နေမှာပါ"

ဦးဘပွားက သက်ပြင်းချသည်။

"ကဲ ဦးဘပွား စလေဗျာ"

ဦးကံမြင့်က စစ်တုရင်ခုံကို ဦးဘပွားဘက်သို့ တွန်းပေးသည်။ ဦးဘပွားက စစ်တုရင် ရုပ်ကလေးများကို တစ်ခါမျှမမြင်ဖူးသလို ငေးစိုက်၍ကြည့်နေမိသည်။ သူ့ဘက်က အရုပ်များက အနက်ရောင်၊ ဦးကံမြင့်ဘက်မှ အရုပ်များက အဖြူရောင်ဖြစ်သည်။

"အင်း ငါ့ဘက်က အရုပ်တွေဟာ အနက်ရောင် တွေပါလား၊ အနက်ဆိုတာ မင်္ဂလာမရှိတဲ့ အရောင်ပဲ၊ သေမင်းရဲ့ နိမိတ်ပဲ"

ယခင်က တစ်ခါမျှ မတွေးခဲ့ဖူးသော အတွေးကို တွေးမိပြီး ကျောရိုးထဲတွင် စိမ့်တက်သွားသလို ခံစားရသည်။ အသက် ခြောက်ဆယ်ပြည့်ရန် လပိုင်းမျှသာ လိုတော့သော်လည်း သူသည် သေခြင်းတရား အကြောင်းကို တစ်ခါမျှ ရေရေရာရာ မတွေးတောခဲ့မိ ချေ။ သေခြင်းတရားဟူသည်မှာ ရှောင်လွှဲ၍မရကောင်းဟုသာ ယေဘု ယျအားဖြင့် လက်ခံထားသော်လည်း သူနှင့် ဝေးလံသော နေရာ တစ်နေရာတွင် သီးသန့်ရှိနေသော အရာတစ်ခုသာ ထင်မှတ်နေခဲ့မိ



သည်။ အခုတော့ သူကပင် သေခြင်းတရားဆီသို့ ပြေးသွားမိလေ သလား၊ သေခြင်းတရားကပင် သူ့ဆီသို့ ပြေးလာလေသလားမသိ၊ ...န်းခနဲ နီးကပ်သွားသည်ကတော့ အမှန်ပင်။

"ဒီမှာ ဆရာ"

"ဟုတ်ကဲ့"

ဦးကံမြင့်က သူ့ကိုမော်ကြည့်သည် သူက တည်ငြိမ် အေးဆေးစွာ ပြုံးပြရန် ကြိုးစားသော်လည်း မအောင်မြင်ချေ။

"လောကမှာ လူနှစ်မျိုးနှစ်စားရှိတယ် ဆရာရဲ့"

"ဟုတ်ကဲ့"

ဦးကံမြင့်က ဦးဘပွားအား မသိမသာ အကဲခတ်နေသည်။ ဦးဘပွားသည် သူ၏လူနာလည်းဖြစ်သည်။ ခင်မင်ရင်းနှီးသောမိတ်ဆွေ လည်းဖြစ်သည်။ ဦးဘပွား၏ ကိုယ်ရေးကိုယ်တာကိစ္စများကို သူ အတော်များများသိသည်။ ဦးဘပွား ရင်ဖွင့်သမျှကိုလည်း အခါခါ နားထောင်ဖူးသည်။

"သူ့မှာ ရောဂါ ကြီးကြီးမားမား ဖြစ်နေပြီဆိုရင် သူ့ ကို အသိမပေးဘဲ လျှို့ဝှက်ထားရမယ့် လူကတစ်မျိုးဗျ၊ အဲဒီလို လူမျိုးက စိတ်ပျော့ညံ့တယ်၊ ဘဝကို ခုံမင်တယ်၊ သေရမှာလဲ သိပ်ကြောက်တယ်"

အခွေကုန်သွားပြီဖြစ်၍ ကက်ဆက်ထဲမှ စန္ဒရားသံက အလိုလို ရပ်သွားသည်။ ဦးကံမြင့်က ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။ တစ်စုံတစ်ရာ စကားပြောမှားသွားမှာကိုလည်း တွေးသော စိုးရိမ်နေ မိသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်မျိုးကတော့ သူ့မှာ သေလောက်တဲ့ ရောဂါ စွဲကပ်နေပြီဆိုရင် အသိပေးကို ပေးရမယ့် လူမျိုးဗျ၊ အဲဒီလို လူမျိုးကတော့ သေခြင်းတရားကို ကြောက်ပေမယ့်လဲမျက်နှာ တည့်တည့်မူပြီး သတ္တိရှိရှိ ရင်ဆိုင်ချင်တဲ့လူမျိုး၊ ဥပမာ ကျွန်တော့်လို လူမျိုးဆိုပါတော့"

ဦးကံမြင့်၏ မျက်နှာသည် ကွက်ခနဲ ပျက်သွားသည်။ "ဘုရားရေ သူသိများ သိနေပြီလား"ဟု တွေးရင်း ထူထူပူပူ ဖြစ်သွားသည်။ စိုးရိမ်သွားသည်။

ပန်းအိုးထဲတွင် အတန်ငယ်ညှိုးကာ ငိုက်ကျနေသော နှင်းဆီပွင့် လေးကို ဦးဘပွားက လက်ညှိုးနှင့် မထိတထိတောက်ကာ ခြွေချ လိုက်သည်။ ပွဲကြွေကျလာသော ပန်းနုရောင် ပွင့်ဖတ်ကလေးကိုအသာ ကောက်ယူကာ လက်ဝါးပြင်ပေါ်တွင် တင်ကြည့်ရင်း ခြောက်သွေ့ စွာရယ်သည်။

"လူက အလကားနေရင်း မောမောနေတတ်တယ်၊ ကိုယ်အလေးချိန်ကလဲ တဖြည်းဖြည်း လျော့လာနေတယ်၊ ရင်ဘတ်ထဲကလဲ တစ်ချက်တစ်ချက်အောင့်တယ်၊ စားလို့ သောက်လို့ကလဲ မကောင်းဘူး၊ ဒါကြောင့် ဆီး၊ ဝမ်း၊သွေး၊ သလိပ်တွေ အကုန်စစ်၊ ဓာတ်မှန်တွေ၊ အာလ်ထရာဆောင်း တွေ အပြန်ပြန် အလှန်လှန်ရိုက်၊ အားလုံးပြီးတော့ ဆရာက အားဆေးထိုးပေးပြီး ဆေးလိပ်တော့ အသောက်လျှော့ပါ၊ ဦးဘပွားရယ်တဲ့ အဟက် ... အဟက်"

သူ့ လက်ထဲမှ နှင်းဆီပွင့်ကလေးကို စားပွဲပေါ်သို့ အသာအယာ ပြန်ချလိုက်သည်။ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေသော ဆရာဝန်



ဦးကံမြင့်အား မျက်လုံးချင်း တည့်တည့် ရင်ဆိုင်ကြည့်ကာ မေးသည်။

"ခုအချိန်မှာ ဆေးလိပ်ကို လုံးဝမသောက် တော့ဘဲဖြစ် လိုက်ရင်ကော ဆရာရယ်၊ အချိန်မီဦးမှာမို့တဲ့လား၊ ကျွန်တော့် အသက် ဘယ်နှစ်လ ပိုပြီးရှည်နိုင်မယ်လို့ ဆရာ ထင်သလဲ"

အဖြေခက်၊ အနေခက်ကာ ချွေးပျံလာသော ဦးကံမြင့်အား အရသာခံ၍ ကြည့်ရင်း ဦးဘပွားက မလိုတမာရယ်သည်။ မထိခိုက် မလှုပ်ရှားဟန်နှင့် သူ့ကိုယ် သူကြိုးစားကာတည်ငြိမ် ဟန်ဆောင်နေ သော်လည်း သူ့အသံက ပင်ကိုယ်သံမဟုတ်ဘဲ အက်ကွဲကာ ရှတ ဖြစ်နေသည်။

"မနေ့တုန်းက ကနေဒါမှာရောက်နေတဲ့ သားအလတ် ကောင်ဆီက လူကြုံနဲ့ ပါဆယ် တစ်ထုပ်ရတယ်ဆရာ၊ ရှပ် အကျီ သုံးလေးထည်နဲ့ ချော့ကလက်တို့၊ အားဆေးတို့ပေါ့ ဆရာရယ်၊ ဒါနဲ့ရှပ်အကျီတစ်ထည် နဲ့ချော့ကလက်နှစ်တောင့် ကို ဆရာ့အတွက် ခွဲပေးဦးမှပဲလို့ စိတ်ကူးပြီး မနေ့ညက ဆရာ့အိမ်ကို ကျွန်တော် လျှောက်လာသေးတယ်"

"ကျွန်တော့် အိမ်ကို"

ဦးကံမြင့်က အတန်ငယ် ခေါင်းရှုပ်သွားသည်။ မနေ့ညက ဦးဘပွား တစ်ယောက် သူ့ဆီသို့ ရောက်မလာခဲ့ပါ။

"ရောက်ခဲ့ပါတယ် ဆရာရယ်၊ လက်ထဲက အထုပ်ကိုတောင် ပန်းကန်စင်အောက်က အံဆွဲထဲထည့်ခဲ့ပါသေးတယ်၊ ဆရာ ပြန်တော့ ဖွင့်ကြည့်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန်ကလဲ"

စိတ်ရှုပ်ထွေးနေဟန်ရှိသော ဦးကံမြင့်အား ခပ်မဲ့မဲ့ပြုံးကာ ကြည့်ရင်း ဦးဘဖွားက စီးကရက်တစ်လိပ်ကို အေးအေးဆေးဆေး မီးညှိကာ ဖွာရှိုက်လိုက်သည်။ ဆေးလိပ်မသောက်ပါနဲ့ဟု တားမြစ်ထားသူ ဆရာဝန်၏ရှေ့တွင် ဆေးလိပ်ကို အရသာခံကာ အချိန်ဆွဲ၍ သောက်ပြရသည်မှာ အရသာတစ်မျိုးရှိနေသည်။

"ဒီလိုဆရာရဲ့၊ ကျွန်တော် ရောက်တဲ့အချိန်က ကိုးနာရီ ကျော်လောက်ရှိပြီ၊ ဆရာ့ ဆေးခန်းထဲမှာ နော်ဆဲလာ က ရှင်းလင်းနေတယ်ထင်ပါရဲ့၊ ဆရာက လူနာပါးလာပြီမို့ အိမ်ထဲဝင်သွားပြီတဲ့၊ ဒါနဲ့ ကျွန်တော်လဲ ဘေးပေါက်ကနေ လှည့်ပြီး ထမင်းစားခန်းထဲဝင်ခဲ့တယ်၊ ပထမတော့ ဧည့်ခန်းထဲ ဝင်လာမလို့ပဲ၊ ဒါပေမယ့် ဆရာတို့ ဇနီးမောင်နှံ စကားပြောနေသံကြားရတာနဲ့"

ဦးကံမြင့်သည် ကုလားထိုင် လက်ရန်းကို ယောင်ယမ်းပြီး ခပ်တင်းတင်း ဆုပ်ကိုင်လိုက်မိသည်။ ထိုစဉ်က သူ၏ ဇနီးသည်အား ဦးဘဖွား၏ အကြောင်းကို ပြောပြနေမိသည်ဟုထင်သည်။ ဟုတ်သည်။ သူပြောနေခဲ့ပါသည်။

"စိတ်မကောင်းစရာပဲ ခင်မရယ်၊ ဦးဘဖွားက လူပေကြီး၊ သူ့ ရောဂါအကြောင်း သူသိရင် ပြန်ပြီး ပေပေတေတေလုပ် ချင်လုပ်နေမှာ" ဟု သူ ပြောနေခဲ့ပါသည်။

သူ့ဇနီးက "ရေဒီရေးရှင်း ပေးရင်ကော"ဟု ပြောတော့ သူက "ဟာ ဦးဘဖွားက လူပါးပဲ၊ နောက်ပြီး ပညာတတ်ပဲဟာ၊ စီအေကေ့(စ်)မှ ရေဒီရေးရှင်း ပေးရတယ်ဆိုတာ မသိဘဲနေပါ့မလား၊ နောက်ပြီး



ဒီကလဲ ရေဒီရေးရှင်း ပေးလို့မရပါဘူးကွာ၊ ဒီလို ကေ့(စ်)မျိုးကသိတာနဲ့ စိတ်ဓာတ်ကျပြီး လူက လုယူပစ်လိုက်သလို ချုံးကျ သွားတတ် ဘယ်ဆိုတော့ ဘယ်လိုလုပ်ရ မလဲတောင် မသိတော့ပါဘူး၊ သူ့သား သမီးတွေဆီကို လှမ်းပြီး အကြောင်းကြားရရင် ကောင်းမလား၊ စဉ်းစားပါဦး၊ ကိုယ့်စိတ်ထင်တော့ သိပ်လဲကြာကြာခံမှာ မဟုတ်ပါဘူး၊ စီအေလန်း(ခ)စ် ဆိုတာ သိပ်မြန်တာ"ဟု ပြောနေခဲ့ပါသည်။

"ဆေးပညာ ဝေါဟာရတွေကို သိပ်မကျွမ်းကြပေမယ့် စီအေဆိုတာ ကင်ဆာကိုပြောမှန်း လူတော်တော် များများက သိကြပါတယ် ဆရာ"

သူတို့နှစ်ဦး တစ်ဦးကိုတစ်ဦး တည့်တည့်ရင်ဆိုင်ကာ ကြည့်မိကြသည်။ ဦးဘဖွား၏ မျက်လုံးများက သေဒဏ်အပေးခံလိုက်ရသူ၏ မျက်လုံးများလို မှုန်မှိုင်းရီဝေနေပြီး ဦးကံမြင့်၏ မျက်လုံးများကမူ မည်သို့မည်ပုံ အားပေး နှစ်သိမ့်ရမည်ကို မသိတတ်နိုင်ဘဲ အားတုံ့ အားနာဖြစ်နေသော မျက်လုံးများဖြစ်လေသည်။

"ကဲ ဒီတော့ ကျွန်တော့်အတွက် အချိန်ဘယ်လောက်ကျန်သေး လဲ မသိရဘူးလား ဆရာ၊ အဆုပ်ကင်ဆာဆိုတာ အင်မတန်မြန်တာ ပဲဆို ဆရာရဲ့"

ဦးဘဖွားက အက်ကွဲ ကြမ်းရှနေသော အသံနှင့် မလိုတမာရယ် သည်။

"မဟုတ်သေးဘူးလေ ဦးဘဖွားရဲ့"

ဦးကံမြင့်က ချောင်းဟန့်သည်။

"အဲဒါကို အဟမ်း ဒါကို တစ်ဆေးစီချဖြစ်သော မယ်ရယ်လို့ စိတ်ထဲမှာ ပုံသေစွဲမထားနဲ့လေ၊ ဘယ်သူ့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့ သေမယ်ဆိုတာ ဘယ်သူကမှ ကံသေကံမပြောလို့ ရတာမဟုတ်ဘူး၊ ဆေးပညာ ရှုဒေါင့်အရက ဘာပဲပြောပြော ဘာပဲ မြင်မြင် ကံတရား ဆိုတာက ရှိသေးတာပဲ"

"အဟက် ဟက် ဟက် ဟား"

သည်တစ်ခါတော့ ဦးဘပွားက ပြက်လုံးကောင်းကောင်း တစ်ခုကို ကြားလိုက်ရသလို ဟက်ဟက်ပက်ပက် ရယ်သည်။

"ကိုယ်ပြောတဲ့စကားကို ကိုယ်ဟာကိုယ်တောင် မယုံဘဲနဲ့ လာမပြောပါနဲ့ ဆရာရယ်"

"ဘပွားဆိုတဲ့ အကောင်ဟာ ဘယ်တုန်းကမှ ကံကောင်းခဲ့တဲ့ကောင် မဟုတ်ဘူး ဆိုတာကိုလဲ သိသားနဲ့"

အိုက်စပ်စပ်ဖြစ်ကာ ချွေးပျံလာသဖြင့် ဦးကံမြင့်သည် စားပွဲတင် ပန်ကာလေး၏ ခလုတ်ကို လှမ်း၍ နှိပ်လိုက်သည်။ ညင်သာသော လည်ပတ်သံနှင့်အတူ လေပြည် လေညင်းကလေး တိုက်ခတ်လာသည်။ ပန်းအိုးထဲမှ နှင်းဆီပန်းကလေးများယိမ်းယိုင် လှုပ်ရှားသွားကြသည်။ စားပွဲပေါ်မှ နှင်းဆီပွင့်ဖတ်ကလေးသည်လည်း လေညာလိုက်ပြီး လွင့်သွားသည်။

"ကျွန်တော့် မွေးပြီးတော့ ဘာမှမကြာဘူး၊ ကျွန်တော့်အမေသေတာပဲတဲ့ဗျာ၊ အဟား ဟား ကျွန်တော်က မွေးလာကတည်းက အဲဒီလို ကံကောင်းခဲ့တဲ့အကောင်"

ဦးဘပွားက သူ့ကိုယ်သူ သရော်သော အသံနှင့် ပြော သည်။ ပစ္စုပ္ပန်အခြေအနေကို ခေတ္တမျှ မေ့သွားပြီး သူ့စိတ်က အတိတ်ဆီသို့ ဝဲပျံသွားသည်။ သူသည် လူ့ဘဝသို့ ကံကောင်း ခြင်းနှင့် ကံဆိုးခြင်း နှစ်မျိုးလုံးကို တစ်ပြိုင်နက်တည်း သယ်ဆောင် လာသူ ဖြစ်သည်၊ သူ့ကို မွေးအပြီးတွင် မိခင်ကသေဆုံးခဲ့သော်လည်း ဖခင်ကတော့ ...ီးပွားတွေ တရှိန်ထိုးတက်ခဲ့သည်။



"ကျွန်တော် လူပျိုပေါက်အရွယ်ရောက်တော့ အဖေကလဲ လေယာဉ်ပျံပျက်တဲ့အထဲ ပါသွားတာ အလောင်းတောင် မရတော့ဘူး၊အဖေယူထားတဲ့ ကျွန်တော့် မိထွေးငယ်ငယ်လေးကပါ အဖေနဲ့အတူ လေယာဉ်ပျံထဲ ပါသွားတာကတော့ ကျန်ခဲ့သမျှ ပစ္စည်း ကျွန်တော်အကုန်ရဖို့ ဖြစ်လာတာပေါ့လေ၊ အဖေဘက်ကလည်း ချမ်းသာ၊ အမေဘက်ကလည်း ချမ်းသာ ဆိုတော့ ဟိုဘက်ဒီဘက် ရလိုက်တဲ့ အမွေဆိုတာမနည်းဘူးဗျ၊ အသက်ကလေးကလည်း ငယ်၊ ရုပ်ကလေးကလည်းဖြောင့်၊ ပစ္စည်းကလည်း ချမ်းသာ ဆိုတော့၊ အင်း ချိုတပ်ထားတဲ့ မြင်းလို ဖြစ်ခဲ့တာပေါ့"

ဦးဘပွားသည် သည်နေ့အတွက် ပထမဆုံးအကြိမ်ပြုံးမိ သည်။ သူ၏ ရွှေရောင်လွှမ်းသောနေ့ရက်များသည် ဟိုး အဝေး တွင် ကျန်ရစ်ခဲ့သော်လည်း ပြန်တွေးလျှင် ကြည်နူး ရသေးသည်။

"အင်း နောက်ဆုံးတော့ ဒီငွေ ဒီပစ္စည်း၊ ဒီစည်းစိမ်ချမ်းသာတွေကြောင့်ပဲ ကျွန်တော်ဟာ မေတ္တာစစ် မေတ္တာမှန်ကို မရခဲ့တာထင်ပါရဲ့"

သည်အပိုင်းကိုတော့ ဦးကံမြင့် သိပြီးသားဖြစ်သည်။

ဦးဘပွား၏ ဇနီးသည် ပြစ်မျိုးမဲ့မထင်အောင် လှပ တင့်တယ် သူဖြစ်သည်။ သူ့ကို အားကစားပွဲ တစ်ခုတွင် တွေ့ပြီး တွေ့လျှင်တွေ့ချင်း ဦးဘပွားသည်

"ဒီမိန်းကလေးကို ငါ ရအောင်ယူမယ်" ဟုဆုံး ဖြတ်ခဲ့လေသည်၊ မိန်းကလေးတွင် ချစ်သူရှိနေကြောင်း သိခဲ့ သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



သူက နောက်မဆုတ်ခဲ့။ အသိုင်းအဝိုင်း၊ အရှိန်အဝါ၊ ပစ္စည်းဂုဏ်ငွေဂုဏ် ရာထူးဂုဏ် အကုန်လုံးကို အသုံးပြုကာ မိန်းကလေးအား အရယူခဲ့သည်။ မင်္ဂလာဦးညတွင် မိန်းကလေးက သူ့အား စေ့စေ့ကြည့်ကာ ..

"ကျွန်မက ရှင့်ရဲ့ဇနီးဖြစ်ပြီပဲ... ရှင်ထားရာမှာ နေ စေရာကိုသွားရတော့မှာပေါ့၊ စိတ်ချပါ ကိုကိုရယ်... ကျွန်မလေ အချစ်ဟောင်းကိုလည်း တမ်းတမနေပါဘူး၊ ဘယ်တော့မှလဲ မဖောက်ပြားပါဘူး၊ ကျွန်မရဲ့ ကိုယ်ခန္ဓာ ကို ရှင်ပဲ ပိုင်ပါတယ်"ဟု ပြောခဲ့သည်။

သူပြောသည့်အတိုင်းလည်း ဇနီးကောင်း ပီသစွာ နေသွားခဲ့သည်။ သူရေချိုးလျှင် မျက်နှာသုတ်ပဝါကိုင်ကာ စောင့်နေတတ်သည်။ သူထမင်းစားလျှင် ဘေးတွင် ထိုင်ကာ ငါးရိုးထွင်ပေးတတ်သည်။ သူရုံးမှပြန်လာလျှင် သနပ်ခါးနံ့ သင်းသင်းလေးနှင့် အိမ်ဝမှ ဆီးကြိုတတ်သည်။ သူမအိပ်သေးလျှင် မည်မျှပင် ညဥ့်နက်ပါစေ၊ မအိပ်ဘဲ စောင့်နေတတ်သည်။

သို့သော် ထိုအပြုအမူအားလုံးသည် သံပတ်ပေးထားသော အရုပ်တစ်ခုလို လှုပ်ရှားသွားခြင်း ဖြစ်ကြောင်းသူသိနေသည်။ ဇနီးသည်၏ မျက်လုံးများသည် ချစ်ခြင်း မေတ္တာနှင့် ရွှန်းလက်တောက်ပခြင်းမရှိဘဲ နက်ရှိုင်းသော ကန်ရေပြင်လို ငြိမ်သက်အေးစက်နေတတ်သည်ကို သူ အမြဲတမ်းသတိထားမိနေသည်။ မင်းပွဲစိုးပွဲများတွင် သူ့ဘေး၌ လှပတင့်တယ်စွာ ယှဉ်တွဲပါလာသော ဇနီးကို လူတိုင်းက အံ့သြ ချီးမွမ်းကြသည်။

"ဦးဘပွား ကံကောင်းတယ်ဗျာ"



ဟုပြောသံကြားလျှင် အပြင်မှ အလိုက်သင့် ပြုံးနေရသော်ည်း ဝမ်းတွင်းမှ ကျိတ်ပြီး ဒေါသဖြစ်နေတတ်သည်။သူသည် သားတစ်ဦးကို ပိုင်ဆိုင်ခဲ့ရခြင်းမဟုတ်ဘဲ လှပသော အရုပ် ရုပ်ကိုသာ ပိုင်ဆိုင်ခဲ့ရခြင်း ဖြစ်ကြောင်း သူ့ကိုယ်သူသာ သိဆုံး ဖြစ်လေသည်။

သူ၏ ချစ်ဇနီးသည် အသက်လေးဆယ်ကျော်တွင် ဆုံးပါး သွားခဲ့သည်။ အိမ်ထောင်သက် အနှစ် နှစ်ဆယ် လောက်အတွင်း တွင် သူ့အတွက် ချစ်စဖွယ် သားသမီး သုံးယောက်ကို မွေးဖွားပေးခဲ့သော်လည်း သူ့အား...

"ချစ်သည်" ဟူသော စကားကိုတော့ တစ်ခါမျှပြောမသွား ဲ့ဖူးချေ။ ဦးဘပွားသည် အပြင်ပန်းက အင်မတန် ကံထူးသူ တစ်ဦးအဖြစ် ဟန်ဆောင်နေရင်း ရင်ထဲတွင် ကျိတ်ပြီးနာကြည်း ကြေကွဲနေရသူတစ်ဦး ဖြစ်သည်။

"ကလေးတွေ မိထွေးလက်ထဲ ရောက်မှာစိုးလို့ မိထွေးနဲ့ သင့်မြတ်ဖြစ်မှာစိုးလို့ အစစအရာရာပေါ့ လေ၊သူတို့အတွက် ဆွးပြီး ကျွန်တော်နောက် အိမ်ထောင် မပြုခဲ့ပါဘူး၊ လေးဆယ့်ရှစ်နှစ် ဆိုတဲ့ အသက်ဟာ ယောကျ်ားတစ်ယောက်အတွက် အင်မတန်ကို ငယ်ပါ သေးတယ် ဆရာရဲ့၊ နောက်အိမ်ထောင် ထူဖို့လဲလွယ်ပါ ဘယ်၊ အထူးသဖြင့် ကျွန်တော့်လို အစစအရာရာမှာ ပြည့်စုံတဲ့ သူတစ်ယောက် အနေနဲ့ပေါ့"

ဦးဘပွားက သူ့ဝသီ အတိုင်း ခပ်ကြွားကြွား ပြောသည်။ ဇနီးသည် ဆုံးသွားပြီးသည့် နောက်ပိုင်းတွင် သူသည် ကား ကြီးလို ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိန်းမ တစ်ယောက်ကို လက်ထပ်မှ ရတယ် ဆိုတာ မဟုတ်ဘူးဗျ"

ဟု သရော်မော်ကားပြောရင်း၊ မိန်းမအတော်များများကို လက်မထပ်ဘဲ အရယူခဲ့သည်။ ရလည်းရခဲ့သည်။

သူ့ဇနီးသည် ဆုံးပြီးစ လေးငါးနှစ်ပိုင်းတွင် သူသည် အိမ်ပြန်အိပ်သောနေ့ပင် မရှိသလောက် နည်းပါးခဲ့သည်။

သားသမီး သုံးဦးကို ပြည့်စုံကြွယ်ဝစွာ ထားခဲ့ခြင်း အားဖြင့် သူ့ကိုယ်သူ ဖခင်တစ်ဦး၏ တာဝန်ကျေပွန်ပြီ ဟူ၍ ယူဆထားခဲ့သည်။

"သားသမီး မွေးထားပြီး မချစ်တတ်တဲ့ အဖေဟာ အလကားပဲ ဖေဖေရဲ့"

သူ့ကို စတင်၍ တိုက်ခိုက်သူက သမီးကြီး ဖြစ်သည်။

"နင်တို့ကို ငါမချစ်ဘူး၊ ထင်လို့လား... ငါ လောက်ပြည့်စုံအောင် ထားနိုင်တဲ့ အဖေ နင်တို့ ရှာကြည့်စမ်း တွေ့နိုင်မလား"

"သမီးတို့ကို အစစအရာရာ လိုလေသေး မရှိဘူး လို့ ဖေဖေက ထင်မှာပဲ၊ ဒါပေမယ့် သမီးတို့မှာမပြည့်စုံဘူး ဖေဖေ၊ သမီးတို့ လိုချင်တာက ဖေဖေ့ ဆီက မေတ္တာနဲ့ အချိန်ပါ"

"အောင်မယ်.... ငါက နင်တို့ကို ချစ်တယ်၊ ချစ်တယ်နဲ့ ထိုင်အော်နေရမှာလား၊ ဒီအရွယ်ကြီးတွေကို ပုံပြောပြီး ပုတ်သိပ်နေရဦးမှာလားကွ...ဟေ..."

သူက ဒေါသတကြီးနှင့် အော်တော့ သမီးကြီးက ဘာမှ မပြောတော့ဘဲ သူ့ကို ငြိမ်သက်တိတ်ဆိတ်စွာ ငေးကြည့်နေ



ခဲ့လေသည်။ ဦးဘပွားသည် အတိတ်ကို ပြန်တွေးရင်း အရက် သောက်ဘဲ မူးဝေချင်လာသည်။

ခြောက်နှစ်ကျော်ကျော်ခန့် စိတ်လွတ် ကိုယ်လွတ်နှင့် စိတ်၏အလိုကို လိုက်ပြီးသောအခါတွင်ကား သူသည် အတန် ငယ် တည်ငြိမ်မှုရခဲ့သည်။

သမီးကြီး ပြောသလို မေတ္တာနှင့် အချိန်ကို သားသမီး များဆီသို့ ဖြန့်ဝေပေးရန် အသိတရားရခဲ့သည်။ သို့သော် ထိုအချိန်တွင် သားသမီးများသည် သူ့ကို မလိုကြတော့ပေ။ အတောင်အလက်လည်း စုံကြပြီမို့ ဝေဟင်တွင် ပျံဝဲရန်အရှိန် ယူနေကြလေပြီ။

"အတောင်စုံတော့ အသိုက်ကို ခွာကြတာပေါ့လေ၊ နောက်ဆုံးတော့ ငါ တစ်ယောက်တည်း"

ဦးဘပွား၏ မျက်လုံးများသည် နီရောင်သမ်းပြီး ရီဝေဝေ ဖြစ်လာသည်။

ပထမဆုံးစ၍ခွာသူက သားလတ်ဖြစ်သည်။ အင်ဂျင်နီယာ ဘွဲ့ရပြီး မကြာမီပင် စင်ကာပူနိုင်ငံသို့ သွားရောက်အလုပ်လုပ် သည်။ အလုပ်လုပ်ရင်း အမေရိကန်မလေး တစ်ယောက်နှင့် တွေ့ဆုံချစ်ကြိုက်ကာ ဟိုမှာပင် လက်ထပ်လိုက်ကြသည်။ အခုတော့ ဇနီးသည်နှင့်အတူ ကနေဒါတွင် ရောက်နေပေပြီ။ ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ပြီး လခလည်း ကောင်းသည်ဟု ဆိုသည်။

နောက်ပြီးတော့ သမီးကြီး၊ သူ့အိမ်ထောင်ကျ၍ မကြာခင် ကြိုတင် စီစဉ်ထားသည့်အတိုင်း သူ့ခင်ပွန်းသည်က ဂျပန်နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



သွားရောက်၍ အလုပ်လုပ်သည်။

"သမီး သွားမယ်နော် ဖေဖေ"

ဟု နှုတ်ဆက် ကန်တော့ကာ ယောကျ်ားနှင့် တပါတည်း လိုက်သွားသည်။ ထိုမှတစ်ဆင့် အဆက်အသွယ်ရကာ ဩစတြေးလျသို့ ပြောင်းသွားကြသည်။ အခုတော့ သူတို့မိသားစု ဟိုမှာပင် အခြေကျ နေကြပေပြီ။

နောက်ဆုံးတော့ သားငယ်၊ သူကတော့ ယူအင်ဒီပီ အလုပ်ဖြင့် ဒိုမိနီကန်ကျွန်းက သစ်တောများကြားထဲသို့ ရောက် သွားသည်။ ထိုမှတစ်ဆင့် ဘယ်နိုင်ငံကို ရောက်သွားဦးမလဲ သူလည်း မခန့်မှန်းနိုင်။

အသိုက်အမြုံကို စွန့်ခွာကာ ဝေးလံသော အရပ်သို့ ခြေဆန့် ပျံသန်းကြသော သားသမီးတို့အတွက် သူက အစစအရာရာ ပူပင်နေ ပါသည်။ သို့သော် သူတို့ကမူ သူ့အတွက် ပြန်လှန်ပူပန်ခြင်း လုံးဝ မရှိခဲ့ကြပေ။ သူတို့ မရှိတော့သော ဘဝတွင် သူတို့၏ ဖခင်သည် အချိန် နာရီ ပေါင်းများစွာကို တစ်ဦးတည်း တိတ်ဆိတ်ခြောက်ကပ်စွာ အထီးကျန် ဖြတ်သန်းရတော့မှာပါလားဟု ယောင်ယမ်း၍ပင် မတွေးတောခဲ့ကြပေ။

သူတို့၏ ဖခင် ဦးဘမွားဟူသည့် ပုဂ္ဂိုလ်ကြီးသည် အစစအရာရာ ပြီးပြည့်စုံနေသူမို့ ဖခင်၏ အနားတွင် သူတို့ရှိနေရန်လည်း မလိုအပ် ဟူ၍သာ ယုံကြည်နေကြဟန်တူသည်။ သားသမီးတွေက သူ့ကို လိုနေသော အချိန်တွင် သူကဝေးကွာနေခဲ့ရာ၊ သူက သားသမီးတွေကို ပြန်မြင်... အလိုရှိသောအခါတွင်ကား တစ်ဦးတစ်ယောက်ကိုမျှ မရရှိခဲ့တော့ပေ။



နောက်ဆုံးသွားသူ သားငယ်ကို လေယာဉ်ပျံကွင်း လိုက်ပို့ပြီး ပြန်လာတော့ သူသည် ရွှေတောင်ကြားလမ်းက အိမ်တွင် နေချင်စိတ် လုံးဝမရှိတော့ပေ။ ခမ်းနား ကျယ်ဝန်းသော အိမ်ထဲတွင် ချစ်သော ဇနီးနှင့်သားသမီးတို့၏ အသံနှင့်အရိပ်တို့သည် တိတ်ဆိတ်ကွယ် ပျောက်ခဲ့လေပြီ။

အထီးကျန်နေရသောဘဝတွင် အလုပ်ထဲ၌ အမှားအယွင်း များလာသည်။

ထို့ကြောင့် အပြစ်မဖြစ်မီ ဆေးပင်စင်တင်ကာ ကြိုတင်ပြီး အနားယူခဲ့သည်။ အိမ်ကို ပြုပြင်ပြီး သံရုံးသို့ ငှားလိုက်သည်။ နှစ်ရှည်လများ နေလာခဲ့သော အခြေအရံများကို သုံးလခစီ ကြိုပေးကာ အလုပ်မှ ရပ်စဲခဲ့သည်။

ထိုနောက် စမ်းချောင်းရပ်ကွက်ထဲရှိ ယခု တိုက်ခန်းကလေးကို ဝယ်ယူကာ တစ်ဦးတည်း ပြောင်းလာခဲ့သည်။

လူတစ်ယောက် တိုက်ခန်းတစ်ခန်း၊ အက်(စ်)အီးကား တစ်စီးနှင့် ဘိတ်ဆိတ်ငြိမ်သက်စွာ နေလာခဲ့သည်မှာ တစ်နှစ်ခန့် ရှိပေပြီ။

သူ့ဘဝတွင် လောကီစည်းစိမ် ချမ်းသာ ပျော်မွေ့ဖွယ်ရာ ဟူသမျှကို အခါခါ ခံစားဖူးခဲ့ပြီမို့ မည်သည့် လောကီ ချမ်းသာ သုခကိုမှလည်း ထပ်မံ ခံစားလိုစိတ် မရှိတော့ပေ။

မနက်ပိုင်း ဘုရားတက်၊ ညနေပိုင်း တီဗွီကြည့်၊ တစ်ခါ တစ်ရံလည်း ဗွီဒီယိုခွေလေး ဘာလေး ငှားကြည့်၊ နေ့လယ် ပိုင်းတွင် ဦးကံမြင့်နှင့် စစ်တုရင်ထိုး (ဦးကံမြင့် သည် နံနက်ပိုင်းနှင့် ညနေပိုင်းတွင်သာ ဆေးခန်းဖွင့်၍ နေ့လယ်ပိုင်းတွင် အချိန် အားရတတ်သည်)

www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲထွက်ပြီး၊ ဈေးဝယ်သောအခါဝယ်၊ ရုပ်ရှင် ကြည့်သောအခါကြည့်၊ သို့သော်လည်း သွားခဲ့လှသည်မို့ သူ့အတွက်ကားတစ်စီးလုံးသည် အမိုပစ္စည်းလို့ ဖြစ်နေသည်။

"တကယ်တော့လဲ ငါကိုယ်တိုင်လဲ လူပို တစ်ယောက်ဖြစ်နေပြီပဲ၊ အချိန်တွေလဲ ပိုနေတယ်၊ ငွေတွေလဲ ပိုနေတယ်၊ ပစ္စည်းတွေလဲ ပိုနေတယ်၊ ငါ့ဘာကိုမှလဲ မလိုချင်တော့ဘူး"

ဦးဘပွားက နာကျင် ကြေကွဲစွာ တွေးသည်။ သို့သော် သူသည် သားသမီးများ၊ မြေးများနှင့် သိုက်သိုက်ဝန်းဝန်း နေလိုကြောင်း "နွေးထွေးလှသော မိသားစု မေတ္တာကို တမ်းတ လိုချင်နေကြောင်း သူ့ကိုယ်သူ သိသည်။ သို့သော်လည်း သူ တိတ်တခိုး လိုချင်နေသောထိုအရာကို မရနိုင်တော့ကြောင်းဆက်၍ သိနေသည်ကတော့ဆိုးလှသည်။

"အခုတော့ ကျုပ်သေရတော့မယ်လေ၊ သေခါ နီးမှာငွေမက်တဲ့ကောင်မတစ်ကောင်လောက်ကို ထပ်ယူလိုက်ရင်ကောင်းမလား၊ သေခါနီး အဘိုးကြီးဖြစ်ပေမယ့်လဲ အမွေတွေရမယ်ဆိုရင် ယူချင်တဲ့ နုနုငယ်ငယ်လေးတွေတော့ ရှိမှာပါဗျ၊ ဟာ...'ဟ"

ဦးဘပွားက သရော်သံနှင့် ပြောကာ မရယ်ချင်ဘဲရယ်နေပြန်သည်။ သူတုန်လှုပ်ခြောက်ချားနေကြောင်းကို ဦးကံမြင့်သိသွားမှာလည်း တွေးတောစိုးရိမ် နေသောကြောင့်ဖြစ်သည်။

"ဦးဘပွား"...



ဦးကံမြင့်က ခပ်တိုးတိုး ခေါ်သည်။

သားတွေသမီးတွေဆီ လိုက်သွားပြီး ကုကြည့် ပါလား"

ထိုအတွေးသည် မနေ့ညက သူတစ်ညလုံး တွေးနေမိသောအတွေးဖြစ်သည်။ သားနှင့် ချွေးမဆီကို သွားဖို့တော့ စိတ်မသန်လှ။ သမီးဆီကို လိုက်သွားရကောင်းမလားဟု ချိတုံချတုံ စဉ်းစားနေမိသည်။

သို့သော် သမီးနှင့် သမက်က အလုပ်ကိုယ်စီနှင့် ၊ကလေးများကလည်း ကျောင်းကိုယ်စီနှင့်မို့ သူလိုက်သွား လျှင်လည်း သူ့နားမှာဘယ်သူမျှ ကြာရှည်ရှိမည်မဟုတ်၊ နေခင်းတိုင်ကျလျှင် တစ်ဦးတည်းတိတ်ဆိတ် ခြောက်ကပ်စွာ နေခဲ့ရမည်ကို သူသိနှင့် နေသည်။ ဆေးရုံတက်ရလျှင် ကော၊ သူကခေါင်းကို ဖြည်းညင်းစွာခါရင်း သက်ပြင်းချမိသည်။

သူက သမီးကြီးဆီမှ မေတ္တာနှင့်အချိန်ကိုသာ လိုချင်သူဖြစ်သည်။ မေတ္တာကို အတိုင်းအတာတစ်ခုအထိ ရကောင်း ရနိုင်မည်ဖြစ်သော်လည်း အချိန်ကိုတော့ သူလိုချင်သလို ရနိုင်မည် မဟုတ်သည်ကိုလည်း သူဆက်၍ သိနေပြန်သည်ကတော့ ခက်လှသည်။

ဆေးရုံ လူနာမေးချိန် ရောက်မှ ပန်းစည်းလေး တစ်စည်းကိုင်ကာ သုတ်သီးသုတ်ပျာရောက်လာသည့် သမီးကို သူက လူနာခုတင်ပေါ်မှ ဆိုင်ကာ မမျှော်မနေချင်။ လူမှုရေး၊ စီးပွားရေး၊ ပညာရေး ကိစ္စအဝဝကြောင့် သူ့နားတွင် ကြာရှည်မနေနိုင်ဘဲ ခတ်သုတ်သုတ်ပြန်သွား မည့် သမီးကို ငေးကြည့်ရင်းလည်း ရင်မနာချင်။ ထိုသို့မဖြစ်ဘူးဟူ၍ရော မည်သူ ပြောနိုင်ပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီ ဆရာရယ်၊ ဘယ်ကို သွားပြီး ဘယ်လိုကုကု၊ ကင်ဆာဆိုတာ ပျောက်ရိုးထုံးစံမှ မရှိဘဲ"

"သူတို့ဆီမှာ ဆေးကောင်းဝါးကောင်းတော့ ပိုပြီး စုံတာပေါ့ဗျာ"

"ဒါပေမယ့် မသေအောင်တော့ မတားနိုင်ပါဘူးမဟုတ်ဘူးလား၊ ဒီတော့လဲ သေချင်း သေရင် ကိုယ့်တိုင်းပြည်မှာပဲ ကိုယ်သေပါတော့မယ်ဗျာ"

"ဒါဆိုရင် သူတို့ကို အကြောင်းကြားမယ် မဟုတ်လား"

"ဟင့်... အင်း"

ရင်ထဲတွင် ပူပူဆာဆာကြီးဖြစ်လာသော ဦးဘပွားက အေးစက်နေသော ကော်ဖီပန်းကန်ကို ဆွဲယူကာ တရှိန်ထိုး မော့ချလိုက်သည်။

"သေခါနီး အချိန်မှာ ကိုယ့်ရဲ့ ဘေးမှာ ဆွေမျိုးတွေ၊ သားသမီးတွေ ဝိုင်းဝိုင်းလည်နေသင့်တယ်လို့ ဆရာက ထင်တာကိုး၊ မလိုပါဘူး ဆရာ ရယ်။ ကျွန်တော့် အတွက်တော့ မလိုအပ်ပါဘူး"

စားပွဲပေါ်ရှိ မှန်ချပ်အောက်မှ ဓာတ်ပုံလေးများကို ငုံ့၍ကြည့်ရင်း ဦးဘပွားက ထိမထင်သောအသံနှင့် ပြောသည်။

ဂျပန်ရိုးရာ အိမ်ကလေးရှေ့တွင် ရယ်မော ပျော်ရွှင် နေကြသော သမီးကြီးတို့ မိသားစု (ယခုတော့ ဩစတြေး လျသို့ ရောက်နေကြပါပြီ) ကနေဒါ ဆောက်လုပ်ရေး လုပ်ငန်းခွင်မှ သားလတ် (နောက်တစ်ပုံတွင် သူ၏ ဇနီးသည်နှင့်အတူ နိုင်ငရာဂရာ ရေတံခွန်ကို နောက်ခံထား၍ ရိုက်ထားသည်)။



ထို့နောက် မြန်မာပြည်မှ သစ်ပင်များနှင့် ဆင်ဆင်တူသော သစ်ပင်များ ကြားထဲတွင် လက်ပိုက်လျက် ရပ်နေသော သားငယ်၊ သားငယ်သည် သူ၏ ဝါသနာအတိုင်း မပြုံးမရယ် ရှုတည်တည် မျက်နှာထားနှင့် သူ့ကို စူးစူးစိုက်စိုက် လှမ်း၍ ကြည့်နေဟန် ရှိသည်။

"သူတို့ မသိတာပဲ ကောင်းပါတယ်လေ၊ သူတို့ သိအောင် လှမ်းအကြောင်းကြားပြီးကာမှ သိလျက်နဲ့ ဘယ်သူမှ ပြန်မလာနိုင်ရင် ပိုမဆိုးပေဘူးလား၊ ငါ့ဘဝမှာ သူတို့ကို လိုအပ်တယ်လို့လဲ သူတို့က ဘယ်တုန်းကမှ ထင်ခဲ့တာ မဟုတ်ဘူး။ နောက်ပြီး တကယ်လို့ ပြန်လာကြပြန်တော့ရော"

လွန်ခဲ့သော နှစ်က ကွယ်လွန်သွားသော မိတ်ဆွေ တစ်ဦးကို သတိရသည်။ ထိုမိတ်ဆွေက သူ့လိုပင် သား သမီးများက နိုင်ငံရပ်ခြား အနှံ့အပြားသို့ ရောက်နေကြ သည်။ ထို့ပြင် သူ့လိုပင် ချမ်းသာသည်။ ကွယ်လွန်ခါနီး အသည်းအသန်ဖြစ်တော့ သားသမီးများ စုရုံးပြီး ရောက်လာကြသည်။

သူ မသေဆုံးမီပင် သားသမီးများက အမွေလုကာ သူ့ရှေ့တွင်ပင် ရန်ဖြစ်ကုန်ကြသည်။ အကယ်၍ သူ့သား သူ့သမီးတွေသာ ထိုသို့ ဖြစ်လျှင် သူ့ဆီသို့ မေတ္တာနှင့် လာခြင်းမဟုတ်ဘဲ ပစ္စည်း ဥစ္စာများဆီသို့ လောဘနှင့် လာခြင်းဖြစ်ခဲ့လျှင်၊ ထိုသို့ မဖြစ်ဘူးဟူ၍ကော မည်သူ ပြောနိုင်မည်နည်း။

ဦးဘပွား၏ ရင်ထဲတွင် ပို၍ ပူလောင်ကာ လှိုက်မောဆို့နင့် လာသည်။ ထိုကဲ့သို့ဖြစ်မည်ကို သူကြောက်လှသည်။ ထိုသို့သော

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်သည် ကင်ဆာရောဂါ ဖြစ်ပွားရခြင်းထက်လည်းကောင်း၊ သေခြင်းတရားနှင့်ရင်ဆိုင်ရခြင်းထက်လည်းကောင်း၊ ပိုပြီး ကြေကွဲဝမ်းနည်းဖွယ် ကောင်းမည်ကို သူသိပါသည်။

"အနားမှာ ကူဖော်လောင်ဖက်၊ ဆေးပေး မီးယူလေး တစ်ယောက်လောက်တော့ ရှိသင့်တာပေါ့ ဦးဘပွားရယ်"

"လာမယ်လေ ဆရာရဲ့ လာပါလိမ့်မယ်၊ ကျွန်တော့်မှာ အဖေဘက်ကရော အမေ့ဘက်ကရောဆွေမျိုးတွေမှ တစ်ပုံတစ်ပင်ကြီး"

သူသေတော့မည်ဟု သတင်းပျံ့သွားပါက ဝိုင်းအုံ စုပြုံလာမည့် ဆွေမျိုးများကို စိတ်ထဲမှ ရေတွက်ကြည့်ရင်း ဦးဘပွားက သရော်သလိုပြုံးသည်၊

"ထွီ... အလကားလူတွေ၊ ချမ်းသာတာကလွဲလို့ ဘာမှ အဖိုးမရှိတဲ့ သူတွေ၊ ငွေကိုပဲ အထင်ကြီး၊ ငွေနောက်ပဲလိုက် ငွေကိုပဲ ကိုးကွယ်နေတဲ့ လူတွေ"

ဦးဘပွားသည် သူ့ဆွေမျိုးများကို အထင်တကြီး မရှိလှပေ။ ချမ်းသာသော အမျိုးများကို ဘဝင်မြင့်ပြီး ကြွားဝါနေတတ်သူများဟု မြင်ပြင်းကပ်သည်။ နွမ်းပါးသော ဆွေမျိုးများကိုမူ အတောင်းအရမ်း ထူသူများ၊ ရသမျှ လိုချင်နေသူများဟူ၍ အထင်အမြင် သေးပြန်လေသည်။

အိမ်ထောင်ရေး အဆင်မပြေသော မိဘမှ ပေါက်ဖွားကြီးပြင်းခဲ့ရသူ ဖြစ်သဖြင့်၊ သူ၏အတွင်းစိတ်က အားငယ်ပျော့ညံ့သည်။ အတွင်းစိတ်က ပျော့သဖြင့် အပြင်ဘက်က



ကြီးစားဟန်ဆောင်ကာ မာကြောရင်း တင်းမာ ခက်ထန် သူတစ်ဦး ဖြစ်ခဲ့ရသည်။ သူ၏ အပြောအဆို အမူအရာ များသည် မောက်မာ ကြွားဝါသလို ဖြစ်နေတတ်ကြောင်း ကိုလည်း သူ့ကိုယ်သူ သိသည်။

သို့သော် သူက အများအမြင်တွင် အားငယ်ပျော့ညံ့သူ ဖြစ်ရသည်ထက် မောက်မာ ခက်ထန်သူ ဖြစ်ရသည်က တော်သေးသည်ဟု အထင်ရောက်သူ ဖြစ်သည်။ သူ့မှာ ပြည့်စုံချမ်းသာလေ၊ သူ့ကို ခင်မင်ပေါင်းသင်း ဆက်ဆံ နေကြသူများကို ငွေမျက်နှာနှင့် မျက်နှာချို သွေးနေကြ တာပဲဟု သံသယကြီးမားလာလေ ဖြစ်နေသည်။ သူ၏ ဇနီးသည်လည်းကောင်း၊ သားသမီးများသည် လည်းကောင်း၊ ဆွေမျိုးများသည် လည်းကောင်း၊ သူစိမ်းတရံစာများသည် လည်းကောင်း၊ သူ့ကို မည်သူကမှ စိတ်စေတနာ မှန်ကန်စွာ နှင့် ချစ်ခင်ခြင်း မရှိခဲ့ကြဟု စွဲလမ်းယုံကြည်နေခဲ့လေသည်။

"ဘ... ဘ... ကြီး"

တံခါးဝမှ မရဲတရဲ ခေါ်သံလေးကို ကြားလိုက်ရ သဖြင့် ဦးဘပွား၏ အတွေးအမျှင်သည် ရုတ်တရက် ပြတ်သွားသည်။

အပေါ်ထပ်မှာ ကလေးနှစ်ဦးက ချိုင့်ကလေးဆွဲကာ တံခါးဝတွင် ရပ်နေကြသည်။

"မုန့်ဟင်းခါး လာပို့တာပါ ဘဘကြီး"

"ဘာအတွက်လဲကွာ"

အပေါ်ထပ်မှ ကလေးများကို ဦးဘပွားက သိပ်ပြီး ကြည့်၍မရပေ။ တိတ်ဆိတ်အေးချမ်းစွာနေလိုသော သူ့အဖို့၊ ကလေးများ၏ စာကျက်သံ၊ စကားပြောသံ၊ ဆူညံလောင်ရှာ

www.burmeseclassic.com

www.burmeseclassic.com



ရယ်မောသံ၊ တစ်ခါတစ်ရံ ပြေးလွှားဆော့စကားသံများသ
အနှောင့်အယှက် ဖြစ်ရသည်။

"ဒီနေ့ သမီး မွေးနေ့လေ ဘဘကြီးရဲ့၊ ဒါကြော
မေမေက မုန့်ဟင်းခါး ချက်ပေးတာ"

ရှစ်နှစ်ခန့်ရှိသော အငယ်မလေးက သွက်လက် ချ
ချာစွာပြောသည်။

"များများတော့ မပို့နိုင်ပါဘူး ဘဘကြီးရယ
ဘုန်းကြီးကျောင်းနဲ့ ဒီအခန်းလေးခန်းပါပဲ"

ဆယ့်သုံးနှစ်ခန့်ရှိပြီဖြစ်သော အကြီးကောင်လေးက ဆက်လ
၍ ရှင်းပြသည်။ နေရာမှ ထလာသော ဦးဘပွား ၏လက်ထဲသ
မုန့်ဟင်းခါးချိုင့်ကို ရိုရိုသေသေ လှမ်းပေးသည်။

ချောင်ထဲတွင် ပိတ်ပြီး အလှောင်ခံထားရသလို မွန်း ကျပ်နေသေ
ဦးကံမြင့်သည် ယခုမှ ထွက်ပေါက်ရသွားပြီး အသက်ကို တစ်ဝကြ
ရှိုက်၍ ရှုလိုက်သည်။

"မင်းတို့ မုန့်က တစ်ယောက်စာ ပဲလားကွာ ဟေ...

"အများကြီးပါ ဘဘကြီးရဲ့၊ မေမေက ဆရာ
ဘဘကြီးအတွက် ယူသွားဆိုပြီး အများကြီး ထည့်ပေ
လိုက်တာပါ"

"ကျုပ် တကယ်စားရင် အဲဒီ တစ်ချိုင့်လုံးတော
လောက်မှာ မဟုတ်ဘူးဗျ"

"ဒီလိုဆို အခုသွားပြီး ထပ်ယူလိုက်မယ်လေ ဘဘကြ
ရဲ့၊ ခဏလေး စောင့်နော်"



"နေပါစေဗျာ၊ ဘဘက စ,တာပါ"

ဦးကံမြင့်က စကားရော ဖောရောပြောရင်း နေရာမှ ထသည်။ မည်သို့မည်ပုံ ဖြေသိမ့်ရမည်၊ အားပေးရမည်ကို မသိဘဲ ကြာရှည်ဆက်ပြီး စကားပြောရန် ဝန်းလေးနေ သောကြောင့်ဖြစ်သည်။

ဦးဘပွားလို လူကို "ကင်ဆာ ဆိုပေမယ့်လဲ ကြောက်စရာမရှိပါဘူး၊ ပျောက်သွားတဲ့လူတွေမှ အများကြီးပါ"ဟု ပြော၍လည်း ရနိုင်စရာအကြောင်းမရှိချေ။

ခဏနေတော့ မုန့်ဟင်းခါးချိုင့်ကို လှယ်ပြီး ဦးဘပွား ပြန်ထွက်လာသည်။ လက်ထဲတွင် တစ်ထွာရှည်သော ချော့ကလက်ဘူးတစ်ဘူးကို ကိုင်ထားသည်။

"ဒါကတော့ သူ့အကျင့်ပဲ၊ မုန့်ဟင်းခါးကို ချော့ကလက်
နဲ့ပြန်ပြီး တန်ဖိုးဖြတ် လိုက်ပြန်တာပေါ့"

ဦးကံမြင့်က တွေးသည်။ ဦးဘပွား ဆိုသည့် လူသည် သူ့ကို ငါးကျပ်ဖိုးလောက်ပေးလျှင် သူက တစ်ဆယ်၊ ဆယ့်ငါးကျပ်ဖိုးလောက် ပြန်ပေးရမှ ကျေနပ်တတ်သူ ဖြစ်သည်။ စိတ်စေတနာ ရှိလွန်း၍ ပြန်ပေးသည်တော့ မဟုတ်ပေ။

"ငါက ဘယ်သူ့ဆီကမှ ဘာကိုမှ အလကား ယူတာ
မဟုတ်ဘူး"

ဆိုသော မာန်မာနကြောင့် ဖြစ်လေသည်။

"ငါက တစ်ကျပ်ဖိုးယူရင် နှစ်ကျပ်ဖိုးပြန်ပေး တတ်တဲ့
ကောင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးတောကျေနပ်ချင်သောကြောင့် ဖြစ်လေသည်။ ခင်မင်ရင်းနှီးစွဲရှိသော မိတ်ဆွေချင်းဖြစ်၍ ဦးဘပွားအား ဆေးကုသပေးရခြင်းများအတွက် သူက ဆေးဖိုးဝါးခ မယူလိုခဲ့ပေ။ သို့သော်လည်း ဦးဘပွားက ...

"သူ ဒီလောက် လုပ်ပေးရတာ ဒီလောက် တော့ တန်မှာပဲ"

ဟု ပစ္စည်းနှင့် တန်ဖိုးဖြတ်ကာ မကြာခဏအကြောင်းရှာပြီး လက်ဆောင်ပေးလေ့ရှိသည်။

"ရော့... ကလေးဖို့"

"ဟင်... ချော့ကလက်"

အညိုရောင် ကိုးကိုးသီး၊ ပုံလေးများပါသော ချော့ကလက်ဘူး လှလှကို ကလေးမက တအံ့တသြ လှမ်းကြည့်သည်။ သို့သော် နောက်ဘက်သို့ ခြေတစ်လှမ်းဆုပ်ကာ ခေါင်းကို ဖျတ်ခနဲ ယမ်းခါလိုက်သည်။

"နေပါစေ ဘဘကြီးရဲ့"

"ဘာလဲ ကလေးက ချော့ကလက် မကြိုက် ဘူးလား"

"ဟာ... ကြိုက်တာပေါ့"

ကလေးမလေးက သွားကျိုးပေါက်ကလေး ပေါ်အောင်ရယ်သည်။

"အဲဒီလို အကောင်းစားမျိုးဆိုရင် တစ်ခါမှတောင် မစားဖူးပါဘူး။ ဘာလဲ ကိုဦးက အဟုတ် ပြောတာပဲဟာ၊ သူလ စားဖူးတာ ဟုတ်ပဲနဲ့ဟွန်း..."



သူ့ကို ဟန့်တားသလို မျက်နှာထားနှင့် လှမ်း ကြည့်သော အစ်ကိုဖြစ်သူအား မေးကလေးငေါ့ကာ ပြုံး ကျဲကျဲနှင့် လှမ်းကြည့်သည်။

"ဒါဆို အခု စားကြည့်လေ"

"ဟင့်အင်း..."

ကလေးမလေးက ချော့ကလက်ဘူးလှလှကို အံ့သြ ချီးမွမ်းဟန်နှင့် သဘောကျစွာ ကြည့်နေသော်လည်း မုန့်ဟင်းခါးချိုင့်ကို လှမ်းယူသည်။ ထို့နောက် မျက်မှောင်ကြီး ကုတ်နေသော ဦးဘပွားအား မရဲတရဲလေး တောင်းပန်သည်။

"မယူပါရစေနဲ့ ဘဘကြီးရယ်၊ သမီးက ချော့ကလက် စားချင်လို့ မုန့်ဟင်းခါး လာပို့တာမှမဟုတ်ဘဲ"

သူ့အသံလေးက တိုးသော်လည်း ဦးဘပွား၏ နားထဲတွင်မူ အကျယ်ကြီး မြည်းဟည်းသွားသည်။ အံ့သြစိတ်တွေ ကဲပြီး သူ့အတွေးကို ဖိစီးနှိပ်စက်နေသောသေခြင်း တရားကိုပင် ခေတ္တ မေ့သွားသည်။

သူက မုန့်ဟင်းခါးချိုင့်လှယ်ရင်း ဘာပြန်ပေးလိုက်ရ ပါမလဲဟု စဉ်းစားသည်။ မုန့်ဟင်းခါးပမာဏကို မှန်းကြည့်ရင်း ငွေအစိတ်သုံးဆယ်လောက် ရှိလိမ့်မည်ဟု တန်ဖိုးဖြတ်သည်။

ဒီတော့ ငါက ရာကျော်တန်ပြန်ပေးလိုက်မည်ဟူသော စိတ်နှင့် ချော့ကလက်ဘူးကလေးဆွဲကာ ပြန်ထွက်လာခြင်း ဖြစ်သည်။ သူ၏ လက်ထဲမှ ချော့ကလက်ဘူးကို မြင်လျှင် ကလေးနှစ်ဦးလုံး ဝမ်းသာအားရဖြစ်သွားလိမ့်မည်။ တအံ့တသြဖြစ်သွားလိမ့်မည်။ ကျေးဇူးတတင် လှမ်းယူလိမ့်မည် ဟုပင် သူ ယုံကြည်ထားခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ ချော့ကလက်စားချင်လို့၊ မုန့်ဟင်းခါး လာပို့တာ မဟုတ်ပါဘူးတဲ့"

"ဟွန်း... လက်တောက်လောက် ကောင်မလေး ကများ"

ဦးဘပွားက တွေးရင်း တွေးရင်း မခံချင်ဖြစ်လာသည်။ မုန့်ဟင်းခါးချိုင့်လေး ဆွဲကာ ပြန်ထွက်သွားကြသော ကလေးနှစ်ဦး၏ နောက်ကျောကို မကျေမနပ် လှမ်းကြည့်ရင်း ဒီချော့ကလက် ဘယ်လောက် စားကောင်း သလဲဆိုတာ သင်းကလေးတို့ မသိလို့ပဲ ဖြစ်ရမည်ဟု တွေးသည်။

ထိုစဉ်တွင် ဦးကံမြင့်က သူ၏ပခုံးကို ခပ်သာသာ ဆုပ်ကိုင်လိုက်သည်။

"ခင်ဗျားကို တစ်ခုခု လာပေးပေမယ့်လဲ ခင်ဗျားဆီက ဘာကိုမှ ပြန်မလိုချင်တဲ့သူ၊ မမျှော်လင့်တဲ့ သူတွေလဲ ဒီလောကမှာ ရှိပါသေးတယ် ဦးဘပွားရယ်"

ဒန်အိုးထဲမှ မုန့်ဟင်းခါးဟင်းရည်များက ငရုတ်ဆီး ဝေကာ စပါးလင်နံ့ မွှေးနေသည်။ ဟင်းရည်ဝပြီး နူးနေသော ငှက်ပျောအူဖတ်များနှင့် ကြက်သွန်နီဥများက စားချင်စဖွယ် ပေါလောမျောနေသည်။

"လေးပိသာတည်းချက်တာ ဆိုပေမယ့် ငါးရော၊ မုန့်ဖတ်ရော ဈေးတက်နေတော့ ပိုက်ဆံတော့ တော်တော် ထိသွားပြီ"

မခင်လှသည် မီးဖိုဘေးတွင် ထိုင်ရင်း၊ ကုန်ကျစရိတ်ကို စိတ်ထဲမှ တွက်နေမိသည်။ သားအကြီးနှစ်ယောက် ဖြစ်သော ကိုဦးတို့ ကိုတူးတို့၏ မွေးနေ့များတွင် ဘာမှ မလုပ် ဖြစ်သော်လည်း အငယ်ဆုံး သမီးလေး ကဲကဲ၏မွေးနေ့ ဆိုလျှင်ကား မုန့်နှီ ခေါက်ဆွဲလေးအစ၊ မုန့်ဟင်းခါးလေးအစ ချက်ပြီး လှူသည့်အနေနှင့် ဘုန်းကြီး ကျောင်းသို့ ပို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်မဆက်၍လည်း မဖြစ်။ ကဲကဲက ချူချူ ချာ ချာလေး မွေးလာသောကလေး ဖြစ်သည်။ လေထိုး၊ လေနာ၊ ရင်ကျပ်၊ ချောင်းဆိုး၊ အသားဝါ၊ သွေးလွန်တုတ်ကွေးစသည့် ကလေးငယ်များတွင် ဖြစ်တတ်သမျှသောရောဂါ ဟူသမျှ သူ မဖြစ်ဖူးသော ရောဂါမရှိ။ မဖျားမနာနှင့် နေကောင်းနေသော အခါတွင်ပင် သူ့ခမျာ နှာရည်လေးတော့ တရွဲရွဲ ယိုနေတတ်သေးသည်။

ထို့ကြောင့် ပိုးမွေးသလို မွေးလာခဲ့ရာမှ အသက်ငါးနှစ်ကျော်လာတော့ တဖြည်းဖြည်း ကျန်းမာလာခဲ့သည်။ ချူချာသော ကလေးဖြစ်၍ သူ့အလိုကို အမြဲလိုက်နေရသဖြင့် ခပ်ကဲကဲလေး ဖြစ်လာရာ နာမည်ပါ "ကဲကဲ"ဟု တွင်သည်အထိ ဖြစ်ခဲ့ရသည်။

"ခုတော့ မရွှေကဲတို့က ကျန်းမာလာလိုက်တာ ဒေါင်ဒေါင်ကို မြည်လို့"

မခင်လှက ကြည်နူးစွာ ပြုံးမိသည်။ ကဲကဲလေး ကျန်းမာလာတော့မှ သူ့တို့လည်း အတန်ငယ် အသက်ရှူ ချောင်ရသည်၊ ဆေးဖိုးဝါးခ သက်သာလာသဖြင့် ထမင်းဝိုင်းတွင် အသားချိုချို ဆိမ့်စိုစိုလေးများကို မြင်လာနိုင်သည်။

"ဒါပေမယ့် နေ့တိုင်းတော့ အသားဟင်း စားနေရတယ် မထင်နဲ့ သရက်သီး သနပ်နဲ့ ပဲဟင်းနဲ့ ပြီးခဲ့ရတဲ့ နေ့တွေမှ ပြည့်လို့"

ပဲဟင်းနှင့် ထမင်းပြီးရသောနေ့များ ရှိသော်လည်း ကလေးတို့အဖေ ဦးရန်ဝေးက နှယ်နှယ်ရရ မဟုတ်။ ရန်ကုန်တက္ကသိုလ်မှ ဆရာတစ်ဦး ဖြစ်သည်။



"ဆရာမှ နည်းပြဆရာတောင် မဟုတ်ပါဘူး၊ ကထိကကြီးပါတဲ့တော်... ဒါပေမယ့် ဝတ္ထုထဲက ကထိကကြီးတွေနဲ့တော့ နည်းနည်းမှ မတူပါဘူး"

ဝတ္ထုထဲ ရုပ်ရှင်ထဲမှ တက္ကသိုလ် ဆရာများသည် ချောင်ချောင်လည်လည် ထည်ထည်ဝါဝါရှိကြသည်ကို မခင်လှ ဒတ်ဖူး ကြည့်ဖူးသည်။

သူတို့ လက်ထပ်ခဲ့စဉ်က ကိုရန်ဝေးသည် နည်းပြဆရာ ပေါက်စလေး ဖြစ်သည်။ စတစ်ကော်လာ အင်္ကျီအဖြူ၊ ရခိုင်ပုဆိုးနှင့် ပင်နီတိုက်ပုံအင်္ကျီလေးသည် ကိုရန်ဝေး၏ အမှတ်အသားများ ဖြစ်သည်။ ရိုးသားသော ကြိုးစားသော တက္ကသိုလ်ဆရာကလေးသည် သူ့အတွက် စည်းစိမ်ချမ်းသာ နှင့် ပျော်ရွှင်ဖွယ် သုခအပေါင်းကို ယူဆောင်လာလိမ့်မည်ဟု မခင်လှ မျှော်လင့်ခဲ့ဖူးသည်။

သူတို့ အသက်ကြီးလာသော တစ်နေ့တွင် ကထိကကြီး ဦးရန်ဝေးသည် မျက်မှန်ထူထူကြီးတပ်ပြီး ဂန္ထဝင်စာအုပ်ကြီးများ ဖတ်နေလိမ့်မည်။ စန္ဒရားကြီး တီးနေလိမ့်မည်။ ခိုမ်ခံကားကြီး စီးနေရလိမ့်မည်ဟု သူတွေးထင်မြင်ယောင်ခဲ့ဖူးသည်။

"အခုတော့ ငါ့ယောကျာ်း ကထိကကြီးရဲ့အိမ်မှာ အသံမြည်အောင် တီးစရာဆိုလို့ဇလုံပဲရှိတယ်။ စီးစရာကတော့ ရှိပါရဲ့ ဖိနပ်"

မခင်လှက တွေးရင်း ခစ်ခနဲ ရယ်လိုက်မိသည်။

တစ်ခါတစ်ရံ ကိုရန်ဝေး တစ်ယောက် အိမ်ရှေ့ မြေမ်းပြင်တွင် ကလေးတွေနှင့်အတူ အားလျားမှောက်ပြီး ာမိန့်ပေ သွင်းထို

www.burmeseclassic.com

www.burmeseclassic.com



မြိုင်ရာဇာတွတ်ပီတို့ကို စိတ်ဝင်တစား ဖတ်နေလျှင် မခင်လှသည် သူတွေးထင် မြင်ယောင်ခဲ့ဖူးသော ကထိကကြီး အသွင်အပြင်ကို ပြန်လည် မြင်ယောင်ပြီး တစ်ဦးတည်း ရယ်မောရတတ်သည်။

"မေ... မေ."

ကဲကဲက မီးဖိုချောင်သို့ တဒိုင်းဒိုင်း ပြေးဝင်လာသည်။

"ဟဲ့ ဖြည်းဖြည်း လျှောက်ပါ သမီးရဲ့... အောက်ထပ်က ပုတ်ပုတ်ကြီး အကြောင်းလဲ သိသားနဲ့"

မခင်လှက စိုးရိမ်တကြီး ပြောသည်။ ဦးဘပွားကို ကလေးတွေက ဘဘကြီးဟု ခေါ်သော်လည်း သူကတော့ ပုတ်ပုတ်ကြီးဟုပင် ခေါ်သည်။ မျက်နှာထား တင်းလွန်း ပုတ်လွန်းသည့်အတွက်ကြောင့် ဖြစ်လေသည်။

"ဒီတစ်ခါတော့ ပုတ်ပုတ်ကြီးက မပုတ်ဘူး မေမေရ၊ မီကဲကို ချော့ကလက်တွေ ဘာတွေပေးလို့"

"အမယ်တော်... ကြားသားမိုးကြိုး"

ဦးဘပွားကို မခင်လှ မေတ္တာမရှိလှချေ။ အလိုလို နေရင်း ရှိန်နေသည်။ သူ ရောက်လာသည်မှာ တစ်နှစ်ခန့်ရှိပြီ ဖြစ်သော်လည်း မည်သူနှင့်မျှ ရောရောနှောနှော ခင်ခင် မင်မင် မနေခဲ့ပေ။ သူတန်းတူ ရည်တူ ထားပြီး ဆက်ဆံသူဆို၍ မင်္ဂလာလမ်းထဲမှ ဆရာဝန်ကြီး ဦးကံမြင့်တစ်ဦးတည်းသာ ရှိသည်။

"ချော့ကလက် ဘူးကြီးက လှမှလှ မေမေရ၊ ဟော့ဒီလောက်ရှိတယ်"

ကဲကဲက လက်ကလေး နှစ်ဖက်ကို ဝိုင်းပြသည်။



"သမီး မယူခဲ့ဘူး မဟုတ်လား"

"ယူပါဘူး"

"အေး... လိမ္မာတယ်၊ ကလေးဆိုပြီး သူများ ပေးတိုင်း ယူတယ်၊ စားတယ်ဆိုတာ ကောင်းတာ မဟုတ်ဘူး"

"သမီးသိပါတယ်၊ မေမေကလဲ"

မခင်လှက ချိုင့်ထဲသို့ မုန့်ဖတ်ထပ်ထည့်သည်။ ဦးဘပွားဟုသည့် လူကြီး ဘာစိတ်ကူး ပေါက်ပြီး ကလေးတွေကို ချော့ကလက် ပေးပါလိမ့်ဟု စဉ်းစားနေပါသည်။ သူနှင့် သွားရင်း လာရင်း ဆင်းရင်း တက်ရင်း မကြာခဏ ဆုံဖူးသော်လည်း တစ်ခါမျှ ပြုံးပြုံးရယ်ရယ် မရှိခဲ့ချေ။

တစ်ခါကတော့ ကိုရန်ဝေးက...

"ဦး နေကောင်းပါရဲ့လား ခင်ဗျာ"

ဟု စ၍နှုတ်ဆက်သည်။

သူက ဘာမှ ပြန်မပြောဘဲ ခေါင်းတစ်ချက်သာ ဆတ်ပြသွားခဲ့သည်။

ကိုရန်ဝေးက မလျှော့သေးဘဲ နောက်တစ်ခါဆုံတော့...

"ကလေးတွေကလဲ ဆော့ကြတဲ့အရွယ်ဆိုတော့ အောက်ထပ်က ဦးကို အားနာတယ်ခင်ဗျ၊ တစ်ခါတလေ ဆူဆူညံညံနဲ့ အနှောင့်အယှက်များ ဖြစ်မလား မသိဘူး"

ဟု အားနာစကား ပြောသေးသည်။

သူက ကိုရန်ဝေးကို ခပ်စူးစူး ကြည့်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တတ်နိုင်ပါ့မလဲ၊ ကျုပ်ဆိုတဲ့အကောင်ကတ ဒီတိုက်ခန်းကိုမှ ပြောင်းလာမိတာကိုး"

ဟု ခပ်ပြတ်ပြတ် ပြောခဲ့လေသည်။

ထို့ကြောင့် လူတကာနှင့် သင့်မြတ်၍ အဆင်ပြေအော[င်] နေတတ်သော ကိုရန်ဝေးပင်လျှင် ဦးဘပွားကိုတော့ လက်မြှောက်[...] ရလေသည်။

"အဘိုးကြီးကတော့မလွယ်ဘူးဟေ့၊ ညွှန်ချုပ် ဘဝက[...] အငြိမ်းစားယူလာတော့လဲ ဘဝင်က ခပ်မြင့်မြင့် ထင်ပါရဲ့[...]"

ဟု ထောမနာပြုခဲ့သည်။

"ဘဝင်မြင့်ရုံတင် မကဘူး၊ ကပ်စေးကလဲ နဲသေး[...] သူ့မှာ တယ်လီဖုန်း ရှိတာတောင် သူများ လာဆက်ရင်[...] မိတာတက်မှာစိုးလို့ အိပ်ခန်းထဲ ထည့်ထားတဲ့ဟာကြီး"

တစ်အိမ်တည်းနေသူတွင် တယ်လီဖုန်း ရှိပါလျက်နှင့် သူတို့[...] ဆက်ခွင့် မရှိသည်ကိုတော့ မခင်လှ အသည်းနာလှသည်။

ဟိုဘက်ခန်းက ကိုကောင်းထက် တယ်လီဖုန်း ဆက်ချင်၍ သွားပြီး ခွင့်တောင်းတော့...

"အရေးကြီးရင်တော့ ဆက်သွားလေ၊ ဒါပေမယ့် ကျုပ်က အိမ်မှာလူဝင်လူထွက်ရှုပ်ရင် သိပ်မကြိုက်ဘူးဗျ"

ဟု ပြောခဲ့ဖူးသည်ဟု ဆိုသည်။

ထို့ကြောင့် အရေးအကြောင်းရှိ၍ တယ်လီဖုန်း ဆက်ချင်လျှင် ကလေးများ၏ သူငယ်ချင်း၊ ဖိုးမှူတို့ ဖိုးခွားတို့အိမ် ပြေးရသည်။ သူတို့အမေ နော်ဒိုင်ယာနာက သဘော ကောင်း၍ ကဲကဲတို့ မောင်နှမတစ်တွေကိုလည်း ချစ်ချစ် ခင်ခင် ရှိလေသည်။



"ဒီတစ်ခါ ဖွားရွှေတို့ အခန်းလား မေမေ"

"အေး... သူတို့ အခန်းသွားပို့ချေ၊ ဘွားရွှေက ဘာငါးနဲ့ ချက်တာလဲလို့ မေးရင် ငါးကြင်းနဲ့ငါးကျည်း တစ်ဝက်စီရောပြီး ချက်တယ်လို့ပြော"

ချိုင့်နှုတ်ခမ်းတွင် ဟင်းရည်နည်းနည်းဖိတ်ကာ ပေနေ သဖြင့် မခင်လှ ပြန်ယူပြီး အဝတ်စုတ်နှင့် အသေအချာ သုတ်ပေးသည်။ ဘွားရွှေက ဇီဇာကြောင်သောကြောင့် သူ့အတွက်ဆိုလျှင် သူများ ထက်တော့ နည်းနည်း ပိုပြီး ဂရုစိုက်ရလေသည်။

"ဘယ်အချိုးနဲ့ ချက်တာလဲဆိုရင်တော့ မုန့် သုံးပိဿာကို ငါးတစ်ပိဿာနှုန်းနဲ့ ချက်တာလို့ပြော၊ အခုချက်တာက မုန့်ခြောက်ပိဿာ၊ ငါးက နှစ်ပိဿာ လို့ပြော၊ သိလား ကိုဦး၊ အသေအချာ မှတ်ထားဦး"

ကဲကဲ မမှတ်မိမည်စိုး၍ မခင်လှက ကိုဦးကိုထပ်မှာ သည်။ စင်စစ်အားဖြင့် မုန့်လေးပိဿာကို ငါးကြင်း ကိုးဆယ်သားနှင့် ချက်ထားခြင်းဖြစ်သည်။

သို့သော်လည်း ဇီဇာကြောင်ပြီး စပ်စပ်စုစုနိုင်လှသော ဘွားရွှေ အတွက် မခင်လှက မုသာဝါဒ အမြဲဖွက်ရလေ့ရှိသည်။ ထိုသို့ မဟုတ်လျှင် ဘွားရွှေက...

"သြော် ... မခင်လှတို့ကလဲ၊ ကောင်းကောင်းလေး စားချင်လို့ ကိုယ့်အိမ်ကိုယ် ချက်စားတာတဲ့ပြီး ခွျတာတာကိုး၊ ကောင်းစေချင်ရင် အကုန်ခံ ရတယ်ကွယ့်"ဟု ခပ်နိမ့်နိမ့်လေး ပြောတော့မည်ကို ကြိုတင်၍ သိထားသော ကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလကား အဘွားကြီး”

တကယ့်တကယ်တော့ သူ့ဆီ လာပေါင်တဲ့ ရွှေ မှတ်ကျောက်နဲ့ နာနာတိုက်ကြည့်တတ်တာကလွဲလို့ ဘာမှလည် သိတာမဟုတ်။ တတ်တာမဟုတ်။ အဲသည်လို လိမ်ညာ လိုက်ရင်တော အထင်ကိုကြီးလို့၊ “ဒါ့ကြောင့် ဒီလောက် ကောင်းနေတာပေ မခင်လှရယ်၊ အန်တီက လျှာပေါ် တင်လိုက်ရင် သိပြီးသားလို ပြောပါလိမ့်မယ် ဟင်း”

ဘွားရွှေတို့ သားအမိက ဤတိုက်ခန်းများ၏ မူလ မြေပိုင်ရှင်များ ဖြစ်ကြသည်။ အပြောကောင်းသော ကန်ထရိုက် တစ်ဦးနှင့် ဆက်မိကာ ဤတိုက်ကို ဆောက်ခဲ့ ခြင်း ဖြစ်သည်။ ကြိုက်ရာ အခန်းတစ်ခန်းအပြင် ငွေတစ်သိန်း ထပ်လောင်း၍ရဦးမည်ဆိုတော့ ဝမ်းသာအားရ သဘောတူကာ မြေကို ထိုး၍ အပ်ခဲ့ကြသည်။

ကန်ထရိုက်တာကလည်း တိုက်ပုံစံ ခပ်သွက်သွက်၊ ခပ် လှလှ၊ ခပ်ပါးပါးကို ခြောက်လအတွင်း အပြီးဆောက်ကာ မြိုးမြိုးမြက်မြက်ကလေး ထားသွားသည်။ ဘွားရွှေတို့လည်း ငွေတစ်သိန်း ပိုက်မိသည်။

သို့သော် တိုက်ခန်းနံရံမှ ပလာစတာများ တဖြုတ်ဖြုတ် ပဲ့ကြွေတတ်သည်ကိုတော့ အားလုံးသော တိုက်ခန်းပိုင်ရှင် များက သည်းခံကြရလေသည်။

“မေမေ... ဦးကောင်းတို့ အိမ်မပို့ရသေးဘူး နော်၊ ဘဖိုးထင်က မုန့်ဟင်းခါး သိပ်ကြိုက်တာ”

ပဲသီးစိမ်းလေးများကို ပါးပါးလှီးနေသော သားအလတ် ကိုတူးက သတိပေးသည်။ သူ့ သားသမီး သုံးယောက်တွင် ကိုဦးက



ကဲကဲနှင့် တွဲမိပြီး အလတ်ကောင် ကိုတူးက အမေနားတွင် ကပ်ကပ် နေတတ်လေသည်။ ကိုဦးနှင့် ကိုတူးက အသက် ဘစ်နှစ်ခွဲခန့်သာ ကွာသော် လည်း ကိုဦးက အရွယ်နှင့် မလိုက်အောင် လူကြီးဆန်ကာ တည်ငြိမ်ပြီး ကိုတူးကတော့ ကဲကဲနှင့်အပြိုင် ဆိုးနွဲ့ချင်လေသည်။

“ဘ... ဖိုးထင်ကို သားက မုန့်ဟင်းခါး လာပို့မယ် ပြောတော့ များများပို့ပါတဲ့၊ ထမင်း မစားဘဲ စောင့်နေမယ်တဲ့”

“အေးပါကွယ်... ချိုင့်ပြန်လာတော့ ပို့တာပေါ့၊ ဒီပြင် ပို့စရာလဲ ချိုင့်အပိုမှ မရှိတဲ့ဟာကို”

“ဟင်းရည်ကို ထမင်းအုပ်နဲ့ ထည့်ပြီး မုန့်ဖတ်ကို ပန်းကန်ပြားထဲ ထည့်ပြီး ပို့လိုက်ရင် ရတယ်လေ မေမေရဲ့”

“သားက ဘာလို့ ဒီလောက် အလျင်လိုနေရတာလဲ”

“ဘဖိုးထင်ကို သနားလို့ မေမေရ၊ သူတို့မှာ တစ်ခါလာ ငါးခြောက်ဖုတ်၊ နောက်တစ်ခါလာ ဘဲဥပြုတ် ဒါပဲ စားနေရတာ၊ ဟင်းလဲ မချက်တတ်ဘူး”

“အမယ်လေး ဒီခေတ်မှာ ငါးခြောက်ဖုတ်၊ ဘဲဥပြုတ် စားနေနိုင်ရင် နည်းသလား၊ နောက်ပြီး နင့် ဘဘကရော ထမင်းစားဖို့ကို တကယ် စိတ်ဝင်စားလို့လား၊ ဒီအသက် ဒီအရွယ်ကြီးနဲ့ ဟိုအရေတွေပဲ မျိုနေတာဟာကို”

အဘထင်ကိုလည်း မခင်လှက သိပ်ပြီးကြည့်၍မရ အသက်ခြောက်ဆယ်ကျော်နေပြီ ဖြစ်သော်လည်း သူ့ ခြေ

www.burmeseclassic.com

www.burmeseclassic.com



အစုံက ဘုရားကျောင်း ကန်ဘက်သို့ လှည့်သည်မဟုတ်။ အရက်ဖြ[illegible] ဆိုင်ဘက်သို့သာ အချိန်မှန်မှန် လျှောက်နေသောသူ ဖြစ်သည်။

တစ်ခါတစ်ရံလည်း မူးပြီး ယိုင်နေသော ဖခင်ကို ကိုကောင်းထက်က တွဲပြီး ပြန်ခေါ်လာရတတ်သည်။ အဘထင် အချိန်မှန် အိမ်ပြန် မရောက်လျှင်လည်း ကိုကောင်းထက်က အရှာထွက်ရတတ်သည်။

ထို့နောက် ရေချိန်လွန်နေသော ဖခင်ကို ဆိုက်ကားနှင့် တင်ကာ ပြန်ခေါ်ခဲ့ရတတ်သည်။ အဘထင်ကတော့ အရက်မူးလေ၊ ပြုံးလေနှင့် တစ်ခါတစ်ရံ သီချင်းဆိုတတ် သည်မှအပ သွေးမဆိုးချေ။

သူမူးပုံက ဘယ်သူ့ကိုမှ အနှောက်အယှက် မဖြစ်တော့ လည်း အားလုံးက ဥပေက္ခာပြုထားရသည်။ အောက်ထပ်မှ ဘွားရွှေတစ်ယောက်ကသာ ဦး၊ ်နှင့် စကားပြောတိုင်း "မူးထင်... အဲလေ ဦးထင်"ဟု လုပ်တတ်လေသည်။

"သူက မူးလဲ သူဟာသူ သီချင်းဆိုနေတတ်တာပါ မေမေရာ မဆိုးပါဘူး၊ တစ်ခါတလေ သားတို့ကိုတောင် အရုပ်ကလေးတွေ ဆွဲပြသေးတယ်"

အဘထင်က ပန်းချီဆရာတစ်ဦး ဖြစ်သည်ဟုတော့ ပြောသံကြားဖူးသည်။ မဂ္ဂဇင်းများတွင်လည်း ဆွဲခဲ့ဖူးသည် ဟု ပြောသော်လည်း သူ့အမည်ကို ဘယ်သူမှ သိပ် မကြားဖူးကြပေ။ ကိုရန်ဝေးကတော့ "ကားနံပါတ်ရေးတဲ့ သူကိုလည်း ခေါ်ချင်တဲ့သူက ပန်းချီဆရာလို့ ခေါ်တာပဲ"ဟု ပြောဖူးလေသည်။

ထိုစဉ်တွင် ကဲကဲက အိမ်နောက်ဖေးသို့ တဒိုင်းဒိုင်းနှင့် ပြေးဝင်လာပြန်လေသည်။



"မေမေရေ... ဘွားရွှေကြီးက ဆုတွေပေးလိုက်တာ ဟစ်ပုံကြီးပဲ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ ပညာတွေအများကြီး တတ်ပါစေ၊ နောက် ပြီး... နောက်ပြီး လင်ကောင်း သားကောင်း ရပါစေတဲ့ ဟိ... ဟိ"

စပ်ဖြည်းဖြည်း ဖြစ်နေသော ကဲကဲ၏ မျက်နှာလေးကို ဒိုင်းကြည့်ကာ သူတို့ အားလုံး ဝါးခနဲ ရယ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

"အမေကလဲ ဘာဖြစ်လို့များ ဆုပေးရင် အဲဒီလို လင်ကောင်း သားကောင်း ရပါစေဆိုတာ ကြီးကို ထည့်ထည့်ပြီး ရွတ်မှန်းမသိဘူး"

အပျိုကြီး မမွေးကြူက စိတ်အလိုမကျစွာ တွေးသည်။

"လင်မရရင် ဘဝမှာ မပြည့်စုံတာ ကျနေတာပဲ ဟွန်း..."

လင်ကောင်း သားကောင်း ရပါစေဟူသော စကားကို တစ်ခါ ကြားရတိုင်း သူ့ကို တစ်ခါနှိမ်ခြင်း ဖြစ်သည်ဟု မမွေးကြူ ထင်သည်။ "မယူချင်လို့ မယူတာ၊ မရလို့ မဟုတ်ပေါင်ရှင်"ဟု စိတ်ထဲမှ ပြန်၍ ပြောမိတတ်သည်။

သူ့ ရုပ်ရည်က သိပ်အချောကြီး မဟုတ်သော်လည်း ရုပ်ကြမ်းရေကျိုထက်တော့သာသည်ဟု ထင်သည်။ ငယ်ငယ်တုန်းကတော့ ပိုးပန်းသူတွေ၊ ရိပ်ဖမ်း သံဖမ်းစကားစသူတွေ

www.burmeseclassic.com

www.burmeseclassic.com



အောင်သွယ်တော်နှင့် တစ်ဆင့်ကြိုးစားသူတွေ အတော်များများ ရှိခဲ့သည်။ အသားမည်းသည်၊ သွားခေါသည်၊ ဥစ္စာမပေါ ရုပ်မချောဟူသော အကြောင်းပြချက်များနှင့် ရွေးရင်းရွေးရင်း အရွယ်လွန်လာခဲ့သည်၊

"အင်း... အခုတော့ ငါ့အသက်က သုံးဆယ့် ငါးကျော်နေပြီ၊ ရွယ်တူထဲကဆိုရင် လူပျို လူလွတ် တောင် မရှိကြတော့ဘူး ထင်ပါရဲ့၊ အင်း... မုဆိုးဖိုတို့ တစ်ခုလပ် တို့တော့ ရှိတာပေါ့လေ"

မမွေးကြူက သူ့ဟာသူ တွေးရင်း အပေါ်ထပ်မှ လူပျိုကြီး ကိုကောင်းထက်ကို တွေးရင်း ရှက်တက်တက် ဖြစ်သွားလေသည်။ အမှန်ကတော့ လူပျိုကြီးမဟုတ်၊ အိမ်ထောင် တစ်ခါကျဖူးသော မုဆိုးဖိုဖြစ်သည်။

သို့သော် သည်ရပ်ကွက် သည်လမ်းထဲက လူများကမူ သူ့ကို လူပျိုကြီးအနေနှင့်သာ သတ်မှတ် ထားကြသည်။ အောက်ထပ်က မမွေးကြူတို့ သားအမိနှစ်ယောက်၊ အပေါ်ထပ်က ကိုကောင်းထက်တို့ သားအဖနှစ်ယောက်ဆိုတော့ ခင်မင်သူများက မထိတထိ စချင် နောက်ချင်ကြသည်။

"ဟွန်း... ဟိုဘက်လမ်းက စာအုပ်အငှားဆိုင် ကဆိုရင် သာဆိုးသေးတယ်"

မမွေးကြူ ဈေးမှအပြန် သူတို့ဆိုင်ရှေ့မှ ဖြတ်လျှင် "အပျိုကြီးရေ ဆွဲခြင်းက မလေးဘူးလား၊ နီးနီးနားနား ကူညီညာပြီး ဆွဲပေးမယ့် သူကို ခေါ်လာခဲ့ရောပေါ့"ဟု ပြောတတ်သည်။



သူက "ဘယ်သူ့ကို ခေါ်လာရမှာလဲ"ဟု မျက်နှာထားနှင့် ပြောလိုက်တော့"

"အဟီး... ကဲကဲတို့ မောင်နှမတွေလေ"ဟု လျောချသည်။

တစ်ခါကလည်း ကိုကောင်းထက်ကို...။

"လူပျိုကြီးရေ အပျိုကြီးကို ပြောပေးပါ၊ မောင်စိန်ဝင်း (ပုတီးကုန်း) ရပြီလို့"ဟု အော်လိုက်သည်။ သူတို့ နှစ်ဦးကို ရိပ်ဖမ်းသံဖမ်း စ,နေမှန်း မမွေးကြူ သိသလို ကိုကောင်းထက်လည်း သိပုံပင်၊ ထို့ကြောင့်လည်း သူ့ကိုမြင်တော့ အယောင်ယောင် အမှားမှားနှင့်..."

"မောင်စိန်ဝင်း ပုတီးကုန်း ရမယ်၊ ယူမှာလားတဲ့"ဟု ပြောသည်။

သူကလည်း ခေါင်းတစ်ဆတ်ဆတ် ညိတ်ကာ..."

"အင်း... ယူမယ်၊ ယူမယ်၊ စောင့်နေရတာ ကြာလှပြီ"ဟု အားတက်သရော ပြောပြီးမှ...။

"စာအုပ်နော်... စာအုပ်"ဟု နောက်ဆက်တွဲ စကားကို ကမန်းကတန်း ဖြည့်စွက်ခဲ့ရလေသည်။

"မုန့်ဟင်းခါးလေးက ကောင်းသကွယ်၊ မုန့်ဖတ်က ဂျမားမုန့်ဖတ်၊ ဟင်းရည်ကတော့ မေမေ ပြောသလို မုန့်နဲ့ ငါးသုံးချိုးတစ်ချိုးနဲ့ ချက်တာလေ"

ဒေါ်ရွှေနုက တစ်ပန်းကန်နှင့် မဝဘဲ နောက်ထပ် တစ်ပန်းကန် ပြင်၍ ဆက်စားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘဲဥလေး ဘာလေးပါရင် ဒီထက်ကောင်းမှာ မခင်လှတို့ကလဲ လှူချင်သေး၊ ကပ်စေးကလဲ နဲသေး"

"ဘဲဥတစ်လုံးလဲ ငါ ကျပ်ကျော်နေပြီ၊ အမေရဲ့ ဘယ်များများ ထည့်နိုင်မှာလဲ၊ အခုလဲ ကောင်းနေတာပဲဟာ"

"ဘဲဥပါရင်တော့ ဒီထက် ကောင်းမှာပေါ့ဟယ်"

"ပါပါတယ် အမေရဲ့၊ ဟောဒီမှာကြည့်၊ ဘဲဥ ဖတ်ကလေးတွေ"

မမွေးကြူက ဟင်းရည်ပန်းကန်ထဲမှ ဘဲဥဖတ်ကလေးများကို ဆယ်ပြသည်။

"အံမာလေး... ညည်း ဘဲဥက မှန်ဘီးလူးနဲ့ ကြည့်မှ မြင်ရမယ့်ဟာကလေးတွေ"

မမွေးကြူက သူ့အမေကို စကားဖက်ပြိုင် ပြောမနေ တော့ဘဲ ငြိမ်နေလိုက်သည်။ ပြိုင်ပြောလျှင် "ဒါလား ဘဲဥ၊ အိမ်မြှောင်ဥကို စိတ်ထည့်ထားတာ ဒပုပ်ဟယ်လား"ဟု ပြောတော့မည်ကို ကြိုသိထား လေသည်။ သူ့မိခင် ဒေါ်ရွှေနုက ရပ်ရေး၊ ရွာရေး၊ သာရေး၊ နာရေး၊ရှိလျှင် ကိုယ်ဖိရင်ဖိ ကူညီတတ်သော်လည်း အလှူနပစ်ပစ်များ ကြောင်းကို တစ်လမ်းလုံး သိကြသည်။ နောက်ပြီး သူ ကိုယ်တိုင် မချက်သော ဟင်း ဆိုပါက မည်မျှကောင်းနေပါစေ၊ အပြစ်တစ်ခုခု ကိုတော့ သူ တွေ့အောင် ရှာတတ်လေသည်။

"ဟိုဘက်ခန်းက လူကြီးလဲ ဘယ်လိုများ နေထိုင် စားသောက်နေတယ် မသိဘူး"



မုန့်ဟင်းခါး နှစ်ပန်းကန်ကုန်ပြီး ဗိုက်တင်းသွားတော့ ဒေါ်ရွှေနု သည် ဟိုဘက်ခန်းမှ ဦးဘပွားကို သတိရသည်။ သူတို့ လမ်းထဲတွင် နေသော်လည်း မည်သူနှင့်မျှ အရောမဝင်ဘဲ ခပ်တည်တည်၊ ခင်ဘင်းတင်း၊ ခပ်ကင်း ကင်းနေသော ဦးဘပွားကို သူအတော်လေး စိတ်ဝင်စား နေမိသည်။ ထို့နောက် မြင်ပြင်းလည်း ကပ်နေမိသည်။

"ထမင်းချိုင့် ယူစားနေတာပဲ မမေရယ်၊ ရွှေဘဆိုင်က ဟင်းလဲ ကောင်းတာပဲဟာ"

"တစ်နေ့တုန်းကတော့ ငါးသေတ္တာဘူးတွေရော၊ အသားဘူးတွေရော ကားထဲကနေ ချသွားတာ တွေ့လိုက်တယ်"

"ဟုတ်လား"

"အရက်နဲ့ မြည်းနေလားမှ မသိတာ"

"သူ့ ကြည့်ရတာ သောက်တတ်ပုံ မရပါဘူး မမေရယ်"

"အို... သောက်ချင်သောက်မှာပေါ့၊ အလျင်တုန်းက တော်တော် ပွေခဲ့ဖူးတာတဲ့"

ဒေါ်ရွှေနုက ဦးဘပွား၏ အသက်ကို စိတ်ထဲမှ မှန်း ကြည့်ရင်း... "ငါ့ထက်တော့ ကြီးမှာပေါ့"ဟု တွေးသည်။ ပင်စင် ယူထားပြီး ဆိုတော့ သက်ပြည့်ပင်စင် မဟုတ်သည့်တိုင်အောင် ခြောက်ဆယ် ဝန်းကျင်လောက်တော့ ရှိရှာမည်။ ဆံပင်မဖြူသည်ကအော မြေကြီးလက်ခတ်မလွဲ ဆိုးထားသည်ပင် ဖြစ်ရမည်။

သည်နေ့မနက်တော့ အပေါ်ထပ်မှ မခင်လှတို့ သားအမိ အကြောင်းတွေးလိုက်၊ ဘေးခန်းမှ ဦးဘပွား အကြောင်း တွေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



နှင့်မို့ ဒေါ်ရွှေနု တစ်ယောက် သူ့ရင်ခေါင်းထဲတွင် အောင့်တောင့်တောင့် ဖြစ်နေသည်ကို မေ့နေသည်။ အခါတိုင်းလို ရင်ထဲက အောင့်တောင့်တောင့်နဲ့ လေထိုးတာ ထင်ပါရဲ့ဟူ၍ လည်းကောင်း။

"အင်း… အသည်းကင်ဆာ ဆိုတာများလား၊ ဒါမှမဟုတ် သည်းခြေမှာ ကျောက်တည်တာများလား၊ ဘုရား… ဘုရား"ဟု ပေါက်တက်ကရ မတွေးမိ သေးချေ။

"သားတွေ သမီးတွေ အကုန်လုံးကတော့ နိုင်ငံခြားမှာ ချည်းပဲတဲ့"

"ဒါနဲ့ သူက ဘာဖြစ်လို့များ တစ်ယောက်တည်း နေရစ်ရတယ် မသိဘူး၊ လိုက်သွားရောပေါ့ နော်"

"သားသမီးတွေကလဲ၊ လိုလိုချင်ချင် ခေါ်ကြ ရဲ့လားမှ မသိတာအေ"

"အို… အဖေကြီး တစ်ယောက်တည်းရှိတာ၊ မခေါ်ဘဲ ရှိပါ့မလား အမေရဲ့"

"ကိုယ့်အိမ်ထောင်တွေနဲ့ ကိုယ်ဆိုရင် သူစိမ်းတွေ ဖက်ကုန်ကြပြီ သမီးရဲ့၊ သားက ကောင်းချင်ဦး၊ သမီးက ကောင်းချင်ဦးတော့၊ ချွေးမတွေ၊ သမက်တွေကလဲလည်း ကောင်းပါဦးမှ၊ ညည်းယောင်းမ လို မိန်းမမျိုးဆိုရင် ခက်ရချည့်"

ဒေါ်ရွှေနုသည် သူ့ချွေးမကို သိပ်ပြီး ကြည့်မရချေ။ အမေရဲ့… အမေရဲ့နှင့် အပြောလေးချိုသော်လည်း အတွင်း က စိတ်မပါလှဟု ယူဆထားလေသည်။

"အဖေါ်ထပ်က ဦးထင်ကြီး ကြည့်ပါလား၊ ချွေးမနဲ့ သမက်နဲ့သာဆိုရင် သူဒီလို မူးရှူးနေလို့ ဘယ်ရလိမ့်မလဲ၊



သား တစ်ယောက်တည်း သူစိမ်း မဖက်လို့သာ၊ အမေ့ သည်းသည်းခံ… ခံ… ခံ အဟီး…"

စကားပြောရင်း တံခါးဝသို့ အမှတ်မထင် လှမ်း အကြည့်တွင် မားမားကြီးရပ်နေသော ဦးထင်ကို တွေ့တော့ ဒေါ်ရွှေနု လန့်ဖျန့်သွားသည်။ ဘာစကား ဆက်ရတော့မည် မသိဘဲ မလုံမလဲနှင့် သွားဖြီးပြီးရယ်ပြသည်။

"အဟီး… မူးထင်၊ အဲ… ဦးထင်"

"ထမင်းကြမ်းခဲလေးများ အနည်းအပါးမပို ဘူးလား ကျောင်းအစ်မရဲ့"

"ပိုမယ် ထင်ပါ့… သမီးရေ"

"မုန့်ဟင်းခါးနဲ့ ရောစားချင်လို့ဗျာ၊ ကျုပ်က မုန့်ဟင်းခါး ဆိုရင် ထမင်းလေးနဲ့ ရောစားရမှ ကြိုက်တာ ဒါမှလဲ ရင်အေးတာ၊ ခုတော့ ထမင်းချက်တာကလဲ နောက်ကျ၊ ညက ထမင်းကြမ်းကလဲ မကျန်"

အမှန်ကတော့ မုန့်ဟင်းခါး လာပို့မည်ဟု ကလေး တွေက သတင်းပေးထား၍ ထမင်းမချက်ဘဲ စောင့်နေခြင်း ဖြစ်သည်။ မုန့်ဟင်းခါးရတော့မှ ထမင်းနှင့် ရောနယ်ကာ အားရပါးရ စားချင်စိတ်ပေါက်လာသည်။

ပြန်ချက်လျှင်လည်းကြာ၊ ဆာလည်း ဆာလှပြီမို့ လွယ်လွယ် ကူကူပင် ထမင်းဆင်းတောင်းခြင်း ဖြစ်သည်။ သည်အိမ်က မရလျှင် ဟိုဘက်အိမ်သွားတောင်းမည်။ ဆန် ဈေးတွေ ဘယ်လိုပင်တက်ပါစေ ခမ်းချောင်းကဲ့သို့သော မြန်မာရပ်ကွက်တွင် ထမင်း တစ်ပန်းကန်

www.burmeseclassic.com



အတွက် ပါးပါး ရှားရှား တိုတိုတွာတွာ မရှိကြသည်ကို ဦးထ
သဘောပေါက်ပြီးသား ဖြစ်သည်။

"ဝင်ထိုင်လေ အဘာထင်ရဲ့၊ ကျွန်မ ထမင်း ထည့်လိုက်
ဦးမယ်"

မမွေးကြူက ဦးထင်၏လက်ထဲမှ ကြွေရည်သုတ် သံဇလုံ
လှမ်းယူကာ မီးဖိုဘက် ဝင်သွားသည်။ ဦးဘာထင်က အိမ်
မဝင်ဘဲ အပေါက်ဝတွင်ရပ်ရင်း နံရံတွင် ချိတ် ထားသော ဒေါ်ရွှေနုတို့
ဇနီးမောင်နှံပုံကို လှမ်းကြည့် သည်။ လွန်ခဲ့သော အနှစ် သုံးဆယ်ခန့်
ပုံဆိုတော့ ဒေါ်ရွှေနုကလည်း ချောတုန်း၊ သူ့ခင်ပွန်းကလည်
ခန့်တုန်း ဖြစ်လေသည်။

"ကျောင်းအစ်မတို့ ဥပုသ်ရတယ် ထင်ပါ့"

"ဪ... ဟုတ်ကဲ့"

ဦးထင် ပြောမှပင် သည်နေ့ လကွယ်နေ့ ဖြစ်ကြောင်း ဖျပ်ခန
သတိရသည်။ လပြည့် လကွယ် ဥပုသ်နေ့တိုင်း ဥပုသ်စောင့်သည်ဟု
တစ်ခါက ပြောထားဖူးသည်ကို အမှတ်တရ မေးမြန်းခြင်း
ဖြစ်ဟန်တူသည်။ ပြောတုန်းကသာ ခပ်ကြွားကြွားပြောထားသော်လည်း
သည်နေ့ လကွယ်နေ့ ဖြစ်ကြောင်း ဒေါ်ရွှေနု သတိပင် မထားမိခဲ့
သိလလည်း မယူမိ။

"ဦးထင်ရော ဥပုသ်ရသလား"

"မရပါဘူးဗျာ"

ဦးထင်က ခေါင်းခါသည်။ သူဥပုသ်မစောင့်ဖြစ်သည် မှာ
နှစ်ပေါင်း အတော်ကြာနေပေပြီ။ သူတို့ အိမ်က ဘုရား စင်မှာလည်း
ပလပ်စတစ် ပန်းခြောက် သုံးလေးခက်ကို ပန်းအိုးထဲ ထည့်ထားသည်



မှအပ ဘာအဆောင်အယောင် မျှမရှိ။ ဘုရားရုပ်ပွားတော်လေး
လည်း သူ့ကိုစေ့စေ့ မကြည့်လိုဟန်နှင့် မျက်လွှာချထားသည်ဟု
သူ့စိတ်ထဲတွင် ခံစားနေရသည်။ သူကလည်း ဘုရားကို တည့်တည့်
ရင်ဆိုင် မကြည့်ရဲ၊ ခပ်လွှဲလွှဲသာ မရဲတရဲ ဖူးရသည်။

"အသက်တွေက မငယ်တော့ဘူး ဦးထင်ရဲ့၊ သွားနှင့်တဲ့
သူတွေလဲ သွားကုန်ကြပြီ၊ အားတဲ့ အချိန်လေးမှာ
ပုတီးလေးစိပ်၊ တရားလေးထိုင်နဲ့ တရားနှလုံးကို တတ်နိုင်သမျှ
သွင်းပြီး ကိုယ့်ကိုယ် ကို အေးချမ်းအောင် နေရတယ်၊
ဒါမှလဲ ဒီဘဝမှာ အရင်းမရှုံးဘဲ အမြတ်ရတော့မှာပေါ့"

ဒေါ်ရွှေနုက လက်ကောက်ဝတ်တွင် ဝတ်ထားသော နံ့သာဖြူ
ပုတီးကိုဖြုတ်ကာ စိပ်ရန်ဟန်ပြင်သည်၊ ပုတီး လေး ကျောက်ကျောက်
စိပ်ရင်း စိတ်တွေက ပျံ့လွင့်ကာ ဟိုလူ့ကို စိတ်ဆိုးလိုက် သည်လူကို
ဒေါသဖြစ်လိုက် ဖြစ်နေတတ်တာကိုတော့ သူ့ကိုယ်သူ မတတ်နိုင်။

"တရားအားထုတ်တာတော့ ကျုပ်လဲ တတ်နိုင် သမျှ
လုပ်တယ်ဗျာ"

ငွေမလည်သော အခါများတွင် ရှိသမျှ ပစ္စည်းလေး များကို
အပေါင်ဆိုင်ပို့ရသည်ကို ရည်ရွယ်ပြီး ဦးထင်က ခပ်ပြုံးပြုံးပြောသည်။
ဦးထင်တို့သားအဖက အပေါင်ဆိုင် သွားရသည်ကို "တရုတ်
အားထား" ရသည်ဟု ပြောလေ့ ရှိသည်။) သို့သော် ဒေါ်ရွှေနုက
နားလည်ပုံမရ။

"အင်းလေ... သူ့ အသက်လဲ ကြီးလှပြီပဲ၊ သောက်တဲ့
အခါလဲ သောက်၊ မသောက်တဲ့အခါလဲ တရားလေး ဘာလေး
ထိုင်တယ်ထင်ပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးသည်။

"ဟုတ်တာပေါ့ ဦးထင်ရယ်... တစ်နေ့ ငါးမိ
မှတ်မှတ် ဆယ်မိနစ် မှတ်မှတ် တတ်နိုင်သမျှ ရှုမှတ်သွားေ

"ဟုတ်ကဲ့"

"ကိုယ်နောက်ပါမည့် အထုပ်က ဒါလေးပဲ ရှိတ

"ဟုတ်ကဲ့"

"ကျန်တာတွေ အကုန်ထားခဲ့ရမှာ"

"ဟုတ်ကဲ့"

ဦးထင်က အလိုက်သင့် ထောက်ခံရင်း...

"ကျုပ်ကတော့ ထားခဲ့စရာ ဘာပစ္စည်းမှ မရှိ ပေါ
ယူသွားစရာလဲ ဘာအထုပ်မှ မရှိသေးဘူး" ဟု ခပ်ပျော်ပေ
တွေးသည်။

"ကုသိုလ်ထုပ် မရှိပေမယ့် အကုသိုလ်ထုပ်ကြီး ကတေ
အတော်ကြီးနေပြီလား မသိဘူး"

ဟု ဆက်၍ တွေးမိသောအခါတွင်ကား ရင်ထဲတွင် တော်တေ
ကြီးလေးလံသွားသည်။ အခြားအကုသိုလ်များကို ကြီးကြီးကျယ်ကျ
မလုပ်ဖူးသော်လည်း ငါးပါး သီလထဲမှ သူရာမေရိယကံကို နေ့စ
ချိုးဖောက်နေမိမှတော့ သူသည် ရေစုန်တွင် တရွေ့ရွေ့ မျောနေေ
တစ်ဦး ဖြစ်နေမှန်း သူကိုယ်သူ အသေအချာ သိနေသည်။

"တရားဆိုတာ ထိုင်ခါစတော့ စိတ်ကို ငြိမ်အော
ထိန်းရတာ ဘယ်လွယ်မလဲ၊ ဟိုနားက နာသလိုလို၊ ဒီအနား
ကျဉ်သလိုလို၊ တစ်ကိုယ်လုံးကို ပရွက်ဆိတ်တွေ အုံခဲ့
ကိုက်သလိုလိုနဲ့ ဝေဒနာတွေ ပြတာပေါ့၊ ဦးထင်ေ



အိမ်မှာ ထိုင် ရတာ စိတ်မငြိမ်ရင် ရိပ်သာလေး ဘာလေး ဆယ်ရက် စခန်းလေး ဘာလေးဝင်ပြီး ကြိုးစားကြည့်ပါလား"

ဒေါ်ရွှေနုက တရားဟောရန် ဟန်ပြင်စဉ်၊ မမွေးကြူ
ထွက်လာ၍ ဦးထင် အတော်ကြီး စိတ်သက်သာရာ ရသွားသည်။

"ထမင်းကြမ်းတော့ မရှိဘူးအဘရေ၊ ထမင်း ပူပဲ ယူခဲ့တယ်"

"အေးဗျာ... ကျေးဇူးပါပဲ"

ထမင်း မောက်မောက်ပါသော သံဇလုံကို လှမ်းယူကာ
ဦးထင်က ကျေးဇူးစကား ဆိုသည်။ မုန့်ဟင်းခါး ပန်းကန်ထဲသို့
ထမင်းခဲကို ချေထည့်၊ ငံပြာရည်နှင့် ငရုတ်သီးမှုန့် ထပ်ထည့်၊
နှံ့အောင်နယ်ပြီး၊ ပဲသီးစိမ်းတောင့်လေး၊ ကိုက်ကာစား၊ ဟား...
တွေးရင်းနှင့်ပင် ဆာသည်ထက် ဆာလာပေပြီ။

"ရိပ်သာမသွားဖြစ်ဘဲ၊ အိမ်မှာပဲရသလောက် မှတ်၊ မှုးထင် အဲ... အဲ... ဦးထင်ရေ... တရားရှာ ကိုယ်မှာ တွေ့တယ်တဲ့..."

"ဟုတ်ပါ့... ဟုတ်ပါ့၊ သွားမယ်နော်... ကျောင်း အစ်မကြီး"

ဦးထင်က စကားကို ဖွတ်ဖြတ်သည်။ ပြတ်ခါနီး ရေး
ဒိန်းပ်ကို အသာလေး မေး၍စီးကာ လှေကားမှ ခပ်သုတ်သုတ်
ငြ်တက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

"ထမင်း တစ်ပန်းကန် အလကား ယူတော့လဲ ဒီလောက် တရားဟောတာတော့ ခံပေါ့ကွာ"

ဟု တွေးကာ တစ်ဦးတည်း ရယ်မိသည်။

"ငါကလဲ ပြန်ပြောခဲ့ဖို့ကောင်းသား... မူးထင် အဲလေ... ဦးထင် ကိုရှာ အဖြူဆိုင်မှာ တွေ့မယ်လို့ လေ... အဟေ... ဟော့"

ငါးပိ ငါးချဉ် သိပ်သလို လူတွေ မောက်လျှံ၊ ကျပ်ညပ်နေသော ဘတ်(စ်)ကား ထဲတွင် ကိုကောင်းထက် ပါလာသည်။ ဂိတ်ဆုံးမှ ပတ်၍စီးလာသည့်အတွက် ထိုင်စရာ နေရာကလေး တစ်နေရာ ရကာ ဟန်ကျ ပန်ကျ ထိုင်လျက် စီးလာနိုင်သည်။

"ဒီအချိန်ဆိုရင်၊ အဖေတော့ အရက်ဆိုင်များ ရောက်နေပြီလား မသိဘူး"

သူ့ဘေးတွင် ကပ်လျက် ထိုင်နေသူထံမှ အရက်နံ့ရတော့ ကိုကောင်းထက်သည် ဖခင်ဖြစ်သူကို သတိရသည်။

"ဒီလောက်တောင် လူတွေ ကျပ်ညပ်နေတဲ့ ကြားထဲမှာ ဒီအရေ မျိုတဲ့လူက မျိုလာသေးတယ်၊ ဟွန်း...အသက်ရှူလို့ မရဘူး၊ နံလိုက်တာလွန်ရော"

www.burmeseclassic.com

www.burmeseclassic.com



အရှေ့တွင် ရပ်နေသော မိန်းမကြီးက မကျေမချမ်းနှင့် ပွစိပွစိ ပြောနေသည်ကို ကိုရွှေ အမူးသမားက သူ့ကို ထောပနာပြုနေသည်ဟု ထင်သလားမသိ။ တပြုံးပြုံးနှင့် နားထောင်ရင်း လေချင်တွေ တအေ့အေ့ တက်နေသည်။ သူ့ဆီက ချဉ်နံ့ရတော့ အမျိုးသမီးကြီးက နှာခေါင်းကို သိသိသာသာ ရှုံ့ကာ ကိုကောင်းထက်ဘက်သို့ ဖိ၍ တိုးသည်။ သူတိုးသည်က ကိစ္စမရှိ၊ ကိစ္စရှိနေသည်က သူ၏ ခန္ဓာကိုယ် ဝဝကြီး ဖြစ်သည်။

ခန္ဓာကိုယ်အောက်ပိုင်းက လမ်းကိုပိတ်ပြီး နှစ်ယောက်စာ နေရာယူထားသည်။ အထက်ပိုင်းကတော့ ကိုကောင်းထက်၏ မျက်နှာနားတွင် ဝဲနေသည်။ မွှေးမွှေးကြိုင်ကြိုင်တော့ မရှိလှ။ ချွေးနံ့က တော်တော်လေး ပြင်းပြလေသည်။

"မိန်းမတွေက မတ်တပ် ရပ်ပြီး ယောကျ်ားတွေက ထိုင်စီးနေရတာ အားတော့ နာစရာပဲ၊ ဒါပေမယ့်လဲ မတတ်နိုင်ဘူး၊ နေရာလေး တစ်နေရာကို တော်ရုံ ကုသိုလ်နဲ့ ရတာမဟုတ်ဘူး"

ကိုကောင်းထက်ကတွေးသည်။

"အရေးကြီးတာက ကိုယ်ဝန်ဆောင် တက် မလာဖို့ပဲ"

ကိုယ်ဝန်ဆောင် တက်လာလျှင်တော့ သူမနေနိုင်၊ နေရာမှ ထ,ပေးရတော့မည် ဖြစ်သည်။

လူတွေက တအားဖိပြီး တိုးတော့ သူ့ဘက်သို့ ပိုပြီး ငိုက်ကျလာသော ခန္ဓာကိုယ် အပေါ်ပိုင်းကြီးကို ကိုကောင်းထက်က အားနာပါးနာနှင့် တိမ်းငဲ့ကာ ရှောင်ရှားနေရသည်။

"ကန်တော့ အစ်ကိုကြီးရေ... ကန်တော့"



အမျိုးသမီးကြီးက တောင်းပန်ရှာသည်။

"ပိုက်ရောသူကဖြင့် ငါ့အမေလောက်ရှိတာကို ငါ့ကို အစ်ကိုကြီးတဲ့"

"ဟွန်း... ဒီဟာမကြီးကို နေရာဖယ်မပေးမိတာ တော်တော် မှန်သွားတာပေါ့"

တစ်ဘက်ကို တိမ်းတော့ တစ်ဘက်လူဆီမှ ချဉ်စုတ်စုတ် အနံ့က ပိုပြီး ပြည်းထန်လာသည်။ သည်အနံ့က သူနှင့် ယဉ်ပါးပြီး ဖြစ်သော်လည်း သူနည်းနည်းမှ မကြိုက်။ သူ့ဖခင်ကို ဖျက်ဆီးခဲ့သော အရာသည်လည်း ထိုအရက်ပင် ဖြစ်သည်။ အရက်စွဲခဲ့ပြီးသည့် နောက်ပိုင်းတွင် အဖေသည် အလုပ်ကို ကောင်းကောင်း မလုပ်တော့ပေ။ ရက်ချိန်းလည်း မမှန်၊ အနုပညာ စွမ်းရည် လည်း လျော့ပါးလာခဲ့သည်။

အခုတော့ အဖေ့လက်ရာများသည် မဂ္ဂဇင်းထဲတွင် ပါဖူးသည်ဟု ပြောလျှင်ပင် ယုံကြည်မည်သူ မရှိတော့ဟု ထင်သည်။

"မြတ်စေတနာ ဆေးခန်း"

"စက်ချုပ်အမြန်အတတ်သင်ကျောင်း"

စသော ဆိုင်းဘုတ်တို့ကို ရေးသော အဖိုးကြီး တစ်ဦး အဖြစ်သာ သိကြတော့သည်။ ဘယ်သူ သိသိ အဖေကတော့ မမှု၊ ဟိုဟာလေးဆွဲလိုက်၊ သည်ဟာလေး ရေးလိုက်နှင့် သူ့ အရက်ဖိုးကိုကား သူ အလျှင်မိအောင် ရှာနိုင်နေနိုင်လေသည်။

"ဆင်းမယ်... ဆင်းမယ်"

အမျိုးသမီး ဆေးရုံ ရောက်တော့ မိန်းမဝဝကြီးက ကားပေါ်မှ ဘီးကာ ဝေ့ကာဆင်းသည်။

"ဆင်းမယ်တဲ့ ဆင်းဦးမယ်၊ ဆင်းဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုကောင်းထက်က ဝမ်းသာ အားရနှင့် ကူညီကာ အော်ပေ
သည်။ သည်အမျိုးသမီးကြီး ဆင်းသွားခြင်း အားဖြင့် သူ အတန်ငယ်
သက်သာရာရမည် ဖြစ်သည့် အတွက်ကြောင့် ဖြစ်သည်။

"ဟောဗျ ... ကလေးအမေ"

သို့သော် ဝမ်းသာချိန်မှာ မကြာ လိုက်ရ၊ ခြောက်လသားခန့်
ရှိသော ကလေးငယ်ကို ချီကာ တိုးပြီး တက်လာသော မိန်းမ
တစ်ယောက်ကိုမြင်တော့ သူလန့်သွားသည်။ သူထိုင်နေသော နေရာ
အပေါက်နှင့် အနီးဆုံးမို့ သည်ကလေးနှင့် သည်မိန်းမသည် သူ့ရှေ့သို့
ရောက်လာတော့မည်။ သူဘာလုပ်ရမည်နည်း။

ရထားသော နေရာလေးကိုလည်း နှမြော၊ ကြောင်တောင်ထားပြီး
ထိုင်နေရအောင်ကလည်း သူ့အနေနှင့် မလွယ်လှ။ ယောကျ်ားရင့်မကြီး
ဖြစ်သော်လည်း အချို့က ကိုယ်ဝန်ဆောင်နှင့်ပင် နေရာလုပြီး
ထိုင်တတ်ကြရာ၊ ထိုယောကျ်ား အမျိုးအစားထဲတွင် သူ ပါသွားမည်ကို
ကိုကောင်းထက်က အမြဲ စိုးရိမ်နေမိတတ်သည်။

"ဖြည်းဖြည်းတိုးပါရှင့်၊ ဒီမှာကလေးတစ်ဖက်နဲ့"

"မြန်မြန်တက်ဗျ၊ နောက်မှာ လူတွေ အများကြီး"

"တက်နေတာပဲ၊ ဘယ်သူက ရပ်နေလို့လဲ"

"ဘတ်(စ်)ကားဆိုတာ မြန်မြန်တက်၊ မြန်မြန်ဆင်း
ဒီလို မလုပ်ချင်ရင် ကိုယ်ပိုင်ကားဝယ်"

"ကိုယ်ပိုင်ကား မစီးနိုင်လို့ ဘတ်(စ်)ကားစီးနေတာ
တော်ရေ့၊ ခရီးသည် အချင်းချင်း ရှင်က အီးတစ်
ပိုရှုမနေနဲ့"



အောက်ဘက်မှ လူများက အတင်းတိုးတော့ ကလေးချီထားသော
မိန်းမသည် ကိုကောင်းထက် ရှေ့သို့ တဖျစ်တောက်တောက်
ရေရွတ်ရင်း ရောက်လာသည်။ လူတိုးသဖြင့် တအီအီ ငိုနေသော
ကလေး၏ တင်ပါးကို ဖြန်းခနဲ ရိုက်ကာ...

"တိတ်ဝ ်နေစမ်း စိတ်ညစ်ရတဲ့အထဲ"

ဟုငေါက်သည်။

လန့်ဖျန့်ပြီး အငိုတိတ်သွားသော ကလေးက သူ့ကို
ကြည့်နေသော ကိုကောင်းထက်အား မျက်လုံးလေး အဝိုင်းသားနှင့်
ပြန်ကြည့်နေသည်။

"ကလေး ပေးထားမလား"

နေရာမပေးသော ကိုကောင်းထက်က ကလေးကို လှမ်းတောင်း
သည်။ အမျိုးသမီးက သူ့ကို ခေတ္တမျှ တွေကြည့်နေပြီး လက်ထဲမှ
ကလေးကို ခပ်ဆိုင်းဆိုင်း လှမ်းပေးသည်။ ကလေးလေးက ဖွံ့ဖွံ့
ထွားထွား မရှိလှသော်လည်း မျက်နှာထားလေးက ချို၍ ပျော့သည်။
ကိုကောင်းထက်ကို မျက်လုံးဝိုင်းလေးနှင့် ကြည့်ရင်း အသာတကြည်
လိုက်လာသည်။

"အမယ်... ခေါ်လို့ ရသားပဲ၊ အမေများကပ် နေမလား
ထင်တာ"

"ကျွန်မ ကလေးမဟုတ်ပါဘူး၊ သူ့အမေဆုံးသွားလို့
လက်ထဲ သောင်တင်နေတာ"

အမျိုးသမီးက ခပ်ဆတ်ဆတ် ပြောသည်။ အမေဟုတ်သူကို
အမေဟု ပြောမိ၍ ကိုကောင်းထက်ကလည်း အားနာသွားသည်။
သို့သော် အမျိုးသမီးက ထိုစကားအတွက်တော့ စိတ်ဆိုးပုံမရ

www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖေက အရောင်းအ၀ယ် လုပ်မယ်ဆိုပြီး သူ့ဗိုက်နဲ့ကတည်းက ထွက်သွားတာ ဘယ်သောင် ဘယ်ကမ်း ဆိုက်ပြီး ဘယ်နေရာမှာ ကာလနာ တိုက်နေတယ် မသိဘူး သူ့အမေကတော့ သူ့မွေးပြီးကတည်းက တချူချူ တချာချာ နဲ့ ဆွေမရှိ မျိုးမရှိဆိုတော့ ပြုစုမယ့်၊ စောင့်ရှောက်မယ့်သူလ မရှိ၊ ကျွန်မတို့က အိမ်နီးချင်းတွေက မနေနိုင်တော့ ကိုယ်စားမယ့်ထဲက ဖဲ့ကျွေးပြီး တတ်နိုင်သမျှ ပြုစုနေရတယ် ဒီကြားထဲ လွန်ခဲ့တဲ့ တစ်လလောက်က ကောက်ကာ ငင်ကာ ဖျားပြီး ဆုံးပါရော"

"သြော်... ဖြစ်မှ ဖြစ်ရလေ"

နောက်တစ်မှတ်တိုင်တွင် လူတွေ ထပ်တက်လာတော့ အမျိုးသမီးသည် ကိုကောင်းထက်၏ ရှေ့မှာနေပြီး ဘေးသို့ရွှေ့ သွားသည်၊

"အစ်ကိုကြီးသိတဲ့အတိုင်း ဒီခေတ်စားစရိတ်က တစ်ယောက်ဆိုတစ်ယောက်ပဲ၊ ကျွန်မမှာ ကိုယ့်ကလေးတွေနဲ့ ကိုယ့်ဝန်တာကိုယ်တောင် မနည်းထမ်းပြီး မ၀တ၀ စားနေရတာ"

ခြေနင်းခုံတွင် ရပ်နေသော ကောင်မလေးနှစ်ယောက်က အတင်းတိုးတက်လာတော့ အမျိုးသမီးသည် ကိုကောင်းထက်၏ ဘေးမှနေပြီး နောက်ဘက်သို့ ရွှေ့သွားသည်။

"သြော်... တော်တော်ကံဆိုးတဲ့ ကလေးလေးပါလား"

ကလေးငယ်၏လက်ချောင်းပိန်ပိန်လေးများကို အသာဆုပ်ကိုင်ရင်း ကိုကောင်းထက်က တွေးမိသည်။ ကွယ်လွန်လေပြီးသော



သားကလေးကိုလည်း သတိရကာ ကြေကြေကွဲကွဲဖြစ် သည်။

"ကလေးလေးက ညှက်သလိုပဲ၊ အင်းလေ... အမေ မရှိတဲ့ ကလေးဆိုတော့လဲ ဘယ်လိုလုပ်ပြီး နို့၀ပါ့မလဲ။ ကြည့်ရတဲ့ အခြေအနေက နို့မှုန့်တိုက်နိုင်မယ့်ပုံလဲ မရှိဘူး"

ကလေးငယ်၏ ခြေသလုံး ပိန်ပိန်လေးများကို သူက ကရုဏာနှင့် အသာဆုပ်ကိုင်ကြည့်မိသည်။

"ငါ့သား ကလေးသာရှိရင် အခုလောက် ဆိုရင် ခြောက်နှစ်ကျော်နေပြီ၊ ကျောင်းနေလို့ စာတွေ ဘာတွေလဲ တတ်လောက်ရောပေါ့"

တကယ်တော့ သူအိမ်ထောင်ကျခဲ့ရသည်မှာ အတော် အကြောင်း ကြောင် နိုင်လေသည်။ လူကလည်းရိုး၊ သတ္တိကလည်း မရှိတော့ သက် အစိတ်ကျော်ကာ သုံးဆယ်နီးလာသည်အထိ သူ့တွင် ကော်သို့ ညွှန်ပြစရာ ချစ်သူ မရှိခဲ့ချေ။

အဖေကလည်း "ကောင်း... မင်းမိန်းမယူဖို့ကောင်းပြီနော်" တစ်ဖွဖွပြောသည်။

တစ်ခါတစ်ရံကျတော့လည်း "မင်းမိန်းမယူချင်ယူ၊ မယူရင် သူမှ ဖြစ်တော့မယ် ထင်ပါရဲ့၊ ဒါမှလဲ ငါ့မီးဖိုထဲက ထွက်ရ တော့မှာ"ဟု ခြိမ်းခြောက်သလို ပြောသည်။

အသက်သုံးဆယ်နားနီးကာမှ ကိုယ်နှင့် အသက်မတိမ်း မယိမ်း သွားငယ်ငယ်ကို "မာမီလေး"ခေါ်နေရမှာ စိုးရိမ်သောလည်း သူ့မှာလည်း အစွမ်းအစမရှိ၊ နောက်ဆုံးတော့ အဖေက သူနှင့် ငယ်ချင်းတစ်ဦးနှင့် အရက်ဆိုင်တွင် တွေ့လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာလည်း သားတစ်ယောက်ရှိကြောင်း၊ ဟိုကလည်
သမီးတစ်ယောက်ရှိကြောင်း စကားစပ်မိကြပြီး အရက်ခွက်
သက်သေထားကာ ဓေ့စပ်ကြောင်းလမ်း လာခဲ့သည်။ နောက်နေ့
တော့ သူ့ကို ခေါ်ပြီး ထိုအိမ်သို့သွားသည်။ အိမ်ဝမှနေပြီး...

“ငဖြိုးမရေ”

“မင်းသမက်လောင်းခေါ်လာပြီ၊ ငါ့ချွေးမလေးလဲ ပြပါဦး”
အော်သည်။ တုန်လှုပ် ရှက်ရွံ့ဟန်ရှိသော မိန်းကလေး အိမ်ထ
တော်တော်နှင့် မထွက်၊ အားနာစိတ်သည်သာ လူတစ်ဦးကို သေ
နိုင်လျှင် မိန်းကလေးကိုသနား၊ အားနာစိတ်နှင့် သူသည် ထိုနေ့
သေသွားလိမ့်မည်ဟု ထင်သည်။

“အဖေတစ်ခု သမီးတစ်ခုနေရတာပါ အစ်ကိုရယ်

“အရက်သမား သမီးဆိုတော့ အရပ်ကလဲ အထင်အ
သေးတယ်၊ အခု အစ်ကိုတို့ သားအဖ လုပ်ပုံက ညီမ
ပိုပြီး အထင်အမြင်သေးအောင် လုပ်သလိုပဲ”

မိန်းကလေးက မျက်ရည်လေး အဝဲသားနှင့် ဒေါသ မပါ
ပြောတော့ သူ့မှာ အားနာလိုက်သည်မှာ ဆိုဖွယ်ရာမရှိ။ အရက်ဆိုင်ထ
တွေ့လာသော အဖေ၏ သူငယ်ချင်းတွင် သည်လိုလိမ္မာရေးခြ
ရှိသောသမီးပျိုမျိုး ရှိလိမ့်မည်ဟု သူမမျှော်လင့်ခဲ့ပေ။

“ညီမတို့ဟာ အရက်သမားတွေရဲ့ သားနဲ့သမီးယ

“ဒါပေမယ့် အစ်ကိုညီမကို လက်ထပ်မယ်ဆိုရင်ထ
အစ်ကို့ဘက်က ကတိတစ်ခုပေးမှ ညီမလက်ခံနိုင်မယ်”

“ဘာ ကတိလဲ”

“အစ်ကို ဘယ်တော့မှ အရက်မသောက်ပါဘူး ဆိုတဲ့ကတ



မိန်းကလေးကို မြတ်နိုးစွာကြည့်ရင်း သူခေါင်းညိတ် ကတိပေး
သည်။ မည်သည့်မိန်းကလေးနှင့်မှ လက်မထပ်ဖြစ်ဘဲ သည်
ကလေးနှင့် တွေ့အောင် ဖန်လာသော ကံတရားကိုလည်း
ပြီး ကျေးဇူးတင်မိသည်။

မိန်းကလေးကငယ်သော်လည်း အရည်အချင်းရှိသည်။ ရုပ်ရည်
မလှသော်လည်း လိမ္မာရေးခြား ရှိသည်။ မိန်းကလေးနှင့်
ထပ်ပြီး နောက်ပိုင်း နေ့ရက်များသည် သူ့အတွက် ပျော်ရွှင်
ည်နှုးဖွယ် နေ့ရက်များ ဖြစ်ခဲ့သည်။

“ရသမျှ လခကို မိန်းမလက်ထဲအပ်၊ မိန်းမစီမံသမျှ နာခံ၊
း‌လာမည့် သားသမီးများကို ချစ်၊ သူ့ဘဝရှေ့ရေးသည်
ယာအေးချမ်းနေပြီဟု တွေးထင်နေခဲ့မိသည်။ အဖေကလည်း
ပေးစားတဲ့ မိန်းမ မတော်ဘူးလားကွ”ဟု မကြာခဏ အသား
တတ်သည်။

“မင်းကို မိန်းမ ကောင်းကောင်း ပေးစားပြီးပြီ၊ အဖေ
သဖြောင့်ပြီ”

ဟုလည်း ပြောတတ်သည်။ သို့သော် သေခြင်းတရားက
ဆီသို့ မလာခဲ့။ အဖေထက် အသက်အများကြီးငယ်သော
မီးသည်ဆီသို့သာ ဖြုန်းခနဲရောက်လာခဲ့လေသည်။

သားငယ်လေးကို မီးဖွားစဉ် သွေးတက်ပြီး သူ၏ ဇနီးသည်
ဆုံးခဲ့သည်။ ခြောက်ကပ်ကပ်နိုင်လှသော သူ၏ ဘဝကိုစိုပြည်
ယာအောင် လာရောက် ဖန်တီးပေးခဲ့သော ချစ်ဇနီးသည်
သည်တစ်ယောက် ပြန်သွားသလို ဖြုတ်ခနဲ ပြန်ပြီး ထွက်ခွာ
ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ရစ်သော သားငယ် နီတာရဲလေးကို သူတို့ သားအဖ... နှို့ဘူးတိုက်ကာ တယုတယ မွေးကြသော်လည်း သက်ဆိုးမရှည်ရှာ... သုံးလသားအရွယ်တွင် သူ့မိခင်နောက်သို့ လိုက်ပါသွားခဲ့ရရှာသည်...

"အစ်ကိုတို့နဲ့ ထားခဲ့ရတာ စိတ်မချလို့ ပြန်ခေါ်သွား...
တာလား ညီမရယ်"

ခံစားခဲ့ရသော ဝေဒနာများသည် အသစ်တဖန် ပြန်ဖြစ်... ရင်ထဲတွင် မွန်းပြီး ကျပ်လာသည်။ ချစ်ဇနီးကိုသာ ဘယ်တော့... အရက်မသောက်ပါဘူး ဟူသော ကတိကို မပေးခဲ့လျှင် ထိုအချိန်... သူ့အရက်သမားကြီးလုံးလုံး ဖြစ်သွားနိုင်လေသည်။

"ရှမ်းလမ်းပါသလား"

"ရှမ်းလမ်း"

"ရှမ်းလမ်းဆင်းမယ့် သူတွေ တိုးထားပါ"

စပယ်ယာလေး၏ အော်သံကိုကြားသောအခါမှ အတိတ်သ... ပြေးသွားနေသော သူ၏စိတ်သည် ဘတ်(စ်)ကားထဲ ပြန်ရော... လာသည်။

"ရှမ်းလမ်း ပါတယ်"

သူက အသံကျယ်ကျယ်နှင့် အော်ရင်း နေရာမှ ထ... ဟန်ပြင်သည်။ သည်တော့မှ ပေါင်ပေါ်တွင် ငြိမ်ချက်သာ... ကောင်းနေသော ကလေးငယ်လေးကို သတိရသည်။ ခုန... အမျိုးသမီးကို မော်ကြည့်သည်။ မတွေ့ရချေ။ နောက်ဘက်ရော... သွားသည်ထင်၍ ခါးကိုလိမ်ကာ လှည့်ကြည့်သည်။ မတွေ့ရ... ထို့ကြောင့် တိမ်းကာ ငှဲကာနှင့် ရှာသည်။ မတွေ့ရချေ။

"ကလေး ခေါ်ပါ"



"ကျွန်တော် ဆင်းတော့မယ်"

ကိုကောင်းထက် အတန်ငယ် ထိတ်လန့်သွားသည်။ ထို့ကြောင့် မျက်ကလဲဆန်ပြာနှင့် ရှာရင်း ကလေးကို မြှောက်ချီကာ အော်သည်။ ဘစ်ကားလုံး သူ့ကိုဝိုင်းကြည့်သည်။

"ခုနက မိန်းမရော"

"ဘယ်မိန်းမလဲ"

"ဒီကလေး ပေးသွားတဲ့ မိန်းမလေ"

"အင်္ကျီပန်းရောင်နဲ့လား"

"အင်း... ဟုတ်မလား မသိဘူး"

အမျိုးသမီး ဘာရောင်အင်္ကျီ ဝတ်ထားသနည်း သူသတိမထား မိလိုက်။

"ထဘီ ခရမ်းရောင် မဟုတ်လား"

"အင်း... အင်း... ဟုတ်မယ် ထင်ပါရဲ့"

သူက စိတ်ရှုပ်ထွေးစွာ ပြောသည်။ အသေအချာ စဉ်းစားတော့ အမျိုးသမီးကို ဖြူသလား၊ မည်းသလားပင် စိတ်ထဲတွင် မသဲကွဲလှချေ။ အသံမာဆတ်ဆတ်နှင့် စိတ်ညစ်ညူးနေဟန်ရှိသည်ကိုသာ သတိရတော့သည်။

"ထဘီခရမ်းရောင်နဲ့ မိန်းမတစ်ယောက်တော့ ခုန
မှတ်တိုင်တုန်းက နောက်ပေါက်ကနေ ဆင်းသွားတယ်"

"သေပါပြီဗျာ"

သူက လက်ထဲမှ ကလေးကို ထိတ်လန့်တကြား ကြည့်မိသည်။ ကလေးငယ်က သူ၏ လက်ပတ်နာရီကို လက်ကလေးနှင့် ရိုက်ကစားရင်း သွားငုတ်တုတ်ကလေးပေါ်အောင် ရယ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကလေး ထားသွားလို့ တဲ့"

"အို… ဘယ်လို အမေလဲ"

"သနားပါတယ်ဟယ်… ကြည့်ပါဦး"

"ခုနက ဆင်းသွားတဲ့ မိန်းမနေမှာပဲ"

"ကားပေါ်က အတင်း တိုးဆင်းပြီး သုတ်သုတ်သုတ်သုတ်နဲ့ ထွက်သွားတာ ကျွန်တော်မြင်လိုက်တယ်"

"ရက်စက်လိုက်တာတော်"

တစ်ယောက်တစ်ပေါက် ပြောနေသော အသံများက ဆူညံနေသည်။ ကိုကောင်းထက်၏ ခေါင်းထဲတွင်လည်း ဆူဝေရှုပ်ထွေးနေသည်။ လက်ထဲမှ ကလေးကို ငုံ့ကြည့်လိုက်၊ ဟာလိုက်စေ့လိုက် ဖြစ်နေသော ပါးစပ်များကို မော်ကြည့်လိုက်နှင့်ခိုးကိုးရာမဲ့ကို ခံစားနေရသည်။

သည်ကလေးကို လှမ်းပေးဖို့လည်း သူတုန်းကလို လိုလိုချင်ချင် လှမ်းခေါ်မည့်သူ တစ်စုံတစ်ဦးမျှ ရှိမည် မဟုတ်၊ အုတ်အော်သောင်းတင်း မဖြစ်သေးလျှင်လည်း နေရာတွင် အသာလေး ချထားခဲ့ကာ ဆင်းပြေးရလျှင် ကောင်းရဲ့။

"ဒီမှာပဲ ထားခဲ့လိုက်တော့မယ်နော်"

သူက စပယ်ယာလေးကို အားကိုးတကြီး ကြည့်ရင်း ပြောမိသည်။ ကိုရွှေစပယ်ယာက ခေါင်းသွက်သွက်ခါအောင် ယမ်းသည်။

"ဘုန်းကြီးအမှူရှာမပတ်ပါနဲ့ဆရာရယ်။ ဆရာ့ဟာ ဆရာပဲ ရှင်းပါ"

"ဟ… ဒါ ငါ့ကိစ္စ မဟုတ်ဘူးကွ"



သူက အလန့်တကြား ငြင်းသည်။

"ကလေးက ဘာလို့ သူ့ပေါင်ပေါ် ရောက်နေရတာလဲ"

"အဲဒီမိန်းမက သူ့အသိလားမှ မသိတာ"

"ဒါဆို သူ့အိမ်ကို လိုက်ပြန်ပို့ လိုက်ပေါ့၊ ရသားပဲဟာ"

"ဟာ… ကားကျပ်လို့ ခဏခေါ်ချီထားတာ ဖြစ်မှာပါ"

လူတွေက တစ်ယောက် တစ်ပေါက်ပြောကြပြန်သည်။

"မောင်းမယ်ဟေ့ မောင်းမယ်"

စိတ်မရှည်သော ဒရိုင်ဘာက အော်နေသည်။ စက်ရပ်ထားသော ကားကို စက်ပြန်နှိုးသည်။ ဂီယာတွေ တစ်ထစ်ချင်း ထိုးနေသည်။

ခုနတုန်းက သူ့ဘေးတွင် ထိုင်နေသော အရက်စော်နံနေသည့် လူကြီးကတော့ သူ့ကို ကြည့်ကာ အဟစ်… အဟစ်နှင့် ရယ်နေလေသည်။

"ကျွန်တော် ဘာလုပ်ရမလဲ"

သူက အူကြောင်ကြောင်နှင့် မေးမိသည်။ တတ်နိုင်လျှင်တော့ သူ့လက်ထဲမှ ကလေးကို ထိုလူကြီး၏ ပေါင်ပေါ်တွင် အသာကလေး တင်ထားခဲ့ကာ ဆင်းပြေးသွားချင်သည်။

"သူ့ဟာသူချီပြီး တက်လာတာ၊ မင်းဟာမင်း မနေနိုင် မထိုင်နိုင် လှမ်းခေါ်တာပဲ၊ မင်းနဲ့ ကံစပ်တယ်သာမှတ်၊ ဟား… ဟား ဘာမှ လုပ်မနေနဲ့ ကိုယ့်လူရေ အိမ်ကိုသာ ခေါ်သွားပေတော့ အာဟား… ဟား… ဟား"

www.burmeseclassic.com

www.burmeseclassic.com

ဦးကံမြင့်၏ ဆေးခန်းကလေးက အတော်လေး သပ်သပ်ရပ်ရပ်ရှိသည်။ ပတ်ပတ်လည် နံရံများကို အဖြူရောင် သုတ်ထားပြီး ခန်းဆီးအဖြူရောင်များကို တပ်ထားရာ စိတ်နှလုံး ကြည်လင်သန့်ဆန့်ဖွယ် လင်းပြီး သန့်နေသည်။

စားပွဲပေါ်က ပန်းအိုးထဲတွင် နှင်းဆီပန်း အနီနှစ်ပွင့် ထိုးထားသည်။ ဖူးငုံရာမှ ပွင့်လာခါစဖြစ်သော နှင်းဆီ နှစ်ပွင့်သည် ရှုမငြီးဖွယ် လှပနေသော်လည်း အခန်းထဲတွင် နှင်းဆီနံ့တော့ သင်းမနေပေ။ အရက်ပျံနံ့နှင့် ပင်နယ်စလင် အနံ့သာ ပျံ့လွင့်နေသည်။

"ဆရာ့ကို ပြောစရာရှိတာနဲ့ လျှောက်လာခဲ့တာ"

"ဆို... ဦးဘပွား"

"မနက်တုန်းကလဲ စကားပြတ်သွားတာနဲ့"

"ဟုတ်ကဲ့..."

ဦးကံမြင့်သည် သူ့ရှေ့မှ ဦးဘပွားကို အကဲခတ်ကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



စကားပြော မမှားအောင် ကိုယ့်ကိုယ်ကို သတိပေးနေပါသည်။မနက တုန်းက ဦးဘမွားဆီက ပြန်လာပြီး သူ တစ်နေ့လုံး စိတ်မကောင်း ဖြစ်နေရသည်။

ကင်ဆာဝေဒနာရှင် ဟူသည်မှာ သူ့ကိုယ်သူ ကင်ဆာ ဖြစ်နေမှန်း သိလျှင် သေမင်းဆီသို့ တစ်ဝက် ရောက်သွားသလို ခံစားကြရမြဲဖြစ် သည်ကို သူသိထားသည်။ ဦးဘမွားသည်လည်း သူ့ရောဂါကိုသူသိ သွားပြီမို့ ဘယ်လို ခံစားရမလဲ။ သူ ကိုယ်ချင်းစာနိုင်သည်။အဆိုးဆုံး အချက်ကတော့ သူ့အနားတွင် သားရင်း သမီးရင်း သွေးရင်းသားရင်း တစ်ဦး တစ်ယောက်မှ ရှိမနေခြင်းပင် ဖြစ်သည်။

"ကျွန်တော့်မှာ ဒီရောဂါ အင်း... ဒီရောဂါ ဖြစ်နေပြီ ဆိုတာ ကျွန်တော့် သားသမီးတွေဆီ၊ နောက်ပြီး ကျွန်တော့် ဆွေမျိုးတွေဆီ လှမ်းပြီး အကြောင်းမကြားပါနဲ့လို့"

သည်လို ရောဂါမျိုးဆိုသည်မှာ ကာယကံရှင်ကို ဘာမှ အသိမပေး ဘဲ၊ သားသမီး ဆွေမျိုးသားချင်းများကိုသာ အသိပေးကာ ဝိုင်းဝန်း ပြုစုကြမြဲ ဖြစ်သည်။

အခုတော့ ကာယကံရှင် တစ်ဦးတည်းက သိပြီး ကျန်လူများကို အသိမပေးပါနှင့်ဟု တောင်းဆိုနေချေပြီ။ ကပြောင်းကပြန်တွေတော့ ဖြစ်ကုန်ပြီဟု တွေးမိသည်။ သူ ဘာလုပ်ရမည်နည်း။

"ကျွန်တော့်ကို အဲဒီကတိတစ်ခုတော့ ပေးပါ ဆရာ"

"ဘာဖြစ်လို့လဲဗျာ"

"သူတို့ကို ဒုက္ခမပေးချင်လို့"

"မဟုတ်သေးပါဘူး ဦးဘမွားရယ်"



"နောက်ပြီး သူတို့ အကူအညီကိုလဲ မယူချင်ဘူး၊ သူတို့ သနားတာကိုလဲ မခံချင်ဘူး"

"သားသမီးတွေ၊ ဆွေမျိုးသားချင်းတွေ ဆိုတာ ကိုယ်ရဲ့ အရင်းအနှီးဆုံး လူသားတွေပဲဗျာ၊ သူတို့ရဲ့အပြုအစု သူတို့ရဲ့ မေတ္တာကို ခင်ဗျား ယူရမှာပေါ့"

"လူတွေကို ကျွန်တော် မယုံဘူးဆရာ"

ဦးဘမွားက ခပ်ပြတ်ပြတ် ပြောသည်။

"ကျွန်တော် သေခါနီး ရုတ်ရုတ်သဲသဲ လာလုပ်ကြရင်လဲ ကျွန်တော် ဘဝကူးတောင် ကောင်းမှာ မဟုတ်ဘူး၊ ကျွန်တော် သေသွားတော့မှ ဦးဘမွားကြီး တစ်ယောက်တော့ သေသွားပြီ ဟော့လို့ သိကြပါစေတော့"

တစ်ညလုံး တစ်နေ့လုံးလုံးဆောက်တည်ရာမရ စိတ်ဆင်းရဲ [illegible]းသော အခါတွင်ကား ဦးဘမွားသည် သူ့ကို ခြောက်လှန့်နေသော [illegible]သေခြင်းတရားကို စိတ်ဆိုးလာတော့သည်။

ဒီလောကတောင် လာချင်တဲ့ သေမင်း လာစမ်းဟာ၊ ဒီလောက [illegible]းမှာ ငါတစ်ယောက်တည်း သေရမှာ မဟုတ်ဘူး၊ တစ်နေ့ကျရင် [illegible]တိုင်းသေရမှာပဲ၊ အလျင်သေတော့ အရင်အေးတာပေါ့"ဟု တွေး [illegible]သည်၊ လူတကာကို အပေါ်စီးမှနေပြီး ခပ်ကြွားကြွား ဆက်ဆံလေ့ရှိမှု [illegible]သေခြင်းတရားကိုလည်း မျက်နှာတည့်တည့်မှကာ ခပ်ကြွားကြွား [illegible]ဆိုင်ရန် ဆုံးဖြတ်ခဲ့သည်။

"ခင်ဗျားကို ပြုစုဖို့ လူလိုလာလိမ့်မယ် ဦးဘမွား"

ဦးကံမြင့်က ခပ်ဆတ်ဆတ်ပြောသည်။ သူ [illegible] ဖြစ်ကာ အိပ်ရာထဲလဲလျှင် အနားတွင် [illegible]

www.burmeseclassic.com

ရှိသင့်သည်ကတော့ အမှန်ပင်။ ဒါကို ဦးဘပွားလည်း နားလည်လိမ့်မည်ဟု ထင်သည်။

"အဲဒါအတွက်တော့ ဆရာ့ကိုပဲ အားကိုးပါရစေဆေ ဆရာရယ်၊ ယောကျ်ားသူနာပြု ကောင်းကောင်း တစ်ယောက် နှစ်ယောက်လောက် ရှာပေးပေါ့ဆရာရယ် ဟုတ်ဘူးလား လခကောင်းကောင်းပေးရင် လူကောင်းကောင်းလေး ရနိုင် ပါတယ်နော်... ဆရာ"

သူ၏ နောက်ဆုံးအချိန်များအတွက် သူ့ဟာသူ စီစဉ်နေသော ဦးဘပွားကိုကြည့်ရင်း ဦးကံမြင့်၏ စိတ်ထဲတွင် ထိထိခိုက်ခိုက်ကြီး ဖြစ်လာသည်။

"ဒါတွေကို သိပ်တွေးမနေပါနဲ့ ဦးဘပွားရယ်၊ အဝေးကြီး လိုပါသေးတယ်"

"သိပ်ဝေးမယ် မထင်ပါဘူး ဆရာရဲ့၊ ဆရာပဲပြောတယ် အဆုပ်ကင်ဆာဆိုတာ သိပ်မြန်တာဆို အဟက်... အဟက်"

ဦးဘပွားက မရယ်ချင်ဘဲ ရယ်ကာ နေရာမှထသည်။

"ကဲ... ဆရာလဲ လူနာတွေ စောင့်နေတယ်၊ သွားမယ် နော်"

"ဦးဘပွား"

ဦးကံမြင့်က လှမ်းခေါ်သည်။

"အိပ်ဆေးများ လိုမလား"

"မလိုဘူး ဆရာ၊ ကျွန်တော်မှာ ရှိတယ်၊ ဒါပေမယ့် မလိုရင် မသောက်ပါဘူး၊ ဒီအတိုင်း အိပ်နိုင်အောင် ကြိုးစား ကြည့်ပါမယ်"



အခုတော့ သူတို့နှစ်ဦး ဟန်ဆောင်စရာ မလိုတော့၊ ဖုံးကွယ်စရာ လည်း မလိုတော့ပြီမို့ နှစ်ဦးစလုံး အနေရ အထိုင်ရ သက်သာသွား သည်။

"သားသမီးတွေကိုရော၊ ဆွေမျိုးတွေကိုရော မပြောရ ဘူးဆိုတော့လဲ ခင်ဗျားဆီက ကျွန်တော် ကတိတစ်ခုတော့ ပြန်တောင်းရလိမ့်မယ်"

ဦးကံမြင့် သူ့ဘေးသို့ လျှောက်လာရင်းပြောသည်။ သူ့ကိုစူးစမ်း ဟန်နှင့် လှမ်းကြည့်သော ဦးဘပွားကို နွေးထွေးစွာ ပြုံးပြသည်။

"လူတွေကို မယုံဘူးဆိုရပေမယ့် ကျွန်တော့်ကိုတော့ ယုံပါဗျာ"

ဦးဘပွား၏ ပခုံးနှစ်ဖက်ကို ခင်မင်ရင်းနှီးစွာ ဆုပ်ကိုင်ကာ တိုးတိတ်ညင်သာသော အသံနှင့် ပြောသည်။

"ဦးဘပွားရဲ့ ဆွေမျိုးရင်းချာ၊ ညီရင်းအစ်ကိုတစ်ယောက် ရဲ့ နေရာမှာ ကျွန်တော်နေပါရစေ၊ လိုလာမယ့် အကူအညီတွေ ကိုလဲပေးပါရစေ။ အဲဒီ အခွင့်အရေးတစ်ခုကိုတော့ ကျွန်တော့် ကို ပေးပါနော်"

ဦးဘပွားသည် ဦးကံမြင့်အား ငေးစိုက်ကြည့်နေရင်း မသိမသာ မျက်ရည်စစ်ဝဲလာသည်။ မျက်လွှာကို ဖျတ်ခနဲချကာ ခေါင်းကိုခပ်လေး လေး ညိတ်ပြသည်။ ထို့နောက် ဘာမှမပြောဘဲ ဆေးခန်းထဲမှထွက် ရန် ခြေလှမ်းပြင်သည်။

"မနက်ကျရင် ရွှေတိဂုံဘုရားကို လမ်းလျှောက်ကြမယ် နော်"

www.burmeseclassic.com

www.burmeseclassic.com



ဦးကံမြင့်က လှမ်းပြောတော့ "လျှောက်တာပေါ့"ဟု ပေါ့ပါးသွက်လက်ဟန်ရှိသော အသံနှင့် ပြောသည်။ ချယ်ရီသား လက်ကိုင်တုတ်ကို ဟန်ပါပါလွှဲကာ မျက်နှာမော့ပြီး ခပ်သွက်သွက် ထွက်သွားသည်။ လူအများ အမြင်တွင် ကျန်းမာလန်းဆန်း ရွှင်ပြနေသူတစ်ဦးအဖြစ် ဟန်ဆောင်ခြင်းဖြစ်သော်လည်း သူ့ဟန်သည် လိုသည်ထက် ပိုနေ၍ ဦးကံမြင့်က ကရုဏာစိတ်တွေကဲကာ ငေးလျက်ကြည့်နေရစ်သည်။

ဆေးခန်းကလေးနှင့် အတန်ငယ်လှမ်းသော နေရာရောက်တော့ ဦးဘပွားအ၏ ခြေလှမ်းများ နှေးသွားသည်။ မော့နေသော ဦးခေါင်းသည်လည်း အတန်ငယ် ငိုက်သွားသည်။

"ကိုယ့်ကိုယ်ကို မကြာခင် သေရတော့မယ်လို့ သိနေတဲ့လူတစ်ယောက်အနေနဲ့ အကူအညီတွေဆိုတာ အများကြီးလိုတာပေါ့ ဦးကံမြင့်ရယ်၊ ခင်ဗျား ရဲ့စကား၊ ခင်ဗျားရဲ့ စေတနာအတွက် ကျေးဇူးလဲတင်မိပါရဲ့၊ ဝမ်းလဲသာမိပါရဲ့"

ဦးဘပွားက စိတ်ထဲမှ ပြောမိသည်။ မျက်လုံးအိမ်တွင် ရစ်ဝဲလာသော မျက်ရည်များကို မျက်တောင် တစ်ဖျတ်ဖျတ်ခတ်ပြီးထိန်းသည်။

"ဘယ်သွားရမလဲ၊ ပွဲဈေးလျှောက်ရရင် ကောင်းမလား"

ပဒုမ္မာကွင်းဘက်တွင် ပွဲတန်းလေး ဖြစ်နေသည်။ သူ ကြိုက်သော မုန့်အုဂ်ကလေးတို့၊ ကောက်ညှင်းကျည်တောက်တို့ကို ဝယ်ယူ ရရှိနိုင်သည်။ ဘူးသီးကြော် ကြွပ်ကြွပ်ရှရှများသာမက ရေမုန့်များလည်းရှိသည်။



"အင်း… ငါက မုန့်တွေ ဝယ်ပြီးပြန်သွား၊ အိမ်ကျတော့ မြေးတွေက ဟေး… ဘိုးဘိုးကြီး မုန့်တွေ ဝယ်လာတယ်ဟေ့လို့ ဝမ်းသာအားရ ဆီးကြိုကြ၊ အင်း… ဒီလိုဘဝ… ဒီလိုဘဝ"

အတွေးမဆုံးမိ တွေးမိသော သူ့စိတ်ကိုသူ ဒေါသဖြစ်သွားသည်။

"ဒီလို ဘဝမျိုးကို ငါ ဘာလုပ်ရမှာလဲ၊ သံယောဇဉ်တွေ တစ်ထပ်ပြီး တစ်ထပ်ပတ်ပြီး နစ်မွန်းနေမယ့်ဘဝ၊ အလကားဘဝ"

ဦးဘပွားက မျက်နှာကို တင်းပြီး ခေါင်းကို ပြန်မော့လိုက်သည်။ အစစအရာရာပြည့်စုံသော သူ့ဘဝတွင် ဘာကိုမျှမလို၊ သူ့မှာ ရွှေရှိသည်။ ငွေရှိသည်။ တိုက်ရှိသည်။ ကားရှိသည်။ အခြွေအရံများကိုလည်း လိုချင်လျှင် လိုသလောက်ရနိုင်သည်။

သူက ဝါကြွားစွာပြုံးသည်။ လမ်းဘေးတွင်ရှိသော မြက်ပင်ငယ်ကို တုတ်နှင့် ယမ်းကာ ရိုက်ပစ်လိုက်သည်။

မြက်ပင်လေးပြတ်ထွက်သွားသည်ကို မြင်တော့ စိတ်ထဲတွင် အတန်ငယ် ကျေနပ်သွားသယောင်ရှိသည်။

ပန်းခြံလမ်းထိပ်ရောက်တော့ ရပ်ပြီး ညာဘက်ကွေ့ရမလား၊ ဘယ်ဘက်ကွေ့ရမလား စဉ်းစားသည်။ ညာဘက်ကွေ့လျှင် ပဒုမ္မာကွင်းဘက်ရောက်သည်။ ပွဲဈေးရှိသည်။ ဘယ်ဘက်ကွေ့လျှင်ကားဘားကရားလမ်းအတိုင်းလျှောက်ပြီး အိမ်ပြန်ရုံပင် ဖြစ်သည်။

နောက်ဆုံးကျတော့ စိတ်ကိုဆုံးဖြတ်ကာ ဘယ်ဘက်သို့ ကွေ့လိုက်သည်။ အိမ်ကိုပဲ ပြန်တော့မည်။ အိမ်ရောက်လျှင် ပျော့ရည် အေးအေး တစ်ခွက်သောက်မည်။ ဝတ္ထုဖတ်မည်။ ဂြိုဟ်တုသတင်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မည်။ ဗွီဒီယိုကြည့်မည်။ စိတ်ပေါက်လာလျှင် တရားစာအုပ်လေး ဘာလေး ကောက်ဖတ်ချင်ဖတ်မည်။

ထို့နောက် အဆုံးအစမရှိဘဲ လွင့်ချင်သော စိတ်ကိုလွှတ်ပေးမည်။ ကုန်လွန်ခဲ့ပြီးသော အချိန်များဆီသို့ သွားချင်လျှင်သွား၊ ကွယ်လွန်ခဲ့ပြီးသော ဇနီးသည်ဆီသို့ သွားချင်လျှင်သွား၊ ရေခြားမြေခြားမှ သားသမီးများထံသို့ သွားချင်လျှင်လည်းသွား၊ သွားချင်ရာသွား သူ စက်ကုန်လွှတ်ပေးလိုက်မည်။

နောက်ဆုံးတော့အတွေးသည်သာ သူ့အတွက် အကောင်းဆုံးသောအဖော်ဖြစ်ရတော့မည် ထင်သည်။

"မြူးကြွတဲ့ တေးသံ၊ ပျံ့လွင့်လို့နေ၊ ကူးပြောင်းစတန်း လေမှာ တစ်ယောက် တစ်လက်မို့ လှမ်းကာဖျန်းပက်ကြ စဉ်၊ ပိတောက်ဖူးလေးတွေ ပန်ဆင်ထားသူရေ..."

မြူးကြွသော သီချင်းသံကို ကြားရသည်။ လမ်းဘေး လက်ဖက်ရည်ဆိုင်မှ ဖြစ်သည်။

"အင်း...ဘာလိုလိုနဲ့ သင်္ကြန်တောင် နီးလာပြီထင်ပါရဲ့"

သူကရောက်လာမည့် အချိန်များကို တွေးနေမိသည်။ နောက်နှစ်လကျော်ကျော်လောက်နေလျှင် သင်္ကြန်ကျဦးတော့မည်။ ထိုအချိန်တွင် သူ၏ ကျန်းမာရေးသည် မည်မျှလောက် ယိုယွင်းလာ ချေမည်နည်း။ သူမည်မျှ ကြာအောင်ဆက်ပြီး လန်းဆန်း ကျန်းမာဟန်ဆောင်နိုင်မည်နည်း။

မှောင်ရီသမ်းနေပြီ ဖြစ်သော်လည်း ဘတ်(စ်)ကားဂိတ်တွင်တော့ လူရှုပ်တုန်းပင် ဖြစ်သည်။ လူတွေအပြည့်တင်လာသော ဘတ်(စ်)ကား



ကြီးများသည် ငြူစူ စိတ်ဆိုးတတ်သော အဘိုးကြီးများလို တရှူးရှူး တရှဲရှဲ မြည်ကာ ဒေါကြီးမောကြီးနှင့် ပြေးလာနေကြသည်။

ကားတစ်စင်းရပ်လိုက်တိုင်း ကားထဲမှ ချွေးစော်နံနေသောလူများ လျှံထွက်လာတတ်သော်လည်း ကားကြီးကတော့ ချောင်သွားဟန်မရှိချေ။

"ကားတွေက ဘာဖြစ်လို့များ ဒီလောက် ကျပ်နေရတာလဲ၊ ရုံးဆင်းချိန်မို့လို့လား၊ ဒီပြင် အချိန်တွေမှာရော ဒီလိုပဲ ကျပ်တတ်တာပဲလား"

ဦးဘပွားက စဉ်းစားသည်။ သူ့တစ်သက်နှင့် တစ်ကိုယ်ငယ်စဉ်ဘုန်းက တစ်ခါနှစ်ခါလောက်သာ ဘတ်(စ်)ကားစီးဖူးသည်။ ထိုစဉ်က ကားများသည် အခုအချိန်လောက် မောက်လျှံ ကျပ်ညပ်ခြင်း မရှိသေးချေ။

"ဒီလိုကားတွေကိုသာ နေ့တိုင်း စီးနေရရင် ငါတော့ အသက်တောင်ရှည်မှာ မဟုတ်ဘူး"

သူက စဉ်းစားသည်။ ထို့နောက်...

"အခုရော ငါ့အသက်က ဘယ်လောက်ကြာအောင် ထပ်ရှည်ဦးမှာမို့လဲ"

ဟု ဆက်တွေးမိကာ ရင်ထဲတွင် ပူဆာဆာကြီး ဖြစ်သွားသည်။

"အင်းလေ... ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဒီလမ်းကတော့ လူတိုင်း လူတိုင်း နောက်ဆုံး တစ်နေ့မှာ မလွှဲမသွေလျှောက်ရမယ့်လမ်း ဟ... ဟာ အမယ်လေး"

www.burmeseclassic.com

www.burmeseclassic.com



လမ်းမကျယ်ကို ကမူးရှူးထိုး ဖြတ်လာသူ တစ်ဦးက ဦးဘပွား ကို တည့်တည့်ကြီး ဝင်တိုက်သည်။ ဦးဘပွားခမျာ ဘေးသို့ ယိုင် ကာ ဟပ်ထိုးဟပ်ထိုးဖြစ်သွားသော်လည်း တုတ်နှင့် ထောက်ကာ ထိန်းလိုက် နိုင်၍ မြေပေါ်သို့ လဲတော့ ကျမသွား။

"ဟာ… ဘကြီး သိုင်းကျူးနော် သိုင်းကျူး"

"အဲ… ဆောရီးပါ ဆောရီး၊ ဟောဗျာ… အန်ကယ်ကြီး ကန်တော့ပါဗျာ"

"ကန်တော့… ကန်တော့"

သူ့ကို ဝင်တိုက်သူက ကလေးတစ်ယောက် ချီထားသည်။ သူ့လက်ထဲမှ ကလေးကို ပလက်ဖောင်းပေါ်ချလိုက်တော့မလို့၊ ခါးတစ် ပဲခွင်လိုက်တော့ မလိုနှင့် ပျာယာခတ်ရင်း ကယောင်ကတန်းတွေ ပြောကာ တောင်းပန်သည်။ မြင်ပြင်းကတ်စရာ ကောင်းလှသော ထိုသူကို ပထမတော့ မြင်ဖူးသလိုလိုပဲဟု ထင်သည်။ နောက်တော့မှ အိမ်ပေါ်ထပ်တွင် နေသောသူဖြစ်မှန်း သတိရသည်။

"ကန်တော့ပါ အန်ကယ်ကြီးရယ် ကန်တော့နော် ကန်တော့၊ ကျွန်တော်လဲ စိတ်ညစ်ညစ်နဲ့မို့ ဘယ်သူ့ကိုမှ တောင် မမြင်မိတော့ဘူး"

ထိုသူက ထပ်ပြန်တလဲလဲ တောင်းပန်နေသည်။ အားတုံ့အားနာ ဖြစ်ခြင်းနှင့် စိတ်ညစ်ညူးခြင်းတို့ ရောထွေးနေသော မျက်နှာသည် ရယ်စရာလည်း ကောင်း၊ သနားစရာလည်း ကောင်းနေသည်။

"ရပါတယ်ကွ… မနာပါဘူး"



အတန်ငယ် စိတ်နှလုံးပျော့ပျောင်းနေသော ဦးဘပွားက အလိုက် သင့် ပြောလိုက်သည်။ ထို့နောက် ထိုလူသည် လူပျိုကြီး ဖြစ်ကြောင်းကို ဆက်တည်း သတိရသည်။ လူပျိုကြီးသည် ဘယ်က ကလေးကို ချီလာလေသနည်းဟု ဆက်၍ စဉ်းစားမိလေသည်။

"ကားပေါ်ကနေ ကလေးတစ်ယောက် ကောက်ရလာလို့ အန်ကယ်ကြီးရယ်"

ထိုသူက သူ့အတွေးကို သိလိုက်သလို မမေးဘဲနှင့် ဖြေသည်။ ရယ်စရာပြောခြင်း ဖြစ်လေသလားဟု ဦးဘပွားက တွေးလိုက်မိသော် လည်း သူ့အသံက ငိုသံပါနေသည်ဟု ထင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟောတော့... ဘယ်လိုဖြစ်တာလဲ"

မခင်လှက တအံ့တဩ ရေရွတ်မိသည်။ ကြားရသော စကားကို

မယုံ။

"ဟုတ်တယ် မေမေရဲ့၊ ဦးကောင်းက ကလေးလေး

တစ်ယောက်ကို ခေါ်လာလို့ ဘဖိုးထင်က ဆူနေတယ်"

"ဘယ်က ကလေးလေးတုန်း"

"ဘတ်(စ်)ကားပေါ်က ရခဲ့တာတဲ့"

"ဘယ်တုန်းကလဲ"

"ခု... ညနေ ရုံးက ပြန်လာတုန်းကတဲ့"

"နေစမ်းပါဦးဟယ် ကိုတူးရဲ့ နင်ပြောနေတာတွေ

မဟုတ်သေးပါဘူး"

မခင်လှက ဆေးလက်စပန်းကန်များကို ကမန်းကတမ်း ဆေး

ဆေးသည်။ ကိုတူး သယ်ဆောင်လာသော သတင်းက ထူးဆန်းလှ၍

မှန်ချင်မှ မှန်မည်။

www.burmeseclassic.com

www.burmeseclassic.com



"လာပါ မေမေရဲ့၊ သွားကြည့်ရအောင်"

ကိုတူးက ဆေးပြီးသား ပန်းကန်များကို ပန်းကန်စင်ပေါ်[...] ပေးရင်း လောဆော်နေသည်။

"ကိုဦးနဲ့ မိကဲတောင် အဲဒီမှာ ရောက်နေကြပြီ"

မခင်လှသည် ရေစိုနေသော လက်နှစ်ဖက် တင်ပါးတွင်သု[...] လိုက်ပြီး ထဘီကို ပြင်ဝတ်သည်။ "ဘယ်လိုပါလိမ့်၊ လူပျိုကြီး[...] ကားပေါ်ကနေ ကလေးတစ်ယောက်ရလာတယ်လို့၊ ဘယ်လို ဖြစ်[...] လဲ"ဟု တွေးရင်း ပြေကျနေသော ဆံပင်ကို စုသိမ်းကာ ဘီးနှင့် ဖြ[...] ပတ်သည်။

"လာပါ မေမေကလဲ"

"အေးပါဟယ်... အေးပါ"

မခင်လှ မီးဖိုထဲမှ ခပ်သွက်သွက် ထွက်လာတော့ ဒရောသော[...] ဝင်လာသော ကိုရန်ဝေးနှင့် အပေါက်ဝတွင် တိုက်မိသည်။ မခင်လှ[...] နဖူးနှင့် ဆောင့်မိ၍ မေးစေ့နာသွားသော်လဲ ကိုရန်ဝေးက လက်နှင့်ပ[...] မပွတ်အားသေးဘဲ "ဟိုဘက်ခန်းမှာ ကလေးလေး တစ်ကောင်ရော[...] နေတယ်ဟ"ဟု အလောတကြီး ပြောသည်။

"အဲဒါ တကယ်လား"

"သား ပြောနေတာ မေမေက မယုံဘူး ဖေဖေရ"

ကိုတူးက မခံချင်ဟန်နှင့် ပြောသည်။ အရေးအခင်းကာလတုန်း က လူတကာ သယ်ဆောင်လာသော ကောလဟာလများကို ခဏခဏ ယုံခဲ့ရလွန်းသဖြင့် ခုတော့ မခင်လှသည် ကိုယ့်မျက်စိနှင့် ကိုယ်မမြင် ရလျှင် ဘာကိုမျှ သိပ်ပြီး မယုံချင်တော့ပေ။

"ကလေးလေးကို ဘာလို့ ခေါ်လာတာတဲ့လဲ"



"အဲဒါတော့ မသိဘူး၊ ကိုယ့်ဟာကိုယ် မေးကြည့်"

တစ်ဘက်ခန်းကို မရောက်မီ ကလေးသံကို အလျင်ကြားလိုက်[...]တော့ အမေးအမြန်း ထူနေသော မခင်လှ နည်းနည်း ယုံချင်သွား[...]သည်။ အခန်းကျဉ်းကလေးထဲတွင် လူတွေ ပြည့်နေတာကို မြင်ရတော့ [...]ပြီး ယုံချင်သွားလေသည်။

ကိုကောင်းထက်တို့ ဧည့်ခန်းထဲတွင် လူတွေပြည့်နေသည်၊ [...]အောက်ထပ်က ဒေါ်ရွှေနုတို့ သားအမိ နှစ်ယောက်လုံးရောက်နေသည်။ လက်ပံလမ်းထဲမှ မောင်သူရတို့ သားအမိကိုလည်း တွေ့ရသည်၊ [...]မှ၊ ဖိုးခွားတို့ မောင်နှမနှင့် သူတို့ဖခင် ကိုနေဝင်း၊ နောက်ပြီး ကိုနေဝင်းတို့အိမ်နားမှ ကိုခင်မောင်ဆွေနှင့် ကိုညီညီဝင်း၊ တက္ကသိုလ်မှ ဆရာမ ဒေါ်တင်တင်အေးတို့ကိုလည်း တွေ့ရသည်။

တအံ့တသြဖြစ်နေဟန်ရှိသော သူတို့ မျက်နှာတွေကို လှမ်းမြင်[...]လိုက်တော့ ရရှိသော သတင်းသည် သတင်းဦး မဟုတ်သော်လည်း သတင်းထူး၊ သတင်းမှန်ဖြစ်ကြောင်း သေချာသွားသည်။

သူတို့ကိုကျော်ပြီး ကြည့်လိုက်သောအခါမှ ငိုနေသော ကလေး[...]လေးတစ်ယောက်ကို မောင်သူရ၏ညီမလေး ခိုင်ရွှေဝါက ချီပြီးချော့[...]နေသည်ကို တွေ့ရသည်။

"နို့ ဆာနေတာ ထင်တယ်"

မမွှေးကြူက ပြောသည်။

"ကြောက်နေတာလား မသိဘူး"

ကိုခင်မောင်ဆွေကဆိုသည်။

"နို့မှုန့်ရှိရင်တော့ ကောင်းသား"

"ဟဲ့... ဒီအရွယ်ဆိုရင် ထမင်းစားတတ်ပါပြီဟဲ့၊ ဟဲ့၊ လာစမ်း... ထမင်းလေးဝါးခွံ့ရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"ထမင်း တစ်ပန်းကန်လောက် ပေးစမ်းပါဟဲ့"

ဒေါ်ရွှေနုက တဟဲ့ဟဲ့အော်ကာ တောင်းနေသော်လည်း အိမ်ရှင် ဖြစ်သော ဦးထင်နှင့် ကိုကောင်းထက်တို့က မကြားချေ။ ကြည့်ရသည် မှာလည်း ခါတိုင်းနှင့် မတူပြောင်းပြန် ဖြစ်နေသည်။ အရက်သော ထားသော ဦးထင်က မမူးဘဲ ကိုကောင်းထက်က မသောက်ဘဲမူး ဟန်ရှိသဖြင့် ကိုရန်ဝေး ရယ်ချင်သွားသည်။

"သကြ်န်နှစ်ဦး၊ ထူးပို့ ထူးပို့၊ တူးသံ မြူးသာသာ"

"သကြ်န်မယ်များ ထူးပို့ ထူးပို့၊ တူးမာရဲ့နော်ဗျာ"

ဖိုးခွားနှင့် ကိုတူးက ကလေးငယ်၏လက်ကလေးကိုတစ်ယော တစ်ဖက်စီကိုင်ကာ သီချင်းဆိုပြီး ချော့နေကြသည်။

"မောင်လေးရေ... မောင်လေး"

"ဒီမှာကြည့်၊ ချိုမိုင်မိုင် ချိုချို... ချိုမိုင်မိုင်...ချိုချို ချိုမိုင်မိုင်"

ကဲကဲကတော့ ကလေး၏ရှေ့တွင် အစွမ်းကုန် ချိုသာသော မျက်နှာလေးနှင့် ချိုမိုင်မိုင် ကပြနေသည်။ ကလေးကို အငိုတိတ်အောင် ချော့နေကြခြင်းဖြစ်သော်လည်း သူတို့လုပ်ပုံက ချော့သည်နှင့် မတူ ခြောက်နေသည်နှင့် တူသည်ဟု ကိုရန်ဝေးက တွေးရင်း ရယ်မိ သည်။

မျက်စိနောက်ပြီး ထိတ်လန့်နေဟန်ရှိသော ကလေးက ကောင်းထက် ဘက်သို့ ကိုယ်ကလေး ယိမ်းထိုးကာ ငိုသည် အဆူခံနေရသော ကိုကောင်းထက်ကလည်း သူ့ကို လှည့်၍ မကြည့်အားရှာချေ။

"တွေ့ကရာ ကလေးကို တွေ့ရာ မိန်းမက မင်းပေါ်သို့ တင်သွားတာနဲ့ အိမ်ကိုခေါ်လာရရောလား ဟကောင်ရဲ



ဒီကလေး နို့ဆာနေပြီ၊ ငိုနေပြီ၊ ဘယ်လိုလုပ်မလဲ မင်းနို့က လှန်တိုက်လို့ ရလို့လားကွာ... ဟေ"

ဦးထင်က အော်သည်။ လက်ထဲထွင် ငွေနည်းနေ၍ ခြစ်ခြစ် ခြုတ်ခြုတ်ခံစားခဲ့ရသော ဆက်ရက်မင်း စည်းစိမ်လေးလည်း ကြက်ပျောက်ငှက်ပျောက်ပျောက်သွားပြီမို့ တော်တော်လေး စိတ်တို နေပုံရသည်။

"ခေါ်မလာလို့ ဘယ်နှယ့်လုပ်ရမလဲအဖေရ၊ ကားပေါ် မှာ ချထားခဲ့လို့လဲမရ၊ လမ်းပေါ်မှာ ထားခဲ့ရအောင်ကလဲ သနားစရာ"

"ဟကောင်... သူတို့ကတောင် မသနားတာ၊ မင်းက ဆွေမတော် မျိုးမစပ် ဘာကိစ္စ သနားနေရတာတုန်း"

"လူမို့လို့ သနားတာ အဖေရ... လူမို့လို့ သနားတာ"

ကိုကောင်းထက်က စိတ်ညစ်ညစ်နှင့် အော်သည်။ ပြဿနာထုပ် ကို အိမ်သယ်လာရသော်လည်း သည်ပြဿနာက သူ့အလိုလိုခေါင်း ပေါ်ရောက်လာသော ပြဿနာဖြစ်သည်။ သည်ကလေးကို အိမ်ပေါ် ခေါ်မလာဘဲ လမ်းဘေးချပစ်ခဲ့ရလျှင် ကောင်းမလား၊ လက်ဖက်ရည် ဆိုင်ထဲအသာထားခဲ့ရလျှင် ကောင်းမလား၊ သူစဉ်းစားမိသေးသည်။

သို့ပါသော်လည်း ကလေးငယ်၏ မျက်နှာနုနုလေးကို ငုံ့ကြည့် မိတော့ သူဘယ်လိုမှ မလုပ်ရက်။ သည်ကလေးသည်သာ သူ၏သား ကလေးဖြစ်လျှင် သူဘယ်လိုခံစားရမလဲ၊ သူ၏ ဘဝထဲမှ ထွက်ခွာသွား သော ကလေးငယ်သည် နောက်နောင် ဘဝများတွင် သည်လိုအဖြစ် မျိုးကြုံနေရလျှင် သူဘယ်လိုလုပ်ရပါမလဲ၊ ခိုးကိုးရာမဲ့သော ထိုကလေး

www.burmeseclassic.com

www.burmeseclassic.com



ငယ်၊ ဆွေမရှိ မျိုးမရှိသော တွယ်ရာမဲ့ ကလေးငယ်၊ ထိုကလေးငယ်က သူကလည်း မျက်နှာလွှဲလိုက်၍ မသမာသူ လက်ထဲ ရောက်သွားသည် ဆိုပါစို့၊ သူတောင်းစားကလေး ဖြစ်သွားသည် ဆိုပါစို့... အသက် ဆုံးရှုံးသွားသည် ဆိုပါစို့..."

သူဆက်၍ မတွေးရဲ၊ ထိုသို့သာဆိုလျှင် သူ၏ ကျန်ရှိနေသော သည့် ဘဝသက်တမ်း တစ်လျှောက်လုံးတွင် ထိုအဖြစ်ကို အမြဲသတိ ပြီး စိတ်ဆင်းရဲနေရတော့မည် ဖြစ်သည်။

"ထမင်း ရပြီဗျို့... ထမင်း... ထမင်း"

အိမ်ပြန်ပြီး ထမင်းယူလာသော ကိုဦးက ထမင်းဇလုံကြီးပို က ပြန်ပြီး ပြေးဝင်လာသည်။ သူ့လက်ထဲမှ ထမင်းဇလုံကြီး ကြည့်ရင်း မခင်လှက စိတ်ထဲမှ နေပြီး...

"ကုန်ပါပြီတော်"

ဟု ရေရွတ်လိုက်မိသည်။ သူ မနက်စောစော ထမင်းကြ ကြော်ရန် ရည်ရွယ်ပြီး ကြောင်အိမ်ထဲ ထည့်သိမ်းခဲ့သော ထမင်းဇလုံ ကိုဦး အကုန်ယူခဲ့ လာချေပြီ...

"ပေး... ပေး"

ဖွားရွှေက ကိုဦး၏ လက်ထဲမှ ထမင်းဇလုံကို အလောတကြ လှမ်းယူသည်။ ထိုနောက် သူ့ပါးစပ်ထဲ တစ်လုပ်ကောက်ထည့် လိုက်ကာ တပြက်ပြက်နှင့် ဝါးသည်။

"ဟာ... သူ့ပါးစပ်ကြီးက သန့်မှ သန့်ရဲ့လား မသ ပါဘူး"

ကိုရန်ဝေးက အတန်ငယ် စိတ်ညစ်သွားသည်။



"လက်မဆေး ဘာမဆေးနဲ့ သူ့လက်ကြီးနဲ့ နှိုက်လိုက် တာ၊ ကျန်တဲ့ ထမင်းတွေတော့ သိုးကုန်တော့မှာပဲ ထင်ပါ ရဲ့တော်"

မခင်လှက ပိုပြီး စိတ်ညစ်သွားသည်။

သို့သော် ခိုင်ရွှေဝါဆီမှ တစ်ဆင့် နော်ဒိုင်ယာနာ၏ လက်ထဲ ရောက်နေသော ကလေးလေးကတော့ တော်တော်ပျော်သွားပုံ ရသည်။ သူ့ပါးစပ်ထဲသို့ ထမင်းဝါးဖတ်ကလေး ခွံ့ပေးလိုက်တော့ ချက်ချင်း ငြိတိတ်သွားသည်။ စုံစုံမက်မက်နှင့် တမြုံ့မြုံ့ဝါးကာ အလောတကြီး မျိုချသည်။

"ဟုတ်တယ်ဟဲ့... ဆာနေရှာတာ"

ဖွားရွှေက ဝမ်းသာအားရနှင့် အော်သည်။ ထမင်းတွေကို တပြက်ပြက်နှင့် ဆက်ဝါးသည်။ နေ့ခင်းတုန်းက ခေါင်းကိုက်နေသဖြင့် တစ်ညလုံးထိုင်ကာ...

"အင်း... ခေါင်းတွေကလဲ တစစ်စစ် ကိုက်လိုက်တာ ငါ့ဦးနှောက်ထဲမှာ ကျူမာဆိုတာများ ဖြစ်နေသလား မသိဘူး"

ဟု တွေးနေမိသော အတွေးများလည်း ကြက်ပျောက် ငှက်ပျောက် ပျောက်သွားသည်။

"ဒီတစ်ညတော့...ဒီမှာပဲ ထားလိုက်ပါ အမေရာ၊ နက်ဖြန် မနက်ကျတော့မှ အမေကြိုက်တာလုပ် ဟုတ်လား"

ကိုကောင်းထက်က သူ့အမေကို ချော့နေသည်။

"အိုဗျာ... ကိုယ်နဲ့ ကံစပ်လို့ ကိုယ့်လက်ထဲ ရောက်လာတာ... သားတစ်ယောက် ကောက်ရတာပေါ့၊ ပထမအနေနဲ့ သားတစ်ယောက်ရပြီးတော့ ဒုတိယအနေနဲ့ အမေလုပ်မယ့် သူကိုရှာ..."

www.burmeseclassic.com

www.burmeseclassic.com



ကိုနေဝင်းက ကိုကောင်းထက်၏ ပခုံးကို ပုတ်ကာ ရယ်ရယ် မောမောပြောသည်။ ထိုနောက် မမွေးကြူဘက်သို့ လှည့်ကာ...

"နော်ဗျာ... ဟုတ်ဘူးလား"

ဟု ထောက်ခံမဲ တောင်းသည်။ သူက သဘောရိုးနှင့် အမှတ်တမဲ့ ပြောလိုက်ခြင်းဖြစ်သော်လည်း အတန်ငယ် ရှက်သွားသော မမွေးကြူက မကြားချင်ဟန်ဆောင်နေလေသည်။

"အဝတ်အစား နွမ်းပေမယ့် ကလေးလေးက ရုပ်ရည် သန့်သန့် လေးပါဟယ်"

"နေပါဦး... ကလေးက ဘာလေးတဲ့တုန်း"

"ဟုတ်ပါရဲ့... ဘာလေးပါလိမ့်"

"ယောကျ်ားလေး... ယောကျ်ားလေး"

"ဆိဆုံ... လမ်းထဲက မဝင်းကို သွားခေါ်ရအောင်လေ သူက နို့ သိပ်ရှင်တာ"

"ခြောက်လသားလောက်ဆိုရင် နို့ဖြတ်လို့ရပါပြီ ကြည့် ပါဦး... သွားကလေးတွေတောင် ငုတ်တုတ်ကလေး ထွက်နေ ပြီပဲ"

"အံမယ်... သူ့ခေါင်းမှာ ဖွေနှစ်လုံးနဲ့"

"ကြည့်စမ်း၊ ထီးရိုးကြီးမှ ထင်းလို့၊ ဒီကလေး ကောင်းစားမယ့် ကလေး သေချာတယ်"

ကလေးက အငိုတိတ်သွားတော့ လူကြီးများက တစခန်း ထ,လာသည်။ ကလေးကို ဘောင်းဘီ လှန်ကြည့်သူကကြည့်၊ ဆံပင်ဖြကြည့်သူက ကြည့်၊ လက်ဝါးဖြန့်ပြီး၊ ကြည့်သူက ကြည့်နှင့် ဆူညံနေသည်။



"အင်း... ခုနတုန်းက ကလေးငိုနေတဲ့ အသံကမှ နည်းနည်း နားခံသာသေးတယ်"

နံရံကိုမှီကာ ငူငူကြီး ထိုင်နေသော ဦးထင်ကတွေးသည်။သူ့သား ကိုကောင်းထက်ကိုလည်းကောင်း၊ ကလေးလေးကိုလည်းကောင်း၊ တစ်ယောက် တစ်ပေါက် ဆူညံနေသော လူများကိုလည်းကောင်း၊ အကုန်လုံးကို မြင်ပြင်းကတ်ပြီး စိတ်တိုနေသည်။

"သူ့ကို"ကောက်ရ"လို့ နာမည်ပေးရအောင်လေ"

ကလေးဝိုင်းမှ အသံများက သူ့နားထဲ ဝင်လာပြန်သည်။

"ဟာ... ကောက်ရတာမှမဟုတ်ဘဲ၊ ဦးကောင်းက လှမ်းခေါ်တာတဲ့"

"ဒီလိုဆိုရင် "လှမ်းခေါ်"လို့ ခေါ်ရမလား"

"ဟ... ဘယ်လို နာမည်ကြီးလဲ"

"ရန်အောင်လို့ ခေါ်ဟာ"

"ငါက ရန်အောင်ကြိုက်တယ်"

"လွင်မိုးကွာ"

"ကျော်သက်ဟာ"

"ကျော်ဟိန်း"လို့ခေါ်"

"အဲဒါ အကောင်းဆုံးပဲ၊ 'ကိုက်ချွန်လေ... ကိုက်ချွန်' နောက်မဆုတ်နဲ့"

"ဟင့်အင်း... ငါကတော့ နေအောင်ပဲ"

"အံ့ကျော်ကွာ... ကဲ"

"ကွမ်းသီးကွာ... မိုမိုကွမ်း"

"ဒီလိုဆို ဦးဝမ်ချူးကွာ... ကိုင်း"

"အို အကောင်းဆုံးကတော့ မောင်စံ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မော့စ်လေ... မော့စ်... ဖာတစ်လ
ရှေ့ရှိ:"

"ဟာ... နေကြပါဦးဟ၊ နေကြပါဦး"

မောင်သူရက အော်သည်။ သူက စက်မှုတက္ကသိုလ်မှ ဘွဲ့ရ
သော အင်ဂျင်နီယာတစ်ဦးဖြစ်သော်လည်း ကလေးများနှင့်ခင်ခင်မင်
ရောရောနှောနှော နေတတ်၍ သူ့ကို အားလုံးက ချစ်ကြသည်။

"မင်းတို့ စဉ်းစားကြည့်ကြစမ်း၊ သူက ကံကောင်း
ဦးကောင်းနဲ့ တွေ့လာတာ မဟုတ်လား"

မောင်သူရက မေးတော့...။

ကလေးများက ခေါင်းညိတ်သည်။

"ဒီတော့ သူ့ကို ကံကောင်းလို့ ခေါ်ကြရအောင်
မကောင်းဘူးလား"

"ဟော့... ကံကောင်း"

ကလေးများက ဝမ်းသာအားရ အော်လိုက်ကြသည်။

"အဲဒီနာမည် ကောင်းတယ်ဟေ့"

လူကြီးတွေကလည်း ထောက်ခံကြသည်။

ဦးထင်ကတော့ ထမင်းတွေကို အငမ်းမရ စားနေရှာသောက
ငယ်အား ကြည့်ရင်း သည်နေ့ညနေအတွက် ပထမဦးဆုံး အကြိမ်အ
ရယ်မောမိလေသည်။

"မင်းက ကံကောင်းလို့ ငကောင်းနဲ့ တွေ့တာပဲ"

"အဟေး... ဟေး... အေး"

"ငါ့သားငကောင်းကတော့ ကံမကောင်းလို့ မင်
တွေ့အောင်ထင်ပါရဲ့ မောင်ကံကောင်းရယ်"

ᨒ ᨒ ᨒ

နံနက်စောစော လင်းအားကြီးမို့ ကားအသွားအလာလည်း
မရှုပ်၊ လူအသွားအလာလည်း ကျဲသေးသည်။ သူတို့ရှေ့ကွင်ခပ်သွက်
သွက် လျှောက်သွားနေသော ပဲပြုတ်သည်က...

"ပဲ... ဟဲ... ဟဲ... ဟဲ...ပြုတ်"

ဟု ဆွဲဆွဲငင်ငင် အော်လိုက်သည်။ မြင့်မိုရ်လမ်းထဲသို့
လျှောက်ဝင်သွားသော အခြား တစ်သည်ကမူ...

"ပဲ...ပြုတ်"

ဟု ခပ်တိုတို၊ ခပ်ပြတ်ပြတ်၊ ခပ်ဆတ်ဆတ် အော်လိုက်
လေသည်။

ပဲပြုတ်သည် နှစ်ဦး၏ အော်သံနှစ်မျိုးကို နားထောင်ရင်
ဦးကံမြင့်က ရယ်ချင်သွားသည်။

သို့သော် ဦးဘမွှားကမူ ရယ်ချင်ပုံမရ၊ နဂိုနေ ခပ်တင်းတင်း
ဖြစ်သော သူ့မျက်နှာသည်၊ သည်တစ်ခါတော့ ပိုပြီးမှုန်နေသည်
ဟုပင် ဦးကံမြင့် ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း… ကိုယ့်ကိုယ်ကို ကင်ဆာဖြစ်နေပြီလို့ သိထား[...] လူတစ်ယောက်အနေနဲ့ ပဲပြုတ်သည်အော်တာကို နားထောင်[...] ဘယ်လိုလုပ် ရယ်ချင်ပါ့မလဲလေ"

ဦးကံမြင့်က ကရုဏာစိတ်နှင့် တွေးနေမိသည်။ ဦးဘပွားကိုကြည့် ရသည်မှာ မျက်နှာက ခပ်မှုန်မှုန် မျက်တွင်းက ခပ်ကျကျနှင့်ကြည်ကြည် လင်လင် လန်းလန်းဆန်းဆန်း မရှိပေ။

"ညက အိပ်ပျော်ရဲ့လားဟင်၊ ဦးဘပွား"

"ဘယ် အိပ်လို့ ရပါ့မလဲဗျာ"

အမေး စောင့်နေဟန်ရှိသော ဦးဘပွားက ညည်းညည်းညူညူ ဖြေသည်။

"ညက အိမ်အပေါ်ထပ်မှာ ညဥ့်နက် သန်းခေါင်အထိ တစ်ယောက်ဆင်း တစ်ယောက်တက်နဲ့ သောသောကို ညံနေ ကြတာပဲ"

"ဘာလို့တုန်းဗျ"

အပေါ်ထပ်က အူတူတူ လူလေဗျာ၊ ကိုကောင်းထက် ဆိုတဲ့ လူပျိုကြီးဟာကော"

"ဘာလဲ အဲဒီ လူပျိုကြီး မိန်းမရလာလို့လား"

ဦးကံမြင့်က ရယ်ရယ်မောမော မေးသည်။ ထိုလူပျိုကြီးကို သူလည်း မျက်မှန်းတန်းမိသည်။ မျက်နှာချိုကာ ရိုကျိုးဟန်ရှိသော်လည်း အူကြောင်ကြောင်တော့ လုပ်လေ့ရှိသည်။

တစ်ခါက တုတ်ကွေးဖျားပြီး သူ့ဆီ ရောက်လာဖူးသည်။ သူဝင်မလာခင်ကတည်းက တဟွတ်ဟွတ် ဆိုးနေသော ချောင်းသံ ကို ကြားရသည်။ (ဟိုတလောက တုတ်ကွေးဖျားသူတိုင်း ချောင်းဆိုး



[...]သည်) ခဏနေတော့ အနွေးအကျႌ အထူကြီး ဝတ်ထားသော [...]သူက ဆေးခန်းထဲသို့ ဝင်လာသည်။ သူ့ရှေ့က ကုလားထိုင်တွင် [...]ရို့ရို့လေး ဝင်ထိုင်ကာ သူ့ကို ပြုံးကျဲကျဲလေးကြည့်ပြီး…

"ဦး… နေကောင်းပါရဲ့လား ခင်ဗျာ"

ဟုဆိုသည်။ ဆေးခန်းလာသော လူနာက ဆရာဝန်ကို ကြည့်ပြီး

"နေကောင်းပါရဲ့လား"

ဟု ပဋိသန္ဓာရ စကားဆိုပုံကြောင့် ဦးကံမြင့် ရယ်မောခဲ့ သေးလေသည်။

"မိန်းမ ရလာတာ မဟုတ်ဘူး ဆရာရဲ့ ကလေးရလာ တာ"

"ဘာရယ်ဗျာ"

"ဟုတ်တယ်… ကလေးရလာတာ"

"ဟား… ဟား… ဟား ဒီလိုဆို လူပျိုကြီး ခြေပုန်းခုတ် ထားပြီ ထင်တယ်"

သူက ကြုံတင်၍ ဟောကိန်းထုတ်ကာ ရယ်မိပြန်သည်။ သူ၏ ရောဂါ သူ၏ ဝေဒနာအကြောင်းနှင့် မသက်ဆိုင်သော ထိုကဲ့သို့ ပေါ့ပေါ့ပါးပါး စကားလေးများကို ပြောရင်း ဦးဘပွားကို စိတ်[...] လက်ပျောက် ရှိစေချင်သော စေတနာကြောင့် ဖြစ်လေသည်။

"ဒီလိုဗျ… ဒီလို"

"ခင်ဗျားမသိပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟူသော လေသံနှင့် ဦးဘပွားက ခပ်ဆတ်ဆတ်ပြောသည်။ သို့သော် သူ့မျက်နှာတွင် ပြုံးရိပ်ကလေး ခေတ္တဖြစ်သွား၍ ဦးကံမြ ကျေနပ်သွားသည်။

"ဘတ်(စ်)ကားပေါ်မှာ ကလေးချီ တက်လာတဲ့ မိန်း တစ်ယောက်ဆိုက၊ ကလေးကို ခေါ်ပြီး ပေါင်ပေါ်တင်လာတ တဲ့လေ၊ အဲဒီမိန်းမက ကလေးကို သူ့ဆီမှာ ထားခဲ့ပြီး ကာ ပေါ်က ဆင်းပြေးသွားလို့တဲ့ဗျာ"

"ဟောဗျာ"

ဦးကံမြင့်၏ ပါးစပ်သည် ဟက်ကနဲ ပြဲသွားပြီး တအံ့တ ဖြစ်သွားသည်ကို မြင်လိုက်တော့ ဦးဘပွား သဘောကျသွားသည်။

"အဲဒီတော့ အဲဒီလူက ဘာလုပ်သတုန်း"

"ဘာလုပ်ရမလဲ ကလေးကြီး ချီပြီး အိမ်ပြန်ရော လာတာပေါ့၊ အိမ်ရောက်တော့ ကလေးက ကျွက်ကျွက် အောင်ငို သူ့အဖေ အမူးကြီးက သူ့ကိုဆဲ၊ လမ်းထဲကလူ ကလဲ ဆင်းလိုက်ကြ၊ တက်လိုက်ကြ၊ ရုတ်ရုတ်သဲသ ပြောမပြောချင်တော့ပါဘူးဗျာ"

ရှုံ့ရှုံ့မဲ့မဲ့ပြောနေသော ဦးဘပွား၏ မျက်နှာကို လှမ်းကြည့် ဦးကံမြင့်က ဟက်ဟက်ပက်ပက် ရယ်မိသည်။ ဦးဘပွား မျက်နှာ တစ်ချက်ကြည့်ရုံနှင့် လူတွေ ဘယ်လောက် ဆူညံပြီး သူ ဘယ်လော စိတ်ညစ်ခဲ့ရကြောင်း သိသာ ထင်ရှားနေသည်။

"အခုရော အဲဒီကလေး ဘာလုပ်လိုက်ကြလဲ"

"သိပါဘူးဗျာ၊ မနေ့ညတုန်းကတော့ အပေါ်ထပ်မှ အိပ်တာပဲ"



မနေ့ညတုန်းက ဦးဘပွားကောင်းစွာ အိပ်မပျော်ပေ။ ခါတိုင်းလို င် သုံးလေးခါလောက် နိုးသည်။ နိုးတိုင်းလည်း ကလေးငိုသံကို ားစွင့်မိသည်။ မအိပ်မိက…

"ဒီညတော့ ကလေးငိုသံ ကြားနေရတာနဲ့ အိပ်လို့ရမှာ မဟုတ်ပါဘူး"

ဟု မကျေမနပ် တွေးရင်း အိပ်ပျော်သွားသည်မို့ ကလေးငိုသံ မကြားရတော့ ထူးဆန်းနေသည်။

ကလေးငိုသံကြားလျှင် တရှူးရှူး ထွက်လိုက်မည်ဟု ပြင်ထား သော ဒေါသအငွေ့ အသက် အမှုန်အခိုးများသည်လည်း အီလည်လည် ဖြစ်သွားကြသည်။ မကြားရလေ နားစိုက်၍ ထောင်မိလေနှင့် ရုတ်တရက်ပြန်၍ အိပ်မပျော်။

ခါတိုင်းလည်း တစ်ရေးနိုးလျှင် ပြန်အိပ်မပျော်တတ်ဘဲ စိတ်အတွေးနယ်ကို ကမ္ဘာမြေအနှံ့ ဖြန့်ချင်တိုင်း ဖြန့်လျက် မျက်လုံး ကြောင်နေလေ့ ရှိမြဲဖြစ်သည်။ သူကသာ နားတစ်စွင့်တည်း စွင့်နေမိသော်လည်း ကလေးငယ်ကတော့ အဲ့ခနဲ တစ်ချက်တစ်လေ ငို မငို၊ ဘွားရွှေ ဝါးခွံထားသော ထမင်းများကို အပြည့်အသိပ်စား ထားသည်မို့ ဗိုက်တင်းပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်နေပုံရသည်။

"အင်း… ခြောက်လဆိုတာ အငယ်လေးရှိသေးတာပဲ၊ သားအလတ်ရဲ့ မိန်းမမွေးတဲ့ ငါ့ရဲ့မြေးအငယ်ဆုံးလေးထက် တောင် နည်းနည်းငယ်ဦးမယ်"

သူက နဖူးပေါ် လက်တင်ကာ စဉ်းစားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဖေက ထွက်သွားတယ်တဲ့၊ အင်း... သေလား
ရှင်လားတော့ မသိဘူးပေါ့လေ၊ အမေကတော့ သေသွားတယ်
တဲ့၊ အိမ်နီးချင်းမိန်းမကတော့ မလိမ့်တပတ်နဲ့ထား ပစ်ခဲ့တယ်"

သည်သတ္တဝါလေး လူ့လောကထဲ ရောက်လာတာ ခြောက်လ
လောက်ပဲ ရှိသေးတယ်။ သူ့ကို ဘယ်သူကမှ လက်မခံချင်ကြတော့
ဘူးလား၊ သည်လောကမှာ သူ့အတွက်နေရာကလေး တစ်နေရာမှ
မရှိတော့ဘူးလား၊ ဒါဟာ သူ့ရဲ့ ကံကြောင့်လား၊ သူ့ရဲ့ ဘဝအကျိုး
ပေးကြောင့်လား...။

သူက တမျှော်တခေါ်ကြီး စဉ်းစားနေမိသည်။

အခါတိုင်းလို ရင်ပတ်ထဲက ပိုအောင့်လာသလား၊ ပိုမောလာ
သလားဟုပင် မစဉ်းစားအားဘဲ အပေါ်ဘက်မှ ချုပ်ခနဲ အသံကြားတိုင်း
နားစွင့်နေမိသည်၊ သို့သော် ကလေးပေါက်စန၏ ငိုသံကို မကြားရဘဲ
ကထိကကြီးကတော် ဒေါ်ခင်လှ သူ့သားကို အိပ်ရာထဲက အတင်း
ဆွဲထူပြီး သေးတည်နေသော အသံကိုသာ ကြားရလေသည်။

"ထပါ ကိုတူးရယ်... ထ၊ တော်ကြာ မင်းအိပ်ရာထဲ
သေးပါချပြီး အောက်ထပ်က ပုပ်ပုပ်ကြီး ခေါင်းပေါ်ကျနေမှ
ဒုက္ခ"ဟု ပြောသံကို ခပ်သဲ့သဲ့ကြားလိုက်ရ၍ သူအတန်ငယ်
ဒေါသဖြစ်လိုက်ရသေးသည်။

"အင်း... ဖက်တီးမကများ၊ ငါ့ကို ပုပ်ပုပ်ကြီးတဲ့
အဲဒီမိန်းမတော့ မှတ်ထား၊ ဒီတစ်ခါတွေ့မှ မခင်ဝဝလို့
ခေါ်ပစ်လိုက်ဦးမယ်"ဟု တစ်ဦးတည်း ကျိတ်၍ တွေး
မိသေးသည်။



"အဲဒီ လူပျိုကြီးက မွေးစားမလို့ ခေါ်လာတာလား"
ဦးကံမြင့်က မေးသည်။

"သိပါဘူးဗျာ"

ဦးဘပွားက မရေမရာ ဖြေသည်၊ ဦးကံမြင့်ကမေးမှ ထိုအဖြေ
ကို သူလည်း သိချင်နေကြောင်း၊ တစ်ညဉ့်လုံးလည်း ထိုအကြောင်း
ကိုသာ စဉ်းစားနေမိကြောင်းကို ကိုယ်သတိထားမိသည်။

"သူက စေတနာ ရှိလွန်းလို့ မွေးစားမယ် ဆိုရင်တောင်
ဒီကလေးပေါက်စနလေးကို ဘယ်သူထိန်းမှာလဲ၊ သူက
မိုးလင်းက မိုးချုပ် အပြင်ထွက်နေရတာ၊ သူ့အဖေကြီးကလဲ
ကလေး ငိုရင် ထမင်းမကျွေး ရေမတိုက်ဘဲ အရက်ငှဲ့တိုက်
မယ့် ပုဂ္ဂိုလ်မျိုးကြီး"

ဦးကံမြင့်က သူမေးသော မေးခွန်းကို သူ့ဟာသူ ပြန်ဖြေနေ
သည်။ သူ့စကားကို ဦးဘပွားကလည်း ခေါင်းညိတ်ကာ ထောက်ခံ
သည်။

ဝင်ဆာလမ်း (ယခု ရှင်စောပုလမ်း)မှ ချိုးကွေ့ကာ ပြည်လမ်းပေါ်
ထွက်မိတော့ ရွှေတိဂုံ စေတီတော်ကြီးကို ထင်ထင်ရှားရှား လှမ်း၍
ဖူးမြင်ရသည်။

ဦးကံမြင့်က ပြောလက်စ စကားကို ဖြတ်ကာ ခေတ္တရပ်ပြီး
စေတီတော်မြတ်ကြီးအား လက်အုပ်ချီ၍ ကြည်ညိုလိုက်မိသည်။

ရွှေတောင် ရွှေခဲကြီးသဖွယ် ကောင်းကင်ယံကို ထိုးဖောက်၍
ထောက်နေဟန်ရှိသော စေတီတော်ကြီးကို ဖူးမြင်ရတိုင်း ဦးကံမြင့်သည်
မြန်မာပြည်တွင် မြန်မာလူမျိုးတစ်ဦး ဖြစ်ခဲ့ရခြင်းအတွက် ဂုဏ်ယူ
မိသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ရခြင်းအတွက် ကျေနပ်ဝမ်းမြောက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပွင့်တော်မူပြီးသော မြတ်ဘုရား လေးဆူတို့၏ အသုံးအဆော များနှင့် ဓာတ်တော်များ ကိန်းဝပ်ရာဖြစ်သော ဗိသုကာပညာရပ်အ နှင့်လည်း အပြစ်တစ်စုံတစ်ရာ ဆိုဖွယ်ရာမရှိအောင် အချိုးအစားက ပြေပြစ်လွန်းလှသော ထိုကဲ့သို့သော စေတီတော်ကြီးမျိုးသည် မြန် ပြည်မှ လွဲ၍ မည်သည့်နိုင်ငံတွင်မှ မရှိခဲ့ပေ။

"ကြည့်စမ်းပါဦးဗျာ...ဘယ်လောက်တောင်အချိုးအစ ကျပြီး သပ္ပာယ်လိုက်တဲ့ စေတီကြီးပဲ"

"ဟုတ်ပါ့"

ဦးဘပွားက ဦးကံမြင့်၏ ဘေးတွင် ယှဉ်လျက်ရပ်ရင်း စေ တော်ကြီးကို မျှော်ကြည့်သည်။ ပြောသူ ကျေနပ်အောင်..."

"ဟုတ်ပါ့"

ဟု ထောက်ခံလိုက်သော်လည်း ဦးကံမြင့်လိုတော့ ဂုဏ်ယူ ပီတိစိတ်တွေ လွှမ်းလာဟန် မရှိပေ။

"ကျွန်တော်တော့ ဒီလို သာသနာ အစစ်အမှန် ထွန်းကာ တဲ့နေရာမှာ လာပြီး လူဖြစ်ရတာ ကိုယ့်ကိုယ်ကို သိပ်ကျေန မိတာပဲ"

နိုင်ငံနှင့် သာသနာအတွက် ဂုဏ်ယူ ပီတိစိတ်တွေ လွှမ်းနေသေ ဦးကံမြင့်ကို ငေးကြည့်ရင်း ဦးဘပွားက အံ့သြနေသည်။ သူ့အနေန အလေးအနက် မရှိခဲ့သည်မှာ အမှန်ပင်"

မြန်မာပြည်တွင် မွေးလာ၍ မြန်မာဖြစ်လိုက်သည်။ ဗုဒ္ဓဘာသ ဝင်မိသားစုမှ ဆင်းသက်လာ၍ ဗုဒ္ဓဘာသာဝင် တစ်ဦး ဖြစ်လိုက်သ ဟူသော သဘောသာရှိသည်။ ထိုမျှထက်တော့ မပိုခဲ့ချေ။



ထို့ပြင် သူသည် မြန်မာပြည်သည် နေပျော်စရာ ကောင်းလှသော ငိုင်းပြည်တစ်ခုဟု မမြင်ခဲ့ပေ။ မြန်မာလူမျိုးတို့သည် ချစ်ခင်စရာ ကောင်းလှသည်ဟုလည်းမထင်၊ တော်သည် တတ်သည်ဟူ၍လည်း မတွေး၊ တစ်ခါတစ်ရံတွင်...

"ငါတို့ မြန်မာတွေကလဲ ညံ့ပဲညံ့နိုင်ပါ"

ဟုပင် တွေးမိပြီး အားမလို အားမရပင် ဖြစ်မိသေးသည်၊ မြန်မာပြည်တွင် မွေးပြီး မြန်မာပြည်တွင် ကြီးခဲ့ပြီမို့သာ မြန်မာပြည်သား ဖြစ်လာရသူ တစ်ဦးဖြစ်သည်။

ထို့ကြောင့်လည်း သူ့သား သူ့သမီးတွေကိုလည်း...

"ကိုယ့်ပြည်၊ ကိုယ့်မြေကို အရောက်ပြန်လာခဲ့ပါ"

ဟု မှာရန် သတိပင်မရခဲ့။

သူကိုယ်တိုင်ကလည်း ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို အထင် မကြီးခဲ့တော့ သူ့သားသမီးတွေကို ရေကြည်ရာ မြက်နုရာတွင် ရှင်သန်ကြ လိမ့်ဟုသာ ခပ်ပေါ့ပေါ့ သဘောထားခဲ့မိသည်။

အခုတော့ သူ့သဘောထားခဲ့သလိုပင် ၊ သားတွေ သမီးတွေက ရေကြည်ရာ မြက်နုရာကို တွေ့နေကြပေပြီမို့၊ တစ်ခေါက်တလေပြန် လာရန်ပင် စိတ်ဝင်စားကြပုံမရပေ။

"ဒီမှာ ဆရာ..."

ဦးဘပွားက ခပ်ဆတ်ဆတ် ဆက်ခေါ်သည်၊

"ဘာသာတရားကို ဆရာ တကယ်ယုံသလား"

"ယုံပြီလားဗျာ..."

"နောင်ဘဝရှိတယ် ဆိုတာကိုရော"

www.burmeseclassic.com

www.burmeseclassic.com



"ယုံတယ်"

"ကံ… ကံ၏အကျိုးကိုရော"

"သိပ် ယုံတာပေါ့"

လမ်းဘေးက ပျဉ်းမပင် အောက်တွင် ရပ်ရင်း သူတို့နှစ်ဦး တစ်ဦးကို တစ်ဦး စိုက်ကြည့်နေမိကြသည်။

ဦးဘပွား၏ မျက်လုံးများက…

"ဘာလို့ ဒါတွေကို ယုံနေရတာလဲ"

ဟု အငြင်းပွားချင်သော မျက်လုံးများ ဖြစ်ပြီး၊ ဦးကံမြင့်၏ မျက်လုံးများကမူ…

"သံသရာ ဝဲသြဃကြီးထဲမှာ သတ္တဝါ မှန်သမျှဟာ ကံ… ကံ၏ အကျိုးဆက်တွေနဲ့ နစ်မွန်း လည်ပတ်နေကြ ရတာပဲ"

ဟု နားဝင်လာအောင် ချော့မော့ ပြောပြချင်နေဟန် ရှိသော မျက်လုံးများ ဖြစ်လေသည်။

"ကျွန်တော်ကတော့ ကံကို တယ်မယုံချင်ဘူး"

"ကျွန်တော်ကတော့ အသက်ကြီးလာလေ ကံကို ယုံလေ ပဲ"

"ကံဆိုတာ အလုပ်ပဲဗျ"

"ဟုတ်တယ် ကံဆိုတာ အလုပ်ပဲ၊ ဒါပေမယ့် ဒီဘဝမှာ လုပ်တဲ့ အလုပ်တင်မကဘူး၊ အရင့်အရင် ဘဝတွေကလုပ်ခဲ့ တဲ့ အလုပ်တွေရဲ့ အကျိုးဆက်လဲ ဖြစ်တယ် ဆိုတာကိုမေ့ မေ့လို့ မဖြစ်ဘူး"

ဦးကံမြင့်က ယုံကြည်ပြတ်သားစွာ ပြောသည်။ ဦးဘပွားသည် ဘာပြန်ပြောရမည် မသိ၍ ငြိမ်နေရင်းမှ…



"ဒီလောက်ဖြစ်လှတာ… သူ့နာမည်ကို ဘာလို့များ ဦးကံမြင့် မှည့်နေသေးလဲ၊ ဦးကံယုံလို့ ပြောင်းလိုက်ဖို့ ကောင်းနေပြီ"

ဟု ဘေးချော်ပြီး စဉ်းစားနေမိသည်။

"ကံဆိုတာကို ဘယ်သူမှ မမြင်နိုင်ပေမယ့် အင်မတန်မှ စွမ်းအားကြီးတဲ့အရာဗျ၊ သူဖန်တီးလာရင်၊ သူစီမံလာရင်၊ သူချုပ်ကိုင်လာရင် ဘယ်သူမှ သူ့ကို အာမခံနိုင်ဘူး၊ မတော ပြိုင်နိုင်ဘူး၊ သူစီမံရာကို မငြင်းမဆန် နာခံကြရတာပဲဗျ"

"ဒီလောက်တော့လဲ ဟုတ်မယ် မထင်ပါဘူးဗျာ"

ဦးဘပွားက ခပ်ပျော့ပျော့ ငြင်းသည်။ ငြင်းမယ်သာ ငြင်းနေသော်လည်း သူ့ဆီသို့ ဖြုန်းခနဲ ဒိုင်းခနဲရောက်လာသော ကင်ဆာဆိုသည့် ရောဂါကို သတိရနေသည်။ သူ့အလိုလို ဖြစ်လာသော ထိုရောဂါကို မဖြစ်အောင် သူမတားနိုင်။ ဖြစ်လာပြီ ဆိုတော့လည်း ပျောက်အောင်သူ တတ်နိုင်ခဲ့ပေ။

ထိုသို့ ဖန်တီးလာသောကံကို မည်သည့်ဉာဏ်၊ မည်သည့်ဝီရိယ ဖြင့် ယှဉ်ပြိုင်ပြီး အနိုင်ယူနိုင်မည်မဟုတ်ကြောင်းကို အတွင်းစိတ်က သိနေသော်လည်း ရလို့ရငြား ကြိုးစားပြီး တွန်းလှန်ကြည့်ချင်သေး သည်။

သူတို့နှစ်ဦးလုံး ထိုဝေဒနာကို တစ်ပြိုင်နက်တည်း သတိရမိကြ သော်လည်း နှစ်ဦးလုံးက ထိုအကြောင်းကို စကားစပ်၍ မပြောဘဲ ရှောင်ဟန်ဆောင်နေမိကြသည်။

"ဒီလိုဆိုရင် ငါ့မှာ ကင်ဆာနဲ့ သေရမယ့်ကံပါ နေ တယ်ပေါ့၊ မသေခင် သားတွေ သမီးတွေနဲ့ ခွဲရမယ့် ကံပါ ပါနေတယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဦးဘပွားက ခါးသီးစွာ တွေးမိသည်။

ပင့်သက်ကို ရှိုက်ကာ အပေါ်ဘက် မော့ကြည့်လိုက်တော့ သူ့ ခေါင်းအပေါ်ဘက်တွင် ခရမ်းရောင် ပျဉ်းမပန်း အဖူးအငုံများကိုဝေ ဆာဆာတွေ့ရသည်။ ပျဉ်းမပန်းများကို မည်သူကမျှ တမြတ်တနိုး ခူးယူခြင်းမရှိ။ ပန်းအလှလည်း မပြင်၊ ဘုရားအိုးလည်း မထိုး၊ပန်ဆင် ခြင်းလည်း မပြု။

သို့သော်လည်း အချိန်ရာသီ တစ်နှစ်လည်ပြီး သူပွင့်ချိန် ရောက်လာလျှင် သည်ပန်းများက ဝေဝေဆာဆာ ဖူးပွင့်မြဲဖြစ်သည် သူ့မိခင် ပင်မကြီးကို အဖူးတွေ၊ အပွင့်တွေနှင့် အလှဆင်မြဲဖြစ်သည် ရာသီကုန်ဆုံးတော့လည်း တိတ်တိတ်ဆိတ်ဆိတ်လေး ပျောက်ကွယ် သွားတတ်ကြသည်။

"ဒီ ပျဉ်းမပန်းတွေ တုံးတဲ့အချိန်ကျရင် ငါ သေခါများ နီး မလား၊ ဒါမှမဟုတ် သေများ သေနေပြီလား"

ဦးဘပွားက တွန့်ဆုတ်ဆုတ် တွေးလိုက်မိသည်၊ တကယ်သေ မဆိုထားနှင့် သေဖို့အတွေးကိုပင် ရဲရဲဝံ့ဝံ့ မတွေးရဲဘဲ ရင်ထဲတွင် လှိုင်းခတ်လာချင်သည်။

"ပျဉ်းမပန်းတွေ ပျောက်သွားသလို ငါလဲ လူ့လောကထဲက ပျောက်ရတော့မှာပါလား၊ ငါ့ကို သတိထားမိတဲ့သူ၊ သတိရမယ့်သူ တမ်းတမယ့် သူလဲ ကျန်ခဲ့မှာ မဟုတ်ပါဘူး"

ဦးဘပွားက တွေးရင်း ဝမ်းနည်းလာသည်။ သူ၏ အသုဘတွင် ဝမ်းနည်းပန်းနည်း ငိုမည့်သူပင် ရှိလိမ့်မည် မဟုတ်ဟု ရုတ်တရက် တွေးမိပြီး ရင်ထဲတွင် နာကျင်သွားသည်။

"ကဲ… ဘယ်လိုလုပ်ကြမလဲ"

ဦးထင်က သူ့သား ကိုကောင်းထက်ကို မေးသည်။ ကိုကောင်း ထက်က အဖြေမပေးနိုင်။ ကဲကဲ ယူလာပေးသော မုန့်လက်ညှိုးလေး စုံစုံမက်မက်နှင့်စုတ်၍ စုတ်၍ စားနေသော ကလေးငယ်အား ကြည့်နေသည်။ သူတို့ ဘာလုပ်ကြမည်နည်း။ ဘာလုပ်ရမည်နည်း။

"ဘာလုပ်ကြမလဲဟင်"

ကိုကောင်းထက်က သူ့ဘေးမှ မခင်လှကို လှည့်ကြည့်ပြီး တကြိမ် မေးလိုက်မိသည်။ သူ ဘယ်လို ဖြေမည်နည်းဟုစိတ်ဝင် စားစွင့်နေသော မခင်လှခမျာလည်း ရုတ်တရက် လန့်သွား

"ဟုတ်ပါ့၊ ဘာလုပ်ကြမလဲဟင်"

အလျင်က ထိုပြဿနာသည် ကိုကောင်းထက်၏ ပြဿနာဟု လုံးလုံးလျားလျား ထင်ထားခဲ့သည်။ အခု ကိုကောင်းထက်

www.burmeseclassic.com



သူ့ကို မေးလိုက်တော့ သူနှင့်လည်း ပက်သက်နေပြီဟု ယူဆ... ရင်တုန်သွားသည်။ ထို့ကြောင့် သူ့ရှေ့တွင် ထိုင်နေသော ဒေါ်ရွှေ... ကယောင်ကတမ်း လှမ်း၍ မေးလိုက်သည်။

ဒေါ်ရွှေနုကလည်း အဖြေမပေးနိုင်။ တစ်စုံတစ်ခု အဆုံးအ... ပေးတော့မလို့နှင့် "အဟမ်း"ဟု မရဲတရဲချောင်းဟန့်သည်၊ ထို့နော... ဟိုကြည့် သည်ကြည့်နှင့် တံတွေးမျိုချသည်။ ပင့်သက်ရှိုက်သ... ဘာသံမှတော့ ထွက်မလာ။

"ဂေဟာ သွားပို့လိုက်တာပဲ ကောင်းမယ် ထင်ပါတ... ဗျာ နော်"

မည်သူ့ဆီကမှ အဖြေမရတော့ ဦးထင်က သူ့ဟာသူပင်... သည်။

"ဒီလိုတော့လဲ သနားစရာ"

ဒေါ်ရွှေနုက မပွင့်တစ်ပွင့် ပြောသည်။ သူ့စိတ်ထဲတွင် ဦးထင်... သားအဖ "သနားစရာကလေးဗျာ၊ ကျုပ်တို့ မွေးစားထားလိုက်... မယ်"ဟု ပြောလိမ့်မည်ဟု ထင်နေသည်။ ထိုသို့ပင် ပြောစေချင်... သည်။ သို့သော် သူပြောစေချင်သောစကားကို မကြားရတော့တော်... လေး စိတ်ပျက်သွားသည်။

"အင်းလေး... သနားပါတယ်"

မခင်လှကလည်း သံယောင်လိုက်ကာ ပြောသည်။ သူ့အနေ... တာဝန်ယူကာ မွေးစားသမှု မပြုနိုင်သော်လည်း တစ်စုံတစ်ဦးကို... ထိုတာဝန်ကို ယူစေချင်သည်။

"ဟုတ်ပါတယ်၊ သနားတော့ သနားစရာပါပဲ"

ကလေးကို အကုန်လုံးက သနားနေကြပြီး သူတစ်ဦးတည်း...



...နားသလို ဖြစ်နေသောကြောင့် ဦးထင်သည် နည်းနည်းတော့ ...ငြိမ်ဖြစ်မိသည်။ သူလည်း နှလုံးသားရှိသော လူသားတစ်ဦးမို့ ...နားတော့ သနားမိသည်သာ ဖြစ်သည်။

ညတုန်းကလည်း အိပ်၍ပင် မပျော်ခဲ့၊ သူ့လက်မလေးသူစုတ် ...ကွေးကွေးလေး အိပ်နေသော ကလေးငယ်အားကြည့်ရင်း ရင်ထဲ ...င် နင့်နင့်နဲနဲဖြစ်နေသည်။

သေဆုံးသွားသော မြေးငယ်ကလေးကိုလည်း သတိရနေသည်။ ...့အနေနှင့် တာဝန်ယူကာ မမွေးစားနိုင်သော်လည်း တစ်စုံတစ်ဦး ...မျှ သနားပြီး မွေးစားလိုက်လျှင် မည်မျှကောင်းလေ မည်နည်းဟု ...တွေးနေမိသေးသည်။

"သနားတော့သနားစရာပါ ကျုပ်လဲသနားတတ်ပါ တယ်၊ ဒါပေမယ့်"

ဦးထင်က စကားကို အဆုံးမသတ်ဘဲ သက်ပြင်းချသည်။ ...နားခြင်း ဟူသည်မှာ အလွယ်ကူဆုံး အလုပ်တစ်ခုဖြစ်ပြီး တာဝန် ...ယူခြင်း ဟူသည်ကတော့ အလွန်ခက်ခဲသော အလုပ်တစ်ခုဖြစ်ကြောင်း ...င် သူတို့ အားလုံး အနုမှုပိုပြီး သဘောပေါက်မိကြသည်။

"ကလေးက အငယ်လေးပဲရှိသေးတယ်၊ ဒါကလေးကို အရွယ်ရောက်လာတဲ့အထိ ချေးကလူး သေးကလူး ပြုစုဖို့၊ ကျွေးမွေးဖို့၊ စောင့်ရှောက်ဖို့၊ နောက်ပြီး အဝတ်အစားဆင်ပေးဖို့၊ ကျောင်းထားဖို့၊ ကျောင်းထားတယ်ဆိုရင်လဲ ကျောင်းစရိတ်၊ ဒီကြားထဲ နေထိုင်မကောင်းရင် ဆေးဖိုးဝါးခ၊ ဟား... ငွေကြောင်းရေ မလွယ်ဘူး ထင်တယ်ဟ... မလွယ်ဘူး"

ကိုကောင်းထက်က သူ့ကိုယ်သူ စိတ်ထဲမှ ပြောနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် ဒီကလေးကို ဂေဟာပဲသွားပို့လို
တော့မှာလား။"

တဆက်တည်းတွေးမိပြီး ကလေးငယ်အား လှမ်း၍ကြည့်လို
မိသည်။ ဘွားရွှေ၏ ပေါင်ပေါ်တွင် ထိုင်နေသော မျက်နှာ ချိုချိုလေး
အောက်သွားလေးနှစ်ချောင်းပေါ်အောင် ရယ်နေသည်။ သူ့ရှေ့
ငုတ်တုတ်လေးထိုင်ကာ "ကံကောင်းရေ" "ညိုလေးရေ"နှင့် ခေါ်
သော ကိုတူး၏ ဆံပင်ကို မမှီတမှီ လှမ်းဆွဲနေသည်။

"အင်း… သူဟာ သေသွားတဲ့ ငါ့သားကလေးဝင်
တာများ ဖြစ်နေမလားပဲ၊ သားကလေးလဲ နောင်ဘဝရော
ပြီ၊ ဒီလို အဖြစ်မျိုးကြုံနေရမယ်ဆိုရင်"

ကိုကောင်းထက်က ဆက်၍ မတွေးရဲဘဲ အတွေးကို ဖြတ်
လိုက်သည်။

"မနေ့တုန်းက ကလေးတွေပြောနေကြတယ်၊ သူဟ
ကံကောင်းလို့ ငါနဲ့တွေ့တာတဲ့၊ ငါဆိုတဲ့ အကောင်ကသူ
မိဘမဲ့ဂေဟာ သွားပို့မယ်ကောင်ဆိုတာ သူတို့ မသိရှာကြဘူး
ကိုကောင်းထက်က စိတ်မချမ်းသာစွာနှင့် တွေးနေမိသည်
ထိုစဉ်တွင် ဖိုးမှုနှင့် ဖိုးခွားပါ ရောက်လာကြတော့၊ ကလေးအုပ်
အင်အား တောင့်တင်းကာ ဆူလာပြန်သည်။

"ကံကောင်းရေ" "ကံကောင်းရေ"နှင့် ခေါ်နေကြသေ
အသံများကို နားထောင်ရင်း သူ့ဟာသူ ရှက်သလိုလိုပင်ဖြစ်လာသည်
မည်သူတစ်ဦးတစ်ယောက်ကမျှ တာဝန်မယူနိုင်သည့်အတွက်၊ မိဘ
မဲ့ဂေဟာတွင် ကြီးပြင်းရတော့မည့် ကလေးကို ကံကောင်းသည်
ဆိုနိုင်ပါမည်လား၊ ဆိုသင့်ပါရဲ့လား။



"ကျုပ်အသက်က ခြောက်ဆယ်ကျော်နေပြီ၊ သားအဖ နှစ်ယောက် ကိုယ့်ထမင်းတောင် ကိုယ်အနိုင်နိုင်ချက်စားနေကြရတာ၊ ဒီကလေး ပေါက်စနလေးကို တစ်နေကုန် ထိန်းဟယ်၊ ကျောင်းဟယ်၊ ချိုဟယ်၊ ပိုးဟယ်နဲ့ ဘယ်လုပ်နိုင်ပါမလဲ"

"ဟုတ်တာပေါ့… အဘရယ်"

ရှင်းချက်ထုတ်နေသော ဦးထင်ကို ကရုဏာနှင့် ကြည့်ရင်း၊ ကိုရန်ဝေးက ခေါင်းညိတ်၍ ထောက်ခံသည်။ သူတို့သားအဖ နှစ်ဦးသား၊ ဘဲဥကြော်လိုက်၊ ငါးခြောက်ဖုတ်လိုက်နှင့် ဖြစ်သလို စားနေကြရသော ဘဝထဲသို့၊ ခြောက်လသား ကလေးငယ်ကလေး တစ်ဦးကို ဆွဲထည့်ရန် မလွယ်ကူမှန်း လူတိုင်းသိကြသည်။

ထိုကလေးကို ဝမ်းပန်းတသာ လက်မခံနိုင်ခြင်းအတွက် အပြစ်ရှိသူလို ခံစားနေရဟန်ရှိသော ဦးထင်ကိုလည်း သနားနေမိသည်။

"ထိန်းတာကတော့၊ ကျွန်မတို့လဲ ကူကက်ပြီး ထိန်းပေးနိုင်ပါတယ်၊ အဘရယ်"

ထမင်းရည် ဇလုံကိုင်ပြီး ဝင်လာသော မမွေးကြူက ပြောသည်။ ကံကောင်းကို တိုက်ရန်အတွက် ထမင်းရည်ထဲတွင် နို့မှုန့်အနည်းငယ်နှင့် သကြား တစ်ဇွန်းရော၍ ခေါက်လာခဲ့ခြင်းဖြစ်သည်။

သည်ကလေးကို၊ ကိုကောင်းထက်တို့ သားအဖက မွေးစားကြမည်။ သူတို့က ဝိုင်းဝန်းပြီး ထိန်းကြမည်ဟု သူဖြစ်စေချင်သည့်အတိုင်း တွေးနေမိသည်။

"ဟုတ်သားပဲ၊ အဖိုးထင်ကလဲ၊ သမီးလဲထိန်းပေးမှာပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



တချိန်လုံးငြိမ်နေသော ကဲကဲက အားတက်သရော ဝင်ပြောသည်။

"ကံကောင်းလေးက ငယ်ငယ်ကလေးရှိသေးတာ၊ ဂေဟာကိုတော့ သွားမပို့လိုက်ပါနဲ့၊ ဦးကောင်းရယ်နော်၊ ဟိုကျတော့ သူ့ကို ဘယ်သူက ဂရုစိုက်မှာလဲ"

"ဟိုမှာ ဝန်ထမ်းတွေ ရှိပါတယ်ဟာ"

"ဟင်...ဦးကောင်းကလဲ၊ ဝန်ထမ်းက ဝန်ထမ်းပဲ၊ သူတို့က ကဲကဲမှ မဟုတ်တာ၊ ကိုဦးမှ မဟုတ်တာ၊နောက်ပြီး အန်တီမွေးတို့ ဦးကောင်းတို့မှ မဟုတ်တာ"

ကဲကဲစကားကို ရှင်းလင်းအောင် မပြောနိုင်သော်လည်း ဝန်ထမ်းဟူသည်မှာ ကလေးကို သူတို့တတွေလောက် ဂရုတစိုက်၊ ချစ်ချစ်ခင်ခင် ရှိနိုင်လိမ့်မည် မဟုတ်ဟုဆိုလိုခြင်း ဖြစ်ကြောင်း သူတို့ အကုန်လုံး နားလည်ကြသည်။

"ဒီလိုဆို ညည်းက ကံကောင်း အီးအီးပါချင်ရင်တည် ပေးမှာလား"

ဦးထင်က မေးတော့၊ ကဲကဲက သွက်လက်စွာ ခေါင်းညိတ်သည်။

"ပေးပါ့မယ်၊ ဘဖိုးထင်ရဲ့"

"အံမာ... ကဲကဲရယ်၊ ညည်းက အီးတည်တတ်လို့လား"

"တတ်ပါတယ်—ဘကလဲ၊ သမီးမတတ်လဲ၊ မေမေ ရှိသားပဲ၊ အဟိ"

ကဲကဲက လျှာကလေး ထုတ်ကာရယ်သည်။

"နောက်ပြီးထမင်း ခွံ့ပေးမှာလား"

"အဟိ...မေမေ ရှိသားပဲ"



"အိပ်ချင်တော့ရော၊ သိပ်မှာလား"

"မေမေ သိပ်တတ်တယ်လေ"

"ကဲကဲ... နေမကောင်းတော့ရော"

"ဒါလဲ မေမေရှိသားပဲနော်၊ မေမေ"

"ဗိုင်းနာမလေး"

စိတ်လက် ညစ်ညူးနေကြသူများသည် ကဲကဲကိုကြည့်ရင်း တဖြည်းဖြည်း ပြုံးလာကြသည်။ မခင်လှက မျက်စောင်းကြီးခဲကာ ဆဲလိုက်သောအခါတွင်ကား ဝါးခနဲ ရယ်လိုက်ကြသည်။

"နော်... မေမေရယ်နော်... ကံကောင်းလေးကိုထိန်းထေ ကြရအောင်နော်"

"တစ်နေကုန်တော့ ဘယ်သူ ထိန်းနိုင်မှာလဲ၊ သမီးရယ် တော်စမ်းပါ"

ကလေးတစ်ယောက်၏ ကရိကထသည် မည်မျှ များကြောင်း ကလေးသုံးယောက် မွေးဖူးသော မခင်လှက အသိဆုံးဖြစ်သည်၊ ကျန်းမာလျှင်တော့ ကိစ္စမရှိ၊ ကံမကောင်း၊ အကြောင်းမလှ၍ ကလေးက ကဲကဲ ငယ်စဉ်တုန်းကလို ချူတိ ချူချာလေး ဖြစ်နေမည် ဆိုပါက မခင်လှသည် ဆက်၍ မတွေးရဲ။ ခေါင်းကို ယမ်းခါလိုက် သည်။ ကဲကဲလေး ငယ်စဉ်က ခံစားခဲ့သော စိတ်ဒုက္ခ လူဒုက္ခများ ပြန်၍ပင် မစဉ်းစားချင်၊ ပင်ပန်းလှသည်။

"မေမေကလဲ ကလေးဆိုတာ အကြာကြီး မထိန်းရ ဘူး၊ နောက်တော့ ကြီးသွားမှာပဲဟာ"

ကိုတူးက မျက်နှာငယ်လေးနှင့် ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခု သားတို့ ကျောင်းကြီး ပိတ်နေတာပဲ၊ သားတို့ပါ ကူထိန်းပေးမယ်လေ… နော်… မေမေ"

မည်သည့်အခါကမျှ နားမှု နားဆာ မလှုပ်တတ်သော သားကြီး ကိုဦးကပါ မရဲတရဲလေး ဝင်ပြောသည်။

"မေမေကပဲ ပြောတယ်၊ သမီးဖို့ မောင်လေး တစ်ယောက်လောက် မွေးပေးချင်သေးတယ် ဆို"

မခင်လှသည် သူ့ကို ဝိုင်းပူဆာနေကြသော ကလေးသုံးဦးကို ကြည့်ရင်း မျက်လုံး မျက်ဆန်ပြူးလာသည်။ အိမ်ဦးနတ် ဖြစ်သော ကိုရန်ဝေးအား ကလေးတွေကို ပြောဦးလေဟူသော မျက်နှာထားနှင့် အကူအညီတောင်းသလို လှမ်းကြည့်သည်။

သို့သော် ကိုရန်ဝေးက သူ့ကို မကြည့်အား၊ သူ့လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ကာ…

"ကျွန်တော်တို့လဲ ကူထိန်းပေးပါ့မယ်၊ ဦးဦးရော က်ကောင်းလေးကို ခေါ်ထားလိုက်ပါ"

ဟု ပူဆာနေသော ဖိုးခွားတို့ကို ငုံ့ကြည့်နေသည့်အတွက်ကြောင့် ဖြစ်သည်။

ထို့ကြောင့်… မခင်လှသည် ကိုကောင်းထက် သယ်လာတဲ့ ပြဿနာထုပ်ကြီးတော့ ငါ့ခေါင်းပေါ် လုံးလုံးရောက်တော့မယ် ထင်တယ်"ဟု အထိတ်တလန့် တွေးလိုက်မိသည်။

"ထိန်းတာကတော့ ကျွန်မတို့လဲ ကူကက်ပြီး ထိန်းပေး နိုင်ပါတယ်နော် အမေ"

မမွေးကြူက ထပ်ပြောသည်။ သူ့မိခင်၏ ရင်ခွင်ထဲမှ ကလေး ငယ်လေးအား ကြည့်ရင်း…



"ငါလဲ အိမ်ထောင်ကျလို့ 'ကလေးမွေးမယ်ဆိုရင် ဒီလို သားလေးတစ်ယောက်လောက်တော့ ရနိုင်ပါသေးတယ်" ဟုတွေးနေမိသည်။ ကလေးအား ယုယပိုက်ထွေးပြုစုချင်သော …ခင်စိတ်က နိုးကြွနေသည်။

"ဒီလိုပဲ တစ်ယောက်တစ်လက် ဝိုင်းဝက်ထိန်းကြရင်း နဲ့ ကလေးဆိုတာ ကြီးမှန်းမသိ ကြီးသွားတာပါပဲ ဟယ်"

ဒေါ်ရွှေနုကလည်း မရေမရာပြောသည်။ တစ်စုံတစ်ဦးက …တာဝန်ယူမည် ဆိုလျှင်တော့ သူက ကူညီပြီး ထိန်းကျောင်းပေးမည် …သော သဘောမျိုးဖြစ်သည်။

"ထိန်းမယ်ဆိုရင် ပါးစပ်နဲ့ မပြီးဘူး၊ တကယ့်ကိုထိန်း မှ ဖြစ်မှာဗျ"

ချည်ပြီး တုပ်ပြီးပြောသော ဦးထင်၏ စကားကိုကြားတော့ …သူတို့အားလုံး တစ်ဦးကို တစ်ဦး လှမ်းကြည့်ကြသည်။ မျက်နှာတွေ …မရာ တွေတွေဝေဝေနှင့် တစ်ဦးနှင့်တစ်ဦး အကဲခတ်နေကြသည်။

"သမီးတို့က ကျောင်းမသွားခင် မနက်ပိုင်း"

"ဟုတ်တယ်… သားတို့က မနက်ပိုင်း ထိန်းပေးမယ်"

ကလေးများ၏ အသံက အလျင်ထွက်လာသည်။

"ဒီလိုဆို ကျုပ်က ထမင်းစားပြီး နောက်ပိုင်းပေါ့"

ဦးထင်က ခပ်ဆိုင်းဆိုင်း ပြောသည်။ နံနက်ခင်း ထ… …သူ့ငကလေးက အိပ်တတ်သည်။ ကရိကထ သိပ်များသည်မဟုတ် …ခင်းပိုင်း တာဝန်ယူထား၍ မနက်ပိုင်း ချက်ရေးပြုတ်ရေး လုပ်နိုင် …သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ညနေပိုင်း ကျတော့လည်း အရက်ဆိုင်ကို အေးအေး ဆေးဆေးသွားနိုင်မည်ဟူသော တွက်ကိန်းကို ခေါင်းထဲတွင် ချ မိသည်။

"ကျွန်မတို့ သားအမိက ညနေပိုင်း ထိန်းပေးမယ်လေ နော် အမေ"

ညနေပိုင်းကျလျှင် ကလေးကို ရေမိုးချိုး သနပ်ခါးလိမ်းပေး ထမင်းပါခွံ့ပေးမည်။ သူက ကလေးကို ချီပြီး အပြင်ဘက်ထွက်နေတု ကိုကောင်းထက် ရုံးမှပြန်လာသည်နှင့် ဆုံမိပါက သူ့လက်ထဲ ကလေးငယ်ကို "ကံကောင်းရေ"... "လူကလေးရေ"... နှင့်။

မမွေးကြူသည် ဆက်၍ မတွေးရဲဘဲ ရှက်ကိုးရှက်ကန်းဖြစ်သွား သည်။

"ငါ့စိတ်ထဲက တွေးမိတာ ဘယ်သူမှ မကြားနိုင်ပါဘူး လေ"

ဟု သူ့ကိုယ်သူ အားပေးကာ သက်ပြင်းကို တိတ်တိတ်လေး ချလိုက်သည်။

"ညကျရင်တော့... ကျွန်တော် ခေါ်သိပ်နိုင်ပါတယ် ညရေး ညတာ ထ,စရာရှိရင်လဲ ကျွန်တော် ထ,နိုင်ပါတယ်"

ကိုကောင်းထက်က ညဘက်ကို တာဝန်ယူလိုက်တော့ ကလေး များက ဝမ်းသာအားရနှင့် "ဟေး..." ခနဲအော်လိုက်ကြသည်။ က က ကံကောင်း၏ ပါးလေးနှစ်ဖက်ကိုဆွဲကာ "ကံကောင်းရေ... မောင်လေး ဘယ်မှမသွားရတော့ဘူး" ဟု ဝမ်းသာအားရအော်သည်

သူက ဝမ်းသာသော်လည်း ပါးနှစ်ဖက်လုံး နာသွားသော ကံကောင်းက ဝမ်းမသာချေ။ လန့်ဖျပ်ပြီး "ဝါး"ခနဲ ထ,ငိုသည် သဘောကျပြီး ကလေးတွေက တဝါးဝါး ရယ်ကြပြန်သည်။



ခြောက်ခြောက်ကပ်ကပ် ဖြစ်နေသော အခန်းသည် ချက်ချင်းပင် စိုပြည်ပြီး ဆူဆူညံညံဖြစ်သွားသည်။ ဖိုးခွားနှင့် ကိုတူးက တစ်ဦးကို တစ်ဦး လက်တွဲပြီး ဝိုင်းကြီးပတ်ပတ် ထကကြတော့ ပိုပြီး ဆူသွားသည်။ ကိုတူးက ဖိုးမှူး၏ ခြေထောက်ကိုတက်နင်းမိသည်။ ဖိုးမှူးက အော်သည်။

"နေကြဦးလေ... နေကြဦး၊ ကိုတူး ထိုင်စမ်း"

ကိုရန်ဝေးက အသံကိုမြှင့်၍ အော်သည်။

"နေကြဦး... သိပ်ပျော်မနေကြနဲ့ဦး၊ ငါတို့မှာ စဉ်းစား စရာတွေ ကျန်သေးတယ်၊ သိပ်မဆူကြနဲ့ကွာ၊ ခဏတိတ် ကြစမ်း"

ကလေးသံတွေ ငြိမ်သွားသောအခါမှ ကိုရန်ဝေးက စကားဆက် ပြောသည်။ သူ့မျက်နှာက တည်ငြိမ်နေသည်။

"ကလေးဆိုတာ ထိန်းနေရုံနဲ့ မပြီးဘူး၊ ကျွန်တော်တို့ အားလုံး တစ်ယောက်တစ်လက် ဝိုင်းထိန်းကြရင် ကိုတူးပြော သလိုပဲ ခဏနေရင် ကြီးသွားမှာပါ၊ တကယ့်ပြဿနာကငွေ၊ ဟုတ်တယ်... ငွေ၊ သူ့ရဲ့စားဝတ်နေရေး အပြင် ကျန်းမာရေးနဲ့ ပညာရေး၊ အဲဒါတွေအတွက် ကုန်ကျလာမယ့်ငွေ အဲဒီငွေကို ဘယ်သူပေးမလဲ"

"အဲ..."

ဒေါ်ရွှေနုက သူ့သမီး မမွေးကြူကို ကြည့်သည်။ မမွေးကြူ က မခင်လှကို ကြည့်သည်။ မခင်လှက ဦးထင်ကိုကြည့်သည်။ ဦးထင်က ကိုကောင်းထက်ကို ကြည့်သည်။ ကိုကောင်းထက်ကတော့ ကိုရန်ဝေးကို စိတ်မကောင်းသော မျက်နှာနှင့် ငေးကြည့်နေရင်း "အဟက်..." ဟု မရယ်ချင်ဘဲ ရယ်လေသည်။ ထိုပုစ္ဆာသည် သူ တစ်ချိန်လုံး စဉ်းစားနေမိသော ပုစ္ဆာပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေးကို မွေးစားပြီဆိုတာနဲ့ သူရဲ့ တာဝန်ကို ကျွန်တော်
ယူရတော့မယ်၊ ကျွေးရမယ်၊ အဝတ်အစား ဆင်ရမယ်၊ နေမကောင်း
ဆေးကုသပေးရမယ်၊ နောက်ပြီး… ပညာသင်ပေးရမယ်"

ကလေးတစ်ဦး မွေးဖွားသည်မှ စ၍ ဘွဲ့ရ ပညာတတ် တစ်ဦး
ဖြစ်လာသည်အထိ ကုန်ကျမည့်ငွေများကို သူတို့ အားလုံး စိတ်ထဲ
အပြေးအလွှား တွက်ချက်ကြည့်မိကြသည်။

ကဲ… ဘွဲ့ရသည်အထိ ကျောင်းထားမပေးဘူးဟု ဆိုဦးတော့
ဆယ်တန်း အောင်သည်အထိပင် ကုန်ကျငွေက နည်းမည်မဟုတ်

"ငါ့သားလေးသာ မသေဘဲ ရှိနေရင် ငါ့သားကို ငါဖြ
အောင်မွေးမှာပါ၊ ပညာတွေလဲ အတန်းကုန်အောင်သင်ပေးမှ
ပါ။ ဘယ်လောက်ကုန်မလဲလို့ ငါစဉ်းစားနေမှာတောင်မဟုတ်
ပါဘူး၊ ခြစ်ခြစ်ခြုတ်ခြုတ်နဲ့ ဆရာဝန်ကြီးဖြစ်အောင်
အင်ဂျင်နီယာကြီးဖြစ်အောင်"

ကိုကောင်းထက်က စဉ်းစားသည်။ ကံကောင်းသည် သူ
သွေးလည်းမဟုတ်လေသည့်အတွက် သူကမလွှယ်သည့်ဘ
မဖြစ်နိုင်သည့်ဘက်များကို ဖောင်းပေးပြီး စဉ်းစားဆုံးဖြတ်နေမိခြင်း
ဖြစ်ကြောင်းကို သူကိုယ်သူ ရုတ်တရက်သိသွားသည်။

"ငါ့သားလေးသာဆိုရင် ငါ့ဖြစ်အောင် လုပ်မှာသေ
တယ်" ဟု ဆက်တွေးမိပြီး အသက်ကိုတစ်ဝကြီး ရှိုက်
ရှုလိုက်သည်။ သူရှိုက်၍ ရှုလိုက်သောလေထဲတွင် ဖြစ်လာ
သမျှဒုက္ခတွေကို ရင်ဆိုင်ရဲသော သတ္တိတွေပါလာသလိုခံစား
လိုက်ရသည်။



"ဒီလိုပဲ ခြစ်… ခြစ်… ခြုတ်… ခြုတ်"

ကိုကောင်းထက်က ထစ်ထစ်ငေါ့ငေါ့ ပြောသည်။ သူ၏
တစ်လတာ အသုံးစရိတ်ကိုမည်မျှထိ လျှော့ချရလေမည်နည်းဟု
တွက်မသာတွေးမိသော်လည်း "ငါ့သားကလေး ငါ့ဆီပြန်လာတာ"
ဟူသော အတွေးက လွှမ်းနေ၍ ကြည်နူးသလိုလို ဖြစ်နေသည်။

"ကျွန်မတို့လဲ အနည်းအပါးတော့ တတ်နိုင်…"

မခင်လှက ကိုရန်ဝေးကို လှမ်းကြည့်သည်။ "ကျွန်မတို့ရော
ဘယ်လောက်တတ်နိုင်မလဲ"ဟူသော မေးခွန်းကို သူ့မျက်လုံးများ
က မေးနေကြသည်။

ကိုရန်ဝေးက တွေးမျိုသည်။ သူ့လခထဲမှ လစဉ်တစ်ပြား
တစ်ချပ်မျှ မပိုသည်ကို ကောင်းစွာသိသောကြောင့် ဖြစ်လေသည်။

သူတို့ မိသားစုအနေနှင့် ကိုယ်စားသည့်အထဲက ဖဲ့ပြီး
ကျွေးနိုင်သော်လည်း လစဉ် ငွေကြေးကိုပုံမှန် ထားပြီး ဖဲ့ပေးနိုင်ဖို့က
လွယ်။ မခင်လှမျှာ သူ့ မိခင်ကြီးကို တစ်လတစ်ရာ ထောက်ပံ့
ချင်သည်ဟု ပြောနေသည်ကိုပင် လက်တွေ့အကောင်အထည် မဖော်
နိုင်သေးပေ။ နောက်လမှ နောက်လမှနှင့် လတွေ ရွှေ့လာသည်မှာ
ကြာနေပြီ။

ထို့ပြင် ကဲကဲလေး ငယ်စဉ်က ကုန်ခဲ့ရသော ဆရာဝန်ဖိုး
ဆေးဖိုးများကို သူတစ်ဆက်တည်း သတိရသည်။ ကံကောင်း
ကလေးသာ ထိုသို့ ချူချာနေလျှင် ထိုဆေးဖိုး ဝါးခများကို မည်သူက
ဆိုင်းမတွ ကြည်ကြည်ဖြူဖြူ ပေးနိုင်ပါမည်နည်း၊ ပေးချင်ပါ
မည်နည်း။

"အဲဒါက ပြဿနာ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကျယ်သော်လည်း ပြတ်ပြတ်သားသားရှိသော အသံ ရုတ်တရက် ကြားလိုက်ရသည်။ သူ့တို့အားလုံး လုံးဝ မျှော်လင့်မ မိသူ တစ်ဦး၏ အသံဖြစ်လေသည်။

"အဲဒါက ပြဿနာ မဟုတ်ပါဘူး"

တံခါးပေါက်ဝတွင် ရပ်နေသော ဦးဘပွားက ထပ်ပြောသည် သူ့မျက်နှာကတော့ ခါတိုင်းလိုပင် မရယ်မပြုံး ခပ်တည်တည် ခပ်တင်းတင်း ဖြစ်သည်။

"ဒါဆို... ဘာ... ဘာက ပြဿနာလဲ ခင်ဗျ"

ကိုကောင်းထက်က အူကြောင်ကြောင် ပြန်မေးသည် အပေါ်ထပ်သို့ တစ်ခါတစ်ရံမျှ တက်လာဖူးခြင်းမရှိသော ဦးဘပွား သူ၏ အိမ်တံခါးဝတွင် ရုတ်တရက်တွေ့လိုက်ရ၍ တအံ့တဩ ဖြစ်နေသည်။ ထို့ကြောင့် ဦးဘပွားကို အိမ်ထဲသို့ ထိုင်ပါ ဖိတ်မန္တက ပြုရန်ပင် လုံးဝ သတိမရခဲ့ချေ။

"ဒီကလေးအတွက် တစ်လကို ဘယ်လောက်ကုန်မလ
တစ်နှစ်ကို ဘယ်လောက်ကုန်မလဲ"

ဦးဘပွားက မေးသည်။ သို့သော် သူ့ကို ဖြေမည့်သူမရှိ သူ့ကို အဖြေပေးရမည့်အစား "ဒီလူကြီး ဒီနေရာမှာ မဆီမဆိုင် ဘာလာလုပ်ပါလိမ့်"ဟု တွေးနေမိကြသောကြောင့် ဖြစ်သည်။

"ကြီးလာပြီး တက္ကသိုလ် တက်တော့ရော စရိတ်
ဘယ်လောက်ရှိမယ်ထင်လဲ"

ဦးဘပွားက ဆက်၍မေးသည်။ သူ့ကို တအံ့တဩ ကြည့် ကြသူများကို အထက်မှစီးကြည့်ရင်း အကဲခတ် နေဟန်ရှိသည်



"ဒါကတော့ အတိအကျ ဘယ်သူသိနိုင်မှာလဲတော်"

ဒေါ်ရွှေနုက သူ့ကို ပြောသလိုလို ကိုယ့်ကိုပြောသလိုလိုနှင့် ကြားတကြားပြောသည်။ သူ၏ အောက်နှုတ်ခမ်းသည်လည်း အပြင်ဘက်သို့ ထော်၍ထွက်လာသည်။

ဦးထင်ကမူ သူတို့အခန်းထဲသို့ လှမ်းဝင်လာရန် စဉ်းစားဟန် မရှိဘဲ တံခါးပေါက်ဝတွင် ဟန်ကြီး တစ်ခွဲသားနှင့် ရပ်နေသော ဦးဘပွားကို အမြင်ကတ်လက်စနှင့်မို့ ပိုပြီးကတ်သွားသည်။

"ဘယ်လောက်ကုန်လဲသိတော့ ခင်ဗျားကပေးမှာမို့လား ဦးဘကြွားရဲ့"ဟု စိတ်ထဲမှနေပြီး ဘုကန့်တန့်တန့် မေးနေမိသည်။ မခင်လှ၏ မျက်လုံးများကမူ "အရေးထဲမှာ ဆရာလာလုပ်မနေပါနဲ့ ပေါ်ပုပ်ကြီးရယ်"ဟု ပြောနေဟန်ရှိသည်။

"ကျုပ်မှာ ငွေ... အဲ... ငွေတွေ အများကြီးရှိပါတယ်"

ဦးဘပွား သူ့ဟန်အတိုင်း ခပ်ကြွားကြွား ပြောသည်။

"ဟုတ်ကဲ့ သိပါတယ်ခင်ဗျ"

ကိုကောင်းထက်က ရိုသေစွာပြောသည်။ တကယ်ရိုသေ ခြင်းလော၊ ငေါ့တော့တော့ပြောခြင်းလော၊ မခင်လှ မခွဲခြားတတ်ပေ။

"တစ်ကယ်အရေးကြီးတာက ငွေမဟုတ်ဘူး"

"ဟုတ်ပါတယ်၊ အဲ... မဟုတ်ပါဘူးခင်ဗျ..."

ကိုကောင်းထက်က အယောင်အယောင်အမှားမှားပြော ခြန်သည်။ သို့သော် မည်သူမျှ ရယ်မောရန် သတိမရကြချေ။

"တကယ် အရေးကြီးတာက စိတ်စေတနာ၊ အင်း...
ဟုတ်တယ် စိတ်စေတနာ၊ ဟုတ်တယ် စိတ်စေတနာ
အရေးအကြီးဆုံးပါ"

www.burmeseclassic.com

www.burmeseclassic.com



သည်စကားကိုတော့ ဦးဘပွားသည် သူတို့ကို ပြောနေခြင်း မဟုတ်ဘဲ သူ့ကိုယ်သူ ပြန်ပြောနေဟန် ရှိသည်ဟု မခင်လှ ထင်မိသည်။

"ခင့်ဗျားတို့မှ စိတ်စေတနာ ရှိသားပဲ"

"ဟုတ်ကဲ့... ဒါပေမယ့် ငွေတော့ မရှိဘူး ခင်ဗျ"

သည်စကားကိုတော့ ကိုရန်ဝေးက ဝင်ပြောသည်။ ဦးဘပွားသည် ကိုရန်ဝေးကို လှမ်းကြည့်ရင်း ခပ်သဲ့သဲ့ ပြုံးလိုက်သည်။

"ငွေက ကျုပ်မှာ ရှိပါတယ်"

ဦးဘပွားက သူ့အကြည့်ကို ကိုရန်ဝေးဆီမှတစ်ဆင့်ကလေး ငယ်ဆီသို့ လွှဲပြောင်းလိုက်သည်။ မုန့်လက်ညှိုးလေး ကိုက်နေသော ကလေးငယ်က သူ့ကို မျက်လုံးလေးအဝိုင်းသားနှင့် ပြန်ကြည့်နေသည်။ ဦးဘပွား၏ မျက်နှာပေါ်တွင် သူတို့ တစ်ခါမျှ မမြင်ဖူးသော နူးညံ့ သည့် အရိပ်အရောင်ကို ပျပျလေး မြင်လိုက်ရသည်။

"လိုတဲ့ငွေကို ကျုပ်ပေးနိုင်ပါတယ်၊ အဲ... ပေးပါ့ မယ်"

ဦးဘပွား၏ စကားကိုကြားတော့ ဒီဇင်ဘာ မျက်ခုံးမွေးခဲတံ အကူအညီနှင့် ထင်ထင်ရှားရှား မည်းမည်းနက်နက် ဖြစ်နေသော ဒေါ်ရွှေနု၏ မျက်ခုံးနှစ်ဖက်သည် အပေါ်ဘက်သို့ ဆတ်ခနဲ ပင့်တက်သွားသည်။ အရှေ့သို့ ထော်ထွက်နေသော အောက်နှုတ်ခမ်း ကမူ အောက်ဘက်သို့ ဟက်ခနဲ ပြုတ်ကျသွားလေသည်။ ကြား လိုက်ရသော စကားကို မယုံချင်။

"ဒါဆိုရင် ဒီကလေး အေးအေးချမ်းချမ်းကြီးလာ အောင် ကျုပ်တို့ တတ်နိုင်မယ် ထင်ပါရဲ့"



ဟူသော စကားကို ကြားတော့...

ကိုရန်ဝေး၏ ရင်ထဲတွင် သိမ့်ခနဲ ဖြစ်သွားသည်။ ဝမ်းသာ ားရနှင့်...

"တကယ်လား ဒါဟာ တကယ်ပြောနေတာလား၊ ဦး တကယ်ပေးမှာလား"

ဟု လျှာခလုတ်တိုက်အောင် စိတ်ထဲမှ မေးနေမိသော်လည်း ကယ့်လက်တွေ့တွင်တော့ သူ့နှုတ်မှ အသံမှထွက်မလာခဲ့ချေ။

ဦးဘပွားသည် သူ၏ အကြည့်ကို ကလေးငယ်မှ တစ်ဆင့် ရန်ဝေးဆီသို့ ပြန်၍ ကူးပြောင်းလိုက်သည်။ သူ့ကို တအံ့တသြ း ရှူးတတင် ကြည့်နေသော ကိုရန်ဝေး၏ မျက်လုံးများကို ၍ ကြည့်သည်။

"ကျုပ်တို့... တတ်နိုင်ကြမှာပါ ဟုတ်တယ် မဟုတ် လား"

ဦးဘပွားက ထပ်ပြောသည်။ ထို့နောက် ခေါင်းကို ဆတ်ခနဲ တ်ကာ မျက်နှာကို မော့လိုက်သည်။ ခုနတုန်းက ပျပျလေး နေရသော နူးညံ့သည့်အပြုံးသည် ပြန်၍ ပျောက်သွားသည်။ နဂို နှာထားအတိုင်း ခပ်တည်တည် ခပ်တင်းတင်း ပြန်ဖြစ်သွားလေ သည်။

"ကဲ... ဒါပါပဲ"

ဦးဘပွားသည် မည်သူ့ကိုမျှ နှုတ်မဆက်ဘဲ ပြန်လှည့်ပြီး ထွက်သွားသည်။ သူ့ထွက်သွားတော့မှ ကိုကောင်းထက်သည် န်းထဲသို့ ဖိတ်ခေါ်ရန် သတိရတော့သည်။ သို့သော် တအံ့တသြနှင့် ဆေးထည့်ထားသလို ဖြစ်နေ၍ ဘာစကားမျှ ပြော၍မထွက်သေး

www.burmeseclassic.com

www.burmeseclassic.com



လေ့ကားကို တစ်ထစ်ချင်း နင်းကာ ခပ်လေးလေးဆင်း သွားသော သူ့ခြေသံကို နားထောင်ရင်း သူတို့အားလုံး ငြိမ်နေကြသည်။

လူတွေကသာ ငြိမ်နေသော်လည်း ရင်ထဲတွင်တော့ တသိမ့်သိမ့် လှုပ်ရှားနေကြသည်။ အမျိုးအမည် မခွဲခြားတတ်သော ဝေဒနာတစ်ခုက ရိုက်ခတ်ပြီး မျက်ရည်တွေလည်း လည်နေကြလေသည်။

ဦးဘဖွားသည် သူကိုယ်သူ အံ့ဩနေသည်။ သူ ဘာဖြစ်လို့ သည်လို တာဝန်ယူလိုက်မိမှန်း သူကိုယ်သူပင် အသေအချာ မသိပေ။

“အင်း… ဦးကံမြင့် ပြောသလို ပြောရမယ်ဆိုရင်တော့ ဒီကလေးရဲ့ ကံကြောင့်ပဲ ဖြစ်ရမှာပေါ့လေ”

သည်နေ့ မနက် လမ်းလျှောက်ပြီး ပြန်လာတော့ သူတော်တော် လေး မောသည်။ ဦးကံမြင့်က သူ့ကို စိုးရိမ်သလို ကြည့်ရင်း “မောသလား ဦးဘဖွား”ဟု ဆိုတော့ သူက နှုတ်ခမ်းကို တင်းတင်း ...ကာ ခေါင်းခါပြလိုက်သည်။

ရင်ထဲတော့ “အင်း… လာပြီ လာပြီ… ဝေဒနာတွေတော့ ဖြည်းဖြည်း လာနေပြီ”ဟု တွေးကာ တုန်လှုပ်လှုပ် ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်၊ သို့သော်လည်း သူတုန်လှုပ်နေသည်ကို ဦးကံမြင့် သိမှာ စိုးရိမ်နေပြန်သည်။

အိမ်ပြန်ရောက်တော့ နံနက် ခုနစ်နာရီခန့် ရှိပေပြီ။ တိုက်ဆိုင်ကြိမ်သက်လျက်ရှိသော သူ၏ အခန်းငယ်ကလေးသည် သူ့ကို ခါတိုင်းလိုပင် အေးစက်စွာ ဆီးကြိုသည်။ သူသည် ဧည့်ခန်းက ကုလားထိုင်တွင် မောလျစွာ ထိုင်ရင်း စားပွဲမှန်ပြားအောက်မှ သားတွေ-သမီးတွေ၏ ပုံများကို ငေးငေးစိုက်စိုက် ကြည့်နေမိသည်။

သည်အချိန်ဆိုရင် သူတို့တွေ ဘာများလုပ်နေကြမလဲဟု တွေးရင်း ခေါင်းထဲတွင် ရီဝေဝေဖြစ်လာသည်။

ဘာပဲ လုပ်နေသည်ဖြစ်စေ၊ သူတို့၏ ဖခင်သည် သူတို့ကို လွမ်းဆွတ် တမ်းတလျက်ရှိကြောင်းကိုကား ယောင်၍မျှ တွေးတောမိလိမ့်မည် မဟုတ်သည်မှာ သေချာသည်။ သူတို့၏ ဖခင်ဦးဘပွားသည် ချစ်တတ်လိမ့်မည်။ လွမ်းတတ်လိမ့်မည်ဟုလည်း ထင်ကြလိမ့်မည် မဟုတ်ပေ။

သမီးကြီး၏ စာတစ်စောင်ထဲတွင် "သမီးလဲ မြန်မာပြည်ကို သတိရပါတယ်၊ ဒါပေမယ့် အလုပ်များလွန်းလို့ ကြာရှည်တော့ သတိမရနိုင်ဘူး၊ ဖေဖေရော သမီးတို့ဆီ လာမလည်သေးဘူးလား ဒီနှစ် နွေမှာ အားရင် လာခဲ့ပါလား ဖေဖေ၊ သမီးကတော့ ဖေဖေ့ကို သတိရနေပါတယ်"ဟု ဆိုခြင်းအားဖြင့် ဖေဖေကတော့ သတိရနေလိမ့်မည် မဟုတ်၍ သွယ်ဝိုက်၍ ဆိုလိုခြင်း ဖြစ်ကြောင်းကို သူ နားလည်လိုက်သည်။

သမီးကြီးသည် သူတို့၏ ဖခင်သည် သူတို့အား နှစ်နှစ်ကာကာ ချစ်ခင်ခြင်း မရှိခဲ့ဟု စွဲလမ်း ယုံကြည်နေဆဲပင် ဖြစ်ပုံရလေသည်။



"အင်း... တကယ့်တကယ် ကတော့ ငါကလဲ ငါပါပဲလေ"

ဦးဘပွားက သူ့ကိုယ်သူ အပြစ်တင်မိသည်။ သူသည် သားသမီးများ အပေါ်တွင်ပင် မာနကြီးခဲ့သူဖြစ်သည်။ သမီး၏စာကို ဖတ်ရတော့ သူစိတ်ထိခိုက်မိသည်။

ထို့ကြောင့် "ဖေဖေက သမီးတို့ကို မချစ်ဘူး၊ သတိမရဘူးလို့ သမီးထင်နေလား၊ တွေ့ရာအရပ်မှာ တွေ့ရာ မိန်းမတွေနဲ့ပဲ ပျော်နေတယ်လို့ သမီး ထင်နေသလား၊ မှားလိုက်တာ သမီးရယ်၊ အခု ဖေဖေ တကယ့်ကို တစ်ယောက်တည်း နေ... နေတာပါ။ အားရင် သမီးတို့ သားတို့အကြောင်းကိုပဲ ထိုင်တွေးပြီး လွမ်းနေတတ်တာ ကိုရော သမီးသိရဲ့လား၊ သားတွေသမီးတွေ မြေးတွေနဲ့ သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ပါးပါး နေရမယ့် ဘဝကို ဖေဖေသိပ်ပြီး တမ်းတနေမိတယ်ဆိုတာကိုရော သမီးတို့ သားတို့ ယုံရဲ့လားဟင်"ဟု ချက်ချင်း စာပြန်ရေးမိသည်။

သို့သော် ညတုန်းက ရေးထားသော စာကို မနက်ကျတော့ သူပြန်ဖတ်ကြည့်ပြီး အစိတ်စိတ် အမွှာမွှာ ဆုတ်ပစ်ခဲ့သည်။

"နင်တို့ကို ချစ်တယ်၊ ချစ်တယ်နဲ့ ထိုင်အော်နေရမှာလား ပုံပြောပြီး ပုတ်သိပ်နေရမှာလား"

ဟု ဒေါ်တာသကြီး အော်ဟစ်ပြောခဲ့သော သူ့အသံများကို သူပြန်၍ ကြားယောင်မိသောကြောင့် ဖြစ်သည်။

သမီးကြီးက သူ့စာကို ဖတ်ကြည့်ပြီး "အဘိုးကြီးတော့ အခုမှ နှောင်တ တွေရနေပြီ"ဟု တွေးကာမဲ့ ပြုံးပြုံးလိုက်မည်ကို သူကြောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အတွေးခံ အပြုံးခံ ရမည့်အစား "သူ့ဟာ သူပျော်နေတာ သားသမီးတွေကို ချစ်တာ သတိရတာ မဟုတ်ဘူး"ဟုသာ အထင်ခံလိုက်တော့မည်။

ဦးဘမွားက သမီးကြီး၏ ဓာတ်ပုံကို ကြည့်ကာ သက်ပြင်းချသည်။ ထိုသို့ပင် ထင်နေသည့် အတွက်လည်း သမီးက တစ်ခေါက် တလေလောက်ပင် အလည်ပြန်လာရန် မစဉ်းစားခဲ့ချေ။

"သမီးတို့ရော...မြန်မာပြည်ကို မေ့နေပြီလား ဖေဖေ့ မြေးတွေရော မြန်မာစကား တတ်သေးလား"ဟု သူက မေးတော့ သမီးကြီးက "မြန်မာပြည်ကို မမေ့ပါဘူး ဖေဖေရဲ့ ကိုယ် အဖေတစ်ယောက်လုံးရှိနေတဲ့ တိုင်းပြည်ကို ဘယ် မေ့မှာလဲ"ဟု စာပြန်ရေးခဲ့သည်။

သမီးကြီးသည် သမီးက မြန်မာလူမျိုးပဲဟာ မြန်မာပြည်ကို မေ့ပါ့မလား"ဟု မရေးခဲ့သည်ကို သူသတိထားမိသည်။

"ဖေဖေ့မြေးတွေကတော့ မြန်မာစကား မတတ် သလောက်ပဲ ဖေဖေရေ သမီးတို့က အိမ်မှာတော့ မြန်မာလို ပြောပါတယ်၊ ဒါပေမယ့် ကလေးတွေက သိပ်ပြီး နား မယဉ်ဘူးပေါ့၊ တစ်နေ့တုန်းကတော့ သားအလတ်ကောင်က သီးမွှေးငှက်ပျောသီး တစ်လုံးကိုကြည့်ပြီး ဒီဘာနာနားက အရပ်အမြင့်ကြီးပဲတဲ့ သမီးတို့တွေ ရယ်လိုက်ရတာ" ဟုရေးခဲ့သည်ကို သတိရသည်။

"မြန်မာလူမျိုး တစ်ယောက်က မြန်မာစကား မတတ် တော့တာဟာ၊ ရယ်စရာလား ဒါဟာရယ်စရာဖြစ်နေသလား" သူက တွေးရင်းတွေးရင်း ရင်ထဲတွင် အောင့်လာကာ ချောင်း



ဆိုးသည်။ ပထမတော့ လည်ချောင်းထဲတွင် ယားလာကာ ခါတိုင်း လိုပင် တစ်ချက် နှစ်ချက်လောက်ဆိုးသည်ဟုထင်သည်။ သို့သော်လည်း တစ်မိနစ်ခန့် အဆက်မပြတ် ဆိုးနေ၍ သူအတန်ငယ် လန့်သွားသည်။ ချောင်းဆိုးရပ်တော့လည်း ရင်ထဲတွင် ဟိုက်၍ ကျန်ရစ်သည်။

"ရေဆာလိုက်တာ"

သူက တီးတိုး ညည်းညူမိသည်။ သို့သော်လည်း နေရာမှ ထကာ ထမင်းစားခန်းထဲရှိ ရေခဲသေတ္တာဆီသို့ လျှောက်သွားရမည် ကိုပင် ပင်ပင်ပန်းပန်း ဖြစ်နေ၍ သည်အတိုင်း ပေ၍ ထိုင်နေမိသည်။

"ဒီနေ့မနက် လမ်းလျှောက်တာ များသွားပြီ ထင်တယ်"

ဟု တွေးရင်း ချောင်းထပ်ဆိုးပြန်သည်။

စားပွဲပေါ်တွင် ညကတည်းက ကျန်နေသော ရေနွေးကြမ်း ခွက်ကို တွေ့ရသည်။ တစ်ဝက်ခန့် ကျန်နေသေးသဖြင့် အသာလှမ်း ယူကာ တစ်ကျိုက်မော့သောက်လိုက်သည်။

"အလတ်ကောင်ကတော့ စာထဲမှာ မေးထားတယ်၊ ဖေဖေတို့ တိုင်းပြည်မှာရော နိုင်ငံရေး ရာသီဥတု ကောင်းရဲ့ လားတဲ့"

အတန်ငယ် အမောပြေသွားတော့ သူကဆက်၍ တွေးမိ ပြန်သည်။ ဖေဖေတို့ တိုင်းပြည်မှာရောဟု မေးထားသည်ကို ထောက်ရှုခြင်းအားဖြင့် မြန်မာပြည်သည် သူ၏ တိုင်းပြည်မဟုတ်ဟု ဆိုလိုဟန် ရှိလေသည်။

"အင်း...ဟိုနိုင်ငံသူကို ယူ၊ ဟိုနိုင်ငံမှာနေပြီး ဟိုနိုင်ငံ သားကလေးတွေရဲ့ အဖေ ဖြစ်လာမယ့်သူဆိုတော့လဲ ဒီလိုပဲ မေးတော့မှာပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



သူက ရေနွေးကြမ်း အေးစက်စက်ကို တစ်ကျိုက်ထပ်သောက်သည်။ လည်ချောင်းတစ်လျှောက် မျောပြီး ဆင်းသွားသော ရေသည် သူ၏ လက်ရှိဘဝလိုပင် အေးစက်စက်ဖွယ်တတ်တယ်နှင့် အနံ့အရသာ ကင်းမဲ့နေသည်။

"သားငယ်ဆီက စာမရတာတော့ အတော်တောင် ကြာနေပြီ"

သူ၏ သားအငယ်သည် သူ၏မိခင်နှင့် အတူဆုံးမို့ အချော ဆုံးဖြစ်သည်။ သူ့မိခင်လိုပင် နက်ရှိုင်းသော ကန်ရေပြင်နှင့် တူသည့် မျက်လုံးများကို ပိုင်ဆိုင်သည်။ ရယ်ခဲပြုံးခဲသည်။ မိသားစု သံယောဇဉ် သိပ်မရှိဘဲ ကင်းကင်းပြတ်ပြတ် နေလေ့ရှိသည်။

ဖခင်ဆီသို့သာမဟုတ်၊ အစ်မနှင့် အစ်ကိုဆီသို့လည်း စာရေး ခဲ့သည်။ ရေးလျှင်လည်း ဖွဲ့ဖွဲ့နွဲ့နွဲ့ မရေးတတ်ဘဲ တိုတို ရှင်းရှင်းနှင့် လိုရင်းကိုသာ တဲ့တိုးရေးလေ့ရှိလေသည်။ သူများ အကြောင်းကိုလည်း ဘာမျှ မစပ်စု၊ သူ့အကြောင်းကိုလည်း ဘာမျှ မပြောတတ်ပေ၊ သားငယ်၏ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ လူမှုဆက်ဆံရေး စသည်များကို သူက မှန်းဆ တွေးတောရှာ ကြည့်ရသည်။

သားငယ်ကတော့...

"အဆင်ပြေပါတယ် ဖေဖေ"

ဟုသာ တိုတိုတုတ်တုတ် ရေးလေ့ရှိလေသည်။

"ဖေဖေရော နေကောင်းရဲ့လား၊ သွေးရော တိုးသေး လား၊ တစ်လောက ဆေးစစ်တာရော ဘာရောဂါတွေ့သလဲ"

စသည်စသည်ဖြင့်လည်း ဖခင်ဖြစ်သူကို တစ်ခါမျှ မမေးခဲ့ ဖူးချေ။



"မင်း... တို့တွေအတွက် ငါ့ရဲ့ ကျန်းမာရေးနဲ့ သေရေး၊ ရှင်ရေးဟာ ဘာမှ စိတ်ဝင်စားစရာ ကိစ္စမဟုတ်ပါဘူး ထင်ပါရဲ့"

ဦးဘပွားက ညှိုးငယ်စွာ တွေးသည်။

အတန်ကြာအောင် ခြေပစ်လက်ပစ် ထိုင်နေမိပြီးမှ နေရာမှ သည်။ ရေအေးအေး တစ်ခွက်ကို အလျှင် သောက်မည်။ တော့ ရေချိုးမည်။ ထိုနောက် အဆင်သင့်ဖျော်သောက်၍ ရသော ကာအုပ်တစ်ထုပ် ဖျော်သောက်ပြီး ခေတ္တမျှ အိပ်လိုက်ဦးမည် စဉ်းစားသည်။

သို့သော် သူသည် ရေအေးအေးကိုလည်း မသောက်ဖြစ်၊ လည်း မချိုးဖြစ်ခဲ့ပေ၊ အိမ်ရှေ့တွင် စကားတပြောပြောနှင့် ာက်လာကြသော ဖိုးမှုနှင့် ဖိုးခွား မောင်နှမ နှစ်ဦးကြောင့် ဖြစ် သည်။

"ကံကောင်းလေး သနားပါတယ်နော်"

ဖိုးခွားက ပြောသည်။

"သူ့ကို မိဘမဲ့ဂေဟာပို့မယ် ထင်တယ်တဲ့၊ ပါးပါးက ပြောတယ်"

"ဘာဖြစ်လို့ မမွေးစားတာလဲ ဟင်"

"ကလေး တစ်ယောက် မွေးစားရတယ် ဆိုတာ လွယ်တာမှ မဟုတ်ဘဲတဲ့"

"ဘာဖြစ်လို့လဲ"

"ဟ... ခွားကြီးရ ပိုက်ဆံကုန်တာပေါ့ဟ"

"ငါမှာသာ ပိုက်ဆံရှိရင် ကံကောင်းလေးကို မွေးစား မယ် သိလား၊ အဟုတ်ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"အေး... ဒါပေမယ့် နင့်မှာမှ ပိုက်ဆံမရှိဘဲ"

"သိကြားမင်းကြီး မ,ပါခင်ဗျာ၊ ကျွန်တော့်မှာ ပိုက်ဆံတွေ အများကြီးရှိလာအောင် မ,စပါ ခင်ဗျ"

ဖိုးခွားက ဆုတောင်းသည်။ ဖိုးမူက ရယ်သည်။

"နင့်မှာ ပိုက်ဆံတွေ အများကြီးရှိအောင် စောင့်နေ ရရင်တော့ ကံကောင်းလေး အိုပြီး သေတော့မှာပဲ"

"ဒီလိုဆိုရင် သိကြားမင်းကြီးရေ၊ ကံကောင်းကို သူဌေးကြီး တစ်ယောက်ယောက် မွေးစားအောင် လုပ်ပေးပါ ခင်ဗျ"

ဖိုးခွားက သူ့ဆုတောင်းကို ပြင်ဆင်ပြီး ထပ်မံ ဆုတောင်းသည်။

"အဲဒီ သူဌေးကြီးက သဘောလဲ ကောင်းပါစေလို့ ထည့်ပြီး ဆုတောင်းဦးလေဟာ"

ဖိုးမူက ဖြည့်စွက်သည်။

ပြောပြောဆိုဆို ရယ်ရယ်မောမောနှင့် လှေကားကို သွက်သွက် နင်းကာ တက်သွားကြသော သူတို့မောင်နှမ၏ ခြေသံကို နားထောင် ရင်း ဦးဘမွား ငိုင်နေမိသည်။

"သူဌေးကြီး တစ်ယောက်ယောက်တဲ့"

ဖိုးခွား ရေရွတ်သွားသော စကားကို ထပ်၍ရေရွတ်ကြည့်မိ သည်။ ထို့နောက် သူ့တွင်ရှိသော ပစ္စည်းအင်အား၊ ငွေအင်အားကို စိတ်ထဲမှ တွက်ကြည့်နေမိသည်။ ခြံများ၊ တိုက်တာ အဆောက် အအုံများ၊ (စိန် ရွှေ ရတနာတော့ သိပ်မရှိလှ ဇနီးသည်၏ လက်ဝတ်လက်စားများကို သမီးကြီးအား အကုန်ပေးလိုက်ပြီ



ဖြစ်သည်။) လစဉ်ဘဏ်သို့ ဝင်နေသော အိမ်ငှားခငွေများ (အိမ်ငှားခကို နိုင်ငံခြားငွေနှင့် ရသည်)။

ထိုငွေများကို ဘယ်လိုမှ သုံး၍ မကုန်ပေ။ ဘုရားရှေ့ချရန် အတ်တံတိုင်း ပြုပြင်ရေး ကျောင်းကန်ဇရပ် ဆောက်ရန် စသော ကုသိုလ်ရေးများကိုလည်း ဝါသနာမပါလေတော့ ဘယ်ကိုမှုလည်း သုံးလုံးခဲခဲ မလှူဖြစ်ပေ။ လစဉ်ပိုနေသော ငွေပေါင်းများစွာကို သူက စိတ်ဝင်စားခြင်း ကင်းမဲ့စွာနှင့် မျက်နှာလွှဲထားခဲ့သည်မှာ အတန်ကြာပေပြီ။

"ငါ့မှာ ငွေတွေအများကြီး ပိုနေတာပဲ"

သူက တွေးသည်။

"ဟုတ်တယ်၊ ငါ့မှာ ငွေတွေ အများကြီး ပိုနေတာပဲ"

သူက ရင်ဘတ်ထဲတွင် အောင့်ပြီး နာနေသည်ကိုရော၊ ချောင်းဆိုးပြီး မောနေသည်ကိုရော ခေတ္တမျှ မေ့သွားသည်။

"ငါမှာတော့ ငွေတွေ အများကြီး ပိုနေတယ်၊ ဟို ကလေး ကတော့ ငွေအနည်းအပါးလိုနေတယ်"ဟု တွေးမိသည်။ (ကံကောင်း အတွက် လိုသောငွေသည် ဦးဘမွား၏ အတိုင်းအတာနှင့်တော့ အနည်းအပါးသာဖြစ်သည်။)

"ငါက ဒီလောကကြီးထဲက ထွက်သွားရတော့မယ်၊ ဒီငွေတွေကိုလဲ ထားခဲ့ရတော့မယ်၊ တစ်ပြားတစ်ချပ်မှလဲ ယူသွားနိုင်မှာမဟုတ်"

ထမင်းစားခန်းထဲသို့ ဝင်မည်ဟန်ပြင်နေသော ဦးဘမွား၏ ခြေထောက်အစုံသည် အိမ်ပြင်သို့ထွက်လာမိလျက်သား ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူ့ကိုယ်သူ သတိမထားမိခင်မှာပင် လှေကားမှ တက်လာ
မိသည်။

ကိုကောင်းထက်တို့ အခန်းထဲတွင် လူစုံရောက်နေသည်
"နေကြဦးလေ၊ သိပ်ပျော်မနေကြနဲ့ဦး၊ ငါတို့မှာ စဉ်းစားစရာ
ကျန်သေးတယ်"ဟု ကိုရန်ဝေးက ကလေးတွေကို အော်နေသည်

သူသည် အခန်းထဲသို့ လှမ်းမဝင်ဘဲ တံခါးအကွယ်တွ
ရပ်နေမိသည်။ သူတစ်ပါး အရေး သူတစ်ပါးကိစ္စကို တစ်ခါတစ်
သိချင်ခဲ့ခြင်း၊ စပ်စုခဲ့ခြင်း မရှိခဲ့သော သူ့အနေနှင့် အခုလို သူ့မှ
အိမ်တံခါးဝ အထိ ရောက်အောင် တက်လာခဲ့ခြင်းအတွက်လည်
ကိုယ့်ကိုယ်ကို ပြန်ပြီး အံ့သြနေသည်။

"တကယ့် ပြဿနာက ငွေ၊ ဟုတ်တယ် ငွေ၊ သူ့
စားဝတ်နေရေးအပြင် ကျန်းမာရေးနဲ့ ပညာရေး၊ အဲဒါ
အတွက် ကုန်ကျမယ့်ငွေ၊ အဲဒီငွေကို ဘယ်သူပေးမလဲ"

"ငါ ပြန်ဆင်းသွားရင် ကောင်းမလား မသိဘူး" ဟု
စဉ်းစားနေမိစဉ် ကိုရန်ဝေး၏ စကားကို ကြားရတော
သူကအပြင်မှနေပြီး ခေါင်းညိတ်၍ ထောက်ခံမိသည်
ကိုရန်ဝေး ပြောသလို "အဲဒါတွေအတွက် ကုန်ကျလာမယ့်ငွေ
ထိုငွေကို သူတို့ ဘယ်လိုရှာကြမည်နည်း။ ထိုအချက်
သူတို့ ဘယ်လို ဖြေရှင်းကြမည်နည်း၊ ဒါကို သူသိချ
နေသည်။

"ဒီလိုပဲ ခြစ်... ခြစ်... ခြုတ်... ခြုတ်"

လူပျိုကြီး ကိုကောင်းထက်၏ အသံကို အလျင်ဆုံး ကြာ
ရသည်။ ထို့နောက် "ကျွန်မတို့လဲ အနည်းအပါးတော့ တတ်နိုင်



ဟု တုံ့ဆိုင်းဆိုင်းပြောသော ဒေါ်ရွှေနု၏အသံ၊ ကထိက ကတော်ကြီး ဒေါ်ခင်လှဆီကတော့ ဘာသံမျှပင် ထွက်မလာချေ။

"ငွေ"

သူက စဉ်းစားသည်။

လူသားတစ်ဦး၏ ဘဝ၊ လူသားတစ်ဦး၏ ကြမ္မာ၊ သူ၏ အသက်ရှင်သန်ရေး၊ ကြီးပွားတိုးတက်ရေး စသည်တို့အတွက် ငွေသည် မည်မျှ အရေးကြီးနေသနည်း၊ ငွေသည် ထိုမျှ အရေးကြီးသော ကဏ္ဍတွင် နေရာယူထားသင့်ပါသလား။

မိဘမဲ့နေသည့် ကလေး၊ ခိုးကိုးရာမဲ့နေသည့်ကလေး၊ လူမှန်း မသိသေးသည့် ကလေး၊ ထိုခြောက်လသားကလေးငယ်ကလေး၏ ရှင်သန်ကြီးထွားရေးအတွက် ငွေဟူသည်မှာ အဓိက ပြဿနာဖြစ်သင့်ပါသလား။

"အဲဒါက ပြဿနာ မဟုတ်ပါဘူး"

ဦးဘပွားသည် တံခါးဝတွင် မားမားရပ်ကာ သူ့ကိုယ်သူ အဖြေပေးလိုက်သည်။

"အဲဒါက ပြဿနာ မဟုတ်ပါဘူး၊ အဓိက အရေးကြီးတာက အဲဒီကလေးကို ပေးကြမယ့် မေတ္တာ၊ နောက်ပြီး ကရုဏာနဲ့ စေတနာ"

သူသည် ကလေးငယ်အား စူးစိုက်ကြည့်ရင်း တွေးနေမိသည်။ သူ့ကိုမျက်လုံးဝိုင်းလေးနှင့် ကြည့်နေသော ကလေးငယ်၏ မျက်နှာသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက သူမြင်ခဲ့ဖူးသော သူ့သား၊ သူ့သမီးများ၏ မျက်နှာလေးများနှင့် တူနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သော ချိုရွှင်လန်းဆန်းသော၊ အပြစ်ကင်းစင်သော မျက်နှာကို ကလေးငယ်များထံမှ လွဲ၍ မည်သူ့ဆီမှာမျှ သူ မတွေ့ခဲ့ဖူးသေးချေ။

"ဒီကလေးကို အေးအေးချမ်းချမ်း ကြီးပြင်းလာရအောင် ကျုပ်တို့ တတ်နိုင်မယ် ထင်ပါရဲ့"

ထိုသို့ပြောရင်း သူ့ရင်ထဲတွင် ထိထိခိုက်ခိုက် ဖြစ်လာသည်။ ဝမ်းနည်းခြင်းလော၊ ပျော်ရွှင်ခြင်းလော၊ ကြေကွဲခြင်းလော၊ ကြည်နူးခြင်းလော ဘာမှန်းမသိ။ ကျောက်ပြင်ကျောက်သားကြီးလို တင်းမာနေသော နှလုံးသားထဲတွင် နင့်နင့်နည်းနည်းကြီး ဖြစ်သည်ကို ခံစားသိရှိနေရသည်။

"အပေါ်ထပ်တက်သွားမိတာ မမှားပါဘူး"

လှေကားမှ ပြန်ဆင်းလာရင်း ဦးဘပွားကတွေးသည်။ သူသည် ကိုယ့်ကိုယ်ကိုလည်း မကျေနပ်တတ်၊ သူတစ်ပါးကိုလည်း အလွန် ကျေနပ်ခဲသော လူစားမျိုးဖြစ်သည်။ သို့သော် သည်တစ်ခါတော့ ထူးထူးခြားခြား ကျေနပ်နေမိသည်။

သူ့ကို မြင်လိုက်တော့ တအံ့တသြ ဖြစ်သွားသော မျက်နှာများ၊ သူ့ဆီက ဘာဆိုဘာမျှ မျှော်လင့်မထားသော မျက်နှာများ၊ သူ့စကားကြားတော့ ကျေးဇူးတတင်ဖြစ်သွားသော မျက်နှာများ၊ မျက်နှာဖုံးမပါသော ပကတိမျက်နှာများ၊ ထိုမျက်နှာများကို မြင်ခဲ့ရသည့်အတွက် ကျေကျေနပ်နပ်ကြီး ဖြစ်နေသည်။

"တစ်ကယ့် တစ်ကယ်ဆိုရင် ဟို... အူကြောင်ကြောင်လူ ကိုကောင်းထက်တို့ သားအဖဟာ ခပ်မွဲမွဲပဲ၊ အောက်ထပ်က သားအမိကတော့ မမွဲပေမယ့် အတော်ကို ကပ်စေးနှဲမယ့်ပုံ၊



ကတိကမိသားစုကတော့ ကလေးတွေနဲ့ဆိုတော့ လုံးလည်ချာလည်လိုက်နေမှာ၊ ဘယ်လိုမှ ချောင်ချောင်လည်လည်ရှိနိုင်မှာ မဟုတ်ဘူး၊ ဒါပေမယ့် သူတို့အားလုံးက ဒီကလေးကို တစ်ယောက်တစ်လက် ဝိုင်းပြီး ထိန်းကြဖို့၊ ကျွေးမွေးစောင့်ရှောက်ကြဖို့ ကြိုးစားပြီး ဆုံးဖြတ်ကြတယ်၊ အဲဒါဟာ ချီးကျူးစရာပဲ"

ဦးဘပွားသည် သူ၏ အခန်းနီးချင်းများကို ပထမဆုံးအကြိမ်အဖြစ် အကောင်းမြင်မိလေသည်။

"သူတို့က ကလေးကို မေတ္တာနဲ့ထိန်းကြမယ်၊ စေတနာနဲ့ပြုစုကြမယ်၊ ကရုဏာနဲ့ ကျွေးမွေးကြမယ်"လိုတဲ့ငွေကို ငါက ပေးမယ်"

အခန်းထဲပြန်ရောက်သောအခါ ဦးဘပွားသည် သူရေဆာနေသည် မှာ အတော်ကြာပြီ ဖြစ်ကြောင်း သတိရသည်။ ထို့ကြောင့် ထမင်းစားခန်းထဲ တန်း၍ ဝင်လာခဲ့ကာ ရေခဲသေတ္တာထဲမှ ရေအေးအေးကို တစ်ခွက်လုံး ကုန်အောင် တစ်ရှိန်ထိုးမော့သောက်လိုက်သည်။

မြမြအေးနေသော ရေသည် သူ၏လည်ပင်းတစ်လျှောက်ကို သာမက အစာအိမ်ထဲထိပါ အေးပြီး လျှောဆင်းသလို ခံစားရသည်။

"လိုတဲ့ငွေကို ငါကပေးမယ်၊ ဟုတ်တယ်၊ ငါ့မှာလဲ ငွေကလွဲလို့ ဘာမှ ပေးစရာ မရှိပါဘူး"

သူ၏နှလုံးသား တင်းတင်းမာမာထဲတွင် အတ္တနှင့် မာနတရားများကသာ ခဲကျပ်နေခဲ့သည်။ မေတ္တာ၊ စေတနာနှင့် ကရုဏာစိတ်များ အတော်လေးနည်းပါးခဲ့သည်ကို သူသိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ သူ့များကို ပေးစရာ ဘာမေတ္တာမှ မရှိ၊ အဲဒီမေတ္တာဆိုတာကြီးကိုလဲ တစ်သက်နဲ့တစ်ကိုယ် မင်း ဘယ်သူ့ဆီကမှလဲ မရဖူးခဲ့၊ အဟက် အဟက်"

ဦးဘပွားသည် သူကိုယ်သူ သရော်သလို ရယ်ရင်း နံရံတွင် ချိတ်ဆွဲထားသော မှန်ထဲသို့ လှမ်း၍ ကြည့်မိသည်။ ဇရာနှင့် ဝေဒနာတို့၏ အရိပ်အရောင်များ လွှမ်းနေသမ်းနေသော မျက်နှာ တစ်ခုသည် သူ့ကို ပြန်ကြည့်နေသည်။ ထိုမျက်နှာသည် အတ္တကြီး ခဲ့သူ၊ မာနကြီးခဲ့သူ၊ ကာမရာဂအားကြီးခဲ့သူ၊ ဦးဘပွားဟူသည့် သူ၏ မျက်နှာပင် ဖြစ်သည်။

"ဦးဘပွားဆိုတာ သူပဲ"

ဦးဘပွားသည် မှန်ထဲမှ ရုပ်သွင်ကို သူစိမ်းပြင်ပြင်တစ်ဦးလို ငေးပြီး ကြည့်နေမိသည်။

"ငါဟာ ဦးဘပွားပဲ မဟုတ်လား"

ဦးဘပွားက သူ့ကိုယ်သူ ပြန်ပြီး မေးမိပြန်သည်။

"ဗုဒ္ဓအဘိဓမ္မာအရ အတ္တမရှိဘူး၊ ငါဆိုတာ မရှိဘူး၊ အားလုံး အနတ္တချည်းပဲလို့ ဆိုပေမယ့် ပညတ် သဘော အရတော့ ဦးဘပွား ဆိုတာ ငါပဲမဟုတ်လား၊ ဒီရုပ်နာမ် ခန္ဓာ ငါးပါးကြီးကို ဦးဘပွား လို့ပဲ ခေါ်ကြတယ် မဟုတ်လား"

ခါတိုင်းထက် မသိမသာ နားထင်နားရင်းတွေ ကျကာ ပိန်နေသောမျက်နှာ၊ ဖြူဖတ်ဖြူရော် ဖြစ်နေသော မျက်နှာ၊ ဆံပင်တွေ ကျဲပါးကာ နားသယ် ဆံစပ်တွေ ဖြူနေသောမျက်နှာ၊ တစ်ဖြည်းဖြည်း ချုံးကပ်လာသော ဝေဒနာကို တွေးတောကြောက်ရွံ့နေသော မျက်နှာ၊



ထိုမျက်နှာသည် သူတကယ်ပိုင်ဆိုင်သော မျက်နှာမဟုတ်ကြောင်းကို ပထမဆုံးအကြိမ်အဖြစ် အတွေးပေါက်သွားသည်။

"မဟုတ်ဘူး... ငါဟာ သူ... မဟုတ်ဘူး၊ သူက သေတော့မှာ၊ ချုပ်ငြိမ်းတော့မှာ၊ မကြာခင် ပြာဖြစ်တော့မှာ၊ ဘုရား... ဘုရား၊ ဒါတွေဟာ တကယ်ပဲဖြစ်လာတော့မှာ ပါလား"

မှန်ထဲက ဦးဘပွား၏ မျက်နှာပိုပြီး ချုံးကျသွားသည်။

"ငါလို့ထင်နေတဲ့ ရုပ်ကြီးကို စွန့်ထားခဲ့ပြီးဘဝ အဆက် ဆက်နဲ့ အခုဘဝက လုပ်ခဲ့တဲ့ ကံ ဟုတ်တယ်။ အဲဒီကံတွေ အရ ဘဝတွေဆက်ကာဆက်ကာနဲ့ ဆက်ပြီး သံသရာမှာ လည်ရဦးမှာပဲ"

ဦးဘပွားသည် သူ၏တစ်သက်တာတွင် ပထမဦးဆုံး အကြိမ် အဖြစ် ရှည်လျားလှသော သံသရာအကျိုးဆက်ကို မျှော်၍ ကြည့်လိုက်မိသည်။

"နောင်ဘဝကျတော့ နောက်ခန္ဓာ တစ်ခုကို တည် ဆောက်မိတွယ်ဦးရမယ်၊ လူဖြစ်ရင်လဲ လူခန္ဓာ၊ ခွေး ဖြစ်ရင်လဲ ခွေးခန္ဓာ၊ ဘုရား... ဘုရား၊ ဒီသံသရာကြီးထဲမှာ ဘဝအမျိုးမျိုးနဲ့ ကျင်လည် ရဦးမှာပါလား၊ ပဋိသန္ဓေစိတ်တွေ ဖြစ်ရဦး မှာပါလား"

သူ တစ်ခါမျှ လေးလေးနက်နက် မတွေးမိသော နောင်ဘဝကို တွေးမိရင်း ဦးဘပွားသည် အားအင်ကုန်ခမ်းကာ ပန်းဟိုက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မိရိုးဖလာမို့သာ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ခဲ့ရသော်လည်း သူသည် ဦးကံမြင့်လို ဘာသာတရားကို သက်ဝင် ယုံကြည်ခြင်း မရှိလှပေ။

နောင်ဘဝကိုလည်း မယုံချင် သံသရာဆိုသည်ကိုလည်း မရှိစေချင်။ သို့သော် ဘယ်အချိန် ဘယ်ကာလက ဘယ်လို ယုံကြည်နေမိမှန်းတော့မသိ။ သူ၏ အတွင်းစိတ်ထဲတွင် သံသရာနှင့် နောက်နောင်ဘဝများကို ယုံကြည်မိပြီး ဖြစ်နေသည်ကို သူ့ကိုယ်သူ အံ့သြစွာ သိလိုက်ရသည်။

"ကဲ… နောင်ဘဝဆိုတာ ရှိချင်ရင်လဲရှိ၊ မရှိချင်နေ ငါ့ဟာငါ ဟုတ်ရင်လဲဟုတ်၊ မဟုတ်ချင်ရင်လဲနေ၊ ငါ… အင်း… ငါပဲ ထားပါတော့လေ၊ ငါကတော့ စီးကရက် သောက်မယ်"

အတန်ကြာအောင် ငေးနေမိပြီး ဦးဘပွားသည် သူ၏ အတွေး ကိုသူ တီခနဲ ဖြတ်ချလိုက်သည်။ ထမင်းစား စားပွဲပေါ်တွင် အဆင် သင့်ရှိသော စီးကရက်ဘူးကို ကောက်ယူသည်။ စီးကရက် တစ်လိပ် ကိုမီးညှိကာ အေးအေး ဆေးဆေး အရသာခံပြီး ဖွာရှိုက် လိုက်သည်။

"ဦးကံမြင့်က ငါ့ကို စီးကရက်မသောက်ပါနဲ့တဲ့ တားတယ်၊ ဟား… ဟား မသောက်ဘဲ နေတော့ရော မသေမှာမို့လို့လား၊ သောက်တော့ ချက်ချင်းသေသွားမှာ မို့လို့လား"

စီးကရက် မီးခိုးများကို အဆုပ်ထဲသို့ မက်မက်မောမော ရှိုက် သွင်းလိုက်ရင်း ဦးဘပွားက ခပ်လျောင်လျောင် တွေးသည်။



"ကံကောင်းဆိုတဲ့ ချာတိတ်ကလေးကြီးလာရင်ကော သူတို့က ပြောပြကြမှာပေါ့၊ မင်းကို ငွေရေးကြေးရေး အကူအညီပေးခဲ့တဲ့ ဦးဘပွားဆိုတဲ့ လူကြီးဟာ ဆေးလိပ်တွေ နင်းကန်သောက်လို့ အဆုပ်ကင်ဆာနဲ့ ကြွသွားတာပေါ့လို့ ပြောပြကြမှာပေါ့၊ အဟက်… ဟဟ်"

အပေါ်ဘက်သို့ လွင့်ပျံတက်သွားသော မီးခိုးများကို ကျေနပ်စွာ ကြည့်ရင်း ဦးဘပွားက ပြုံးသည်။ သို့သော် နောက်တစ်ကြိမ် ရှိုက် ပြီး ဖွာလိုက်စဉ် ရင်ထဲတွင် အောင့်ပြီး နာကာ ချောင်းတဟွတ်ဟွတ် ဆိုးလာပြန်သည်။ ထို့နောက် ရုတ်တရက် ပျို့ပြီးအန်ချင်လာသည်။

ဦးဘပွားသည် လည်ချောင်းထဲမှ သလိပ်များကို ဟတ်ကာ လက်ဆေး ကြွေဇလုံထဲသို့ ထွေးချလိုက်သည်။ ရဲခနဲ ပါလာသော သွေးများကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အပြင်ဘက်အခန်းတွင် ရယ်သံတွေ ဆူညံနေသည်။ ကလေးတစ်သိုက် ခေါင်းပုတ်တမ်းကစားနေကြခြင်းဖြစ်သည်။

"ကို....ဦး"

"ဟုတ်ဘူး....မှားတယ်"

"ဒါဖြင့်....ဖိုးခွားလား"

"ဟုတ်ဘူး....ကံကောင်း၊ ဟား....ဟား....ဟား"

ကလေးတွေ ဝါးခနဲရယ်ကြပြန်သည်။ ခိုးခိုးခစ်ခစ်ရယ်နေသော ကံကောင်း၏ အသံကိုပါ ကြားရတော့ ဦးထင်သည် ထမင်းရည်ငှဲရင်းရ ပြုံးနေမိသည်။

"အဖေ ထမင်းရည်ကို သွန်မပစ်နဲ့နော်၊ ကံကောင်းတို့ တိုက်ရအောင်"

"အေးပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဖွားရွှေကပြောတယ် ထမင်းရည်ထဲကို နို့မှုန့်နည်းနည်း သကြားနည်းနည်း ရောထည့်ပြီးတိုက်ရင် ကလေးဖွံ့တယ်တဲ့"

"အေး ဒါပေမယ့် အဲဒီနို့ထမင်းရည်ကို ဖွားရွှေ အလျှင်သောက်ပါဦးလို့ မင်းကပြောလိုက်ဖို့ကောင်းတယ်"

"ဘာလို့တုန်း အဖေရ"

"ကလေးကပိန်တယ်ဆိုပေမယ့် သူ့လောက်တော့ မပိန်ပါဘူးကွာ"

ဖွားရွှေခန္ဓာကိုယ် ပိန်ပိန်ကပ်ကပ် ပြားပြားချပ်ချပ်ကလေးကို တွေး၍ မြင်ယောင်ရင်း ကိုကောင်းထက်က ရယ်လိုက်မိသည်။ သို့သော်လည်း သူဖွံ့တုန်းက ဖွံ့ခဲ့လိမ့်မည်ထင်သည်။ အခုအချိန်တွင် ငါးဖောင်ရိုးဖြစ်နေသော်လည်း တစ်ချိန်တုန်းကတော့ သူ့သမီး မမွှေးကြူ လို ငါးရံ့ကိုယ်လုံးကလေးဖြစ်ချင်လျှင် ဖြစ်ခဲ့နိုင်သည်။

"ဒီလိုဆိုရင် မမွှေးကြူလဲအသက်ကြီးရင် သူ့အမေလို ငါးဖောင်ရိုးဖြစ်လာမလား မသိဘူး နော်....အဖေ"

ကိုကောင်းထက်က ကြောင်အိမ်ထဲမှ ဝက်သားပြုတ်ကို ထုတ်ကာ ပါးပါးလှီးရင်းပြောသည်။ ဝက်သားကို ပဲတောင့်ရှည်နှင့် ရော၍ ကြော်လျှင် သူတို့သားအဖနှစ်ဦးလုံး ထမင်းမြိန်တတ်သည်။

"မဖြစ်နိုင်ဘူးကွ သူ့ကိုယ်လုံးက ငါးရံ့ကိုယ်လုံး"

"အဖေကလဲသမီးလိုချင်ရင် အမေကို ကြည့်ရတယ်ဆို အခု သူ့အမေက"



ကိုကောင်းထက်သည် စကားကို ဆုံးအောင် မပြောနိုင်ဘဲရပ်သွားသည်။ ဦးထင်က တဟားဟားနှင့် ထ၍ရယ်သောကြောင့် ဖြစ်သည်။

"ဟ....ကောင်း မင်းက အမေကို ကြည့်နေပြီဆိုတော့ ဟား....ဟား....ဟား....သမီးကို လိုချင်နေလို့လား"

"ဟာ....အဖေကလဲ"

ကိုကောင်းထက် ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ ဘာပြန်ပြောရမည် မသိဘဲ အိုးတိုးအန်းတမ်း ဖြစ်သွားပြီး တဟားဟားရယ်နေသော ဖခင်ကိုကြောင်အမ်းအမ်းပြန်ကြည့်နေမိသည်။

"သမီးကိုလိုချင်ရင် သမီးကိုပဲ တည့်တည့်ကြည့်ကွ၊ သူ့အမေကြီးကို အသာဘေးဖယ်ထားလိုက်"

"ဘာဖြစ်လို့လဲ အဖေရ"

ကိုကောင်းထက်က ရှက်အမ်းအမ်းနှင့် မေးသည်။

"ဟာ ဒီ ငါးဖောင်ရိုးကြီးကို အလျှင်ကြည့်နေလို့ကတော့ မင်း ဟိုဟာလေကွာ၊ မင်းတို့ပြောတတ်တာ ဘာတဲ့ အဲအဲ ဖီလင်လေ ဖီလင်ဆိုတာ အောက်သွားမှာပေါ့ ဟုတ်ဘူးလား"

"လုပ်တော့မယ်....အဖေက"

သည်တစ်ခါတော့ သူတို့နှစ်ဦးလုံး ဟက်ဟက် ပက်ပက် ရယ်မိကြသည်။

သူတို့ သားအဖနှစ်ဦး အခုလို ရယ်ရယ်မောမော ပျော်ပျော် ရွှင်ရွှင် မနေဖြစ်ကြသည်မှာ အတော်ကြာနေချေပြီ၊ သူ၏သားငယ်လေး ဆုံးပါးသွားပြီး ဤ ဦးဖိုးလမ်းထဲပြောင်းရွှေ့လာပြီးကာထဲက သူတို့

www.burmeseclassic.com

www.burmeseclassic.com



သူ့အလုပ်သူသွား၊ သူ့အဖေကလည်း သူ့အရက်သူသောက်ပြီး အေးတိ အေးစက် နေလာကြသည်မှာ ကြာလှပြီ ဖြစ်သည်။

သောကနှင့် ပရိဒေဝကို ကြောက်ရွံ့သွားသဖြင့် သူကလည်း အိမ်ထောင်ရေးကို စိတ်မဝင်စားတော့၊ သူ့အဖေကလည်း စပ်ရှပ်ပင် မပြောတော့ဘဲ အေးစက်ခြောက်ကပ်စွာ နေလာခဲ့ကြရာ အခုလို သူ့ဖခင်က တဟားဟား ရယ်နေသည်ကိုမြင်တော့ ကိုကောင်းထက် အလိုလို ပျော်လာသည်။

"ဘ....ဖိုး....ထင်"

ကဲကဲက မီးဖိုချောင်ထဲသို့ တဒိုင်းဒိုင်း ပြေးဝင်လာသည်။

"ဘ....ဖိုး....ထင်....ဘာဟင်းချက်လဲ"

ဦးထင်က ထမင်းအိုးကို တစ်ချက်နှစ်ချက်စောင့်ကာ မီးဖိုပေါ် ပြန်တင်လိုက်သည်။

"ဒီမှာ ကလေးရယ်၊ ကျုပ်ကို ဘဘဆိုရင်လဲဘဘ၊ ဖိုးဖိုး ဆိုရင်လည်း ဖိုးဖိုး ကြိုက်သလိုခေါ်ပါ အဲဒီလို ဘဖိုးထင် ဘဖိုးထင်နဲ့ မခေါ်စမ်းပါနဲ့ အူယားလွန်းလို့ပါ"

"ဟင်....ဘာဖြစ်လို့လဲ"

ကဲကဲက မျက်လုံးကလေးအဝိုင်းသားနှင့် မေးသည်။ အူရွှင်နေသောကိုကောင်းထက်ကမူ—

"ဒီလမ်းထဲက သတ္တဝါလေးတွေက ငါ့ကို ဖိုးထင် ဖိုးထင်နဲ့ မဆင်မခြင်ခေါ်လိုက်ကြတာ သောသောကို ညံနေတာပဲ၊ ဖိုးထင်ဆိုတာကြီးကို မင်းပြောင်းပြန် ဆိုကြည့်စမ်း ငကောင်း၊ တော်တော် ဆိုးတယ်နော်"



ဟု သူ့ဖခင်က မကျေမနပ်နှင့် ပြောဖူးသည်ကို သတိရပြီး ရယ်မိပြန်သည်။

"ဘဘထင် အဲဖိုးဖိုးထင် အား ခေါ်လို့လဲမကောင်းဘူး ဘဖိုးထင်ရဲ့၊ ဘဖိုးထင်ဆိုတာပဲကောင်းတယ်"

"လစ္စမ်းမှုပဲ"

ဦးထင်က ဆဲသည်။ ထို့နောက် ရယ်သည်။

"ညည်းတို့အိမ်ရော ဘာဟင်းချက်လဲ၊ ငါတို့တော့ ပဲသီးနဲ့ ဝက်သားနဲ့ကြော်မယ်၊ ဘူးသီးဟင်းခါးချက်မယ်၊ ငါးပိရည် စားချင်တာတော့ ညည်းအမေဆီက တောင်းမလို့"

"ဦးကောင်းက ငါးပိရည်ကြိုက်လို့လား"

"သိပ်ကြိုက်တာ"

"တို့စရာဖြင့်ရှိပဲနဲ့"

"ရှိပါတယ်ဟ ဒီမှာ မတွေ့ဘူးလား၊ မနက်ကတည်းက အဖေဝယ်လာတာ ဒါက ခံတက်ချဉ်၊ ဟောဒါက ခရမ်းကြွပ်သီးနဲ့ ဖန်ခါးသီး"

"မေမေက ငါးပိရည်မကြိုသေးဘူး ဦးကောင်း၊ ခုနတုန်းက ကံကောင်းဖို့ ဆန်ပြုတ်ပြုတ်နေတယ်"

ကဲကဲ၏စကားကိုကြားတော့ ကိုကောင်းထက်သည် ကံကောင်းတို့ကတော့ နံမည်နဲ့လိုက်အောင် ကံကောင်းတော့တာပဲဟု ကြည်နူးစွာ စဉ်းစားမိသည်။

သူ့အပေါ်ထပ် တက်လာပြီး နောက်တစ်နေ့တွင်ပင် ဦးဘမှုက ငွေတစ်ထောင်လာပေးသည်။ ကိုကောင်းထက်က သူ့ကို ကျေးဇူးတင်စွာကြည့်ရင်း "လိုသမျှသုံးပြီး ပိုတာကို ကျွန်တော် စာရင်းပေးမယ်နော်

www.burmeseclassic.com

www.burmeseclassic.com



မှတ်ထားပါမယ်” ဟု ပြောတော့ ဦးဘပွားက ခေါင်းကိုသာ ဆတ်ခနဲညိတ်ပြပြီး လှည့်ထွက်သွားသည်။

တစ်လှမ်းနှစ်လှမ်း လျှောက်သွားပြီးမှ သတိရသလို ပြန်လှည့်လာပြီး “တစ်လတစ်ထောင်ဆိုရင် ရပြီလား” ဟု ခပ်တိုးတိုး မေးသည်။

“သိပ်ရတာပေါ့ဦးရယ် ပိုတောင် ပိုဦးမှာပါ”

ဟု သူက ပြောတော့ နားလည်ရခက်သော အပြုံးတစ်ခုသည် ဦးဘပွား၏ မျက်နှာပေါ်တွင် ရိပ်ခနဲဖြတ်သန်းသွားလေသည်။

“အင်းလေ ဒီလိုဆိုရင်လည်း တစ်လတစ်ထောင် လစဉ်ထုတ်လို့ရအောင် စီစဉ်ပေးခဲ့ပါ့မယ်” ဟု ခပ်တိုးတိုး ပြောသည်။

စီစဉ်ပေးခဲ့မည်ဆိုတော့ သူခရီးဝေးများသွားမှာမို့လားဟု တွေးမိပြီး “ဦး ခရီးထွက်မှာ မို့လားခင်ဗျ” ဟုမေးတော့ ကိုကောင်းထက်ကို ခပ်တွေတွေ ခပ်ငေးငေးကြည့်ရင်း ခေါင်းကို လေးပင်စွာ ညိတ်ပြခဲ့လေ သည်။

“သူ့ သားသမီးတွေက နိုင်ငံခြားမှာချည်းပဲတဲ့၊ သူ လိုက်သွားမလို့ထင်တယ်”

ကိုကောင်းထက်က စဉ်းစားရင်း ပဲတောင့်ရှည်များကို ဆက်၍လှီးသည်။ သူက အကောင်းမြင်ဝါဒသမားမို့ ဦးဘပွားကို နဂိုကတည်းက အမြင်မကတ်ခဲ့ပေ။ သူ့ဟာသူထည်ထည် ဝါဝါ နေခြင်း၊ ခပ်ကြွားကြွားပြောတတ်ခြင်းများသည် သူ့ဘဝ အကျိုးပေး ကောင်း၍ ထည်နိုင်ခြင်း၊ ကြွားနိုင်ခြင်း၊ ဖြစ်သည်ဟုသာ သဘောထား သည်။



သူတယ်လီဖုန်းဆက်ချင်၍ ခွင့်တောင်းတုန်းက “ကျုပ်က အိမ်မှာ လူဝင်လူထွက်ရှုပ်ရင် မကြိုက်ဘူးဗျ” ဟု ပြောခဲ့သည်ကိုလည်း ခဏသာ စိတ်မကောင်း ဖြစ်ပြီး ဖျောက်ပစ်လိုက်သည်။ ဟုတ်သားပဲ တစ်ယောက်တည်း အေးအေးဆေးဆေးနေချင်တဲ့သူကို ငါက နှောက်ယှက်မိတာကိုး” ဟု ကိုယ့်ကိုယ်ကိုသာ ပြန်ပြီးအပြစ်တင် ခဲ့သူဖြစ်သည်။

ထိုကဲ့သို့ နဂိုကတည်းက အကောင်းဘက်က ကြည့်တတ် မြင်တတ်သူဆိုတော့ အခုလို ကံကောင်းအတွက် ငွေရေး ကြေးရေး အကူအညီပေးသောအခါတွင်ကား ဦးဘပွားကို ကျေးဇူးတွေ တစ်ထပ်ပြီးတစ်ထပ်တင်နေမိတော့သည်။ တကယ့်ကို လူသူတော်ကောင်းကြီးလို့ မြင်ပြီး ကြည်ညိုလေးစားနေမိလေသည်။

“ဦးကောင်း ငါးပိရည်စားချင်ရင် ခဏစောင့် သမီးသွားတောင်းပေးမယ်”

“ညည်း....အမေဆီကလား”

“ဟင့်အင်း....ဟုတ်ဘူး အန်တီမွှေးဆီက”

ကံကံက ပြုံးကျဲကျဲလေးပြောသည်။ ကိုကောင်းထက်ကတော့ မျက်လုံးပြူးသွားသည်။

“ဟ....ကောင်းပါ့မလား”

သူက သူ့ဖခင် ဦးထင်လို ဇလုံတစ်လုံးနှင့် ထမင်းလိုက်တောင်း တတ်သူမဟုတ်။ အထာကလေးနှင့် နေချင်သည်။ အထူးသဖြင့် မမွှေးကြူတို့ သားအမိရှေ့တွင် နည်းနည်းတော့ ဟန်လုပ်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်၊ ဦးကောင်းကလဲ အန်တီမွှေးက ဦးကောင်းအတွက်ဆိုရင် ပေးချင်လွန်းလို့ မနေ့တုန်းကတောင် မေးနေသေးတယ်"

"ဘာတဲ့တုန်း"

ကိုကောင်းထက်က အလောတကြီး မေးမိသည်။

"သူတို့တွေ ဘာဟင်းတွေ ချက်စားနေကြရှာသလဲတဲ့"

"ဒီတော့ ညည်းက"

"ဩော်.....ပဲပင်ပေါက်ကြော်လေးနဲ့ စားနေတာတွေ့တယ်လို့ အန်တီမွှေး မသနားဘူးလားလို့တောင် မေးလိုက်သေးတယ်"

"ဒီတော့"

"အန်တီမွှေးက သနားတာပေါ့ ကဲကဲရယ်တဲ့"

ကိုကောင်းထက်၏ ရင်ခုန်သံသည် တော်တော်လေး မြန်သွားသည်။ သို့သော်လည်း ကဲကဲကို မယုံသလို မျက်လုံးပြူး ပြီးကြည့်သည်။

"ဘာလဲဦးကောင်းက မယုံဘူးလား"

ကဲကဲက ရယ်ကျဲကျဲလေး ထပ်ပြောသည်။ ထို့နောက် ခစ်ကနဲ ရယ်လိုက်သည်။ တကယ့်တကယ်က မမွှေးကြူကလည်း ထိုသို့ပြောသည်မဟုတ်။ သူက "အန်တီမွှေး မသနားဘူးလား" ဟု ဆိုတော့ "အို....ကဲကဲကလဲ ဘာဆိုင်တာလိုက်လို့" ဟုသာ ပြောခဲ့ခြင်းဖြစ်သည်။

"မယုံရဲပါဘူး ကဲကဲရယ်၊ ညည်းတို့တစ်တွေက တယ်ပြီး ယုံရတဲ့ဟာလေးတွေ မဟုတ်ပါဘူး"

"ကြည့်နေ....ကဲကဲတောင်းပြမယ်"



"ဟဲ့....ကဲကဲ"

ကိုကောင်းထက်က ဟန့်သော်လည်း ကဲကဲက မီးဖိုချောင်မှ လှစ်ခနဲပြေးထွက်သွားသည်။ ထို့နောက် လှေကားမှ တဒိုင်းဒိုင်း ပြေးဆင်းသွားလေသည်။

ဆင်းလာတုန်းက ငါးပိရည်တောင်းဖို့ဆင်းလာခြင်း ဖြစ်သော်လည်း တကယ်တန်း အောက်ထပ်ကို ရောက်သောအခါတွင်ကား ကဲကဲသည် လာရင်းကိစ္စကို မေ့သွားသည်။ ဦးဘပွား၏ အခန်းဘက်မှ ခပ်သဲ့သဲ့ကြားနေရသော ရုပ်မြင်သံကြားစက်သံကြောင့် ဖြစ်လေသည်။

"မြန်မာ့ရိုးရာ စားစရာ ပူတူးတူးလေးယိုစုံပါ၊ မြန်မာ့ ရိုးရာ စားစရာ"

ထိုအသံလေးက ကဲကဲကို ဆွဲဆောင်နေသည်။ ထို့ကြောင့် ကဲကဲ၏ ခြေထောက်များသည် မမွှေးကြူ၏အခန်းဘက်သို့မလျှောက်မိတော့ဘဲဦးဘပွား၏ အခန်းဘက်သို့ ဖြည်းဖြည်းလေး လျှောက်သွားသည်။

လှေကားအောက်မှ အုတ်ခုံပေါ်တက်ပြီး ခြေဖျားထောက်ကာ သံစကာပေါက်မှနေပြီး အသာလေးချောင်းကြည့်လိုက်သည်။ ဧည့်ခန်းထောင့်တွင်ရှိသော ရုပ်မြင်သံကြားဖန်သားပြင်တွင် တင်ပါးထိ လျှော့ကျနေသော ဘောင်းဘီရှည်လေးဝတ်ကာ ဆတ်တောက် ဆတ်တောက်နှင့် လှည့်ပတ်ကနေသော ကလေးကာတွန်းရုပ်ကလေးကို တွေ့ရသည်။

"ဖေဖေကလဲတီဗွီလေးတစ်လုံးလောက်ကို ဘယ်တော့ များကျမှ ဝယ်နိုင်မယ်မသိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကဲကဲက တောင့်တောင့်တတ တွေးမိသည်။ သူတို့ဖခင် ဦးရန်ဝေးထံတွင် ရေဒီယိုကက်ဆက်လေး ' တစ်လုံးရှိသော်လည်း ကဲကဲတို့ ကိုင်ခွင့်မရှိပေ၊ ရေဒီယိုကက်ဆက်ဟုဆိုသော်လည်း၊ ဖေဖေက ကက်ဆက်ကို အသုံးမပြုဘဲရေဒီယိုကိုသာ သုံးလေ့ရှိသည်။

ရေဒီယိုမှ လာသောသတင်းကို မှန်မှန်နားထောင်သည်။ ရေဒီယိုဇာတ်လမ်းနှင့် သောတရှင်လိုရာကိုလည်းကြိုက်သည်။

တစ်ခါတစ်ရံ ကက်ဆက်ခွေဖွင့်နားထောင်ပြန်တော့လည်း မာမာအေးတို့ ချိုပြုံးတို့၏ အသံကိုသာ ကြားရသည်။ ကဲကဲတို့အကြိုက် ကော်နီတို့ ဟေမာနေဝင်းတို့ ချစ်ကောင်းတို့၏ အသံများကို မကြားရ၍ ကဲကဲတို့ကလည်း၊ ဖေဖေကက်ဆက်ကို စိတ်မဝင်စားလှပေ။

သူတို့တကယ်စိတ်ဝင်စားသည့် တီဗွီကျတော့လည်း၊ ဖေဖေက မဝယ်နိုင်၊ သည်တော့လည်း အစီအစဉ်လေးကောင်း၍ ကြည့်ချင်လျှင် သားအဖတွေအားလုံး သူများအိမ်ပြေးပြီး ကြည့်ကြရသည်။ သူများအိမ်ဆိုတော့လည်း အိမ်ရှင်၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ရ အားနာရသည်ပင်။

"အောက်ထပ်က ဘာဘကြီးကသာ ငါတို့ကို ကြည့်ခွင့်ပေးရင် ဒီပြင်အိမ်မသွားဘဲနီးနီးနားနား ကြည့်ရမှာ"

ကိုထူးက မကြာခဏပြောလေ့ရှိသည်။

"ကြည့်ခွင့်ပေးမလားကွ တယ်လီဖုန်းတောင် မဆက်ရတာ မင်းတီဗွီကြည့်ဖို့များ ဝေလာဝေး....."



ကိုဦးကပြောလျှင် ကဲကဲက အကယ်၍ ကြည့်ခွင့်ရလျှင်ပင် မကြည့်ရဲပါဘူးဟု တွေးနေမိတတ်လေသည်။ ဘာဘကြီး၏ မျက်နှာထား တင်းတင်းမာမာကြီးကိုကြောက်၍ သူတို့စကားပင် ကျယ်ကျယ်ပြောရဲမည် မဟုတ်။ ဇာတ်လမ်းထဲရယ်စရာပါလျှင်လည်း ရယ်မောရဲမည်မဟုတ်ချေ။

"သန္တာရည်နဲ့ ထုတ်လုပ်ထားတဲ့ ပင်တိုင်စံ မိတ်ကပ်နဲ့ စနီးကရင် (မ်)ကို နာမည်ကြီးလွန်းလို့ လိမ်းကြည့်လိုက်တော့၊ အရမ်းအရမ်းကို...."

ရုပ်မြင်သံကြား ဖန်သားပြင်တွင် ဦးထုတ်ဆောင်းထားသော ခင်သန်းနု၏ ရုပ်သွင်က ပြုံးပြုံးလေးပေါ်လာပြန်သည်။

ကြော်ငြာတွေကြည့်ရသည်ကို ကဲကဲတို့ကလေးတွေ အားလုံး ကြိုက်နှစ်သက် ကြသည်။ ပျော်ကြသည်။ ကြော်ငြာတော်တော်များများကိုလည်း အလွတ်ရကြသည်။

"ဟဲ့....မိကဲ"

ကဲကဲ၏ကျောကို ကိုတူးက ဖျက်ခနဲပုတ်လိုက်သည်။

"ဟာ....ကိုတူးကလဲ လန့်လိုက်တာ"

"နင် ဘာလုပ်နေတာလဲ၊ ဘာချောင်းကြည့်နေတာလဲ"

"ဟိ....တီဗွီ"

ကဲကဲက ပခုံးလေးတွန့်ကာ သွားကျဲလေးနှင့် ရယ်သည်။

"ကိုတူးလာကြည့်၊ ကြော်ငြာတွေလာနေတယ်"

"ငါ့ကို ဘဖိုးထင်က အချိုမှုန့်ဝယ်ခိုင်းလိုက်လို့ဟ၊ နင့်တီဗွီမကြည့်အားပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



မကြည့်အားပါဘူးဟု ဆိုသော်လည်း ကိုတူးသည် ကဲကဲရပ်နေ သော အုတ်ခုံပေါ်သို့လှမ်းတက်လာသည်။ သူ့အရပ်က ကဲကဲထက် ပိုမြင့်သဖြင့် သူခြေဖျားထောက်လိုက်တော့ ကဲကဲထက်ပိုပြီး ရှင်းရှင်း လင်းလင်း မြင်ရသည်။

"ဒီနေ့ စနေနေ့၊ ကလေးအစီအစဉ်ရှိမလား မသိဘူးနော် ကိုတူး"

"ကလေး အစီအစဉ်ဆိုရင်တော့ ချစ်စရာအရွယ် ကကြိုးသွယ်တွေနေမှာပဲ၊ ငါတော့မကြိုက်ပါဘူး"

"ဘာဖြစ်လို့"

"ချွတ်တားမလေးတွေက မျက်စပစ်ပြီး၊ ဂျိန်းတုတ်တုတ် ဂျိန်းတုတ်တုတ်လုပ်နေတာ"

"အာ ကိုတူးကလဲကောင်းပါတယ်၊ ကဲကဲသာသူတို့လို ကတတ်ရင် တီဗွီမှာပါရမှာ"

"တော်သေးတာပေါ့ နင်မကတတ်လို့ အများပြည်သူ တွေ ကံကောင်းသွားရတာ"

သူ့ကိုမခံချင်အောင် ပြောနေမှန်းသိသဖြင့် ကဲကဲသည် ကိုတူးကို စိတ်ဆိုးမနေတော့ပေ။ တကယ့်တကယ်ကတော့ ကဲကဲလည်း ကိုတူး လိုပင်ဖြစ်သည်။ တပင်တိုင်အက ငြိမ့်ငြိမ့်ညောင်းညောင်းထက် ဒိုးပတ်တို့၊ အိုးစည်တို့ ဦးရွှေရိုး၊ ဒေါ်မိုးတို့လို မြူးမြူးသွက်သွက် တွေကိုသာ ပိုပြီး ကြိုက်လေသည်။

"တော်ပြီဟာ ခြေဖျားထောက်ကြည့်ရတာ ညောင်း လိုက်တာ သွားမယ်"



"နေပါဦး ကိုတူးရ၊ ဟော ပွဲတိုးတဲ့ပုဆိုး မျိုးမျိုးလုံ ချည်တဲ့"

ကိုတူးကသွားမည်ဟန်ပြင်တော့ ကဲကဲက ဆွဲထားသည်။ တစ်ဦးတည်း ချောင်းကြည့်နေရသည်ထက် နှစ်ဦးချောင်းကြည့် ရသည်က ပိုပြီးအားရှိသောကြောင့် ဖြစ်သည်။

"ကြော်ငြာပြီးရင် သွားမယ်လေနော်"

ကဲကဲက ကိုတူးကိုချော့သည်။ ညောင်းနေသော ခြေချောင်းလေး များကို ကွေးလိုက် ဆန့်လိုက်နှင့် အညောင်းပြေအောင် လုပ်ရင်း

"ခဏလေးပါ ကိုတူးရ"

ဟုထပ်ပြောသည်။ ထို့နောက် ကိုတူး၏လက်မောင်းကိုကိုင်ကာ ခြေဖျားပြန်ထောက်ပြီး အခန်းထဲသို့ တဖန်မျှော်၍ ကြည့်လိုက်သည်။

"ဟော့....တော့"

တီဗွီရှေ့မှာ မားမားကြီးရပ်ပြီး သူတို့ကိုလှမ်းကြည့်နေသော ဦးဘပွားကို တွေ့ရတော့ ကဲကဲလန့်သွားသည်။

"အဲဒါမှဂွိုဟ်ပဲ"

ကဲကဲသည် အုတ်ခုံလေးပေါ်မှ ကမန်းကတန်း ခုန်ချ လိုက်သည်။ အလျင်လိုမှ အနေးဖြစ်တာ ဖိနပ်တစ်ဖက်က လွင့်ပြီး အိမ်ရှေ့ ရေမြောင်းထဲကျသွားသည်။

"ဘာဖြစ်တာလဲဟ"

ကဲကဲ ဘာဖြစ်သွားမှန်းမသိသော ကိုတူးက အခန်းထဲသို့ ယောင်နနနှင့် ခြေဖျားထောက်ပြီး လှမ်းကြည့်သည်။ သူ့ကိုကြည့်ရင်း သံဇကာနားကို လျှောက်လာသော ဦးဘပွားကိုမြင်တော့ ရှက်တာရော မှင်တက်မိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုတူး....လာလေဟာ"

မြောင်းထဲမှ ဖိနပ်ကို ကောက်ရန်မစဉ်းစားအားသေးဘဲ ကဲကဲက အုတ်ခုံပေါ်မှ သူ့အစ်ကိုအား လှမ်းဆွဲသည်။ ခြေထောက်ကို လှမ်းဆွဲခြင်း ဖြစ်သော်လည်း အလန့်လန့်အဖျပ်ဖျပ်ဆိုတော့ ပုဆိုးကိုသာ အားရပါးရ ဆွဲမိသည်။

"ဟာ....ချွေးမလေး"

ကျွတ်ကျသွားသော ပုဆိုးကို လက်နှစ်ဖက်နှင့်ပြန်ဆွဲရင်း ကိုတူးကအော်သည်။ ထို့နောက် ပုဆိုးကို ပြန်မဝတ် အားသေးဘဲ ရင်ခေါင်းတွင် လက်နှစ်ဖက်နှင့်စုကိုင်ထားရင်း အုတ်ခုံလေးပေါ်မှ ခုန်ချလိုက်သည်။ မြေပေါ်သို့ လေးဘက်ထောက်လျက်သား မကျသော်လည်း ဟန်ချက်လွဲပြီး ဒိုက်စိုက် ဒိုက်စိုက် ဖြစ်သွားသည်။ ထို့နောက် ကိုယ့်ပုဆိုးကိုယ်နင်းမိကာ မှောက်လျက်ကြီး လဲတော့သည်။

"ဟာ....ကိုတူး....ဖွ....ဖွ....ဥ....ဖွ"

ကဲကဲက ကိုတူးကို မနိုင်မနင်း ဆွဲထူသည်။ ဒူးနှစ်ဖက်လုံး ပွန်းသွားသော ကိုတူး၏ မျက်နှာလေးက ရှုံ့နေသည်။ သို့သော် သူ့ဒူးကိုပင် သူအသေအချာ မပွတ်အားသေးဘဲအိမ်ပေါက်ဝအထိ ရောက်လာသော ဦးဘပွားအား....

"ကျွန်တော်တို့ အချိုမှုန့်သွားဝယ်မလို့ပါ"

ဟု တောင်းပန်သလိုပြောသည်။

သူ့အိမ်ရှေ့တွင် လာရှုပ်နေ၍ သူ့တီဗွီကိုချောင်းကြည့်နေ၍ ဦးဘပွားဟူသည့် လူ့ခွစာကြီးသည် သူတို့ကို စိတ်ဆိုးပြီး အော်လိုက်တော့မည်ဟု ထင်နေသည်။



သို့သော် ဦးဘပွားသည် သူတို့ထင်သလို စိတ်ဆိုးမာန်ဆိုးနှင့် မအော်ခဲ့ချေ။ သူတို့ကိုစိုက်ကြည့်ရင်း

"မင်းတို့ တီဗွီကြည့်ချင်လို့လား"

ဟုမေးလေသည်။

ကိုတူးသည် ကြားလိုက်ရသော စကားကို မယုံနိုင်သလို ဦးဘပွားအား ကြောင်တက်တက်နှင့် ပြန်ကြည့်နေမိသည်။

"ပြောလေ....တီဗွီကြည့်ချင်လို့လားဆို"

"ဟုတ်....ဟုတ်....ဟုတ်ကဲ့"

မောင်နှမနှစ်ဦးသား အထစ်ထစ်အငေါ့ငေါ့နှင့် ဖြေလိုက်မိကြ သည်။

"မင်းတို့နဲ့ ဘာဆိုင်လို့ ကြည့်ချင်တာလဲသွား"

ဟု တအားအော်လိုက်သောအသံကို ကြားရတော့မည်ဟု ယူဆပြီး ကဲကဲ၏ လက်ဖျားလေးများသည် ချက်ချင်း အေးစက်လာ သည်။ သူတို့ကို စိုက်ကြည့်နေသော ဦးဘပွားအား ခါတိုင်းလို သွားကျဲလေးနှင့် ဝင်ရယ်မပြုရဲဘဲ–

"ကိုတူးက ပြန်မယ်လို့ပြောတုန်းက ပြန်လိုက်ရရင် ကောင်းသား"

ဟုနောင်တစိတ်နှင့် တွေးလိုက်မိသည်။

"ဒီလိုဆို လာခဲ့လေ"

"ဗျာ"

ထွက်ခွာရန် ခြေလှမ်းပြင်နေသော ကိုတူးသည် ပါးစပ်အဟောင်း သား ဖြစ်သွားသည်။ ကဲကဲကတော့ ကြားလိုက်ရသောစကား ဟုတ်မှဟုတ်ရဲ့လားဟု ထင်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"လာခဲ့ အိမ်ထဲလာကြည့်လှည့်ကြ"

ဦးဘဖွားက တံခါးကို ဖွင့်ပေးလေသည်။

"သမီးတို့ လာရမှာလား"

ကဲကဲကနောက်ဘက်သို့လှည့်ကြည့်ပြီး မယုံ မရဲနှင့်မေးသည်။ သူ့စိတ်ထဲတွင် ဦးဘဖွားက သူတို့ကို ပြောခြင်း မဟုတ်ဘဲ ကျောဘက်မှ တစ်ဦးဦးကို လှမ်းပြောခြင်းဖြစ်သည်ဟု ထင်နေသည်။

"အေးလေ.....မင်းတို့ကိုခေါ်နေတာပေါ့"

"ဟင်....တကယ်"

ကလေးနှစ်ဦး၏ မျက်နှာလေးများသည် ချက်ချင်းပင် ချို့ရွှင်ပြီး ဝင်းထိန်သွားသည်။

"တကယ်ပါကွာ"

ဦးဘဖွား အစာနင်ငယ်ပျော့ပျောင်းသောအသံနှင့် ထပ်ပြောသည်။ သူ့မျက်နှာက နဂိုနေအတိုင်း ခပ်တင်းတင်းဖြစ်သော်လည်း မျက်လုံးများကမူ ရိပ်ရိပ်ကလေး ပြုံးနေကြသည်။

ရှိသင့်ရှိထိုက်သော ပစ္စည်းတစ်ခုအနေနှင့်သာ ဧည့်ခန်းတွင် ထားခဲ့ခြင်း ဖြစ်သော်လည်း သူ့အတွက် ရုပ်မြင်သံကြားစက်တစ်လုံးသည် အပိုပစ္စည်းလိုဖြစ်နေသည်။

သူက ကြော်ငြာခွေ သီချင်းတွေကို စိတ်မဝင်စားသဖြင့် ပြည်တွင်းပြည်ပ သတင်းလောက်သာ ဖွင့်ပြီးကြည့်ဖြစ်သည်။ အခုတော့ တိုင်းရေး ပြည်ရေးတွေကိုပါ စိတ်မဝင်စားတော့သဖြင့် ပိတ်ထားဖြစ်သည်သာ များတော့သည်။

သည်နေ့မနက်တော့ စိတ်ထဲတွင် လစ်ဟာလွန်းလှသဖြင့် တီဗွီ ခလုပ်ကိုဖွင့်ပြီး အရှေ့တွင် ထိုင်နေမိခြင်းဖြစ်သည်။ တီဗွီမှအရုပ်



တွေလှုပ်ပြီး အသံတွေကြားနေရသဖြင့် သူ့အနားတွင် အဖော် တစ်ယောက်ယောက် ရှိနေသလိုခံစားရသည်။

သို့သော် သူကအရုပ်တွေကိုလည်းမမြင်၊ အသံတွေကိုလည်း မကြား၊ သူ့စိတ်က ဟိုရောက် သည်ရောက်နှင့် လွင့်ချင်တိုင်းလွင့် နေခဲ့လေသည်။

အတန်ကြာအောင် တငေးတမောထိုင်နေပြီး ပျင်းလာပြန်သဖြင့် တီဗွီပိတ်ရန်ထအလာတွင် အိမ်ထောင့်ဖက်အကွယ်လေးမှ ချောင်းကြည့် နေကြသော ကဲကဲတို့မောင်နှမအား သတိပြုလိုက်မိခြင်းဖြစ်သည်။

"ဘဘကြီး တကယ်ပြောတာနော်"

ကဲကဲကထပ်မေးသည်။ သူကခေါင်းကိုငြင်သာစွာညိတ်ပြလိုက် သည်။ "ကျွန်တော်တို့ဟို....အဲ ကိုဦးနဲ့ ကံကောင်းကိုရော ခေါ်လို့ ရမလားခင်ဗျ"

ကိုတူးက မရဲတရဲမေးသည်။ ဝမ်းသာခြင်း စိတ်လှုပ်ရှားခြင်း တို့ကြောင့် သူ့မျက်နှာလေးသည် နီရောင်ပြေးနေသည်။

"ခေါ်လိုက်ပါကွာ"

"ဟေး"

ကိုတူးက ဝမ်းသာအားရနှင့်၊ ခပ်အုပ်အုပ်ကလေးအော်သည်။ ကဲကဲကလည်း လက်ခုပ်ကလေးတီးကာ ခုန်ဆွလုပ်နေသည်။ ထို့နောက် အိမ်ပေါ်သို့ ခရောသောပါး တက်ပြေးသွားကြသည်။ ခဏနေတော့ သူတို့နှင့်အတူ ကံကောင်းကို ခါးတစ်ခွင်ပြီး ချီထားသော ကိုဦးလည်း မယုံမရဲမျက်နှာလေးနှင့် ပါလာလေသည်။

"ဘဘကြီး ကဲကဲတို့ကို တကယ်ခေါ်တာနော် ပြောတယ်နော် ဟောဒီ ကိုဦးက မယုံဘူးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



မခံချင်သလို ပြောနေသော ကဲကဲကိုကြည့်ရင်း ဦးဘပွားတ မသိမသာပြုံးလာသည်။ သူခေါင်းညိတ်ပြသည်ကို မြင်တော့ ကိုဦး၏မျက်နှာလေးသည်လည်း ဝင်းပြီးရွှင်သွားသည်။

"သူတို့ကို ဝမ်းသာသွားအောင် ပျော်သွားအောင် ငါလုပ် လိုက်နိုင်ပါလား"

ဝမ်းမြောက်ခြင်း ကျေးဇူးတင်ခြင်းတို့ယှက်သန်းနေသော မျက်နှာ လေးများကို ကြည့်ရင်း ဦးဘပွား၏ အေးအေးစက်စက် နှလုံးသား ကြီးသည် နွေးခနဲဖြစ်သွားသည်။ သူတစ်ပါးကို ကူညီရခြင်း အလိုဖြည့်ရခြင်းသည် မိမိကိုယ်တိုင်ကိုလည်း မည်မျှစိတ်ချမ်းသာ စေကြောင်းကို အခုရေးရေးမျှ နားလည်ခံစားမိနေပြီး ဖြစ်သည်။

"ကဲထိုင်ကြ....ကြည့်ကြ"

ကဲကဲတို့မောင်နှမတစ်စုသည် ကုလားထိုင်ပေါ်တွင် ရို့ရို့လေး တွေ ဝင်ထိုင်ကြသည်။ ကံကောင်းက စားပွဲပေါ်မှ ဆေးလိပ်ပြာခွက်ကို လှမ်းဆွဲတော့ ကိုဦးခမျာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ကဲကြည့်ကြ ကြည့်ကြ ဘဘကြီးတော့ ခဏမှိန်းလိုက် ဦးမယ်"

သူ့ကိုကြောက်နေဟန်ရှိသော ကလေးတစ်သိုက်ကို ညှော်ခန်းထဲ ထားခဲ့ကာ ဦးဘပွားက အိမ်ခန်းထဲဝင်ခဲ့သည်။ ထိုင်ရသည်မှာ ကြာပြီမို့ သူညောင်းနေသည်။

ခေတ္တခဏမျှ ခြေဆန့်လက်ဆန့် အနားယူချင်သောကြောင့် ဖြစ်သည်။

"ပြောမယ့်သာ ပြောရတာ အိပ်လိုတော့ ပျော်မှာ မဟုတ်ပါဘူး"



အခါတိုင်း တိတ်တိတ်ဆိတ်ဆိတ် ရှိတုန်းကပင် နေ့ခင်းပိုင်း အိပ်ပျော်သည်မဟုတ် လေအေးစက်ဖွင့်ထားသော အခန်းထဲတွင် သက်တောင့်သက်သာ လဲလျောင်းရင်း ဟိုတွေး သည်တွေး တွေးနေ တတ်သည်သာဖြစ်သည်။

အခုလို တီဗွီသံတွေ လူသံတွေ ကြားနေရလျှင် ဘယ်နည်းနှင့်မျှ အိပ်ပျော်နိုင်လိမ့်မည် မဟုတ်ဟု ထင်မိသည်။

သို့သော်လည်း အတန်ငယ် ပန်းဟိုက်ဟိုက်ဖြစ်နေသဖြင့် ဦးဘပွားသည် အိပ်ရာပေါ်တွင် လဲလျောင်းရင်း မျက်စိကိုမှိတ်ထား လိုက်သည်။ ကလေးတို့၏အသံအုပ်ကလေးများနှင့် စကားပြောသံ၊ ရယ်သံများကို ကြားနေရသည်။

သို့သော်လည်း ထိုအသံများသည် သူ့စိတ်ကိုခါတိုင်းလို အနှောင့်အယှက် မဖြစ်စေသဖြင့် ဦးဘပွား အံ့ဩနေမိသည်။ အနှောင့်အယှက်မဖြစ်သည့်အပြင် သူအခါတိုင်း ခံစားနေရမြဲဖြစ် သော အထီးကျန်ဝေဒနာကိုပင် ခေတ္တမျှ မေ့ပျောက်နေမိသည်။ သူ့ဘေးတွင် အဖော်တွေရှိနေသလို ခံစားရပြီး ထူးထူးခြားခြား၊ လုံခြုံနွေးထွေးနေလေသည်။

ခဏနေတော့ သူသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့လေ သည်။

www.burmeseclassic.com

www.burmeseclassic.com

“အဲဒါကိုပဲကြည့်တော့ ဒေါ်ဒေါ်ရွှေရေ အခုတော့ ကလေးတွေအကုန်လုံးက သူတို့ ဘဘကြီးဘက်က”

မခင်လှက ကျေနပ်ခြင်းတစ်ဝက် မကျေနပ်ခြင်းတစ်ဝက်တို့ရောနေသောမျက်နှာဖြင့် ပြုံးတမဲ့မဲ့ပြောသည်။

သူ့ကလေးတွေနှင့် ဦးဘပွား အလွမ်းသင့်ပြီး အဆင်ပြေသွားကြ သဖြင့် ဝမ်းသာမိသော်လည်း ကိုဦးက “မေမေရယ် ဘဘကြီးကို ဘယ်တော့မှ ပုတ်ပုတ်ကြီးလို့ မခေါ်ပါနဲ့တော့ဗျာ၊ သူကသဘောကောင်းပါတယ် မေမေရဲ့၊ မေမေထင်သလို သဘောပုတ်ပုတ်မနောပုတ်ပုတ်ကြီးမဟုတ်ပါဘူး” ဟု မိကျောင်းမင်း ရေကင်းပြပြီး ပြောခဲ့သည်ကိုတော့ အတန်ငယ် မခံချင်ဖြစ်မိသည်။

“အေး အခုမှ မဟုတ်တော့ဘူး ဆိုရင်တော့ မပြောတတ်ဘူး၊ ပုတ်တုန်းကတော့ တကယ့်ကိုပဲ ပုပ်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပါတော်” ဟု

www.burmeseclassic.com

www.burmeseclassic.com



သူကပြောတော့ ကိုဦးကခေါင်းခါရင်း "ဘယ်တုန်းကမှ ပုပ်ခဲ့မှာ မဟုတ်ပါဘူး မေမေရား တစ်ယောက်နဲ့တစ်ယောက် နားလည်မှု တွေလွဲနေလို့ နေမှာပါ" ဟု စကားကြီး စကားကျယ်ပြောပြီး ဦးဘပွားဘက်က ကာကွယ်ခဲ့သေးလေသည်။

"တကယ့် တကယ်ကျတော့လဲ စိတ်ရင်းတကယ်ကို ကောင်းရှာပါတယ်အေ"

ဒေါ်ရွှေနုက ပြောတော့ မခင်လှသည် "အင်း သည်အဘွားကြီးလဲ မျက်နှာကြီးရာ ဟင်းဖတ်ပါသွားပြီ" ဟုတွေးသည်။ အလျင်တုန်းက ဦးဘပွား၏အတင်းကို အပြောဆုံးက ဒေါ်ရွှေနုပင်ဖြစ်ကြောင်း သူမှတ်မိသည်။

"ကြည့်ပါဦး ကံကောင်းအတွက် ဝင်ပြီး တာဝန်ယူတာ နည်းတဲ့စေတနာလား၊ ပေးပြန်တော့လဲတိုရေး ရှာရေး ပေးတာမဟုတ်ဘူး မခင်လှရဲ့ တစ်လတစ်ထောင်တောင် ပေးတာ နည်းသလား"

"အင်းလေ သူ့စေတနာက ချီးကျူးစရာတော့ ချီးကျူးစရာပဲ"

မခင်လှက အင်တင်တင်ပြောသည်။ သူ့စိတ်စေတနာကို ချီးကျူးရမည်ဆိုသော်လည်း မခင်လှသည် အလျင်တုန်းက အမြင်ကတ်ခဲ့သည့် အရှိန်လေးနှင့်မို့ အနည်းအကျဉ်းတော့ဆက်ပြီး ကတ်နေချင်သေးသည်။

"ငယ်ပေါင်းကြီးဖော်တွေ မဟုတ်တော့လဲတစ်ယောက် အကြောင်းတစ်ယောက် ဘယ်သိပ်သိကြပါ့မလဲကွယ် အခုမှသာ ဖြည်းဖြည်း သိကြရတာ လူအကြောင်းပေါင်းမှ သိရတယ် မဟုတ်လား"



ဒေါ်ရွှေနုက လက်ဖက်ကလေး တမြုံ့မြုံ့စားရင်း လေပျော့လေးနှင့် ဆက်ပြောသည်။

ဦးဘပွားကို မြင်ပြင်း "ကတ်ကတ်" နှင့် "လူ့ခွစာကြီး" "လူ့ကန့်လန့်ကြီး" "လူ့ဘဝင်ကြီး" စသည်ဖြင့် အိမ်တကာလည်ပြီး ပြောမိဆိုမိသမျှကို ခုမှ ပြန်တွေးပြီး အားတုံ့အားနာ ဖြစ်နေပုံရသည်။

သူပြောခဲ့မိသမျှကို ကျေရာကျေကြောင်း၊ အခုတော့လည်း သာသာထိုထိုးနှင့် ချီးကျူး၍ မဆုံးနိုင်အောင် ဖြစ်နေသည်။ မခင်လှကတော့ ပြောတုန်းကပြောခဲ့မိပြီးမှ ချက်ချင်းကြီး မှားပါပြီဟု ပြောင်းပြန်လုပ်ရမည်ကို ကိုယ့်ကိုယ်ကို ရှက်နေသည်။

ထို့ကြောင့် "ကျွန်မတို့က ဒီအဘိုးကြီးကို တော်တော်ဆိုးတယ် ထင်နေတာ၊ အခုတော့လဲ မဆိုးရှာပါဘူး၊" ဟုလျော့လျော့ပေါ့ပေါ့ ပြောလေသည်။

"ငါတို့ လမ်းထဲမလဲ လူသစ်တွေက အရမ်းရောက်လာပြီကိုး မခင်လှရဲ့၊ တစ်ယောက်အကြောင်း တစ်ယောက် ဆိုတာ ချက်ချင်းကြီး ဘယ်သိနိုင်ကြတော့မှာလဲ"

ဦးဖိုးလမ်းထဲတွင်သာမက စမ်းချောင်းတစ်ရပ်ကွက်လုံးတွင် ကန်ထရိုက်တိုက်တွေ မှိုလိုပေါက်ပြီး အိမ်ထောင်စုဦးရေ များမှာလည်း လျင်မြန်စွာ တိုးတက်လာသည်။ မခင်လှတို့ ရောက်လာသည်မှာလည်း လေးငါးနှစ်သာ ရှိသေးသည်မို့ လူသစ်တန်းတွင် ပါဝင်သူများဖြစ်သည်။ ဒေါ်ရွှေနုတို့ သားအမိကမူ နှစ်ပေါင်း အစိတ် သုံးဆယ်

www.burmeseclassic.com

www.burmeseclassic.com



သက်တမ်းရပြီး ဖြစ်သော စမ်းချောင်းသူစစ်စစ် မူလလက်ဟောင်းကြီးများ ဖြစ်လေသည်။

"စမ်းချောင်းကို ဟိုးအလျင်တုန်းက ရှမ်းတွေကစပြီး တည်သွားတာလို့ ပြောကြတယ် မခင်လှရဲ့၊ သူတို့စီရင်ခဲ့တဲ့ ဆေးတွေ၊ အင်းတွေရဲ့ အစွမ်းကြောင့် စမ်းချောင်းရပ်ကွက်ဟာ မီးကွင်းနေတာပေါ့၊ ဒေါ်ဒေါ်တစ်သက်တော့ စမ်းချောင်းမှာ မီးလောင်တယ်ဆိုတာ မကြားဖူးပါဘူး၊ အကြောင်းမသင့်လွန်းလို့ တစ်ခါနှစ်ခါတော့ လောင်ဖူးတယ်၊ ဒါပေမယ့် အဲဒီမီးဟာ တစ်အိမ်အပြင် နှစ်အိမ်မကူးဘူး၊ ဒါကြောင့် ဒေါ်ဒေါ်တို့ စမ်းချောင်း လက်ဟောင်းသမားတွေဟာ အိမ်ကို မီးပေါင်ထားလေ့ မရှိကြဘူး၊ လိုမှ မလိုဘဲကိုး၊ ဟုတ်ဘူးလား"

ဒေါ်ရွှေနုက ဦးဘပွားဆီမှ ဦးလည်ပြီး သူချစ်သော စမ်းချောင်းကို ဆက်၍ ချီးမွမ်းခန်းဖွင့်သည်။

စမ်းချောင်းရပ်ကွက်ကို ဒေါ်ရွှေနု ချစ်သည်။ စမ်းချောင်းရပ်ကွက်တွင်းရှိ လူနေမှုကိုလည်း ချစ်သည်။ သူက ကိုယ့်ကိုယ်ကိုသာမက ပတ်ဝန်းကျင်မှ လူများကိုပါ အမြဲတမ်း စိတ်ဝင်စားနေသူဆိုတော့ သည်ရပ်ကွက်တွင်းမှာ စိတ်ဝင်စားစရာ ဇာတ်လမ်းလေးများက ပြည့်ကျပ်နေသည်။

သူက အိမ်လည်ပြီး အတင်းပြောတတ်သူ (ထိုအထဲတွင် သူကိုယ်တိုင်လည်း ပါဝင်သည်) များကိုလည်းကောင်း၊ အိမ်မှာထိုင်ပြီး ပြောသမျှအတင်းကို စောင့်၍နားထောင်တတ်သူများကို လည်းကောင်း၊ သဘောကျသည်။ သူတို့သာ မရှိလျှင် ယခု လောကကြီးသည်၊ သည်မျှ စိုစိုပြည်ပြည် စည်စည်ကားကား ရှိမည် မဟုတ်ဟုပင်



တွေးမိတတ်သည်။

တစ်ခါတရံလည်း တစ်ဦးနှင့်တစ်ဦး စကားပြော၍ အပေါက်အလမ်း မတည့်ဘဲစိတ်ဆိုးကြ စိတ်ကောက်ကြလည်း ဖြစ်တတ်သည်။

သို့သော် ကြာကြာ မခေါ်ဘဲ မနေနိုင်ကြ။ အရေးအကြောင်း သာရေးနာရေးရှိလျှင် ဝိုင်းကြ ဝန်းကြသည်။ ကူညီကြသည်။ ကိုယ့်အိမ်က ဟင်းခွက်လည်း သူ့အိမ်ရောက်၊ သူ့အိမ်ကဟင်းခွက်လည်း ကိုယ့်အိမ်ရောက်နှင့်မို့ ဒေါ်ရွှေနုပျော်သည်။

အိမ်ဝမှနေပြီး "မဟိုဒင်းရေ ဘာချက်လဲ"ဟု မေးကာ မီးဖိုချောင်ထဲအထိ တန်းပြီးဝင်သွားနိုင်သည့် အရသာမျိုးကို ဝင်ဒါမီယာ ယခု သံလွင်လမ်းတွင် ရနိုင်မည် မဟုတ်ပေ။

သူ့မှာ သည်ထက်မက ချမ်းသာကြီးချမ်းသာပြီး ဝင်ဒါမီယာ ယခု (သံလွင်လမ်း)၊ ရွှေတောင်ကြားတွင် တိုက်ဆောက်နိုင်မည် ဆိုလျှင်ပင် ဒေါ်ရွှေနုတို့ကတော့ စမ်းချောင်းမှ ခွာနိုင်မည် မထင်။ ဘေးခန်းက အဖိုးကြီး ဦးဘပွားလို ရွှေတောင်ကြားကအိမ်ကို သံရုံးငှားပြီး သူကတော့ သည်တိုက်ခန်းလေးဆီသို့သာ ပြန်ပြေးလာမည် ဖြစ်လေသည်။

"အင်း ဦးဖိုးလမ်းထဲက လူဟောင်းတွေလည်း အတော်ကို ဆုံးပါးကုန်ကြပြီ ဟိုဘက်လမ်းထိပ်က ဦးထွန်းရှိန်၊ လမ်းလယ်က ဦးလှနဲ့ ဦးအောင်သိန်း၊ နောက်ပြီး ခင်မောင်ဆွေတို့အဖေ ဦးဟုတ်စိန်၊ နောက်ပြီး အဲဒီအိမ်ရှေ့ တွင်ခုံက ဦးမြအေး၊ သူ့တွင်ခုံမှာ ဆိစက်ကလိုသမျှ ပစ္စည်းရလို့ ဆိဘုရားလို့တောင် ခေါ်တယ်တဲ့ နောက်တော့ ဦးဧယျာရဲ့ ဇနီး ဒေါ်ဒေါ်နု သူက ပိန်ပိန်ပါးပါး ညက်ညက်ကလေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းမချောပေါ့၊ နောက်တစ်အိမ်က ဦးမြတ်ထွန်းဦးတို့ မော
မောင်နှံ နောက်တော့ မာမီကြီး ဒီဘက်ပိုင်းရောက်လာတော့
ဆန်နီဘွိုင်တို့အဖေ ဦးစိုးညွန့် တင်တင်အေးအမေ ဒေါ်နှင်းသင်
အဲဒီဒေါ်နှင်းသင်ထိုးတဲ့ရောက်ယိုများ ဘယ်လိုစားကောင်းမှန်း
မသိဘူး။ ရှောက်သီးအလုံးလိုက်ကို အစိမ်းရောင်မပျက်အောင်
ယိုထိုးထားတာ ဆိုတော့ လှလိုက်တာလဲလွန်ရော”

ဒေါ်ရွှေနုက ဦးဖိုးလမ်းထဲတွင် လှုပ်ရှားသွားလာခဲ့သူများကို တစိမ့်စိမ့်သတိရနေသည်။

“နောက်ပြီး ရွှေရိုးတစ်ယောက်ရှိသေးတယ်၊ သိပ်စိတ်
မနဲ့ရှာပေမယ့်လည်း ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူး သူ့ကိုလည်း
အကုန်လုံးက ခေါ်ကြပြောကြကျွေးကြတယ်၊ ဆွမ်းကျွေး
ကွမ်းကျွေးများရှိရင် ဘာမှပြောမနေနဲ့ ဘုန်းကြီးပွဲပြီးရင်
ရွှေရိုးပွဲပဲ သူကအရင်ဆုံး တက်လာတာ ဘယ်ဧည့်သည်မှ
မစားရသေးဘူး ရွှေရိုးကအရင်ဆုံးစားတာပဲ၊ ဒါပေမယ့်
သူ့ကိုလည်း ဘယ်သူကမှ အပြစ်မယူကြဘူး၊ အကုန်လုံးက
မေတ္တာထားကြတယ်။ ခွင့်လွှတ်ကြတယ်။ အခုတော့
မရှိရှာတော့ဘူး ရွှေရိုးရော သူ့အမေကြီးရော ဆုံးကြရှာပြီ”

တစ်ယောက်နှင့်တစ်ယောက် တိုင်ပင်ကြ၊ မေတ္တာထားကြပုံတွေကို ပြန်တွေးရင်း ဒေါ်ရွှေနုက ကြည်နူးနေသည်။

အခုတော့လည်း လူဟောင်းတွေ တဖြုတ်ဖြုတ်ပဲကြွေကာ လူသစ်များက အစားထိုးဝင်ရောက်လာသည်။ ရွက်ဝါတွေ တသဲသဲ ကြွေသွားသော်လည်း ရွက်သစ်တွေဝေနေသော သစ်ပင်ကြီးလိုပင် ဦးဖိုးလမ်းကတော့ စည်ကားနေမြဲသာဖြစ်လေသည်။



သူ့မျက်စိရှေ့တွင်ပင် ကျည်းသားရိုက်၊ ဂေါ်လီပစ်၊ ဂျင်ပေါက်၊ ကစားနေခဲ့ကြသော နေဝင်းတို့၊ ခင်မောင်ဆွေတို့ပင်လျှင် အခုတော့ ဆံပင်တွေ ဖြူစပြုနေကြပြီ ဖြစ်သည်။

“ဪအချိန်တွေ ဘာရယ်မဟုတ်ဘူး ကုန်သွားလိုက်
တာနော်”

“ဟုတ်တယ် ဒေါ်ဒေါ်ရွှေရဲ့ ကျွန်မတို့ ဦးဖိုးလမ်းထဲ
ရောက်တာတောင် ငါးနှစ်လောက်ရှိပြီ ဘာမှကြာလိုက်ရတယ်
မထင်ပါဘူး”

မခင်လှက တွေးတွေးဆဆပြောသည်။ ထိုငါးနှစ်အတွင်း အမေ့ကိုနှစ်ခါသာ တွေ့ခဲ့ရသည်ကိုလည်း ချက်ချင်းဆက်ပြီး သတိရသည်။ ဒါတောင် သူကအမေ့ဆီသွားနိုင်တာမဟုတ် အမေကသာ သူ့ဆီသို့ အရောက်လာခဲ့ရခြင်းဖြစ်လေသည်။

“အင်း လောကကြီးထဲမလဲ လူငယ်တွေကကြီး လူကြီး
တွေကအို လူအိုတွေက သေ၊ သေပြန်တော့လဲတဖြည်းဖြည်း
မေ့သွားကြရတော့တာပဲ၊ သံသရာဆိုတာ ဒီလိုပဲလည်နေကြရ
တာ ထင်ပါရဲ့အေ”

“အင်း အမေ့ခများလည်း ကြီးရှာပြီ၊ အိုရှာပြီ”

မခင်လှကတော့ အမေ့အကြောင်း ဆက်တွေးသည်။ သူ့အမေသည် အသက်ခြောက်ဆယ်ကျော်ပြီမို့ ဒေါ်ဒေါ်ရွှေထက် အနည်းငယ်ကြီးလေသည်။ ဒေါ်ဒေါ်ရွှေလို ပိန်ပိန်ပါးပါး ပြားပြားလေးလည်းမဟုတ် ဝဝအိအိကြီး ဖြစ်သည်။

“မခင်လှရဲ့ အမေကြီးရော နေကောင်းရဲ့လား”

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေနုက အမှတ်တရမေးသည်။ သူတို့နှစ်ဦးယှဉ်တွဲထိုင်နေလျှင် ဝသူကပိုဝပြီး ပိန်သူကလည်း ပိုပြီးပိန်နေဟန်ရှိသဖြင့် မြင်သူတိုင်းက ရယ်မောခဲ့ကြသည်ကို သတိရသည်။

"တစ်နေ့တုန်းက စာထဲမှာတော့ နေကောင်းပါတယ်လို့ ပါတာပဲ အမေက ဖျားခဲ့နာခဲ့ပါတယ်၊ ဒါပေမယ့် သွေးတိုးတော့ ရှိနေတယ်။ အစားလဲ နည်းနည်းမှမရှောင်ဘူး"

"ရခိုင်ဘက်မှာ အုန်းသီးပေါပေါနဲ့ အုန်းနို့တွေ သိပ်စားနေရင်တော့ မတည့်ဘူးနော်"

"အဲဒါပေါ့....ဒေါ်ဒေါ်ရွှေရယ်"

သူ့ အမေသည် သူ့ထက် ညီမဖြစ်သူ မခင်မြကို ပိုချစ်သည်ဟု မခင်လှထင်သည်။

"ကျွန်မနဲ့ နေပါလား အမေရယ်"

ဟုသူခေါ်သော်လည်း တစ်လအပြင် ပိုပြီးမနေနိုင်။

"ညည်းတို့ရန်ကုန်အိမ်ကျဉ်းကျဉ်း ကျပ်ကျပ် ကလေးတွေမှာ အသက်ရှုလို့မဝဘူး အေရဲ့"

ဟုပြောကာ ပြန်သွားတတ်သည်။

မခင်မြ၏ ယောက်ျားက ဆရာဝန်ဆိုတော့လည်း နယ်တကာအနှံ့လျှောက်ပြောင်းနေရသည်။ အိမ်ကျယ်ကျယ်ဝန်းဝန်းလည်း ရသည်။ အစားအသောက်လည်း ပေါပေါများများ ရှိသည်ဆိုတော့

"အမေ့အတွက် ပိုကောင်းပါတယ်လေ"

ဟု သူက မကြာခဏစဉ်းစားမိသည်။

သူ့အိမ်မှာ မခင်မြလောက် ပေါပေါမကျွေးနိုင်၊ ကျယ်ကျယ်မထားနိုင်တာကတော့ အမှန်ပင်၊ နောက်ပြီး မခင်မြက ကလေးတွေ



တသွက်သွက်မွေးသည်။ အပြင်မှာလည်း ခုနှစ်ယောက်၊ အခုလည်း နောက်တစ်ဗိုက်နှင့် လရင့်ပြီဟုဆိုသည်။

ရခိုင်ပြည်နယ်ရောက်သွားတော့ အမေလည်း မခင်လှဆီမလာဖြစ်တော့ပေ။ အသွားအလာ ခက်ခဲသည်ကတစ်ကြောင်း ကလေးတစ်အုပ်နှင့် မခင်မြကို စိတ်မချသည်ကလည်းတစ်ကြောင်း ဖြစ်လေသည်။

ကလေးတွေကျောင်းပိတ်စကတော့

"ဒီတစ်ခါ သမီးတို့ မိသားစု အမေ့ဆီလာခဲ့ပါလား၊ မခင်မြက ပေလီလိုက်ပို့မယ်လို့ ပြောတယ်၊ ကလေးတွေကျောင်းပိတ်တုန်း မောင်ရန်ဝေး ခွင့်ရရင်တော့ လာခဲ့စေချင်တယ်"

ဟုရေးထားခဲ့သည်။

"အင်း သွားမယ်၊ လာမယ် ကြံရင် လမ်းစရိတ်နဲ့ စားဖို့ သောက်ဖို့ တွက်နေရတာနဲ့ပဲ မသွားဖြစ်၊ မလာဖြစ်တော့ဘူး၊ သင်္ကြန်ကျရင်တော့ တစ်မိသားစုလုံး ကားနဲ့ သွားလိုက်ရရင် ဘယ်လောက်ကောင်းမလဲ အမေလဲတကယ့်ကို ပျော်ရှာမှာ၊ သွားမယ်သွားမယ် ဒီနှစ်သင်္ကြန်မှာတော့ မျက်စိမှိတ်ပြီး ဖြစ်အောင်ကိုသွားမယ်၊ ကလေးတွေလဲ ပေလီရောက်ရင် ပျော်လိုက်မယ့်ဖြစ်ချင်း"

မခင်လှက မိခင်ဖြစ်သူကို ထူးထူးခြားခြား သတိရနေသည်။ သည်က အသွားတွင် ယိုးဒယားပစ္စည်းလေး ဘာလေး ဝယ်သွားမည်။ ဟိုကအပြန်တော့ အိန္ဒိယပစ္စည်းနှင့် ငါးခြောက် ငါးခြမ်းလေး ဝယ်လာမည် သည်ပြန်ရောက်မှ တစ်အိမ်တက်ဆင်းလိုက်ရောင်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှင် စရိတ်ကလေး အတန်အသင့်တော့ ကျေနိုင်သည်ဟု စိတ်ကူးဖဲ့ရိုက်နေမိသည်။

"ဟော မေးလိုက်စမ်း ကံကောင်းလေး မေးလိုက်စမ်း အန်တီလှရယ် ကျွန်တော်လှရဲ့လားလို့"

ကံကောင်းကိုချီပြီး ထွက်လာသော မမွေးကြူက သူတို့ဘေး ရောက်လာမှ မခင်လှ၏ အတွေးများပြတ်သွားသည်။

"အောင်မလေး....လှလိုက်တာနော်"

သနပ်ခါးတွေအဖွေးသား လိမ်းထားသော ကံကောင်း၏ ပါးနှစ်ဖက်ကို ဆွဲကာ ဒေါ်ရွှေနုက မပီကလာ ပီကလာနှင့် မြူချော့သည်။

"လူချိုကြီးရယ်၊ လူချိုကြီး ဦးကံကောင်းရယ်၊ မမကဲကဲကိုကြိုက်ရား၊ အန်တီမွေးမွေးကို ကြိုက်ရား"

"ဘွားဘွားရွှေရွှေကိုပဲကြိုက်တယ်"

မမွေးကြူ၏ ဘေးတွင် ကပ်လျက်ပါလာသော ကဲကဲက ကံကောင်းကိုယ်စား ဝင်ဖြေသည်။

"ဘွားဘွားရွှေရွှေကိုကြိုက်တယ်ရား၊ အဘွားကြီးကို ကြိုက်တာရား၊ အမယ်ကြီးကို ကြိုက်တယ်ရား၊ ပြောဂျမ်း ပြောဂျမ်း"

သနပ်ခါးနံ့ မွှေးနေသော ကံကောင်း၏ ပါးလေးနှစ်ဖက်ကို ဒေါ်ရွှေနုက ခပ်ကြမ်းကြမ်းနမ်းသည်။ ကံကောင်းက စကားတွေ တပွားပွား တဂဲဂဲပြောကာ တခစ်ခစ်နှင့်ရယ်သည်။

"ရော့....အမေ၊ ကလေးကို ခဏခေါ်ထားပါဦး"



မမွေးကြူက ကံကောင်းအား လှမ်းပေးပြီး ကဲကဲနှင့်အတူ မီးဖိုထဲ ပြန်ပင်သွားသည်။ ကဲကဲ၏ လက်ထဲတွင် သံဇလုံလေးတစ်လုံး ကိုင်ထားသည်ကို မခင်လှ မြင်လိုက်သည်။

"ဟဲ့သမီး....လက်ထဲက ဇလုံက ဘာလုပ်ဖို့လဲ"

"ဦးကောင်း အတွက်တဲ့ ငါးပိရည် လာတောင်းနေတာလေ"

"ဪ"

ကဲကဲမကြားသဖြင့် ဒေါ်ရွှေနု ဝင်ဖြေသည်။ ဟုတ်သည်။ ကိုကောင်းထက်တစ်ယောက် ငါးပိရည်ဖျော်ကို တော်တော်လေး တောင့်တောင့်တတ စားချင်နေပုံရသည်။ မနေ့တုန်းကလည်း ကဲကဲအား "ကဲကဲရယ် ညည်းငါးပိရည်ကို စောင့်နေရတာ ငါ့မှာ လည်ပင်းကြီးကိုရှည်လို့ ဒီတစ်သက် စားရောစားရဦးမှာလား" ဟု ရန်တွေ့နေသော အသံကို ကြားလိုက်ရသည်။

"သားအဖနှစ်ယောက်တည်း နေကြတာဆိုတော့ ငါးပိရည်ကို တတန်တက ဘယ်ကျိုပ့်မလဲအေ၊ သူ့ ဦးကောင်း ငါးပိရည် စားချင်တယ်၊ နည်းနည်းပေးပါဆိုပြီး မနက ကတည်းက လာချွဲနေတာလေ"

"ဟုတ်တယ် အိမ်မှာလဲကျွန်မတစ်ယောက်တည်း ငါးပိကြိုက်တာဆိုတော့ တစ်ခါတစ်လေစားချင်လွန်းမှသာ ကျိုဖြစ်တာ"

သို့သော် မခင်လှ၏ ငါးပိရည်က မီးဖိုပေါ်တင်ကျိုထားသော ငါးပိရည်ထဲသို့ ငရုပ်သီးအခြောက်မှုန့်ထည့်ထားခြင်းသာဖြစ်သည်။ ဒေါ်ရွှေနုတို့သားအမိလို ပုစွန်ခြောက်တို့ ကြက်သွန်ဖြူတို့ ငရုပ်သီးစိမ်း တို့ကို ထောင်းထည့်ပြီး စားချင်စဖွယ် ဖျော်ထားသည် မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကောင်းထက်ကိုတော့ ကလေးတွေက အတော်ခ
ခင်ကြတယ်နော်"

"သြော် ခင်ဆို သူကလဲကလေးတွေကို ခင်တာကိုး၊ ဘတ်စ်ကား
ပေါ်ကနေတောင် ကလေးတစ်ကောင် ပါလာတာ ကြည့်ပါတော့လား"

တစ်သွေးတစ်မွေးဖြစ်နေသော ကံကောင်းကို ကြည့်ရင်း သူတို့နှ
ဦးသား ကြည်နူးစွာ ရယ်မိကြသည်။ သူတို့ဆီသို့ ကံကောင်းရောက်လာ
သည်မှာ ဝတ္ထုဆန်လှသည်မို့ ပြန်တွေးမိတိုင်း ရယ်ရွှင်ကြည်နူးရမည့်
အဖြစ်အပျက်တစ်ခု ဖြစ်လေသည်။

ခဏနေတော့ မမွှေးကြူနှင့် ကဲကဲတို့ မီးဖိုချောင်မှ ပြန်ထွက်
လာသည်။ ကဲကဲ၏လက်ထဲမှ ငပိရည်ဖျော်ဇလုံက ငရုပ်သီးစိမ်း
ကြက်သွန်ဖြူနံ့သင်းပြီး မွှေးနေသည်။

"ငါးပိနံ့ရတာ ငါတောင် ထမင်းဆာလာပြီ"

ငါးပိရည်ဖျော်မွှေးမွှေးကို ဆိုင်သရက်သီး ကြွပ်ကြွပ်ကလေးနှင့်
တို့ကာစားလိုက်ရလျှင် ထမင်းမြိန်လိုက်မယ့်ဖြစ်ချင်းဟု မခင်လှ
တွေးမိသည်။

အိမ်မှာ သရက်သီးကင်းတော့မရှိ သရက်ဖူးကလေးတစ်စည်း
ရှိသည်မို့ အတော်ပင်။ ပြန်တော့မှ မမွှေးကြူ၏ ငါးပိရည်ကို
တစ်ခါစားလောက် တောင်းသွားပြီး သရက်ဖူး မွှေးမွှေးလေမြှုပ်ကာ
ထမင်းမြိန်မြိန်စားလိုက်ဦးမည်။

"ဟော....ဟိုမှာ ဦးကောင်းတောင် ပြန်လာပြီ"

သူ့ဟန်အတိုင်း ခေါင်းကိုငုံ့ကာ ခပ်စိုက်စိုက်လျှောက်လာသော
ကိုကောင်းထက်ကို တွေ့တော့ ကဲကဲဝမ်းသာသွားသည်။ နှုတ်သွက်လျှာ
သွက်နှင့် လှမ်းခေါ်သည်။



"ဦးကောင်းရေ ဦးကောင်း ကံကောင်းက ဒီမှာ"

နဂိုကတည်းက လာချင်ချင် ဖြစ်ဟန်တူသောကိုကောင်းထက်က
ပြုံးသွားသည်။

အလယ်လှေကားဆီသို့ မသွားဘဲ မမွှေးကြူ တို့အခန်းဘက်သို့
လှည့်ဝင်လာသည်။ လာသာလာရသော်လည်း ရှက်တက်တက်ဖြစ်
နေသဖြင့် ဘယ်သူ့ကိုမှ မကြည့်ဘဲဒေါ်ရွှေနု လက်ထဲမှ ကလေးကိုသာ
"ကံကောင်းရေ အံမယ် ငါ့သားက သနပ်ခါးတွေ ဘာတွေနဲ့ပါလား
ကွာ" ဟု လှမ်းပြောသည်။

ကံကောင်းကလည်း ကိုကောင်းထက်ကိုမြင်တော့ မြူးသွား
သည်။ ဒေါ်ရွှေနုပေါင်ပေါ်တွင် ခြေထောက်ကလေး နှစ်ဖက်ထောက်
ကာ ခုန်ဆွ ခုန်ဆွနှင့်လုပ်နေသည်။

"ဟေး ကံကောင်း ခဏ နေဦးကွာ၊ ငါ ရေကလေး
မိုးကလေး ချိုးလိုက်ပါရစေဦး"

ကိုကောင်းထက်က ကံကောင်းအား လက်နှစ်ဖက်ဖြင့် မြှောက်ချီ
ကာ တစ်ချက် နမ်းလိုက်သည်။ ထို့နောက် ပြုံးပြုံးကြီး ကြည့်နေသော
ဒေါ်ရွှေနုလက်ထဲသို့ ပြန်ပေးလိုက်ပြီး "ခဏလေးပါ၊ ကျွန်တော်
ရေချိုးလိုက်ဦးမယ်နော် ဒေါ်ဒေါ်" ဟု ခွင့်တောင်းသလိုပြောသည်။

"ဦးကောင်းရေ"

ကဲကဲခေါ်သည်။

"ဦးကောင်းရေ ဒီမှာကြည့်"

သူ့လက်ထဲမှ ငါးပိရည်ဖျော်ဇလုံကို မြှောက်ပြရင်း ကဲကဲအား
မမွှေးကြူဘက်သို့ မေးကလေးထိုးပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါးပိရည်ဖျော်လေ၊ အန်တီမွေး ပေးလိုက်တာ"

ကိုကောင်းထက်လည်း ငါးပိရည်ဖျော်မွှေးမွှေးကို ငုံ့ကြည့်ရင်း မခင်လှလိုပင် ချက်ချင်း ထမင်းဆာသွားဟန်ရှိသည်။ တံတွေးတစ်ချက်မျိုချလိုက်သည်။ ထို့နောက် မမွှေးကြူအား ကျေးဇူးတတင် လှမ်းကြည့်ရင်း သူ့ဝသီအတိုင်း အလွှဲလွှဲအချော်ချော် ပြောတော့သည်။

"ကျေးဇူးတင်လိုက်တာ ငါးပိရယ်၊ ကျွန်တော်လေ မမွှေးကြူလေး စားချင်နေတာ ကြာလှပြီ" တဲ့

ၜၜၜ



ဦးကောင်းက အဲဒီလိုပြောလိုက်တော့ အန်တီမွေးက အရမ်းရှက်သွားတာပေါ့ ဘဘကြီးရဲ့၊ မျက်နှာကြီးကို နီရဲသွားတာပဲ"

တခစ်ခစ်ရယ်ရင်း ပြောပြနေသော ကဲကဲကို ငေးကြည့်ရင်း ဦးဘပွားသည် ကိုကောင်းထက်၏ အူတူတူပုံကိုရော၊ မမွှေးကြူ၏ ရှက်အမ်းအမ်း မျက်နှာကိုရော အတွေးမျက်စိထဲတွင် ထင်းထင်းကွင်းကွင်း မြင်ယောင်လာသည်။ ရယ်ချင်စိတ်ကလည်း လိပ်ပြီးတက်လာလေသည်။

"အဲဒီတော့ ဦးကောင်းက သူမှားသွားမှန်းသိပြီး အရမ်းအားနာသွားပြီး ဘယ်လိုပြန်ပြောလဲ သိလား ဘဘကြီး"

"ဆိုပါဦးကွာ"

www.burmeseclassic.com

www.burmeseclassic.com



ကဲကဲက သူ့ဟာသူ ရယ်နေသဖြင့် စကားကို တော်တော်နှင့် မဆက်နိုင်၊ သိပြီး ဖြစ်ဟန်တူသော ကိုဦးနှင့် ကိုတူးတို့ကလည်း ကဲကဲနှင့် အတူရောရ၍ ရယ်နေကြသည်။

"ဦးကောင်းက အန်တီမွေးကို မျက်လုံးကြီးပြူး ကြည့်ပြီး ဆောရီးဗျာ ဆောရီး၊ ကျွန်တော်က မမွေးကြူကို အရမ်းစားချင်နေလို့ မှားပြီးပြောမိတာပါ ငါးပိရယ်တဲ့"

"ဟား.....ဟား.....ဟား..... ကောင်းရောဗျာ" သည်တစ်ခါ တော့ ဦးဘပွားသည် ပြုံးရုံမျှမက ဟက်ဟက်ပက်ပက် ရယ်မိတော့ သည်။ ကိုကောင်းထက်ဆိုသည့် လူ အူတူတူနိုင်ပုံကိုတော့ သူလက်တွေ့ သိပြီး ဖြစ်သည်။ ဟို တစ်ခါ သူ့ကို တည့်တည့်ကြီး ဝင်တိုက်မိတုန်းက လည်း ဆောရီးဟုမပြောဘဲ "သိုင်းကျူးဗျာ နော် သိုင်းကျူး" ဟု အလွဲလွဲအချော်ချော် ပြောခဲ့ဖူးသေးသည်။

"အဲဒီတော့ အန်တီမွေးလဲ ရှက်ပြီး မီးဖိုချောင်ထဲ ဝင် ပြေးရော၊ ဦးကောင်းထက်ကတော့ ငါးပိရည်ခွက်ကြီးကိုင်ပြီး ဝေ့ခါးတက်တော့ ဘယ်လိုဖြစ်ပြီး ဘာနဲ့ ခလုပ်တိုက်လိုက်မှန်း မသိပါဘူး ဘဘကြီးရယ်၊ ဟပ်ထိုးကြီးလဲလိုက်တာ၊ သူ့ တစ်ကိုယ်လုံးတဲ့ မွေးကြိုင်နံ့စော် သွားတာပဲ ငါးပိနံ့....ငါးပိနံ့"

"ဟို..... အဘွားကြီး ဒေါ်ရွှေနုရော"

ဒေါ်ရွှေနု၏မျက်နှာ မည်သို့ရှိလိမ့်မည်နည်း၊ ဦးဘပွား က သိချင်သွားသည်။

"ဟာ..... ဘွားရွှေလား....ဘွားရွှေရော မေမေရော ဘာပြောကောင်းမလဲ၊ တအားရယ်လိုက်ကြတာ ဘဘကြီးရေ၊ ဘယ်သူ့ကိုမှတော့ မပြောနဲ့နော် ရှူးရှူးတွေ ဘာတွေ ထွက်လို့"



တိုးတိုးလေး ပြောသော စကားကို နားထောင်ရင်း ဦးဘပွားသည် အကျယ်ကြီး ရယ်လိုက်မိလေသည်။ ရယ်ရင်းမှ ချောင်းဆိုးပြီးသီးသွား သဖြင့် ကိုတူးက ရေတစ်ခွက်ပြေး၍ ခပ်ပေးသည်။

ချောင်းဆိုးသည်က တော်တော်နှင့်မရပ်။ ကိုဦးက ဦးဘပွား၏ ကျောကို အသာလေး ဖိပေးသည်။

"အံမာလေး..... မောလိုက်တာ"

ဦးဘပွားက ရေကိုတစ်ငုံချင်း နား၍သောက်သည်။ ရယ်ရ လွန်းသဖြင့် ချွေးစို့ကာ ရင်ထဲတွင် ရှင်းသွားဟန်ရှိသော်လည်းမော သွားသော အမောက တော်တော်နှင့် မပြေဘဲ ရင်ထဲတွင် နာကျင်ကာ ပန်းဟိုက်ကျန်ခဲ့သည်။

"နင်က ရယ်စရာတွေ တအားပြောတာကိုးဟ" ကိုတူးက ကဲကဲကို အပြစ်တင်သည်။ ကဲကဲက ဆင်ခြေကန် သည်။

"အံမာ....ရယ်လို့ မောတာ မဟုတ်ပါဘူး ကိုတူးက လဲ၊ ဘွားရွှေကြည့်ပါလား၊ ဦးကောင်းကို မျက်လုံးကြီး ပြူးကြည့်နေပြီးမှ တအားထရယ်တာ ရှူးရှူးတွေသာ ထွက်လာတယ်၊ မောတော့ မောပါဘူး"

သေးထွက်အောင် တအားရယ်နေမည့် အဘွားကြီးအား မြင် ယောင်လာရင်း ဦးဘပွားက ရယ်ချင်လာပြန်သည်။ ထို့နောက် "အင်း ဒီလူပျိုကြီးနှင့် အပျိုကြီးလဲ တစ်ခါတည်း အဆင်ပြေသွား ကြရင်ကောင်းသား၊ ကံကောင်းအတွက်လဲ အမေရော အမေရော ရသွားတာပေါ့" ဟု ဆက်၍ စဉ်းစားနေမိသည်။

www.burmeseclassic.com



"ဘဘကြီး မောရင် သွေးဆေးသောက်မလား၊ မေမေ ကတော့ မောရင် သွေးဆေးလေး ထသောက်တတ်တာပဲ"

"နေပါစေကွာ၊ ဒီအမောက သွေးဆေးသောက်လို့ လို့ ပျောက်မယ့်အမောမှ မဟုတ်တာ"

"ဒီလိုဆို သံပရာရည်ရောဟင်"

"အေး.....ကောင်းသားပဲ"

ဦးဘပွားး ခေါင်းညိတ်တော့ ကိုဦး ဝမ်းသာသွားသည်။ သူတို့ကို ပျော့ပျောင်းချိုသာစွာ ဆက်ဆံလာသော အိမ်ထဲဝင်ပြီး တီဗွီကြည့်ခွင့်ပေးသော ဦးဘပွားကို သူက ခင်မင်စိတ်တွေ ပွားနေသည်။ မောနေသည်ကိုတွေ့တော့ သက်သာလာအောင် တစ်ခုခု လုပ်ပေးချင်နေသည်။

"ရေခဲသေတ္တာထဲမှာ သံပရာသီးရှိတယ်၊ ဂလူးကို့စ်က တော့ စားပွဲပေါ်မှာ၊ သွားဖျော်ပေးမလား"

"ကဲကဲ ဖျော်ပေးမယ်"

"ဟ.....နင်က ဖျော်တတ်လို့လား"

ကိုဦးက မယုံသလိုမေးတော့ ကဲကဲက ပြုံးစပ်စပ်နှင့် ခေါင်းညိတ်ပြသည်။

"လာ.....ကိုတူး၊ ကဲကဲတို့ သံပရာရည်ဖျော်ရအောင်"

ကဲကဲနှင့် ကိုတူးက ထမင်းစားခန်းထဲ ဝင်သွားကြသည်။အခုတော့ ဘဘကြီး ဦးဘပွားနှင့် သူတို့ရင်းနှီးနေပြီမို့ မီးဖိုချောင်ထဲအထိ တံခါးမရှိ၊ ခါးမရှိ ဝင်ခွင့်ရနေပြီဖြစ်သည်။ သူတို့ကလည်း ကိုင်သမျှ ပစ္စည်းများကို ဆေးကြောကာ နေရာတကျ ပြန်ထားတတ်သည့်အတွက် ဘဘကြီးက သဘောကျဟန် ရှိလေသည်။



ဘဘကြီးက ရေခဲသေတ္တာထဲမှ ချော့ကလက်တို့ ကိတ်မုန့်တို့ကို ယူစားဟုဆိုသော်လည်း ကဲကဲတို့က တစ်ခါမျှယူမစားပေ။ တော်ကြာ သည်ကလေးတွေ ချော့ကလက်စားချင်လို့ လာနေတယ်လို့ ထင်သွားလျှင် ဘယ်ကောင်းမှာလဲဟု ကိုဦးက အငယ်နှစ်ဦးကို ခပ်ကျိတ်ကျိတ်လေး သတိပေးထားလေသည်။

"ဘဘကြီး နောက်ဖေးက ပန်းကန်တွေ ကျွန်တော် ဆေးလိုက်မယ်နော်၊ မကွဲစေရဘူး.....စိတ်ချ"

ကိုတူး၏ အသံပေါ်လာသည်။ ကိုဦးကတော့ စားပွဲပေါ်တွင် ပြန့်ကျဲနေသော တိုင်း(မ)နှင့် နယူး(စ)ဝိခ်မဂ္ဂဇင်းများကို သပ်သပ်ရပ်ရပ်ပြန်၍ စီသည်။ ထို့နောက် အိမ်နောက်ဖေးမှ တံမြက်စည်းသွားယူကာ ဧည့်ခန်းကြမ်းပြင်ကို လှည်းသည်။

"သံပရာရည်က ချိုချိုလား၊ ချဉ်ချဉ်လား ဘဘကြီး"

"ချဉ်ချဉ်ကွာ"

"ရေခဲထည့်မယ်နော်"

"အေး ......"

ဦးဘပွားသည် ပက်လက်ကုလားထိုင်တွင် သက်တောင့်သက်သာထိုင်ရင်း တံမြက်စည်းလှည်းနေသော ကိုဦးကို ကြည်နူးစွာ ကြည့်နေသည်။ မောင်နှမ သုံးဦးက သူ့ကို ချစ်ခင်ကြင်နာစွာဝိုင်း၍ ပြုစုနေကြသည်ကို ကျေကျေနပ်နပ်ကြီးခံယူရင်း ရင်ထဲတွင် လှုပ်လှုပ်ခတ်ခတ် ဖြစ်နေသည်။

သူ တိတ်တခိုး တောင့်တနေသည့်ဘဝ၊ သူ့ရင်ထဲမှ ပြင်းပြင်းထန်ထန် လိုချင်နေသည့် ဘဝသည် ထိုသို့သောဘဝမျိုးပင် ဖြစ်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား.....ဦးဘပွား၊ ပရိသတ်တွေ ဘာတွေနဲ့ ပါလား"

အိမ်ထဲဝင်လာသော ဦးကံမြင့်က တအံ့တသြ ရေရွတ်သည်။ သူ့ဆေးခန်းတွင် သည်နေ့ မနက်ပိုင်းက လူနာတော်တော်များ၍ အတော်လေးပင်ပန်းသည်။ နေ့ခင်းပိုင်းတွင်ခဏ တဖြုတ်အနားယူရန် ဇနီးသည်က တိုက်တွန်းသော်လည်း သူ့စိတ်က ဦးဘပွားဆီ ရောက်နေသည်။

သည်နှစ်ရက် သုံးရက်လောက်အတွင်း သူတို့ မဆုံဖြစ်သည့်အတွက် ဦးဘပွားတစ်ယောက် ပျင်းများနေမလား၊ စိတ်အားများငယ်နေမလား၊တွေ့ကရာတွေများတွေးပြီး တုန်လှုပ် ချောက်ချားနေမလား ဟုတွေးတောစိုးရိမ်နေမိသည်။ ထို့ကြောင့် "ဦးဘပွားနဲ့ ချက်(စ်)သွားထိုးလိုက်ဦးမယ်" ဟုဆိုကာ မနားဘဲ ထွက်လာခဲ့ခြင်းဖြစ်သည်။

"ဟာ.....ဦးကံမြင့်၊ လာဗျာ"

ပက်လက်ကုလားထိုင်ပေါ်တွင် အေးဆေးသက်သာ ထိုင်ရင်းကျေနပ်ပြီး ပြုံးနေသော ဦးဘပွားက ဆီးကြိုနှုတ်ဆက်သည်။

" ကဲကဲရေ..... ဆရာဝန် ဘဘကြီး အတွက်လဲ ဖျော်ခဲ့ဟေ့"

ကိုဦးက ထမင်းစားခန်းထဲ လှမ်းအော်သည်။

"ရမယ်.....ရမယ် "

ကိုတူးက အခန်းထဲမှနေပြီး အားတက်သရော ပြန်အော်သည်။ကလေးတွေအကုန်လုံးသည် အခန်းထဲရောက်နေ၍ ကံကောင်းဟူသည့် ကလေးလေး ပါလိမ့်မည်ဟု ဦးကံမြင့်ထင်သည်။



ကံကောင်းကို သူတစ်ခါမျှ တွေ့တွေ့ဆိုင်ဆိုင် မတွေ့ဖူးသေးပေ။

"ကံကောင်းက ဟိုဘက်ခန်းမှာ အန့်တီမွေးနဲ့ အတူတူ အိပ်နေတယ် ဘဘကြီးရဲ့"

ဦးကံမြင့်က မမေးဘဲနှင့် ကိုဦးက အလိုက်တသိ ဖြေသည်။ ထို့နောက် "ခုနတုန်းက ဘဘကြီး မောနေတယ် ခင်ဗျ" ဟု ပြောသည်။

"နည်းနည်းပါဗျာ.....ရယ်ရင်းနဲ့ သီးသွားလို့"

"ရယ်ရင်းနဲ့"

ဦးဘပွားတစ်ယောက် သီးသွားလောက်အောင် ရယ်သည်ဆို၍ ဦးကံမြင့် တော်တော် အံ့သြသွားသည်။ ထို့ပြင် တော်တော်လည်း ဝမ်းသာသွားသည်။ မည်သည့်အကြောင်းကြောင့် ရယ်ရယ်၊ ထာဝစဉ် တင်းမာနေသော ဦးဘပွားအတွက် ရယ်မောခြင်း၊ပျော်ရွှင်ခြင်းသည် ဆေးတစ်ခွက်ပင် ဖြစ်သည်။

"ကလေးတွေ ပြောပြတာ နားထောင်ရင်းနဲ့ ရယ်လိုက် တာဗျာ၊ ရယ်ရင်းနဲ့ ချောင်းဆိုးတော့၊ တံတွေးသီးသွားလို့"

"ချောင်းက တော်တော်ဆိုးလို့လား"

"အင်း..... ခုတစ်လောတော့၊ တော်တော်လေးဆိုးလာ တယ်"

ဦးဘပွားက မမှုလောက်ပါဘူးဟူသော မျက်နှာထား ခပ်ပြုံးပြုံး ဖြေသည်။

"ချောင်းဆိုးရုံပဲလား"

"သွေးလဲပါတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဦးဘပွားက ခပ်ပေါ့ပေါ့ပြောသည်။ ထိုသို့ ခပ်ပြုံးပြုံး၊ ခပ်ပေါ့ပေါ့ ပြောလိုက်နိုင်ခြင်းအတွက်လည်း၊ ကိုယ့်ကိုယ်ကို ကျေနပ်နေသည်။ မျက်လုံးတွင် စိုးရိမ်သော အရိပ်အရောင်တွေ သမ်းလာသော်လည်း၊ "ဒါကဒီလိုပဲ ဖြစ်တတ်ပါတယ်။အရေးမကြီးပါဘူး" ဟု ဟန်ဆောင်ရန် ကြိုးစားနေသော ဦးကံမြင့်ကို အရသာခံ၍ ကြည့်နေမိသည်။

"သံပရာရည်.....ဘဘကြီး"

ကဲကဲနှင့် ကိုတူးက သံပရာရည်ဖန်ခွက်ကို တစ်ခွက်စီကိုင်လာကြသည်။ စားပွဲပေါ်တွင် တစ်ရိတစ်သေ လာတင်သည်။

"အခုကျုပ်မှာ မြေးတွေရနေပြီလေ"

"ကောင်းပါ့ဗျား"

ကျေနပ်စွာပြောသော ဦးဘပွားကို ဦးကံမြင့်က ခေါင်းညိတ်၍ ထောက်ခံသည်။ တစ်ပြည်တစ်ရွာမှ တစ်ခေါက် တစ်လေပြန်လာရန်ပင် မစဉ်းစားတော့သော မြေးများကို မှန်းဆပြီး လွမ်းနေခြင်းထက် အနီးအနားမှ ကလေးများကို ချစ်ခင်လိုက်ခြင်းက ပို၍ လက်တွေ့ကျကြောင်း ဦးဘပွား နားလည်သွားလေပြီဟု တွေးရင်း၊ ဝမ်းသာသွားမိသည်။ လူဟူသည်မှာ လူနှင့်ကင်းကွာ၍ မနေနိုင်ကြောင်း ဦးဘပွားတစ်ယောက် သဘောပေါက်လောက်ပြီထင်သည်။

"သောက်လိုက်ဦးဗျ"

ဦးဘပွားက ဦးကံမြင့်အား သံပရာရည်ကမ်းပေးသည်။ သူကိုယ်တိုင်လည်း၊ ဖန်ခွက်ကို မ,ကာ အားရပါးရသောက်လိုက်သည်။

"အားပါး ..... ပါး"

ဦးဘပွား၏ မျက်နှာက ရှုံ့မဲ့သွားသည်။



"အား .....ပါး.....ပါး ချဉ်ဆို တကိုယ့်ကိုချဉ်တော့တာကိုး ဟိုး ..... ဟိုး"

"ဟင်..... ဘဘကြီးပဲ ချဉ်ချဉ်ဆို"

ကဲကဲ၏ မျက်နှာလေးက ဆီးရွက်ခန့်သာရှိသည်။

"ကဲကဲတို့မှာ ညှစ်လိုက်ရတဲ့သံပရာသီး၊ နောက်ပြီး သကြားလဲ မထည့်ရဲဘူး"

"လုပ်လိုက်ဟ ....."

ဦးဘပွားက မျက်နှာ ရှုံ့ရှုံ့ကြီးနှင့်ရယ်သည်။

"အင်း ဦးဘပွားကလဲ အခုမှပဲ၊ လူနဲ့တူလာတော့တယ်၊ အလျင်တုန်းက သူ့ကိုကြည့်ရတာ၊ သံပတ်ပေးထားတဲ့ စက်ရုပ်ကြီးလို တင်းတင်းတောင့်တောင့်ကြီး"

ရယ်နေသော ဦးဘပွားအား၊ ဦးကံမြင့်က ဝမ်းမြောက်ဝမ်းသာ ကြည့်နေမိသည်။ အေးစက်မာကျောသော သူ့မျက်နှာကြီးမှ အကြောဆိုင်များကို ပြေလျော့သွားအောင် လုပ်ပေးသော ကလေးများကိုလည်း ကျေးဇူးတင်လိုက်မိသည်။

"ကျွန်တော်တို့ ပြန်ဖျော်ပေးမယ်လေ"

"တော်ပါပြီဗျာ၊ နေပါစေတော့"

ဦးဘပွားက အလိုမကျဟန်နှင့်ပြောသော်လည်း မျက်နှာကတော့ ပြုံးနေသည်။ သံပုရာရည်ချဉ်ချဉ်ကို ကုန်သည်အထိ သောက်လိုက်သည်။

"သံပုရာရည်ချဉ်ချဉ်က သွေးတိုးကျတယ်ဆို၊ကဲ..... ဦးကံမြင့် နှိပ်လေဗျာ"

ဦးကံမြင့်က သံပုရာရည်ဖန်ခွက်ကို မြောက်ကြည့်ရင်း "ဘယ်လောက်များ ချဉ်မှာမို့လဲ" ဟု တွေးကာ အားတင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တစ်ရှိန်ထိုး မော့ချလိုက်သည်။ ချဉ်လွန်းသဖြင့် ပါးတွေ ကျဉ်တက်သွားသော်လည်း သူ့မျက်နှာကို စူးစိုက်အကဲခတ်နေသူများအား ချိုသာစွာပြုံးပြလိုက်သည်။

သို့သော် သူ့အပြုံးက မပီပြင်။ မျက်ခုံးများက ကုတ်ကာမျက်နှာက ရှုံ့နေသည်။ ကြိုးစားပြီး ပြုံးနေသော နှုတ်ခမ်း နှစ်လွှာကလည်း တွန့်နေသည့်အတွက် သူ့မျက်နှာသည် ကာတွန်းရုပ်နှင့် တူနေသည်။

ဦးဘပွားက ကြွေမဆည်နိုင်ဘဲ တဟားဟားရယ်တော့ အနေခက်နေဟန်ရှိသော ကလေးများကလည်း မနေနိုင်တော့ဘဲ ဝါးခနဲပိုင်းရယ်ကြသည်။ သည်အခန်းထဲတွင် သည်လိုရယ်သံများ ပေါ်ပေါက်လာခြင်းအတွက် ဦးကံမြင့်သည် ကလေးများအား ထပ်၍ ကျေးဇူးတင်နေမိပြန်လေသည်။

“ဘဘကြီးအတွက် ကျွန်တော်တို့ အသစ်ထပ်ဖျော်.....ဟင် ဖေဖေ”

အားတုံ့အားနာပြောရင်း လမ်းမဘက်သို့ အမှတ်မဲ့ လှမ်းကြည့်လိုက်မိသော ကိုဦးက တအံ့တသြ ရေရွတ်သည်။

“ဖေဖေရယ် အစောကြီး ပြန်လာတယ်။

နေပူကျဲကျဲတွင် ထီးမဆောင်း ဘာမဆောင်းနှင့် တစိုက်စိုက် လျှောက်လာနေသော ကိုရန်ဝေးကိုတွေ့ရသည်။ အခါတိုင်း ညနေပိုင်းမှသာ ပြန်ရောက်တတ်ရာ အခုလိုနေ့လယ်ခင်းကြီး ပြန်လာသည်ကို တွေ့တော့ ကိုဦးစိတ်ထဲတွင် တော်တော်လေး ထူးဆန်းနေသည်။

“ဖေဖေရေ ကဲကဲတို့ ဒီမှာ”

ကဲကဲက လှမ်းအော်သည်။ အလယ်လှေကားကို လှမ်းတက်တော့မည့်ဟန် ဖြစ်နေသော ကိုရန်ဝေးလည်း ခြေလှမ်းတုံ့သွားသည်။



ဦးဘပွား၏ အခန်းထဲတွင် သူ့သားသမီး သုံးဦးလုံးကိုမြင်တော့ အံ့သြသွားဟန်ရှိသော်လည်း ဘာမှမပြောဘဲ “သမီးတို့ မေမေရော” ဟု ခပ်လောလော မေးသည်။

“မေမေ .....အပေါ်မှာလေ”

“အေး..... အေး”

ကိုရန်ဝေးက အပေါ်ထပ်သို့ ခပ်သွက်သွက် လှမ်းတက်သွားသည်။

“ဖေဖေ ဘာဖြစ်လာလဲမသိဘူး”

ကိုဦးစိုးရိမ်သွားသည်။ သူလက်ထဲမှ တံမြက်စည်းကို ကဲကဲအား လှမ်းပေးလိုက်ပြီး ဖခင်နောက်သို့ ပြေးလိုက်သွားလေသည်။

“ဒါကြောင့်မို့လို့ မနေ့တုန်းက အမေ့ကို အရမ်းသတိရနေတာ၊ အမှန်အတိုင်းပြောစမ်းပါ ဦးရန်ဝေးရယ်၊ ကျွန်မ အမေ အသက်မှ ရှိသေးရဲ့လား”

မခင်လှသည် ကြမ်းပေါ်တွင် ပုံ့ပုံ့အိအိကြီး ထိုင်ချပြီးငိုသည်။ သူ့စိတ်တွေ လှုပ်ရှားလာလျှင် ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း ခင်ပွန်းသည်ကို ခါတိုင်းလို “အစ်ကို” ဟု မခေါ်တော့ဘဲ “ဦးရန်ဝေး” ဟုခေါ်သည်။

“တယ်လီဖုန်းလိုင်းကလဲ သိပ်ပြီးကောင်းတာမဟုတ်ဘူး၊ အသံတွေဝါးနေတယ်၊ အမေမူးလဲလို့ မြန်မြန်လိုက်ခဲ့ပါလို့ ပြောတာပဲ”

“ဘယ်သူဆက်တာလဲ”

“ကိုသက်ထွန်းလေဟာ”

ကိုသက်ထွန်းသည် မခင်မြ၏ ယောကျ်ားဖြစ်သည်။ သူကိုယ်တိုင် ဆရာဝန်ဆိုတော့ အမေ့အခြေအနေကို ကျွန်ုပ်လှူအားလုံးအောင်

www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးနားလည်မည်ဖြစ်သည်။ "မြန်မြန် လိုက်ခဲ့ပါ" ဟု ဆိုကတည်းက အရေးကြီးလို့ပေါ့ဟု တွေးရင်း မခင်လှသည် မျက်ရည်တွေထပ်ကျလာပြန်သည်။

"မူးလဲတယ်လို့ ပြောတာနော်"

မခင်လှက မယုံသလို ထပ်မေးနေသည်။

"အေးပါဟ"

"ဘာဆက်ပြောသေးလဲဟင်"

"လိုင်းတွေက အသံမကြည်ပါဘူးဆို၊ ဘာမှ သဲသဲကွဲကွဲ မကြားရဘူး၊ မြန်မြန်လိုက်ခဲ့ပါဆိုတာပဲကြားရတယ်။

ကိုရန်ဝေးက ဇနီးသည်၏ အကဲကိုကြည့်ရင်း မယုတ်မလွန်ဖြေသည်။ မခင်လှက သွေးပူတတ် သွေးဆူတတ်သည်။ ကိုယ့်စိတ်ကိုလည်း ကိုယ်ထိန်းတတ်သူမဟုတ်။ အမှန်အတိုင်း ပြောလိုက်ပါက ငိုယိုပြီး တက်ချက်သွားမည်ကို သူစိုးရိမ်နေသည်။

"ဒီပြင် ဘာမှ မကြားရဘူးလား"

"ဩော်ကွယ် အသံတွေ ဝါးနေပါတယ် ဆိုမှ"

အမှန်က ကိုသက်ထွန်း၏အသံကို သူ ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား ကြားခဲ့ရသည်။ "မနေ့ည ဆယ်နာရီလောက်က မူးလဲတာ လုံးဝ သတိလည်မလာဘူး၊ မနက် ရှစ်နာရီက ဆုံးသွားပြီ" တဲ့။

"မနေ့တုန်းက တစ်နေ့လုံး အမေ့ကို အရမ်းသတိရ နေတယ်၊ ညတုန်းကလဲအိပ်လို့ ကောင်းကောင်း မပျော်ဘူး အိပ်မက်တွေကလဲ ကယောက်ကယက်နဲ့ ကျွန်မ စိတ်ထဲလေး လိုက်တာ၊ ဦးရန်ဝေးရယ်၊ အမေတစ်ခုခုများ ဖြစ်နေပြီလား.....ဟီး"



မခင်လှက တအီအီ ငိုသည်။

"ဟဲပါကွာ.....ဘာမှန်း ညာမှန်းမသိဘဲ တအား ငိုမနေပါနဲ့၊ လုပ်စရာရှိတာလုပ်၊ ထည့်စရာရှိတာ ထည့်ကွာနော်၊ နက်ဖြန်မနက် အစောကြီး ရရာကားနဲ့လိုက်ကြရအောင် လေယာဉ်လက်မှတ်တော့ ဘယ်နည်းနဲ့မှ ရနိုင်မှာမဟုတ်ဘူး"

ကိုရန်ဝေးက ခပ်ချော့ချော့ပြောသည်။ မျက်နှာငယ်လေးများနှင့်ရောက်လာကြသော ကဲကဲတို့ မောင်နှမတစ်တွေအား မျက်ရိပ်ပြသည်။

"ကဲ.....ကိုတူးက မေမေ့ကို ကူပြီးထည့်ပေး သမီးကလဲ လိုတာ လုပ်ပေးရအောင် မေမေ့နားမှာနေ၊ ဖေဖေ ဘွားရွှေတို့ဆီ သွားပြောလိုက်ဦးမယ်"

ကိုရန်ဝေးက အောက်ထပ်ဆင်းရန် ဟန်ပြင်တော့ မခင်လှက မျက်ရည်သုတ်ရင်း လှမ်းမေးသည်။

"ကလေးတွေပါ ခေါ်သွားမယ်မဟုတ်လား"

"ဘယ်ဖြစ်ပါ့မလဲကွယ်"

"ဟင်.....ထားခဲ့လို့ ဘယ်ဖြစ်မလဲ"

"ဖြစ်ပါတယ် အိမ်နီးချင်းတွေက ကောင်းသားပဲ အလှရယ်၊ နေမကောင်းတဲ့ကိစ္စ (အသုဘကိစ္စဟု ကိုရန်ဝေးက မပြောရဲချေ) သွားရမှာ၊ ကလေးတွေ တရုန်းရုန်းနဲ့ဆို ဘယ်ကောင်းပါ့မလဲ"

"အမေကတော့ သူ့မြေးလေးတွေကို တွေ့ချင်မှာပေါ့"

မခင်လှက ခပ်ပျော့ပျော့ ထပ်ပြောနေသော်လည်း ကိုရန်ဝေးက မကြားချင်ဟန်ဆောင်ကာ ကိုဦး၏ လက်ကိုဆွဲပြီး အောက်ထပ်သို့

www.burmeseclassic.com

www.burmeseclassic.com



ဆင်းခဲ့သည်။ ကိုဦးက သားကြီးလည်းဖြစ် လူကြီးလည်းဆန်သဖြင့် ကိုရန်ဝေးက အားကိုးသည်။ အခြေအနေမှန်ကိုလည်း ဖွင့်ပြီးပြော ပြရသည်။

"အမှန်ကတော့.....ဆုံးပြီ.....ဒေါ်ဒေါ်ရဲ့"

ကိုဦးသည် သူ့ဖခင်၏ လက်ကိုတင်းတင်းအုပ်ကာ ခေါင်းငုံ့ထားရင်း သေဆုံးနေပြီဖြစ်သော ဘွားဘွားကြီး၏ ရုပ်အသွင်ကိုမှန်းဆ၍ ကြည့်မိသည်။ အတူနေ မဟုတ်ဘဲ တစ်ခါတစ်လေမှသာတွေ့ရသောကြောင့် ဘွားဘွားကို သူတို့မောင်နှမတစ်တွေက စွဲစွဲလမ်းလမ်းတော့ မချစ်ခင်လှပေ။

"ဒါပေမယ့် မခင်လှကို အမှန်အတိုင်းမပြောရသေးဘူး၊ သူက သူ့စိတ်ကို သူနိုင်တာမဟုတ်ဘူး၊ လမ်းကျတော့မှပဲ အခြေအနေကြည့်ပြီးပြောရတော့မှာပဲ"

"ဖြစ်မှ ဖြစ်ရလေကွယ်၊ မခင်လှက သူ့အမေမှာ သွေးတိုးရှိတယ်လို့ မနေ့တုန်းကပဲပြောနေသေးတာ"

ဒေါ်ရွှေနု စိတ်မကောင်းစွာပြောသည်။ ထို့နောက် သူ့ဟာသူလည်း ခေါင်းထဲတွင် မူးသလိုလို၊ ရင်ထဲတွင် မောသလိုလို ဖြစ်လာသည်။

"ကလေးတွေကိုတော့ ထားခဲ့ရရင် ကောင်းမလား မသိပါဘူး ဒေါ်ဒေါ်ရယ်၊ နာရေးကိစ္စဆိုတော့လဲ ခေါ်မသွားချင်ဘူး၊ နောက်ပြီး အဲဒီကို ကားနဲ့ သွားရတဲ့ခရီးက သိပ်ပင်ပန်းတယ်လို့ ပြောကြတယ်"

ရခိုင်ရိုးမကို ကားနှင့်ကျော်ဖြတ်ပြီး ကုန်းလမ်းခရီးမှ သွားဖူးသူတိုင်းက ခရီးကြမ်းလှ ပန်းလှပြောကြသံများကို ခဏခဏကြားဖူးနေခဲ့သည်။



နာရေးကိစ္စလည်းဖြစ်ပြန် ခရီးကလည်း ကြမ်းပြန်ဆိုတော့ ကိုရန်ဝေးသည် ကိုဦးတို့မောင်နှမ တစ်တွေကို ခေါ်မသွားချင်ပေ။

ထို့ပြင် မခင်မြသည် သူ၏သားသမီးများကို တရားလွန် အလိုလိုက်တတ်သည်။ နယ်မှာနေသည့် ဆရာဝန်ကြီး၏ သားသမီးတွေဖြစ်ပြီး အမေကလည်း အလိုလိုက် အကြိုက်ဆောင်နေတတ်တော့ မခင်မြ၏ ကလေးများသည် အတော်လေးဆိုးသည်။ (ကိုရန်ဝေးကဆိုးသည်ဟုထင်သော်လည်း မခင်လှကမူ "ကလေးဆိုတာ သူ့သူ့ကိုယ်ကိုယ် ဒီလိုပါပဲ။ ကဲလို့ရရင် ကဲတာပေါ့" ဟု ကာကွယ်ပြီးပြောတတ်သည်။) ကိုဦးကတော့ အေးအေးနေတတ်၍ ကိစ္စမရှိ။ ကိုတူးနှင့် ကဲကဲက အတန်ငယ် ကျွတ်ဆတ်ဆတ်နိုင်တော့ ငယ်ငယ်တုန်းကဆို ဆုံမိကြတိုင်း သူတို့ မောင်နှမဝမ်းကွဲချင်း နပမ်းထလုံးကြသည်ကို ကိုရန်ဝေး သတိရနေသည်။

ယခုလည်း ငယ်ငယ်တုန်းကလို နပမ်းထ မလုံးဘူးဟု မပြောနိုင်။ ကိုယ့်ကလေးခံလာရလျှင်လည်း စိတ်ညစ်ရမည်။ ကိုယ့်ကလေးက တီးလိုက်ပြန်လျှင်လည်း အားနာရမည်။ သည်တော့လည်း ကိုယ့်အိမ်ကိုယ့်ယာမှာပင် အေးအေးဆေးဆေး ထားခဲ့သည်က အကောင်းဆုံးဖြစ်မည်ဟုပင် ကိုရန်ဝေး ဆုံးဖြတ်မိသည်။

"ထားတာကတော့ စိတ်ချပြီးထားခဲ့ပါကွယ်၊ ဒေါ်ဒေါ်တို့ ရှိသားပဲ၊ စားရေးသောက်ရေးလဲမပူနဲ့"

"ကျွန်တော် ထမင်းချက်တတ်ပါတယ် ဖေဖေရဲ့၊ ဘဲဥပြုတ်ကို ဆီဆမ်းပြီးစားရင် ကဲကဲတို့လဲ ကြိုက်တယ်"

ကိုဦးက လူကြီးလေးလိုပြောသည်။ မမွေးကြ[illegible]ဦးခေါင်း[illegible] ချစ်စနိုးပွတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘဲဥမပြုတ်ရပါဘူး ကိုဦးရယ်၊ အန်တီမွေး ချက်ပေးမှာပေါ့"

"အေးလေ ညရေး၊ ညတာကျတော့လဲအပေါ်ထပ်မှာ ကိုကောင်းထက်တို့ သားအဖရှိသားပဲ ကဲကဲကိုတော့ သူ့အန်တီမွေးနဲ့ လာအိပ်ပစေပေါ့ ဟုတ်ဘူးလား၊ ကလေးတွေ ကျောင်းကြီးပိတ်နေတာပဲ၊ ကျောင်းတက်ရတာလဲမဟုတ်၊ ဘာမှပူမနေနဲ့ စိတ်ချသာသွား၊ အဲ မခင်လှကိုသာ ဂရုစိုက်"

ဒေါ်ရွှေနု ပြောရင်း ဆိုရင်း သွေးဆေးတစ်ခွက်ထသောက်သည်။ သူတကာ၏ နာရေးသတင်းကိုကြားတိုင်း သူ့ခမျာ နှလုံးတုန်ရင်ခုန်ဖြစ်တတ်လေ့ရှိသည်။

သူ့ခန္ဓာကိုယ်သေးသေးလေးအထဲတွင်လည်း ရောဂါအဆောက်အအုံကြီးကြီးမားမား တစ်ခုခုရှိနေသည်ဟု ထင်နေတတ်လေသည်။

"ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်ရယ် တစ်ပတ်ဆယ်ရက်တော့ ဒေါ်ဒေါ်တို့သာ ကြည့်ရှုစောင့်ရှောက်ထားပါတော့နော်၊ ကိုကောင်းထက်နဲ့ အဘထင်ကိုလဲပြောပြီး အပ်ခဲ့ပါဦးမယ်။ နောက်ပြီး ဟိုဘက်ခန်းက အန်ကယ်ကြီးကိုရောပေါ့"

ထားခဲ့လျှင် အကောင်းဆုံးဟု ယူဆ၍သာ ထားခဲ့ရမည်ဖြစ်သော်လည်း ကလေးသုံးဦးကို တကယ်တမ်း ထားခဲ့ရမည် ဆိုတော့လည်း ကိုရန်ဝေးက စိတ်မချချင်ပြန်ပေ၊ သို့သော်လည်း အကူအညီတောင်းစရာ ဆွေမျိုးရင်းချာလည်း အနီးအနားမှာမရှိပေ။ အင်းစိန်တွင် ဘကြီးတစ်ယောက်ရှိပြီး ညီဝမ်းကွဲ တစ်ယောက်က ဒဂုံမြို့သစ်တွင်နေသည်။ အနီးဆုံးဟူ၍ ကြည့်မြင်တိုင်တွင် နှစ်ဝမ်းကွဲအစ်မ



တစ်ယောက်ရှိသည်။ သို့သော် ပစ်ပစ်ပစ်များလှသည်ဆိုပြီး မခင်လှက ကြည့်၍မရချေ။

ကိုရန်ဝေး၏စိတ်ထဲတွင် လေးတေးတေးကြီး ဖြစ်နေသည်။ မတတ်သာ၍ သွားရမည်သာဖြစ်သော သည်ခရီးကို ရှောင်လွှဲ၍ မရမှန်းသိလျက်နှင့် အတွင်းစိတ်က ရှောင်လွှဲချင်နေသည်။ သည်အသက်အရွယ်အထိ အမေနှင့် တစ်ခါမျှ ခွဲ၍မအိပ်ဖူးသော ကဲကဲကိုသာ သနားနေသည်။ နေရာတကာတွင် အတတ်ဆန်းချင် ဆော့ချင်လှသော ကိုတူးကိုလည်း စိတ်မချ။ နောက်ပြီး သူတို့ သွားနေတုန်း ဖျားကြနာကြမှာကိုတော့ အစိုးရိမ်ဆုံးဖြစ်သည်။

"ကိုဦး သားကြီး၊ ငါ့သားကြီးကိုပဲဖေဖေ အားကိုးရတော့မှာပဲ၊ ညီလေးနဲ့ ညီမလေးကို ဂရုစိုက် ဟုတ်လား"

"စိတ်ချပါ ဖေဖေ"

ကိုဦးက အသက်ကို တစ်ဝကြီးရှိုက်၍ ရှူလိုက်သည်။ သူ့ကိုစူးစိုက်ကြည့်နေသော ဖခင်၏ မျက်လုံးများကို တည့်တည့် ရင်ဆိုင်ကာကြည့်ရင်း ပြုံးပြလိုက်သည်။ ထို့နောက် ခပ်တိုးတိုး ထပ်ပြောသည်။

"စိတ်ချပါ ဖေဖေ သားဂရုစိုက်ပါ့မယ်"

အိပ်မပျော်သော ညဟူသည်ကို ယခင်က ကိုဦး တစ်ခါတစ်ရံမျှ မကြုံဖူးခဲ့ပေ။ ဖေဖေသည် ကိုဦး၏ ရင်ထဲသို့ တာဝန်သိစိတ်နှင့်အတူ စိုးရိမ်ကြောင့်ကြ ပူပင်တတ်ခြင်းများကိုပါ တပါတည်း ထည့်ပေးခဲ့ဟန်တူသည်။

အခုတော့ ကိုဦးအကုန်လုံးအတွက် စိတ်ပူနေမိသည်။ [illegible] ထပ်တွင် အန်တီမွေးနှင့် အတူတူသွား၍အိပ်သော ကဲကဲ [illegible] သော [illegible] ကောင်းကောင်းအိပ်မပျော်နိုင်ဘဲ ဖြစ်နေရှာမည်ကို [illegible] ပြီး စိုးရိမ် [illegible] ထို့နောက် ကိုတူး ကိုတူးက အသက်သာဆယ် [illegible] ရှိပြီ ဖြစ်သော [illegible]

www.burmeseclassic.com

www.burmeseclassic.com



သေးမလွတ်သေး၊ အဆင်မသင့်လျှင် အိပ်ရာထဲ သေးပေါက်ချတတ်သည်။ အခါတိုင်း မေမေက တစ်ရေးနိုးထလာပြီး ကိုတူးကိုအိမ်သာထဲ ဆွဲခေါ်သွားတတ်သည်။ အခုတော့ ထိုတာဝန်သည် သူ၏တာဝန်လုံးလုံးဖြစ်ချေပြီမို့ ကိုဦးခမျာ သူ့ညီငယ်ကိုရှူးရှူးတည်ရန် စိတ်စောနေသည့်အတွက် အိပ်မပျော်နိုင်အောင် ဖြစ်နေသည်။

သူတို့ညီအစ်ကိုနှင့်အတူလာအိပ်သော ဘဖိုးထင်ကို အိမ်ရှေ့ခန်းတွင် နေရာပေးပြီး၊ သူတို့က မေမေတို့ကုတင်ပေါ်တက်အိပ်နေရသည့်အတွက်လည်း ပိုပြီး စိုးရိမ်နေမိသည်။ တော်ကြာ သူအနိုးနောက်ကျလျှင် မေမေတို့၏ မွေ့ရာကြီးသည် ကိုတူး၏ ရှူးရှူးများနှင့် ရွှဲနစ်သွားနိုင်လေသည်။ ခုနတုန်းက ကိုတူးကို တစ်ခါနိုးသေးသည်။

သို့သော် ကိုရွှေတူးက မထ "မပေါက်ချင်ဘူး မပေါက်ချင်ဘူး" ဟု အော်ကာ တရှူးရှူးနှင့်ပြန်၍ အိပ်ပျော်သွားလေသည်။

"ဆယ့်နှစ်နာရီ ထိုးရင်တော့ ရအောင်ကို နိုးမယ်"

ကိုဦးက ဆုံးဖြတ်ရင်း ခြင်ထောင် အမိုးဖြူဖြူကိုစိုက်၍ ကြည့်နေသည်။ ခြင်ထောင်အမိုးက ပိတ်ကားလိုဖြစ်ပြီး သူ့ကို ယုံကြည်အားကိုးစွာ ကြည့်နေသော ဖေဖေ့ကိုလည်းကောင်း၊ "ကျွန်မစိတ်ထဲလေးလိုက်တာ ဦးရန်ဝေးရယ် အမေတစ်ခုခုများ ဖြစ်နေပြီလား" ဟုမေးရင်းက တအိအိငိုနေသော မေမေ့ကိုလည်းကောင်း မြင်ယောင်လာသည်။

အခု အချိန်လောက်ဆိုလျှင်လည်း ဘွားဘွားကြီး ဆုံးသွားကြောင်း မေမေသိသွားလောက်ပြီမို့ ဘယ်လောက်များ ငိုနေမလဲတွေးပြီး ကိုဦး၏ ရင်ထဲတွင် ပန်းဟိုက်ဟိုက် ဖြစ်နေသည်။



"သူ့အမေသေသွားပြီဆိုတော့ မေမေ အရမ်း ဝမ်းနည်းမှာပေါ့၊ အင်း ငါတို့လဲတကယ်လို့များ ဖေဖေသေတယ်ဆို၊ မေမေသေတယ်ဆိုရင် အမလေး.....ဘုရား.....ဘုရား"

ကိုဦးသည် အိပ်ရာထဲမှ ဆတ်ခနဲထ၍ ထိုင်လိုက်မိသည်။ ဘုရားကို မတ, စဖူး တ,ရင်း၊ ရင်တွေ တအားခုန်လာသည်၊ ထိုသို့သာဆိုလျှင် သူဘာလုပ်ရမည်နည်း။ မိမိကိုယ်ကိုလည်းကောင်း သိလေးနှင့် ညီမလေးကိုလည်းကောင်း၊ သူမည်ကဲ့သို့ တာဝန်ယူစောင့်ရှောက် ရမည်နည်း။

ဖေဖေရော မေမေရော နေကောင်းပါတယ်၊ ဘာလို့ သေရမှာလဲ ဖွဖွ လွဲပါစေ ငါ ဘာတွေ တွေးနေမိတာလဲ"

ကိုဦးက သူ့ကိုယ်သူအပြစ်တင်ရင်း သမ္ဗုဒ္ဓေဂါထာကို ရွတ်သည်။ သံဗုဒ္ဓေကို ကိုဦး အမြဲရွတ်သည်။ စိတ်ညစ်လျှင်သော်လည်းကောင်း၊ ကြောက်လျှင်သော်လည်းကောင်း၊ စိုးရိမ်ကြောင့်ကြဖြစ်မိလျှင်သော်လည်းကောင်း၊ နောက်ဆုံး ဆရာမ စာမေးခါနီးလျှင်ပင် ဖေဖေ သင်ပေးထားသော ထိုသံဗုဒ္ဓေဂါထာကို ရွတ်မြဲဖြစ်သည်။

ငါးခေါက်လောက် ဆက်တိုက်ရွတ်ပြီးလျှင်ကား အတန်အသင့် စိတ်သက်သာရာ ရတတ်လေသည်။

အိမ်ရှေ့ခန်းတွင် ချိတ်ထားသော တိုင်ကပ်နာရီမှ တစ်၊တောက်၊ တစ်၊ တောက်နှင့်အသံကိုကြားနေရသည်။ ကိုဦးသည် သမ္ဗုဒ္ဓေ ရွတ်လက်စကို ဆက်မရွတ်မိဘဲ စိတ်ထဲမှ တစ်တောက် တစ်တောက် နှင့်လိုက်၍ ဆိုနေမိပြန်သည်။

အောက်ထပ်မှ ဘဘကြီး၏ ချောင်းဆိုးသံကိုကြားရသည်။ ထို့နောက် အိပ်ရာမှ ထပြီး ရေချိုးခန်းတံခါးဖွင့်သံ၊ ချောင်းထပ်ဆိုးသံ

www.burmeseclassic.com

www.burmeseclassic.com



"ဘဘကြီးက ချောင်းဆိုးပျောက်ဆေးလဲ သောက်ရဲ့လား မသိပါဘူး"

ကိုဦးက စိတ်မကောင်းစွာ တွေးမိသည်။ ချောင်းဆိုးပြီးတိုင်း မျက်စိ မျက်နှာမကောင်းဘဲ မောနေတတ်သော်လည်း ဆေးသောက်ရန်ကိုကား ဘာဖြစ်လို့များ မေ့လျော့နေရလေသနည်းဟု အံ့ဩနေမိသည်။

သူတို့ချောင်းဆိုးလျှင်ကား မေမေသည် လျှက်ဆားကို ကွမ်းရွက်ကလေးနှင့်ထုတ်ကာ ပါးစောင်တွင် ငုံထားတတ်သည်။ ကွမ်းရွက်စိမ်းက အာငွေ့နှင့်နွေးကာ အစိုပြန်ပြီး လျှက်ဆားနှင့်အတူ လည်ချောင်းထဲသို့ တစိမ့်စိမ့် ကျဆင်းသွားတတ်သည်။

ခဏနေလျှင် လည်ချောင်းယားနေခြင်း ပျောက်ပြီး ချောင်းဆိုးလည်း သက်သာသွားတတ်သည်။ ကဲကဲကတော့ လျှက်ဆားကငန်သည်။ ကွမ်းရွက်ကစပ်သည်နှင့် ချေးများချင်သည်။ တစ်ခါတစ်ရံလည်း မေမေလစ်လျှင် လစ်သလို ထွေးထုတ်ပစ်တတ်သည်။ သည်တော့လည်း သူတစ်ခုခုဖြစ်လျှင် တော်တော်နှင့် မပျောက်တတ်ချေ။

"ချောင်းဆိုးရင် ပုစွန်တို့၊ ခရမ်းသီးတို့ မစားရဘူးတဲ့၊ အဲဒါတွေက လည်ချောင်းယားတယ်လို့ မေမေကပြောတယ်။ ဘဘကြီးကတော့ ပုစွန်ကြိုက်တယ် ထင်တယ်၊ ဒါကြောင့် ချောင်းဆိုးမပျောက်တာလား မသိ"

တစ်နေ့တုန်းက ထမင်းစားပွဲပေါ်တွင် စားမကုန်ဘဲ ကျန်နေသော ပုစွန်ထုပ်ဟင်းကိုမြင်ယောင်ရင်း ကိုဦးက ပုစွန်ထုပ်ကို တရားခံစွဲလိုက်မိသည်။

"မေမေက အန်တီမွေးကို ဈေးဖိုးပေးသွားတယ်၊ အန်တီမွေးက နက်ဖြန်ကျရင် ဘာဟင်းစားမလဲတဲ့၊ အင်း ဘဘကြီးစားတဲ့ ပုစွန်ထုပ် မျိုးကြီးသာ"



ကိုဦးတွေးရင်းတောရင်း တံတွေးမျိုလိုက်မိသည်။

"ဒါပေမယ့် မဖြစ်ပါဘူး၊ ပုစွန်ထုတ်က သိပ်ဈေးကြီးတာ အန်တီမွေးက ကောင်းမယ်ထင်တာ ဝယ်ပြီးချက်ပေးပါလိမ့်မယ်လေ၊ ဖေဖေကပြောဖူးတယ် ဆာမှစားတဲ့ ဆာတဲ့အခါကျမှစားရင် ဘာဟင်းနဲ့ဖြစ်ဖြစ် သိပ်ပြီးစားလို့ကောင်းတာပဲတဲ့"

ကိုဦးက ဟိုတွေး သည်တွေးနှင့် မျက်တောင်တွေ တဖြည်းဖြည်းမှေးစင်းလာသည်၊ ထို့နောက် မေ့ခနဲ အိပ်ပျော်သွားသည်။

ထို့နောက် အိပ်မက်မက်သည်။ အိပ်မက်ထဲတွင် ကိုဦးသည် ငပလီကမ်းခြေသို့ ရောက်သွားသည်။ ထို့ပြင် ဘွားဘွားကြီးကိုလည်း တွေ့ရသည်။ ဘွားဘွားကြီးက ပုန်းညက်ပင်ကြီးအောက်တွင် မေမေ၊ ဖေဖေတို့နှင့်အတူထိုင်ကာ စကားပြောနေသည်။ ကိုဦးတို့ကတော့ သောင်ပြင်တွင် ပြေးလွှားဆော့နေကြသည်၊ ခရုတွေ ကောက်ကြသည်။

ကမ်းစပ်တွင်ငုံ့၍ ခရုကောက်နေစဉ် လှိုင်းလုံးကြီး တစ်လုံးက သူ့ဆီသို့ တလိမ့်လိမ့်ပြေးလာသည်။ ကိုဦးက နောက်ဘက်သို့ဆုတ်ကာ ပြေးသော်လည်းမလွတ် ရေလှိုင်းက သဲသောင်ပြင်ကို ဖြန်းကနဲရိုက်ကာ ရေစက်ရေမှုန်များ ဖွားကနဲလွင့်သွားသည်။ ကိုဦး၏အကျႌတွင်လည်း ရေများစွဲကုန်သည်။ ထိုအချိန်တွင် အိပ်မက်မှ ကိုဦးလန့်နိုးလာလေသည်။

"သွားပါပြီဗျ"

ကိုဦးက အိပ်ရာမှ လူးလဲထလိုက်သည်။ သူ့အကျႌတွင်လည်း တကယ့်ကို စိုရွှဲနေသည်။ ပင်လယ်ဆားငန်ရေတော့ မဟုတ် ကိုတူးက သူ့လည်ပင်းကိုခွကာ ရှူရှူးပန်းလိုက်ခြင်းကြောင့်ဖြစ်သည်။

"ဟေ့ကောင်.....ကိုတူး..... ထ"

www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးတခြား လူတခြားဖြစ်နေသော ကိုတူးကို နှစ်ချက်ဆင့် ထုပစ်သော်လည်း ကိုတူးက မနိုးချေ။ အီးခနဲအော်ကာ တစ်ဘက်သို့ လိမ့်ဝင်သွားပြီး ဆက်၍ အိပ်နေသည်။

"ကောင်းတယ် သေးပန်းတာက မင်း၊ စိုတာကတော့ ငါ ဟင်း ခွေးကောင်"

ကိုဦးက အိပ်ရာထဲမှ မြန်မြန်ထွက်ကာ အင်္ကျီလဲရသည်။ တစ်ခုတော့ တော်ပါသေးသည်၊ သူ့ကိုခွကာ ပန်းလိုက်ခြင်းဖြစ်၍ ချက်ချင်းနိုးသည်။ မွေ့ရာတွေတော့ ရွှဲစိုမသွားချေ။

"ကိုတူးက ဒီအသက် အရွယ်အထိ အိပ်ရာထဲမှာ သေးပေါက်တုန်းလားဟ"

"ပါတုန်းပဲ အဘဖိုးထင်ရေ၊ နက်ဖြန်ညကျရင်တော့ ဒီကောင် ဖိုဒင်းကို သားရေကွင်းနဲ့ ချည်ထားမှဖြစ်မယ်"

ဘဖိုးထင်က ခြင်ထောင်ကို ပင့်ထွက်လာကာ တဟဲဟဲနှင့်ရယ်နေသည်။ အိပ်ရာဘေးရှိ နို့ဆီခွက်လွတ်ထဲမှ ဆေးလိပ်တိုလေးကို လှမ်းဆွဲကာ မီးညှိသည်။

"ဘဖိုးထင် အိပ်မပျော်ဘူးလား"

"ပျော်ပါတယ်ကွ ခုနကမှနိုးတာ၊ ဟို အဘွားကြီး အော်နေတဲ့ အသံကြားလို့"

သံနေသံထားနှင့် ဘုရားရှိခိုးနေသော ဘွားရွှေ၏ အသံက သူတို့တစ်တိုက်လုံး လွှမ်းခြုံထားသည်။ နာရီကိုလှမ်းကြည့်လိုက်တော့ နံနက် ငါးနာရီရှိပြီဖြစ်သည်ကို တွေ့ရသည်။

"အဲဒီအသံက ငါ့ရဲ့နှိုးစက်ပဲ၊ ဒီအချိန်ဆိုရင် ဒီအဘွားကြီးက အချိန်မှန် ထအော်တော့တာပဲ၊ ငါလဲအိပ်ရာကနိုးပြီး ထထိုင်ရတော့တာပဲ"



ဦးထင်က မကျေမနပ်ပြောသည်။

"ဘုရားရှိခိုးတယ်ဆိုတာ အေးအေးချမ်းချမ်း သာသာယာယာ နဲ့ ကြားရတဲ့သူစိတ်ကြည်နူးလာအောင် ရှိခိုးတတ်မှ ကောင်းတာပေါ့ကွ၊ အခုဟာက ဒီအချိန် ဒီအခါမှာ ဘုရားရှိခိုးနေတယ်ဆိုတာကို တစ် ရပ်ကွက်လုံးက သိနေအောင် အသံကုန်ဟစ်နေတာကွ၊ သူ့အသံက ကြည်နူးဖို့နေနေသာသာ ငါ့ကွာ ဟင်း မပြောလိုက်ချင်ဘူး"

အခါတိုင်း စောစောနိုးလေ့ မရှိသော ကိုဦးက ဘွားရွှေ၏ဘုရား ရှိခိုးသံကို ယခင်က သတိမထားခဲ့မိပေ။ အခုမှသာ နားစိုက်၍ထောင် မိသည်။ ထို့နောက် မျက်နှာကြီးရှုံ့နေသော ဘဖိုးထင်ကို ကြည့်ကာ ရယ်မိသည်။ ဘွားရွှေ၏အသံက လိုအပ်သည်ထက် အများကြီး ပိုကျယ်နေသည်ကတော့ အမှန်ပင်။

ဦးထင်က ခြင်ထောင်ဘေးတွင် ဒူးတစ်လုံးထောင်ထိုင်ရင်း "အကျိုးနည်းဗျာ၊ သူ့ပါးစပ်ထဲမှာ လောက်စပီကာကြီးများ ငုံထား လားမသိဘူး" ဟု စိတ်ပျက်လက်ပျက်နှင့် ရေရွတ်သည်။ ထို့နောက် ဆေးလိပ်မီးကို တရဲရဲဖြစ်လာအောင် ဆက်တိုက် ဖွာရှိုက်သည်။

"ငါလဲသူနဲ့ ပြိုင်ရရင်ကောင်းမလား မသိပါဘူး" ဟုတွေးရင်း ကိုဦးတို့ဘုရားစင်ကိုမော်ကြည့်သည်။ ကိုဦးတို့၏ ဘုရားစင် သူ့ဘုရားစင်လို ခြောက်ကပ်ကပ်မဟုတ်။ သပြေပန်း သစ္စာပန်းများ ဝေဝေဆာ လှလှပပရှိနေသည်။ ပြောင်လက်အောင် တိုက်ချွတ်ထား သော ကြေးရေတော်ခွက်များက မီးရောင်မှိန်မှိန်ဝယ် အရောင်လက် သည်။

ဘုရားစင်အောက်တွင် အသင့်ချိတ်ဆွဲထားသော ကြေးစည် ကိုတွေ့တော့ ဦးထင် သဘောကျသွားသလို ပြုံး၍ နေရာမှ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘုရားစင်အောက်မှ ကြေးစည်လက်ခတ် ကလေးကိုပါ အဆင်သင့်တွေ့တော့ အသံထွက်အောင်ပင် ရယ်လိုက်သည်။

"ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါ"

ဦးထင်က အသံကျယ်ကျယ်နှင့် ရေရွတ်ကာ ကြေးစည်လေးကို လက်ခတ်နှင့်ရွယ်ပြီး ခပ်သာသာရိုက်ခတ်လိုက်သည်။ သာယာသောညွှတ်နူးဖွယ် အသံလေးနှင့်အတူ ချာချာလည်သွားသော ကြေးစည်လေးကို ပြုံးပြုံးကြီး ကြည့်နေသည်။ ကြေးစည်လေး အလည်နှေးလာကာ အသံတိုးသွားတော့ ဘဖိုးထင်က ခုနကထက်ကျယ်သော အသံနှင့် ထပ်၍ ရေရွတ်ပြန်သည်။

"ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါ"

သုံးကြိမ်သုံးခါ အမျှဝေကာ ကြေးစည်ကိုလည်း သုံးခါရိုက်ခတ်ပြီးသောအခါမှ သူ့ကို တအံ့တသြကြည့်နေသော ကိုဦးအားလှည့်ကြည့်သည်။

"မင်းကို အောက်ထပ်က အဘွားကြီးမေးရင် အဘထင်က အစောကြီးကတည်းက နိုးနေတာ၊ ဘုရားရှိခိုးပြီးလို့ တရားထိုင်နေတာ၊ ဘွားရွှေ မမှစကြာရွတ်ဘော့မှ တရားဖြုတ်ပြီး အမျှဝေတာလို့ပြောနော်၊ ဟုတ်လား ကိုဦး၊ မင်းတို့ကို အဘ ပေါက်စီဝယ်ကျွေးမယ်နော်"

ဦးထင်က ကိုဦးအား နှုတ်ပိတ်ပြီး အိပ်ရာထဲပြန်ဝင်သည်။ ထို့နောက် ရယ်နေသောကိုဦးအား "အစောကြီးရှိသေးတယ်၊ ပြန်အိပ်ဦးကွ" ဟု လှမ်းပြောသည်။ မကြာမီပင် သူ့ဆီမှ တခူးခူးနှင့်ဟောက်နေသော အသံထွက်ပေါ်လာလေသည်။

ဦးထင်၏ အမျှဝေသံကြားတော့ ဒေါ်ရွှေနု တော်တော်အံ့သြသွား သည်။

"ကြံကြံရယ်မှစည်စည်၊ သူ့မှာ ဘာကုသိုလ်များ အမျှဝေစရာရှိလို့လဲ၊ ကုသိုလ်ကောင်းမှုကို အမျှဝေတာ မဟုတ်ဘဲ သူရာမေရိယအကုသိုလ်တွေကို အမျှဝေနေတာဆိုရင်တော့ ဒုက္ခ"

စိတ်ထဲမှ မလိုတမာတွေးလိုက်မိ၍ ဒေါ်ရွှေနုခမျာ ရွတ်လက်စမမှစကြာပင် ထစ်ထစ်အငေါ့ငေါ့ဖြစ်သွားသည်။ ဦးထင်လို အမူးသမားကြီးက သူ့ထက်အလျင် အမျှဝေသွားတော့ အတော်ကလေး ကသိကအောက်ဖြစ်သွားသည်ကတော့ အမှန်ပင်။

"အို ဘာပဲဖြစ်ဖြစ် သူက ငါ့လို၊ ရွတ်တတ် ဖတ်တတ်လို့ပြော"

ဒေါ်ရွှေနုက ရင်ထဲမှ အတွေးကို ဖျောက်လိုက်သည်။ ထို့နောက် အနတ္တလက္ခဏာသုတ်ကို အသံသာသာယာယာနှင့် (သူ့ကိုယ်သူ ခြင်းဖြစ်သည် ဆက်၍ ရွတ်သည်)

www.burmeseclassic.com

www.burmeseclassic.com



"မေ မေ"

ကဲကဲက သူ့မိခင်ကို အိပ်ရင်းမှ ယောင်ယမ်းပြီး ခေါ်နေသည်။ "အန်တီမွှေးရှိတယ်၊ ကဲကဲရေ အိပ် အိပ်နော်" ဟုပြောသော မမွှေးကြူ၏ အသံနှင့်အတူတဖျတ်ဖျတ် ပုတ်ပေးနေသော အသံကိုပါ ကြားရသည်။

"အင်း ငါ့သမီးအပျိုကြီးလဲ ကံကောင်းကိုချစ်ရ၊ ကဲကဲတို့ မောင်နှမကို ချစ်ရနဲ့ သူများကလေးတွေကို ချစ်ရင်းပဲ အချိန်ကုန် တော့မယ်ထင်ပါရဲ့၊ ဒီတစ်သက်တော့ အိမ်ထောင်ပြုဖြစ်တော့မှာ မဟုတ်ပါဘူး"

အလွှတ်ရနေသည့်အတွက်သာ နှုတ်မှ အရှိန်ကောင်းကောင်းနှင့် အဆက်မပြတ် ရွတ်နေသော်လည်း စိတ်ကတော့ပျံ့ပြီးလွင့်ထွက် သွားပြန်သည်။

"အင်း အပေါ်ထပ်က လူပျိုကြီးကတော့၊ ငါ့သမီးကို စိတ်ဝင် စားပုံပဲ၊ ဒါပေမယ့် အူတူတူ အတတ နိုင်တာက ခက်လှတယ်"

မမွှေးကြူ လေးစားချင်နေတာ ကြာလှပြီ ဟူသော အသံကို ပြန်လည်ကြားယောင်ရင်း ဒေါ်ရွှေနုက ရယ်ချင်သွားသည်။

"တစ်ခါမှားတာဆို တော်သေး၊ အခုတော့ ဘသားချောက နောက်တခါဆက်လိုက်သေးတယ်၊ ကျွန်တော်လေ မမွှေးကြူလေးကို အရမ်းစားချင်နေလို့ မှားပြီး ပြောမိတာပါ၊ ငါးပိရယ်တဲ့ ဟီ ဟီ"

ဘုရားရှိခိုးနေသော ဒေါ်ရွှေနု၏ မျက်နှာသည် ပြုံးစိစိဖြစ် သွားသည်။ ရှက်ရွံ့အားနာစွာ အိုးတိုးအန်းတန်းဖြစ်နေသော ကိုကောင်းထက်၏ ခရမ်းချဉ်သီးမှည့်ရောင် မျက်နှာကြီးကို အခုပြန် တွေးကြည့်လျှင် အခု ရယ်ချင်သေးသည်။



မျက်နှာနားတွင် ခြင်တွေ တစီစီဝဲလာတော့ ဒေါ်ရွှေနုသည် ...်ထားသော မျက်စိကို မသိမသာဖွင့်ကာ ခြင်ဆေးခွေကို လှမ်း ...ကြည့်သည်။ မီးညှိထားသော ခြင်ဆေးခွေက ဘယ်အချိန်က ငြိမ်းနေ ...သည်မသိ၊ ခြင်ဖို၊ ခြင်မ၊ ခြင်ပိစိကွေးတို့က ခြင်ဆေးခွေကို ပတ်ကာ ...မ်ပြေးတမ်း ကစားနေကြသည်။

"ဒီခြင်ဆေးခွေကလဲ ထွန်းလိုက်ရင်း ငြိမ်းလိုက်ရင်း တကယ့်ကို ...ိုထွန်းငြိမ်း ခြင်ဆေးခွေပါပဲတော်"

လက်အုပ်ချီထားသော လက်တစ်ဖက်ကို အသာဖြုတ်ကာ ...ယာဂီ တဘက်ကလေး ယမ်းပြီး ခြင်ခြောက်သည်။ လေထက်လည်း ...ကောင်း၊ အလင်းနှုန်းထက်လည်းကောင်း၊ အဆပေါင်းများစွာ လျင်မြန် ...သောစိတ်က ကိုကောင်းထက်ဆီမှ ခြင်ဆေးခွေ၊ ထို့နောက် ခြင်ဆေးခွေ ...ဆီမှ မခင်လှ၏ မိခင်ကြီးဆီသို့ ချက်ချင်းရောက်သွားသည်။

မခင်လှ၏ မိခင်ကြီးသည် ခြင်ဆေးခွေကို ခြင်ဆေးခွေဟုပင် ...ခေါ် "ခြင်တွေကလဲ နေ့ခင်းတောင်မှ မနည်းပါလား၊ ကိုထွန်းငြိမ်း ...ကလေး မထွန်းထားဘူးလား"ဟု ပြောတော့ ဘာပြောမှန်း သူချက်ချင်း ...ပင် နားမလည်ခဲ့ပေ။ ထို့နောက် ခြင်ဆေးကိုပြောမှန်းသိပြီး "ဟုတ်ပါ ...ရဲ့တော်". ဟုထောက်ခံကာ ရယ်ခဲ့ရသည်။

အင်း ခုတော့ သူ့ခမျာ သေရှာပြီ၊ ဒီအိမ်လာတုန်းက ...ငါနဲ့အတူတူဟောဟိုနားမှာ ထိုင်ပြီး စကားတွေပြောလိုက်ကြတာ"

စင်စစ် သူကချည်းသာ ပြောခဲ့ခြင်းဖြစ်ပြီး၊ ဟိုကနားထောင် ...သမား သက်သက်ဖြစ်သည်ကို သူမေ့နေသည်။ သူပြောသမျှ ...ပလင်းပေါင်းစုံကို ခေါင်းလေးတညိတ်ညိတ်နှင့် ...

www.burmeseclassic.com

www.burmeseclassic.com



နားထောင်တတ်သူဖြစ်၍ သူက ငယ်ပေါင်းကြီးဖော်လို နှစ်နှစ်ကာကာ ခင်မင်သွားခဲ့မိသည်။

“သူလာတုန်းက ဟောဟိုနားမှာ ပုံ့ပုံ့ကြီးထိုင်ပြီး လက်ဖက် တမြုံ့မြုံ့စားနေတာ အခုတော့ အခုတော့”

ဇာပဝါပါးပါးလွှမ်းကာ ပက်လက်ကြီးဖြစ်နေမည့် ရုပ်ခန္ဓာကြီးကို တွေးပြီး မြင်ယောင်မိရင်း ဒေါ်ရွှေနု၏ ကျောထဲတွင်စိမ့်သွားသည်။

“အခုတော့ အဲဒီခန္ဓာကိုယ်ကြီးကို မြေကျင်းထဲထည့်ပြီး မြှုပ်ပစ်ရတော့မယ်”

ခေါင်းတလားပေါ်သို့ မြေစိုင် မြေခဲများ ကျသံကို ကြားယောင်လာမိပြန်သည်။ ဘုရားမသိဘူးဆိုဆို၊ တရားမရှိဘူးဆိုဆို၊ ဆိုချင်သလို ဆိုပေတော့ ထိုအသံကို ဒေါ်ရွှေနုကြောက်သည်။ အသုဘတွင် ခွမ်းကနဲ ချခွဲလေ့ရှိသော ရေအိုးခွဲသံကို ကြောက်သည်။ မီးသဂြိုဟ်စက် တံခါးကြီးကို “ဂျိမ်း” ခနဲပိတ်လိုက်သောအသံကိုလည်း ကြောက်လေသည်။

“ကြောက်.....ကြောက်.....အမျှ.....အမျှ.....အဲ .....
အဲယောင်လို့.....ကြား.....ကြား.....သမျှ.....သမျှ.....အမျှ.....
အမျှ..... အမျှ.....ယူတော်မူကြ.....”

ဒေါ်ရွှေနုသည် ရွတ်ရီးရွတ်စဉ် အမျှဝေခြင်းကိစ္စကို ခါတိုင်းလို မပြီးလိုက်ဘဲ မခင်လှ၏ မိခင်ကြီးကိုပါ အာရုံပြုပြီး အမည်ကိုခေါ်ကာ အမျှတပ်စေသည်။

အမျှဝေအပြီး ဦးသုံးကြိမ်ချပြီးသောအခါတွင်ကား ဒေါ်ရွှေနု မနေနိုင်တော့။ သူ့နှာခေါင်းနားတွင် ပတ်ချာလှည့်ပြီး တဝီဝီဝဲ သော ခြင်ကို လက်နှစ်ဖက်နှင့် အားရပါးရ ညှပ်ကာ ရိုက်လိုက်သည်။



အခုလေးတင် ငါးပါးသီလကို ခံထားတာဟူသော အသိစိတ်ဝင်လာ၍ လက်ကို အရှိန်လျှော့ရန် ကြိုးစားသော်လည်း မအောင်မြင်၊ သူ၏ ဘယ်ဘက်လက်ဝါးနှင့် ညာလက်ဝါးတို့က အရှိန်ပြင်းပြင်းနှင့် ဖြန်းခနဲမြည်အောင် ရိုက်ခတ်သွားသည်။ လက်ဝါးဖြန့်ကြည့်လိုက်သော့ လက်ဖမိုးပေါ်တွင်ထပ်ကာ ပြားနေသော ခြင်က တစ်ကောင်မက နှစ်ကောင် ဖြစ်နေသည်။

“မရည်ရွယ်ဘဲ သတ်မိတာပါဘုရား ..... ဘွာခတ်ပါ ဘုရား ဘွာတေးပါ”

သူက ခြင်သတ်ချင်သော်လည်း ငရဲကြောက်လှသူဖြစ်သည်။ ထို့ကြောင့် သူ့လက်ဖမိုးကို ထဘီနှင့်ပွတ်သုတ်ရင်း အယောင်ယောင် အမှားမှား ရေရွတ်လိုက်မိလေသည်။

ဦးဘမွှားသည် ခုတင်ခြေရင်းမှ ပေါင်ချိန် ခပ်ပြားပြားလေးပေါ် ဘက်ရပ်လိုက်သည်။ ထို့နောက် လှုပ်ရှားသွားသော မြားတံလေးကို ငုံ့ကြည့်နေသည်။ မြားတံလေးက ငြိမ်သွားသည်အထိ စောင့်နေရင်း မဲ့ပြုံးပြုံးလိုက်သည်။

“အင်း နောက်ထပ် တစ်ပေါင် ထပ်ကျသွားပြန်ပြီ”

ပေါင်ချိန်စက်ကလေးကို စိတ်အလိုမကျစွာကြည့်ရင်း ဦးဘမွှားက ရေရွတ်နေမိသည်။ ထိုသို့ ဖြစ်နေရခြင်းအတွက် သူသည် တစ်စုံတစ်ဦးကို အပြစ်တင်ချင်နေသည်။ သို့သော် မည်သူ့ကိုမျှလည်းအပြစ်တင်ရန် အကြောင်းမရှိသည်ကို သူ့ရင်ထဲတွင် ပူဆာဆာကြီးဖြစ်လာတတ်သည်။

“ငါ အမြဲတမ်းပဲဖျားနေတယ်၊ နောက်ပြီး တစ်နေ့ တစ်ခြားလဲ ပိန်လာနေပြီ၊ ထမင်းကလဲဘယ်လိုမှ စားမဝင်

www.burmeseclassic.com



ဘူး၊ ဘာဆိုဘာမှလဲ တမ်းတမ်းတတ မစားချင်ဘူး၊ အင်း
ဒီရောဂါဆိုတာ ဒီလိုပဲမစားနိုင် မသောက်နိုင် ဖြစ်လာတ
တာပဲ"

ဦးဘပွားက ခုတင်ပေါ်တွင် စိတ်ပျက် အားလျော့စွာ ထိုင်လို
သည်။

"လူကသာ ပိန်လာတယ်၊ မျက်နှာကျတော့ အမ်းနေတ
အဲဒါဟာ ရောဂါလက္ခဏာပဲ၊ ငါ့ဗိုက်ထဲမှာ အဲဒီ ဆဲလ်တွေ
ဘယ်လောက်ထိ ပျံ့သွားပြီလဲမသိ"

ဦးဘပွားသည် သူ၏ အဆုပ်ရှိမည်ထင်သည့် နေရာကိုလ
နှင့် အသာအုပ်၍ ထားမိသည်။ သူ့လက်အောက်တွင် အရေပြာ
ထိုအရေပြားအောက်တွင် အသား၊ ထိုအောက်တွင်ကား ရောဂါဝေဒ
များ ပျံ့နှံ့လွှမ်းခြုံထား၍ ပင်ပန်းကြီးစွာ အလုပ်လုပ်နေရရှာမည်
သူ၏အဆုပ်။

"ငါ့ကိုတော့ သိပ်ပြီး မနာပါစေနဲ့၊ သေရမှာထ
နာရမှာကို ငါပိုပြီးကြောက်တယ်၊ မင်း ပြန်မကောင်းနိုင်
တော့ဘူး၊ ပျက်စီးရတော့မယ်ဆိုရင် မြန်မြန်ကြီးသာ ဆ
တိုက် ဖျက်စီးပစ်လိုက်ပါကွာနော်၊ တမျှင်းမျှင်းနဲ့တော့ အချိ
တွေ ဆွဲမနေပါနဲ့၊ နာကျင်ခံစားနေရမယ့် ဝေဒနာတွေ
ငါကြောက်လွန်းလို့ပါ"

သူက သူ့ရင်ထဲမှ အထုတ်ကို လှမ်းပြီး တောင်းပန်နေမိသည်

"ပြောမယ့်သာပြောရတာ ဒီဆဲလ်တွေက အဆုတ်တင်မ
အသည်းတွေ ကလီစာတွေဆီကိုလဲ ပျံ့ချင်ပျံ့ နေလောက်ပါပြီ"

သူကဆရာဝန် ဦးကံမြင့်အား



"ကျွန်တော် နာတာ ကျင်တာကိုတော့ ကြောက်တယ် ဆရာ၊ အဲဒီ ဝေဒနာတွေ ကျွန်တော့်ဆီရောက်လာရင်တော့ ဆရာကျွန်တော့်ကို ပတ်သဒင်းသာ အလျင်မပြတ် ထိုးပေးထားပါနော်"

ဟုပင် ပြောထားခဲ့ဖူးလေသည်။

"အင်း အချိန် အဲဒီအချိန်က တဖြည်းဖြည်းနဲ့တော့ နီးလာနေပါပြီ"

ဦးဘပွားက မွေ့ရာပေါ်တွင် အသာလဲလျောင်းလိုက်သည်။ သူသေလျှင် သည်နေရာ သည်မွေ့ရာပေါ်မှာပဲ သေမှာထင်ပါရဲ့ဟု တွေးနေမိသည်။

ငါသေရင် ဟိုမောင်နှမသုံးယောက်တော့ ငိုကြမှာပဲ၊ အထူးသဖြင့် ကိုဦး သူ့မျက်လုံးလေးတွေ ငါ့ကို အမြဲတမ်း တစ်ခုခု အကူအညီပေးချင်နေတဲ့မျက်လုံး၊ မေတ္တာပြည့်နေတဲ့ မျက်လုံးလေးတွေ"

ကိုဦးသည် သူ့ကို အမြဲတမ်း ကူညီနေသည်ကို ဦးဘပွားသတိထားမိသည်။ သူတစ်ခါ ချောင်းဆိုးပြီး ထသီးတုန်းကလည်း ပြေးလာကာ ကျောကိုဖိပေးသည်။ နောက်ကျောတွေတက်ပြီး ကိုက်ခဲနေတုန်းကလဲ ကျောဖက်ကို ပရုပ်ဆီလိမ်းကာ နှိပ်ပေးသေးသည်။ သူ့လက်က မပေါက်၍ အကိုက်အခဲ မပျောက်လှသော်လည်း ဦးဘပွားက အနှိပ်ခံရင်း ကြည်နူးနေမိလေသည်။

ဦးဘပွားသည် လက်ကိုအရွေ့လိုက်တွင် ခေါင်းအုံးပေ
ဓာတ်ပုံလေးကို ဖမ်းမိ၍ လှမ်းယူကာ မြှောက်ကြည့်လိုက်သည်
သုံးလသား ကလေးငယ်လေးတစ်ဦး၏ ပုံဖြစ်သည်။
ဖြူဖွေးပြီး ဆံပင်နီနီကလေးများက ကောက်လိမ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကတော့ အနက်ရောင်ဖြစ်၍ သားလတ်နှင့်တူသော အချက်ကလေး တစ်ချက်တော့ပါလာသည်ဟု ဆိုရမည်ဖြစ်သည်။

"ကလေးက ချစ်စရာကောင်းပေမယ့် ငါ့စိတ်ထဲမှငါ့မြေး ရယ်လို့ လိုက်လိုက်လှဲလှဲလဲ မခံစားရဘူး၊ သူစိမ်း ကလေးလေး တစ်ယောက်ရဲ့ ဓာတ်ပုံကို ကြည့်နေရသလိုပဲ"

ဦးဘပွားက ဓာတ်ပုံလေးကိုကြည့်ရင်း ဝမ်းနည်းလာသည်။ထို မြေးငယ်နှင့်သူသည် ဘယ်သောအခါမှ ဆုံစည်းနိုင်တော့မည် မဟုတ်ချေ။ ထိုမြေးကိုလည်း မြန်မာပြည်မှ ဦးဘပွားဟူသည့် လူကြီး အကြောင်းကို သားလတ်က ပြောပြလိမ့်မည်ဟု သူမထင်လှပေ။

"ငါသေရင်တော့ သူတို့ ခဏ တဖြုတ်တော့ ပြန်လာ လိမ့်မည်ထင်ပါရဲ့၊ ကျန်ခဲ့တဲ့ အိမ်တွေ၊ မြေတွေကို ရောင်းချ ခွဲစိတ်ယူကြ ရဦးမှာကိုး"

ဦးဘပွား ဝမ်းနည်း ပမ်းနည်း တွေးလိုက်မိသည်။ သူသေပြီဟူသော သတင်းကိုကြားလျှင် သူ့သား သူ့သမီးတွေ ဘယ်လိုခံစားကြ ရမလဲဟု တွေးနေသည်။ သမီးကြီးကတော့ မျက်ရည်ကျလိမ့်မည်ဟု သူထင်သည်။ သားနှစ်ယောက်ကတော့ အံ့အားတသင့် ဖြစ်သွားမည်ဟု သူယုံကြည်သည်။

သို့သော် စိတ်နှလုံး ထိခိုက်ကြေကွဲခြင်းမျိုးတော့ဖြစ်လိမ့်မည် မဟုတ်ပေ။ လူတိုင်း လူတိုင်း မလွှဲမသွေလျှောက်ရမည့် လမ်းကို သူတို့ဖခင်လည်း လှမ်းလျှောက်သွားပြီဟုသာ သတ်မှတ်လိုက်ကြ မည်ဟု သူထင်နေမိလေသည်။

"ဘ.....ဘ.....ကြီး"



ကိုဦး၏ အသံကို ကြားရသည်။ သူက လဲလျောင်းနေရာမှ အသာထကာ အိမ်ရှေ့ခန်းသို့ ထွက်ခဲ့သည်။

"ဘဘကြီးအတွက် ပူတင်းလာပို့တာ"

ကိုဦးက ပြုံးချိုစွာ ပြောသည်။

"အန်တီမွှေး လုပ်ပေးလိုက်တာ ဘဘကြီးရဲ့ ကြက်ဥ ပူတင်းလေ"

"တယ်ဟုယ်ပါလားကွ"

"ဘဘကြီး ထမင်းမစားနိုင်ဘူး၊ ဖျားနေတယ်ဆိုတော့ အန်တီမွှေးက ချောင်းတွေလဲအရမ်းဆိုးနေတာ ကြားရတယ်တဲ့၊ အားရှိအောင် ပူတင်းလေး ဖုတ်ပေးမယ်ဆိုပြီး လုပ်ပေးလိုက် တာ၊ သိပ်ကောင်းတာပဲ ဘဘကြီးရ၊ အခု စားမလားဟင်"

"အေး ကောင်းသားပဲ"

စားချင်စိတ် မရှိလှသော်လည်း ဦးဘပွားက အလိုက် သင့်ပြောလိုက်သည်။ဝမ်းသာသွားဟန်ရှိသော ကိုဦးက ထမင်း စားခန်းထဲမှ ဇွန်းကလေးတစ်ချောင်း ပြေးယူသည်။ ပူတင်း ပန်းကန်လေးတွင် ဇွန်းကို အသင့် တင်ကာ လှမ်းပေးသည်။

ကိုဦး ကျေနပ်စေရန် တစ်ဇွန်းခပ်၍ ပါးစပ်ထဲသွင်း လိုက်သော်လည်း ဦးဘပွားက အရသာရှိလိမ့်မည်ဟု မထင်... သို့သော် မထင်မှတ်ပဲ စားကောင်းသွား၍ "ကောင်း... ဟေ့" ဟုပြောကာ နောက်တစ်ဇွန်းထပ်၍ ခပ်... 

"အန်တီမွှေးကပြောတယ် ဘဘကြီး ... လုပ်ပေးမယ်တဲ့၊ ဟော.....တယ်လီဖုန်း"

www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲမှ တယ်လီဖုန်းသံကြားတော့ ဦးဘပွား အတန်ငယ် စိတ်အနှောင့်အယှက်ဖြစ်သွားသည်။ သူက မိတ်ဆွေ အပေါင်းအသင်းများကို အကုန် အဆက်ဖြတ်ပြီး အေးအေးနေသဖြင့် သူ့ဆီသို့အရေးကိစ္စအထူးတလည်မရှိဘဲ တယ်လီဖုန်းဆက်သူ မရှိလှ အခုအချိန်မှာ မည်သူ၏ အရေးကိစ္စကိုမှ သူစိတ်မဝင်စား၊ ကုန်ကုန်ပြောလျှင် ကိုယ့်ကိစ္စ၊ ကိုယ့်အရေး၊ (ဥပမာ ဘဏ်မှ ငွေရေးကြေးရေးကိစ္စ) ကိုပင် မကြားချင်။

"ဘဘကြီး တယ်လီဖုန်း"

"မင်း သွားကိုင်လိုက်စမ်းပါကွာ"

"ဟင် ကျွန်တော်"

"အေး ဦးဘပွား အပြင်ထွက်သွားတယ်၊ ဘယ်သူ ဆက်တာလဲလို့ မေးထားလိုက်"

ပုတင်းပျော့ပျော့လေးက နူးနူးညံ့ညံ့ရှိလှသည်။ သူ့လည်ချောင်းတစ်လျှောက် ရှောခနဲ ရှောခနဲ ဆင်းသွားသည်။ မနက်ခင်းကတည်းက ဘာဆိုဘာကိုမှ မည်မည်ရရ စားမထားသည့်အတွက် ရင်ထဲတွင် ဟာကာ ဆာလောင်နေသည်ကို ယခုမှပင် သတိထားမိသည်။

"ဟုတ်ကဲ့ခင်ဗျ၊ ဦးဘပွား အိမ်ကပါ၊ ဟုတ်ကဲ့ ဦးဘပွား အပြင်ထွက်သွားပါတယ်၊ ဟယ်လို ဟယ်လို ဟာ ဖေဖေ ဖေဖေလား ကျွန်တော်ပါ ကိုဦးပါ"

ကိုဦးက တယ်လီဖုန်းပြောရင်းမှ ဝမ်းသာအားရ လှမ်းအော်သည်"

"ဘဘကြီးရေ ဖေဖေရယ် ဖေဖေဆက်တာ"



ရွှင်မြူးနေသော ကိုဦး၏အသံကြောင့် ဦးဘပွားပါ ရောပြီး ဝမ်းသာသလို ဖြစ်သွားသည်။

"သားတို့ နေကောင်းပါတယ် ဖေဖေရဲ့"

"ကဲကဲလဲ လိမ္မာပါတယ်၊ မဆိုးပါဘူး"

"အန်တီမွေးက နေ့တိုင်း ဟင်းချက်ပေးပါတယ်၊ စားကောင်းပါတယ် ဖေဖေရ"

"ဘဖိုးထင်က သားတို့နဲ့အတူ လာအိပ်ပေးတယ်လေ"

ထိုစဉ်တွင် ကိုတူးနှင့် ကဲကဲတို့ ယောင်လည်လည်နှင့်ရောက်လာကြသည်။ ကဲကဲ၏လက်ထဲတွင် စလေဆီးသီး တစ်ထုပ်ကို ကိုင်ထားပြီး ကိုတူးကတော့ ကံကောင်းကို ချီထားသည်။

"မင်းတို့အဖေ တယ်လီဖုန်းဆက်နေတယ်"

"ဟာ ဟဘဘကြီးကလဲ ဖေဖေမှ ပြန်မရောက်သေးတာ"

"ဟ ပြန်မရောက်သေးလို့ ဟိုကနေ ဆက်တာပေါ့၊ ဟိုအိပ်ခန်းထဲမှာ မြန်မြန်သွား၊ ကိုဦးနဲ့ ပြောနေတာ ကြားတယ် မဟုတ်လား"

ဦးဘပွားပြောသည်ကို ကလေးနှစ်ဦးက ရတ်တရက် နားမလည်။

"မေမေရော နေကောင်းရဲ့လားဟင်၊ ဘယ်တော့ပြန်လာမှာလဲ" ဟူသော ကိုဦး၏အသံကို ကြားမှ သဘောပေါက်သွားသည်။

ကဲကဲက ကိုဦးရေ ကဲကဲလဲပြောမယ် ကဲကဲလဲပြောမယ်နော် ဟုအော်ကာ အခန်းထဲပြေးဝင်သွားသည်။ ကိုတူးကတော့ သူ့လက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းကို ကြမ်းပေါ်ချတော့မလိုလို စားပွဲပေါ်တင်တော့မလိုလို လုပ်နေပြီးမှ တောင်းပန်ပြုံးကလေး၊ ပြုံးပြပြီး ဦးဘပွား ပေါင်ပေါ်သို့လာတင်သည်။ ထို့နောက် "ငါလဲပြောမယ်ဟေ့" ဟု အော်ကာ ဒရောသောပါး ပြေးသွားသည်။

"မေမေရေ သမီးပါ ကဲကဲပါ၊ မေမေ ငိုသေးလားဟင်၊ မငိုနဲ့တော့နော်၊ မေမေ့ကို သမီးလွမ်းလှပြီ မေမေရဲ့"

ကဲကဲက ချွဲနေသည်။

"မေမေတို့ သွားကြတာ ကြာလှပြီ၊ ဟာ..... မေမေ ကလဲ ခုနှစ်ရက်တောင် ရှိပြီလေ၊ ဘယ်တော့ ပြန်လာမှာလဲဟင်၊ ဟာ.....နက်ဖြန် ဟုတ်လား၊ တကယ်နော် နက်ဖြန်နော်၊ ဟေ့.....ပျော်တယ်ဟေ့"

ဦးဘပွားသည် သူ့ပေါင်ပေါ်သို့ အူကြောင်ကြောင်နှင့် ရောက်လာသော ကံကောင်းကို ငေးကြည့်နေမိသည်။

သည်ကလေးကို သူတစ်ခါမျှ ချီပိုးယုယခြင်း မပြုခဲ့ဖူးပေ။ သူ့ကို မျက်လုံးအဝိုင်းသားလေးနှင့် ကြည့်နေသောကလေးငယ်ကို ထွေထွေစိုက်စိုက်ကြီး ပြန်ကြည့်နေရင်း အေး ကြည့်ထား၊ အဲဒါ မင်းကို ငွေကြေးထောက်ပံ့မယ့် အဘိုးကြီးဘဲ၊ ကြည့် ဝအောင်ကြည့်ထားဟ ကောင်လေးရဟု စိတ်ထဲမှ ပြောနေမိသည်။

သူ၏ မျက်နှာက ခပ်တည်တည် ခပ်တင်းတင်းကြီး ဖြစ်နေတော့ ကံကောင်းက မလှုပ်ရဲ၊ မျက်နှာလေး မဲ့တဲ့တဲ့နှင့် ငြိမ်နေသည်။

သနားသလို ဖြစ်သွားသော ဦးဘပွားက မသိမသာ ပြုံးပြလိုက်သောအခါမှ သူ့မျက်နှာလေးက ရွှင်လာသည်။ သွားလေးနှစ်ချောင်း ပေါ်အောင် ရယ်ရင်း "ပူး ပူး" ဟုပြောသည်။



"ဘာလဲကွ ပူး ပူး ဆိုတာ"

ပြည့်ပြီးဖောင်းလာသော ကံကောင်း၏ ပါးကလေးကို လက်ညှိုးနှင့်တို့ကြည့်လိုက်၊ မေးစေ့ လုံးလုံးလေးကို ဆွဲကြည့်လိုက်နှင့် ဦးဘပွားသည် အတန်ငယ်စိတ်ရွှင်လာသည်။

"ရော့ကွ ပူတင်း စားမလား"

ဦးဘပွားက ဘေးတွင်ချထားသော ပူတင်းပန်းကန်ကို သတိရကာ တစ်ဇွန်းခပ်ပြီး ခွံ့လိုက်သည်။ ကံကောင်းက စုံစုံမက်မက်မျိုချလိုက်ပြီး အရသာတွေ့သွားသည့် ပါးစပ်ကလေးက ချက်ချင်းထပ်ဟပေးသည်။

"သား သေးမပေါက်ပါဘူး မေမေရ၊ တစ်ခါတည်းပါ၊ တစ်ခါတည်းပေါက်တာ၊ အာ.....သားလဲပေါက်ရော ကိုဦးက ဘုံးခနဲ အုန်းခနဲထုရော.....ဟီ"

ကလေးသုံးဦးက တယ်လီဖုန်းခွက်နားတွင် အုံကာ အလုအယက် ပြောနေကြသည်။

ဦးဘပွားသည် ကလေးများ၏အသံကို နားစွင့်လိုက် သူ့ပေါင်ပေါ်မှ ကံကောင်းကို ပူတင်းခွံ့လိုက်နှင့်မို့ သူ့ရောဂါကိုသူ မိနစ်အနည်းငယ်မျှ မေ့ပျောက်သွားလေသည်။

"ဘဘကြီးက မဆူပါဘူး မေမေရဲ့ သားကို ဘဘကြီးက တယ်လီဖုန်းသွားကိုင်ချေတဲ့၊ အဟုတ်ပြောတာပါ၊ ဘဘကြီးကခွင့်ပေးတာပါ"

ကိုဦး၏အသံကိုကြားတော့ ဦးဘပွား နှုတ်ခမ်းကို မသိမသာကာ ပြုံးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒေါ်ခင်ဝဝကတော့ ငါ့ကို သဘောပုပ်၊ မနောပုပ်ကြီးလို့ ထင်နေတုန်းပဲလား မသိပါဘူး"

ဦးရန်ဝေးက သူ့အပေါ်တွင် ပျူပျူငှာငှာ ရှိသော်လည်း ဦးရန်ဝေး ကတော် မခင်လှကမူ သူ့ကို မနှစ်သက်လှကြောင်း သူသိသည်။ သူရောက်လာကာစက မခင်လှသည် တစ်ခါ နှစ်ခါ ပြုံးရယ်ပြီးနှုတ်ဆက်သည်။ သူကသိပ်အရေးမလုပ်သလို ခပ်တည်တည်နေတော့ မခင်လှသည် သူ့ကိုနောက်ထပ် မနှုတ်ဆက်တော့ပေ။

တစ်ခါတစ်ရံ မျက်နှာချင်းဆိုင် တိုးလျှင်ပင် မျက်နှာလွှဲသွားတတ်လေသည်။ ကံကောင်းကိစ္စပြီးတော့ တစ်တိုက်လုံး ရှိရှိသမျှလူတွေအကုန်အပေါ်ထပ်က ဦးထင်ပါမကျန် သူ့ကို ကျေးဇူးတင်တင်နှင့် ခင်ခင်မင်မင် လှိုက်လှိုက်လှဲလှဲ ဆက်ဆံကြသည်။ သို့သော်မခင်လှကတော့ မပွင့်တစ်ပွင့် ပြုံးပြရုံသာ ရှိလေသည်။

သို့သော် ခရီးမသွားခင် ညကတော့ သူ့အခန်းထဲသို့ ရောက်လာခဲ့သည်။ သူ့ကို ခင်မင်ကျေးဇူးတင်သော မျက်လုံးများနှင့် ကြည့်ကာ"

"ကျွန်မတို့ သွားနေတုန်း ကလေးတွေကို ကြည့်ရှု စောင့်ရှောက်ပေးပါ ဦးရယ်၊ အမြင်မတော်ရင်လဲ ဆုံးမပါ"

ဟု ပြောခဲ့လေသည်။

ခဏနေတော့ ကလေးသုံးဦးလုံး အိပ်ခန်းထဲမှ မြောက်ကြွမြောက်ကြွနှင့် ထွက်လာကြသည်။

"ဘဘကြီးရေ မေမေ ပြန်လာတော့မယ်တဲ့"

ကဲကဲက ဝမ်းသာအားရ လှမ်းပြောသည်။

ကိုတူးကတော့



"မေမေပြန်လာမယ်၊ ဟော့ ဖေဖေပြန်လာမယ် ဟော့ ဟော့ မေမေပြန်လာမယ်"

ဟုသီချင်းလုပ်ဆိုကာ ဆတ်တောက် ဆက်တောက်နှင့် လှည့်ပတ်၍ က,နေသည်။

ကိုဦးကတော့ အူမြူးနေသော အငယ်နှစ်ဦးကို ကြည့်ကာ ကြည်နူး ပီတိဖြစ်နေသည်။ သူ့ကျောပေါ်တွင် ပိနေသော ဝန်ထုပ်ဝန်ပိုးကြီးလည်း အတန်ငယ်ပေါ့သွားသလို ခံစားလိုက်ရသည်။

"ဖေဖေတို့ရဲ့အသံကို ကြားလိုက်ရရုံနဲ့တောင် အားရှိလိုက်တာ၊ ပျော်လိုက်တာ"

ဦးဘမွှား၏ ပေါင်ပေါ်တွင် ဖင်ဆောင့်ပြီး ခုန်ရန် ကြိုးစားနေသော ကံကောင်းကို ငေးကြည့်ရင်း တွေးနေမိသည်။ သူချစ်သော မိခင် ဖခင်တို့၏ အသံများကို သည်တစ်ခါ နောက်ဆုံး ကြားရခြင်းဖြစ်သည်ကိုလည်းကောင်း၊ သည်တစ်သက်တွင် နောက်ထပ် ကြားရတော့မည် မဟုတ်ကြောင်းကိုလည်းကောင်း သူလုံးဝ မသိခဲ့ရှာပေ။

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က သူညှော်ခန်းလေးတွင် ကံကော်ရနံ့ သင်းမွှေးလျက်ရှိသည်ကို ဦးဘပွားမှတ်မိသည်။

မမွှေးကြူ နှင့်အတူ နံနက်ခင်း ဈေးလိုက်သွားသော ကဲကဲက ကံ့ကော်ပွင့် ကားကားလှလှကြီးများ ဝယ်လာသည်။ (အမှန်ကတော့ မမွှေးကြူ ဝယ်ပေးလိုက်ခြင်းဖြစ်သည်)။ ကဲကဲက ပန်းကြိုက်သည်မို့ သူ့ဆံပင် တိုနံ့နံ့ကို ကြက်တောင်စည်းပြီး ကံ့ကော်ပန်းတွေ ပန်သည်။ သူ့အိမ်မှာ ဘုရားတင်သည်။ မေမေ ဖေဖေတို့၏ ခုတင်ဘေးတွင် ပန်းအိုးထိုးပေးသည်။

ယနေ့ညနေ မေမေတို့ပြန်ရောက်မည်မို့ အိပ်ခန်းထဲ ဝင်လိုက်လျှင် ဝင်လိုက်ချင်း မွှေးသွားစေရန် ဖြစ်သည်။ ထို့နောက် ကျန်သော ပန်းများကို ဦးဘပွားဆီသို့ ယူလာသည်။ ညှော်ခန်းတွင် ဖျာခွက်နှင့် ထိုးစိုက်ကာ ပန်းအလှပြင်ပေးသည်။ ထို့နောက် သူ့ ပန်းအိုးလေးတို့ သူ့အရိပ်တကြည့်ကြည့်နှင့် ကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



"လှတယ်နော်"

ဟု ထောက်ခံမဲ‌ထောင်းနေသည်။

ကဲကဲက ပန်းအလှပြင်တတ်သူမဟုတ်၊ ပုတိုတို ဖန်ခွက်ကလေး ထဲတွင် တိုသော အခက်နှင့် ရှည်သောအကိုင်းများကိုပါ အရွက်တွေ မခြွေဘဲ ထိုးထိုးထောင်ထောင် ထိုးထည့်ထားတော့ သူ့ပန်းအိုးကလေး ကမလှ၊ တစ်ပွင့်ချင်း အကုန်လှကာ အကုန်မွှေးနေသော ပန်းခက် ပန်းခိုင်များကို စုပြုံပြွတ်ညပ်ပြီး အလှပျက်အောင် လုပ်လည်းလုပ်တတ် ပါပေရဲ့ဟု တွေးရင်း ဦးဘပွားက စိတ်ပျက်လက်ပျက် ပြုံးမိသည်။

သို့သော် ကိုဦးနှင့် ကိုတူးကမူ

"အေး လှတယ်ဟ"

ဟုထောက်ခံကြသည်။ ကဲကဲ၏ ပန်းအိုးသည် ကြည့်မကောင်းမှန်း သိသော်လည်း သည့်ထက်လှအောင် သူတို့ မတတ်နိုင်သောကြောင့် ဖြစ်လေသည်။

"ဘဘကြီးရေ လှတယ်နော်"

"အေး မွှေးပါတယ်ကွာ"

ဦးဘပွားက အာပတ် လွတ်အောင်ဖြေသည်၊ ပွင့်ဖတ်ဖြူဖြူ လေးများကိုလည်းကောင်း ဝတ်ဆံဝါဝါလေးများကိုလည်းကောင်း နှစ်သက်မြတ်နိုးစွာ ကြည့်မိသည်။ ပျံ့ပျံ့လေးမွှေးနေသော ရနံ့ကိုရှိုက်၍ ရှူရင်း ချစ်ခဲ့ရသော ဇနီးသည်ကို သတိရသည်။

သူ၏ ချစ်ဇနီးက ပန်းကြိုက်သည်။ အထူးသဖြင့် ကံ့ကော်ပန်း ကို ပိုကြိုက်သည်။ ကံ့ကော်တွေ စ၍ ပွင့်သည်မှစ၍ ရှာမရအောင် တုံးသွားသည့်အချိန်အထိ ချစ်ဇနီး၏ ဆံကေသာတွင် ကံ့ကော်ပွင့် လေးများ မပြတ်ရှိနေတတ်သည်ကို သူသတိထားမိသည်။



ကံ့ကော်ပွင့်လေးတွေ ညှိုးပြီးခြောက်သွားပါကလည်း သူက လွှင့်မပစ် ဝတ်ဆံဝါဝင်းလေးများကို သနပ်ခါးနှင့်အတူရောသွေးကာ လိမ်းတတ် သည်။ လေရူးတွေကတသုန်ဟုန် မြူးသော ဤတပေါင်း၊ တန်ခူး ရာသီဦးတွင် ချစ်ဇနီးသည်၏ ပါးပြင်သည်လည်းကောင်း၊ ဆံပင် သည်လည်းကောင်း၊ ကံ့ကော်ရနံ့သင်းပျံ့ပျံ့မွှေးနေတတ်သည် ကို သူအမြဲသတိရနေမိလေသည်။

"ကဲကဲက ကြီးလာရင် ပန်းအလှပြင်တဲ့သူလုပ်မှာ ညှော်ခံပွဲတွေ၊ အစည်းအဝေးတွေမှာ လိုက်ပြီး ပန်းအလှ ပြင်ပေးမှာ"

ကဲကဲက ခပ်ကြွားကြွား ပြောတော့ ကိုတူးက နှာခေါင်းရှုံ့သည်။

"အဲဒါဆိုရင် နင်ထမင်းငတ်ဖို့သာပြင်ထား"

" ဟင် ဘာဖြစ်လို့"

"နင့်ကို ဘယ်သူမှ ငှားမှာမှ မဟုတ်ဘဲ"

ကိုဦးက သဘောကျစွာရယ်သည်၊ ကဲကဲကတော့ နှုတ်ခမ်း သွားလေသည်။

"ဦးဘပွား အခန်းကတော့ စည်ကားပါ့ဗျာ၊ မြေးအဘိုးတွေ တဟားဟားနဲ့ ဘာတွေပွဲကျနေကြတုန်း"

အခန်းထဲဝင်လာသော ဦးကံမြင့်က ကျေနပ်စွာပြောသည်။ သူ့လက်ထဲမှ ဆေးသေတ္တာကို စားပွဲပေါ် လှမ်းတင်ရင်း ကိုဦးအား "ကိုဦးရေ ရေနွေးအိုးတည်ကွာ မင်းအဘကြီးကို ဆေးထိုးရအောင်" ဟု လှမ်းပြောသည်။

"ဘဘကြီးရေ သူကကြီးလာရင် ပန်းအလှပြင်တဲ့သူ လုပ်မှာ ဟိုမှာကြည့်ပါဦး၊ သူထိုးထားတဲ့ပန်းအိုး"

www.burmeseclassic.com

www.burmeseclassic.com



ကိုတူးက ကဲကဲ၏ ပန်းအိုးကို လက်ညှိုးထိုးပြသည်။ ကဲကဲက တော့ ကိုတူးအား မျက်စောင်းခဲရင်း "ခုနတုန်းကတော့ သူပဲလှတယ် ပြောပြီးတော့" ဟု မပွင့်တပွင့်ပြောသည်။

"လှပါတယ်ကွာ မင်းတို့ကလဲ"

ဦးကံမြင့်ကကဲကဲကျေနပ်စေရန် ပြုံးရယ်၍ ပြောသည်။ ထို့နောက် ဦးဘပွား၏ ဘေးတွင် လာထိုင်ကာ အဖျားသွေးနှင့် ပူနွေးနေသော လက်ကောက်ဝတ်ကို ဖမ်းကိုင်ကာ သွေးစမ်းသည်။

"သွေးပါသေးလား" ဟု တိုးတိုးမေးသည်။

"ပိုမများပါဘူး"

"ရတ်တရက် များလာမယ် အန်လာမယ်ဆိုရင်တော့ သွေးသွင်းဖို့လိုမယ်"

"ဘာလုပ်မှာလဲဆရာရယ်၊ သံသရာရှည်အောင်"

"ဒီလိုလဲဘယ်ဟုတ်ပါ့မလဲ"

"နောက်ပြီး ဝေဒနာရှည်အောင်"

"မဟုတ်သေးပါဘူးဗျာ"

ဦးဘပွားက မဲ့မဲ့ကြီးပြုံးသည်။ သူ့ကို ဘယ်လိုပြောရမည် မသိဘဲ၊ ဘယ်လိုဖျောင်းဖျရမည်မသိဘဲ၊ ဦးကံမြင့်တစ်ယောက် အားကျပ် နံကျပ်ဖြစ်နေလျှင် သူပျော်သည်။ အဖြေခက် အနေခက်ဖြစ်ကာ ချွေးပျံလာသည်ကိုကြည့်ပြီး သူကကျေနပ်ချင်သည်။

"ကျွန်တော်ကတော့ ကြီးလာရင် ဆရာဝန်လုပ်ချင်တယ်"

ရေချိုးပြီး ထွက်လာသော ကိုဦးက ဦးကံမြင့်ဖွင့်လိုက်သော ဆေးသေတ္တာထဲမှ ဆေးပစ္စည်းများနှင့် ဆေးပုလင်းများကို စိတ်ဝင် စားစွာ ငုံ့ကြည့်နေသည်။



"ဘာဖြစ်လို့လဲ၊ မင်းကဘဘကြီး ဦးကံမြင့်လို ပိုက်ဆံတွေ အများကြီး ရချင်လို့လား"

"မဟုတ်ပါဘူး"

ကိုဦးကခေါင်းခါသည်"

"ကျွန်တော် ဝါသနာပါတယ်၊ ပြီးတော့ ဖေဖေလုပ်ခိုင်းလို့"

"မင်းဖေဖေက ဆရာတွေ ဝိုင်းကျူရှင်ပေးရင် ဆရာဝန်ထက် ပိုရတာ သိမှာပါကွာ"

ဦးကံမြင့်က ကိုဦးအားစသည်။ သို့သော်ကိုဦး၏ မျက်နှာလေး က တည်ငြိမ်နေသည်။

"ဖေဖေက ငယ်ငယ်တုန်းက ဆရာဝန်သိပ်ဖြစ်ချင်တာပဲတဲ့၊ ဝါသနာလည်းအရမ်းပါတယ်တဲ့၊ ကြိုးလဲကြိုးစားခဲ့ပါတယ်တဲ့၊ ဒါပေမယ့် ဆယ်တန်းအောင်တော့ အမှတ်နည်းနည်းလေးလိုနေတာနဲ့ ဆရာဝန်လိုင်းကို လိုက်ခွင့်မရဘူးတဲ့၊ အဲဒီတုန်းက ကိုယ်သင်ချင်တဲ့ ပညာကို သင်ခွင့်မရခဲ့လို့ ဖေဖေရယ်ငိုခဲ့ရတယ်တဲ့။

စချင် နောက်ချင်နေဟန်ရှိသော ဦးကံမြင့်၏ မျက်နှာသည် ရုတ်တရက် တည်ကြည်သွားသည်။ သူ့လက်ထဲမှ ပြဒါးတိုင်ကို ဦးဘပွား၏ ပါးစပ်ထဲသို့ လှမ်းမထည့်နိုင်သေးဘဲကိုဦးအား ခပ်တွေတွေကြည့်နေသည်။

"ဖေဖေ့ရဲ့သူငယ်ချင်း တော်တော်များများကတော့ ဆရာဝန်ဖြစ်ခဲ့ကြတယ်တဲ့"

"သူတို့ကို ပိုပြီးတော်တယ်လို့ သတ်မှတ်ခဲ့ကြတယ်လေ မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဦးကံမြင်က ကိုဦးအား အကဲခတ်သလိုကြည့်ရင်း ခပ်တိုးတိုးမေးသည်။ ကိုဦးကတော့ စားပွဲမျက်နှာပြင်မှန်သားအောက်မှ ဦးဘပွား၏ သာသမီးများကို ငုံ့ကြည့်နေသည်။

"ဒါပေမယ့် တိုင်းပြည် နစ်နာတာပေါ့တဲ့၊ ဖေဖေကပြောတယ်၊ တိုင်းပြည်နစ်နာတယ်တဲ့"

သည်တစ်ခါတော့ ဦးဘပွား အတန်ငယ်ရယ်ချင်သွားသည်။ ကိုဦး၏ဖခင် ဦးရန်ဝေးတစ်ယောက် ဆရာဝန်မဖြစ်ခဲ့ရ၍ မြန်မာပြည်ကြီးမှာ နစ်နာစရာအကြောင်းမရှိလှဟု သူထင်သည်။ ကိုဦးသည် ဆရာဝန်တစ်ယောက်၏ သားမဖြစ်ခဲ့ရသော်လည်း မြန်မာပြည်အတွက် လိုအပ်သောဆရာဝန်များကိုတော့ ဆေးတက္ကသိုလ်ကြီးမှ နှစ်စဉ်မွေးထုတ်ပေးနေသည်သာဖြစ်သည်။

"ဘာဖြစ်လို့ နစ်နာတာလဲ၊ မင်းအဖေ ဆရာဝန်မဖြစ်ပေမယ့် တခြားလူတွေကတော့ ဖြစ်ခဲ့ကြသားပဲမဟုတ်လား"

ကိုဦးက ဦးဘပွားအား လှမ်းကြည့်ကာ သက်ပြင်းကို မသိမသာ ရှိုက်သည်။ စကားလုံး ရွေးနေဟန်နှင့် အတန်ကြာငြိမ်နေပြီးမှ တိုးတိုးပြောသည်။

"ဒါပေမယ့် အဲဒီတခြားလူတွေထဲက တချို့လူတွေက ဆရာဝန်ဖြစ်သွားပြီးတော့ မြန်မာပြည်မှာ နေကြတော့တာမှ မဟုတ်ဘဲတဲ့"

ဦးဘပွားသည် ကိုဦးကို တအံ့တဩ ကြည့်လိုက်မိသည်။ သူ့ရှေ့မှ ဆယ်သုံးနှစ်သား ကောင်ကလေး ပျောက်ပြီး အသက်လေးဆယ်ကျော် ဦးရန်ဝေးရောက်လာသည်ဟု ထင်လိုက်မိသည်။

ဆယ်တန်းဖြေဆို အောင်မြင်လာခဲ့ကြသော အမှတ်များပေါ်တွင် မူတည်ကာ မင်းကတော့ သည်ပညာနဲ့တန်တယ်၊ မင်းကတော့



ဟိုပညာနဲ့တန်တယ် စသည်ဖြင့် သတ်မှတ်ခွဲတမ်းချပေး ခဲ့သော စနစ်သည် မည်မျှမှန်၍ မည်မျှမှားသည်ဟုတော့ သူအငြင်းမပွားလို။

သို့သော်ကလေးငယ်များကို မည်သည့်အခါကမှ စာသင်ကြားပေးရန် ဝါသနာလည်းမပါ၊ စိတ်လည်းမကူးခဲ့သော သမီးကြီးသည် ဘီအီးဒီဘွဲ့ကိုရယူကာ ဆရာဝန်ဖြစ်လိုသော သားလတ်ကမူ ဆောက်လုပ်ရေး အတတ်ပညာကို သင်ကြားခဲ့ကြရသည်ကတော့ အမှန်ပင်။

သားလတ်သည် သူဝါသနာမပါလှသော ဆောက်လုပ်ရေး အတတ်ပညာကို သင်ယူနေချိန်တွင် ထိုဆောက်လုပ်ရေးပညာကို တကယ် လိုလိုလားလား သင်ယူချင်သော သားထက် အမှတ်အနည်းငယ်နည်းသွားသော အခြားသူတစ်ယောက်သည် ကိုဦး၏ ဖခင် ဦးရန်ဝေးကဲ့သို့ပင် ငိုကြွေးခဲ့ရလိမ့်မည်ထင်သည်။

"ဒါကြောင့် ဖေဖေက ကျွန်တော့်ကို ဆရာဝန်ဖြစ်စေ ချင်တာပါ၊ သူ မဖြစ်ခဲ့ရလို့တဲ့"

ကိုဦးက သူ့စကားကို အဆုံးသတ်သည်။ အခန်းထဲတွင် ရုတ်တရက် ငြိမ်သွားသည်။ ကိုတူးနှင့် ကဲကဲတို့ခမျာလည်း မျက်နှာလေးတွေ ငယ်နေကြသည်။ သူတို့စိတ်ထဲတွင် ကိုဦးက လူကြီးများနှင့် ပြိုင်ပြီးငြင်းနေသည်ဟု ထင်နေကြသည်။ လူကြီးတွေကို အားနာပြီး မျက်နှာပူသလိုလို ဖြစ်နေကြသည်။

"ဖေဖေကပြောတယ်၊ သူတို့တွေ နဂိုကတည်းက ဒီမှာ[illegible] စိတ်မကူးကြရင် ဒီက ဘွဲ့ကိုတော့ ယူသွားဖို့မကောင်းဘူးတဲ့"

အတန်ကြာအောင် ငြိမ်နေပြီး ကိုဦးက ဆက်ပြောသည်။

"ဟုတ်တာပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com



ဦးကံမြင့်က အားရပါးရကြီးပြောသည်။ ကိုဦး၏ ပခုံးကို ခပ်တင်းတင်း ဆုတ်ကိုင်လိုက်ရင်း လှုပ်လှဲစွာပြုံးသည်။

"ဟုတ်တာပေါ့ ကလေးရ၊ မင်း ပြောတာမှန်တာပေါ့"

ဦးဘမွှားကမူအတန်ငယ်မျက်နှာပျက်သွားသည်။ ထိုသို့သော အတွေးမျိုးကို ယခင်တစ်ခါမျှ မတွေးခဲ့ဖူးချေ။

လူစိစစ်ကန့်သတ်ပြီးမှ နိုင်ငံတော်မှ သင်ကြားပေးခဲ့သော အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သူ့သားသမီးသုံးဦးလုံး သင်ကြားတတ်မြောက်ကာ ဘွဲ့ယူခဲ့ကြသည်ကို ချက်ချင်း သတိရသည်။

အခုတော့ သူ့သားသမီးတွေ အကုန်လုံး နိုင်ငံရပ်ခြားရောက်နေကြပေပြီ။ ပြန်လာရန်လည်း စိတ်ကူးကြပုံမရ။

ဒီတိုင်းပြည်ကိုတော့ အထင်မကြီးပါဘူးဗျာ၊ ဒါပေမယ့် ဒီက ဘွဲ့ကလေးပါသွားလို့ကလဲ အလုပ်မဖြစ်ဘူး၊ ဆရာဝန်တစ်ယောက် ဖြစ်အောင် သင်ရတယ်ဆိုတာ လွယ်တာမှတ်လို့၊ ဟိုမှာဆိုရင် သိပ်ခက်တာ၊ ငွေကလဲကုန်လိုက်တာမှ သောက်သောက်လဲ"

ဟု မိတ်ဆွေတစ်ဦးက ပြောဖူးသည်ကို သတိရသည်။

ထိုမိတ်ဆွေသည် ဆရာဝန်ဘွဲ့ရယူခဲ့သော သူ့သားသမီး ငါးဦးလုံးကို မြန်မာပြည်တွင် အလုပ်ပင် မဝင်စေဘဲ အောင်လျှင် အောင်ချင်း ဟောင်ကောင်သို့ တစ်ဦးပြီးတစ်ဦး ဆက်တိုက်ပို့ခဲ့သည်ကို လည်း ဆက်ပြီးသတိရသည်။

သားသမီး ငါးဦးလုံး မြန်မာပြည်မှ ဘွဲ့ယူပြီး နိုင်ငံခြားရောက် သွားသော အခါ၌ကား၊ အဖေရော အမေပါအပြီး ပင်လွှားကြ လေသည်။



"ကလေးကိုတော့ ဘဘကြီး သဘောကျသွားပြီ"

ဦးကံမြင့်ကပြောတော့ ကိုဦးသည် ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

"ဖေဖေပြောပြတာတွေပါ၊ ကျွန်တော်က ပြန်ပြောပြ တာပါ"

"အေး မင်းဖေဖေကိုလဲကျေးဇူးတင်ပါတယ်ကွာ ကိုယ့်သား ကိုယ့်သမီးကို ဒီလိုပြောပြခဲ့လို့ပေါ့"

ဦးကံမြင့် တွေ့ဖူးသော လူတော်တော်များများသည် အမိနိုင်ငံမှ သူတို့အတွက် စိုက်ထုတ်ပြီး အကုန်အကျခံထားရသည်များကို အသိအမှတ် မပြုကြပေ သိလည်းမသိလိုကြပေ။

သာမန်လူပြိန်းများက မသိလျှင် ထားပါဦး၊ အခုတော့ဘွဲ့ရ ပညာတတ်လူငယ်အချို့ကပါ အသိခေါက်ခက် အဝင်နက်ပြီး နိုင်ငံကို ဘာကိစ္စ ကျေးဇူးတင်နေရမှာလဲ ကျွန်တော်တို့ တက္ကသိုလ်တက်တာ အလကား တက်ရတာမှမဟုတ်ဘဲ၊ ကျောင်းလခတစ်လကို သုံးဆယ့် ငါးကျပ်ပေးပြီးတက်ရတာ" ဟုပြောသည်ကို ကြားဖူးတော့ ဦးကံမြင့် သက်ပြင်းအခါခါချမိသည်။

သူတို့လစဉ်ပေးထားသော ကျောင်း လခ သုံးဆယ့်ငါးကျပ်သည် တက္ကသိုလ် ဆရာ ဆရာမတို့၏ လခများ အဆောက်အအုံထိန်းသိမ်း စရိတ်များ၊ ဓာတ်ခွဲခန်းတွင်သုံးရသော ပစ္စည်းများအတွက် လုံလောက် သည်ဟု ထင်နေသော ထိုဘွဲ့ရ ပညာတတ်လူငယ်အချို့ကို သူနှင့်ညြ သည်နှင့်အမျှ စိတ်လည်းပျက်မိသည်။

ကိုယ့်သားကိုယ့်သမီးကို ကိုရန်ဝေးလို ပြောပြလေသည့်ညွှန်ပေးသော ဖခင်မျိုးကား အတော်ပင် ရှားနေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရှားသည့်အထဲမှ ရှိနေသေးသည်ကို တွေ့ရ၍ သူဝမ်းသာမိသည်။

"ဘဘကြီးတို့ တိုင်းပြည်မှာ အဓိက လိုအပ်နေတာ ဘာလဲ သိလား ကိုဦး"

ဦးကံမြင့်ကမေးတော့ ကိုဦးအဖြေမပေးတတ်။

"အဓိကလိုအပ်နေတာက အသိစိတ်ဓာတ်ပဲ၊ ဘဘကြီးတို့မှာ အသိစိတ်ဓာတ်ကို နည်းနေသေးတယ်၊ မနေ့ကပဲ ဘဘကြီးလမ်းလျှောက်လာတုန်း အိမ်တစ်အိမ်ရှေ့မှ လူတစ်ယောက်က ဓါးသတကြီးနဲ့ ဆဲနေတယ် ဘာဖြစ်လို့လဲဆိုတော့ မြောင်းကျော်ပြီး လမ်းနယ်နိမိတ်ထဲမှာ စိုက်ထားတဲ့ သူ့ရဲ့ မာလကာပင်ကိုခုတ်ယူ မယ်လို့စည်ပင်ကပြောလို့တဲ့၊ သူက သူ့အိမ်ရှေ့ကမြေကို သူပိုင်တယ်လို့ထင်နေတယ်၊ လမ်းရဲ့ နယ်နိမိတ်ထဲမှာ ကိုယ်ပိုင်သစ်ပင် စိုက်ခွင့်မရှိဘူး၊ ဒီတိုင်းပြည်မှာသာမဟုတ်ဘူး၊ ဘယ်တိုင်းပြည်မှာမှလဲ ဒီလိုလုပ်လို့မရဘူး ဆိုတာကို သူမသိဘူး၊ သူစိုက်ထားတဲ့ အပင်လေး အသီးသီးခါနီးမှ ခုတ်ပစ်ခိုင်းတာ လူ့အခွင့်အရေး ထိပါးတာပဲဆိုပြီး ယမ်းပုံမီးကျ ဖြစ်နေတယ်"

ကိုဦးက ဦးကံမြင့်အားငေးကြည့်နေသည်။ သစ်ပင်ခုတ်ရ၍ ဒေါသူပုန်ထသူ အတော်များများကို သူတွေ့ဖူးသည်။

"နောက်ပြီး လမ်းကူးတာကအစ မျဉ်းကျားမကူးချင်ဘူး ကြုံရင် ကြုံသလို လွယ်ရင် လွယ်သလို ဖြတ်ချင်၊ ကူးချင်ကြတယ်၊ ဆူးလေလမ်းမကြီးနဲ့ ဗိုလ်ချုပ်ဈေးရှေ့ လမ်းအလယ်ခေါင်မှာ သံစကာတွေကာထားရတာ တွေ့တယ် မဟုတ်လား



ကိုဦး အဲဒီ သံစကာတွေဟာ ဘဘကြီးတို့မြန်မာ လူမျိုးတွေ အသိစိတ်ဓာတ် ဖွံ့ဖြိုးဖို့လိုနေသေးတယ် ဆိုတာရဲ့ပြယုတ်ပဲ၊ သတ်မှတ်ထားတဲ့နေရာကသာ စည်းကမ်းတကျ လမ်းကူးကြမယ်၊ ဖြတ်ကြမယ်ဆိုရင် ဒီသံစကာတွေ ထားစရာလိုပါ့မလား၊ ဦးဘပွားရေး ခင်ဗျားတော့ ဘယ်လိုခံစား ရမယ်မသိဘူး ကျုပ်တော့ဖြင့်ဗျာ နိုင်ငံခြားသား တစ်ယောက်ယောက်က ခင်ဗျားတို့ဆီမှာ လမ်းကူးတာတောင် သံစကာနဲ့ကာပြီး တားယူရတယ်လားလို့ ပြောပြီးရယ်မှာကို တွေးပြီး မခံချင်ဘူးဗျ"

"မခံချင်ဖြစ်မနေနဲ့ဦး ဦးကံမြင့်ရေ မခံချင်လို့ အဲဒီ သံစကာကို အခုဖြုတ်ကြည့် အခုပြန်ပြီးထင်သလို ကူးကြ ဖြတ်ကြဦးမှာပဲ"

ပြောမယ့်သာ ပြောလိုက်ရသော်လည်း ဦးဘပွားသည် ထိုသူများ တဲ့တွင် သူကိုယ်တိုင် ရှေ့ဆုံးကများ ပါနေမလားဟု တွေးပြီးပြုံးချင်သွားသည်။

သံစကာတွေမကာမီက သူသည် ရွှေဘုံသာလမ်းတွင် ကားရပ်ပြီး ဗိုလ်ချုပ်လမ်းကို ခပ်သုတ်သုတ်ဖြတ်ကူးတတ်သူဖြစ်သည်။ ဗိုလ်ချုပ်ဈေးသစ်ရှေ့တံတားအထိ လျှောက်ပြီးမှ တံတားပေါ်တက်ကာ ကူးရမည်ကိုသူစိတ်မရှည်လှ။

ဘဘကြီး ဦးကံမြင့်နှင့်ဖေဖေ တော်တော်တူသည်ဟု တွေးရင်း ရယ်မိသည်။ သူ့ဖခင် ဦးရန်ဝေးကလည်း "လမ်းဘေးရှေ့အိုးစင်ထား ရေခွက်ကလေးတွေကို ကြိုးချည်ထားရသမျှ ကာလပတ်လုံး ငါတို့လူမျိုး ကမ္ဘာ့ရှေ့တန်းကို ရောက်လာဦးမှာမဟုတ်ဘူး"ဟု ပြောဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အသိစိတ်ဓာတ်အကြောင်း စည်းကမ်းအကြောင်း မကြာခဏ ပြောတတ်သော သူ့ဖခင်သည်ပင် တစ်ခါကလမ်းကို နီးရာ ဖြတ်ကူးမိသောကြောင့် ဒဏ်ငွေထိဖူးသည်။

"ဖေဖေကပြောတယ်၊ သိတာကတော့သိတာပေါ့တဲ့ ဒါပေမယ့် တကယ်ကျင့်ဖို့ကျတော့ သတိလစ်တယ်တဲ့ ငါတောင်တစ်ခါတစ်လေ အလျင်လိုနေရင်း သံဇကာကို ကျော်တက်ချင်စိတ်ပေါက်လာတတ်တယ်တဲ့"

"အဲဒါပြောတာပေါ့ကွ၊ ကားလမ်းဆိုတာ လူကူး မျဉ်းကျားကျမှ ဖြတ်ရမည်ဆို အခြေခံအသိစိတ်ဓာတ် ကလေးကိုတောင် ဘယ်သူ့စိတ်ထဲမှာမှ မစွဲမြဲသေးဘူး၊ အဖမ်း ခံရရင် ဆဲဦးမယ်"

"ဒါတော့ ဖမ်းတယ် ဆိုရင်တော့ ဆဲမှာပဲဗျ"

ဦးဘမွှားက တည်တည်ကြီးပြောသည်။ သူ့ကိုသာ ဖမ်းလျှင်လည်း သူကစိတ်ဆိုးမိမည်မှာ ဧကန်ပင်ဖြစ်သည်။

"အဲဒါကြောင့် အသိစိတ်ဓာတ်လိုသေးတယ်လို့ ပြောတာပေါ့၊ ဖမ်းတယ်ဆိုတာ ဘာကြောင့်ဖမ်းသလဲ၊ ခင်ဗျားကသာ ဘာစည်းကမ်းကိုမှမဖောက်ဖျက်ရင် မကျူးလွန်ရင်"

ဦးကံမြင့်သည် သူ့စကားကို သူအဆုံးမသတ်နိုင်ဘဲ ရပ်သွားသည်။ အိမ်ရှေ့တွင် လေးဘီးကားလေးတစ်စီး ထိုးစိုက်လာသောကြောင့်ဖြစ်ပါသည်။ "ဟုတ်တယ်၊ အိမ်နံပါတ် (၅၂) ပဲဟုပြောသော အသံကိုလည်း ကြားလိုက်ရသည်။

ကားထဲမှ လူလေးဦးဆင်းလာကြသည်။ အမျိုးသမီးက နှစ်ယောက် အမျိုးသားကနှစ်ယောက်ဖြစ်သည်။



"ဦးရန်ဝေးတို့အိမ် ဒီအိမ်လားခင်ဗျ"

အသားညိုညိုနှာတံပေါ်ပေါ်နှင့်လူကမေးသည်။ ထိုင်ရာမှထလာသော ကိုဦးကိုမြင်တော့ "ဟော"ဟု လက်ညှိုးထိုးကာ ဘာမှဆက်မပြောဘဲရပ်သွားသည်။

"ဟာ ဦးဦး"

သူ့ကို ကိုဦးကောင်းစွာသိသည်။ ဖေဖေ၏ သူငယ်ချင်း ဦးဆောင်ဖြစ်သည်။ ရွှေဘိုဆောင်မှ အဆောင်မှူးဖြစ်ပြီး ချစ်စဖွယ် သမီးချောချောလေးများလည်းရှိသည်ကိုလည်း ကိုဦးမှတ်မိသည်။

"ဖေဖေ ခရီးသွားတယ်လေ ဦးဦးရဲ့၊ ဘွားဘွားကြီး ဆုံးသွားလို့လေ"

"အင်း ဟုတ်တယ်လေ"

ဦးဆောင်က ခေါင်းညိတ်သည်။

"မနေ့တုန်းက ပြန်ထွက်လာပြီ လမ်းမှာ တစ်ညအိပ်ရမယ်တဲ့၊ ဒီကို ညနေလောက်မှ ရောက်မယ်တဲ့"

"ဟုတ်လား"

ကိုဦးက သွက်လက်ချက်ခြာစွာ ပြောနေသော်လည်း ဦးဆောင်ကို ကြည့်ရသည်မှာ ရွှင်ရွှင်ပျပျ မရှိလှချေ။ ကိုဦးပြောသမျှကို သံယောင်လိုက်ကာပြောရင်း ကိုဦး၏ နောက်မှ ကိုတူးကိုလှမ်းကြည့်သည်။ ကံကောင်းကို မနိုင်မနင်း ချီထားသော ကကဲက သွားကျဲလေးနှင့် ရယ်ပြသော အခါတွင်ကား သူ့မျက်နှာသည် ညှို့ခနဲဖြစ်သွားလေသည်။

"အဲဒါ ဖေဖေ့ သူငယ်ချင်းတွေလေ ဘဘကြီးရဲ့၊ ဒီဦးဦးက ဦးကြည်ဝမ်းတဲ့ သထုံဆောင်က အဆောင်မှူး ဒီဦးဦးက ဦးဆောင်တဲ့၊ ဟို အန်တီတွေကရော"

www.burmeseclassic.com

www.burmeseclassic.com



"သူကလဲငှါးနက ဆရာမတွေပါပဲကွာ"

ဦးကြည့်ဝမ်းက ဖြေသည်။ ဆရာမများသည် အခန်းထဲဝင်မလာဘဲ အန်တီမွှေးနှင့်သာရပ်ကာ စကားပြောနေသည်ကို တွေ့ရသည်။ ထို့နောက် အန်တီမွှေး၏အခန်းထဲသို့ ဝင်သွား၍ ကဲကဲက "အဲဒီအန်တီတွေက အန်တီမွှေးရဲ့ သူငယ်ချင်းတွေ" ဟု ပြုံးကျဲကျဲလေးဝင်ပြောသည်။

ကလေးများက သတိမထားမိသော်လည်း ဦးဘပွားသည် ရောက်လာသော ဧည့်သည်လေးဦးလုံး မျက်စိ မျက်နှာ ပျက်တက်တက်ဖြစ်နေသည်ကို သတိထားမိသည်။

"ကိုဦးရေ ဧည့်သည်တွေကို အလျှင်ထိုင်ခိုင်းဦးလေကွာ"

ဦးကံမြင့်က သတိပေးသလို ပြောမှ ဆရာနှစ်ဦးလည်း ဧည့်ခန်းထဲဝင်လာကာထိုင်သည်။ ခေတ္တမျှငြိမ်နေပြီး၊ ဆရာဦးကြည့်ဝမ်းက "ဒီနေရာလေးကောင်းတယ်နော် ဈေးလဲနီး၊ ကျောင်းလဲနီး၊ ကားဂိတ်နဲ့လည်းနီး" ဟုပြောသည်။ ဆရာဆောင်က "ရပ်ကွက်ကလေးကလဲသန့်" ဟုဆက်သည်။ သူတို့နှစ်ဦး အကဲခတ်နေကြဟန်ရှိသော မူလလက်ရှိ အခန်းထဲမှ လူများအား ပြုံးပြရန် ကြိုးစားသည်။

"သူတို့ဘာလာလုပ်ကြတာပါလိမ့်"

ဦးဘပွားက စဉ်းစားနေသည်။ ရပ်ကွက်ကလေးသန့်ကြောင်း နေရာကောင်းကြောင်း ပြောဖို့အတွက်တော့ သူတို့ တတန်တက လာခဲ့ကြလိမ့်မည် မဟုတ်လေ။ ထိုစဉ် မမွှေးကြူ ရောက်လာကာ ကလေးများကို ခေါ်သည်။

"အန်တီမွှေး သာကူကြိုထားတယ် သာကူသောက်လိုက်ပါဦးကွယ်၊ ဧည့်သည်တွေက ဘဘကြီးတို့နဲ့ စကားပြောနေမှာပေါ့"



ကဲကဲ၏ လက်ထဲမှ ကံကောင်းကို လှမ်းချိုလိုက်ရင်း မမွှေးကြူကပြောသည်။ ကိုတူး၏ပခုံးကို အသာဖက်ကာခေါ်သွားရင်း ဦးဘပွားတို့အား လှည့်ကြည့်သည်။ မမွှေးကြူ၏ မျက်လုံးများက အထိတ်တလန့်ဖြစ်နေသော မျက်လုံးများဖြစ်သည်။

ထို့ပြင် မမွှေးကြူသည် မျက်လုံးများမှတစ်ဆင့် သူ့ကို တစ်စုံတစ်ခု လှမ်း၍ပြောလိုက်သည်ဟု ဦးဘပွားထင်မိသည်။ မျက်နှာက ပြုံးနေသော်လည်း ထိုအပြုံးကအသက်မပါ ကြောင်းလည်း သူသတိထားမိသည်။

"အန်တီမွှေးဘာဖြစ်လို့လဲဟင်"

ကိုဦးကမေးသည်။ သူ့စိတ်ထဲတွင် အနည်းငယ် ရှုပ်ထွေးသွားသည်။ သူတို့ကို လူကြီးများက တစ်စုံတစ်ခု ဖုံးကွယ်ရန် ကြိုးစားနေသည်ဟု ချက်ချင်းရိပ်မိလိုက်သည်။ ဖေဖေသည် ဘွားဘွားကြီး ဆုံးကြောင်း သတင်းကို သယ်ဆောင်လာစဉ်က ထိုကဲ့သို့သော မျက်နှာထား ရှိခဲ့သည်ကို သူသတိရသည်။

"ဘာဖြစ်လို့လဲဟင် အန်တီမွှေး"

"ဘာမှ မဖြစ်ပါဘူးကွယ်"

မမွှေးကြူ၏ အသံက အတန်ငယ် အဖျားခတ်ကာ တုန်ယင်သွားသည်။ ထို့နောက် မျက်လုံးကိုပွတ်ကာ "မနက်တုန်းက ရေပ်လီ ဖတ် ဝင်သွားတာ ခုထိစပ်တုန်းပဲ" ဟုပြောသည်။

ကလေးသုံးဦးလုံး တစ်ဖက်ခန်းပါသွားသောအခါမှ ကျန်ရစ်သော ဆရာနှစ်ဦးသည် သက်မချလိုက်ကြသည်။ ဟန်ဆောင်ပြုံးပြုံး သော အပြုံးများသည် သူတို့မျက်နှာပေါ်မှ ကွာကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်မချမ်းမြေ့ခြင်း၊ ကြေကွဲဝမ်းနည်းခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်း စသော အရိပ်အယောင်များက အထင်းသားပေါ်လွင်လာသည်။

"မနက်ကပဲကျွန်တော်တို့ဌာနကို တယ်လီဖုန်း သတင်း ဝင်တယ်ခင်ဗျ"

နားစိုက်၍ထောင်နေရသဖြင့် ဦးကံမြင့်၏ ဦးခေါင်းသည် ရှေ့ဘက်သို့ ငိုက်ကျလာသည်။ တစ်စုံတစ်ခုသော အပြောရခက်သော သတင်းဆိုးကို သူတို့သယ်ဆောင်လာခဲ့ကြသည်ကိုလည်း ချက်ချင်းနားလည်လိုက်သည်။

"မနေ့တုန်းကကား အဲဆရာကိုရန်ဝေးတို့စီးလာတဲ့ ကားကြီး ညောင်ကျိုးမရောက်ခင် တောင်ပေါ်မှာ ဘီးပြုတ်ထွက်ပြီး.....ချောက်.....ထဲ.....ထိုး.....ကျ...သွားတယ်တဲ့"

"ဘုရား.....ဘုရား"

ဦးဘပွားသည် ဘုရားကို မတစ်ဖူးတလိုက်မိသည်။ သဘောကောင်းပြီး ရိုးသားသော ဆရာဦးကြည်ဝမ်း၏ မျက်နှာဝိုင်းဝိုင်းကြီးကို သတိလက်လွတ်ငေးကြည့်နေရင်း "ငါ နားကြားလွဲသွားတယ် တင်ပါရဲ့" ဟု တွေးလိုက်မိသည်။

"အဲဒါ အဲဒါ ကားကလဲမီးလောင်ပြီး သူတို့နှစ်ယောက်လုံးရော တခြားခရီးသည် တော်တော်များများရော အဲဒီနေရာမှာတင်"

ဆရာဦးဆောင်က စကားကိုအဆုံးမသတ်ဘဲရပ်လိုက်သည်။ ထက်မြက်စူးရှသော မျက်လုံးများတွင် မျက်ရည်ကြည်များ ရစ်ဝဲနေသည်။

"ဘုရား.....ဘုရား.....ဒါဟာ တကယ်မဟုတ်နိုင်ပါဘူး"



ဦးဘပွားသည် သူ့လက်ထဲမှ ကုံကော်ပွင့်လေးကို ယောင်ရမ်းပြီး ဆုတ်ချေပစ်လိုက်သည်။ "သူတို့နှစ်ယောက်လုံး အဲဒီနေရာမှာတင်" ဟူသော စကားကို စိတ်ထဲမှ ထပ်ပြန်တလဲလဲ ရွတ်ကြည့်နေမိရင်း တဖြည်းဖြည်း ထိတ်လန့်ကာ တုန်လှုပ်လာသည်။

"ဒါဆိုရင် သူတို့ သူတို့"

"ဟုတ်ကဲ့ မနေ့ကတည်းက ဆုံးသွားကြ"

သင်းပျံ့သော ကုံကော်ရနံ့သည် အခန်းထဲမှ လွင့်စဉ်ထွက်ပြေးသွားသည်ဟု ထင်လိုက်မိသည်။ ဦးဘပွား၏ရင်ထဲတွင် ရုတ်တရက် မွန်းကျပ်ကာ နာကျင်လာသည်။ "သေဖို့ကောင်းတာကငါ၊ သေဖို့စောင့်နေတာကငါ၊ အခုတော့ ငါကမသေဘဲသူတို့ကဘာဖြစ်လို့ မဆီမဆိုင် ဝင်သေကြရတာလဲ" ဟု စိတ်ထဲမှ အော်ကာ ဟစ်ကာ ပြောနေရင်း ချောင်းတွေ တဟွတ်ဟွတ်နှင့် ဆိုးလာသည်။

"ကလေးတွေကို ကျွန်တော် ဘယ်လို ပြောရမလဲ အမှန်အတိုင်းလဲမပြောရဲဘူး၊ ညာပြောရအောင်လဲ ဘယ်လောက်ကြာအောင် ညာထားနိုင်မှာမို့လဲ"

အဘိုးကြီးနှစ်ဦးကို ဆရာနှစ်ဦးက အားကိုးတကြီး ကြည့်နေသည်။

"ဦးတို့လို အိမ်နီးနားချင်းတွေကတော့ ကြည့်ရှုဖျောင်းဖျပြီး ပြောပေးနိုင်မယ်လို့ထင်တာနဲ့"

ဦးကံမြင့်၏နှာဖူးတွင် ချွေးတွေစို့လာသည်။ မိခင်ဖခင်ပြန်အလာကို ဝမ်းပန်းတသာစောင့်နေကြသော လူမမယ် ကလေးငယ်သုံးဦးအား

www.burmeseclassic.com



မင်းတို့ အဖေတွေ အမေတွေတော့ သေကုန်ပြီ။ ပြန်လာတော့မှာ မဟုတ်ဘူး ဟူသောစကားကို အဘယ်သူသည် ပြောထွက်နိုင်ပါမည်နည်း။

ဦးဘပွားကမူသူ့လည်ချောင်းကိုသူဖိကာ ချောင်းဆိုးရပ်အောင်ကြိုးစားရင်း "သေရမှာက် ငါပါကွာ" ဟုသာ ထပ်ခါတလဲလဲ စဉ်းစားနေမိလေသည်။

"ဘဘကြီး"

ကိုဦးက တုန်ယင်အက်ကွဲသောအသံနှင့် အော်ခေါ်သည်။ အခန်းထဲသို့ကမူးရှူးထိုးနှင့် ပြေးဝင်လာသည်။

"ဖေဖေတို့စီးလာတဲ့ကား တောင်ပေါ်မှာ မှောက်သွားတယ်တဲ့"

"အေး"

ကိုဦး၏အသံက ကျယ်လောင် ကြမ်းရှသော်လည်း ဦးဘပွား၏အသံက လည်ချောင်းထဲမှပင် ကောင်းကောင်းမထွက်။

"ဖေဖေတို့ ဒဏ်ရာ ရတယ်တဲ့"

"အေး"

တုန်တုန်လှုပ်လှုပ်ဖြစ်နေသော ကိုဦးအား ဦးဘပွားက အထိတ်တလန့် ကြည့်နေမိသည်။ ကိုဦးက

"ဖေဖေတို့ သေကုန်ကြပြီလား ဘဘကြီးရယ်"

ဟူ၍များ ဆက်မေးလာလျှင် သူဘာလုပ်ရမည်နည်း။ ဘယ်လိုများ ဖြေရမည်နည်းဟု စဉ်းစားရင်း ရင်ထဲတွင် မွန်းကျပ်ကာ နဖူးပြင်တွင် ချွေးတွေစို့လာသည်။

"မေမေရော ဒဏ်ရာရတယ်တဲ့"



"အေး"

ကိုဦးကထပ်ပြောသည်။ ဦးဘပွားက ခေါင်းညိတ်သည်။ ထို့နောက် ကိုဦးအား

"သိပ် မစိုးရိမ်ပါနဲ့"

ဟူသော သဘောနှင့် နှစ်သိမ့်သလို ပြုံးပြရန် ကြိုးစားသည်။ ပြုံးလည်းပြုံးပြသည်။

သို့သော် သူ့အပြုံးက မပီပြင်ချေ၊ ထို့ပြင် မျက်နှာကလည်း ဖြူဖတ် ဖြူရော် ဖြစ်နေသည်ကို အကင်းပါးသောကိုဦးက ချက်ချင်းပင် သတိထားလိုက်မိသည်။

ထို့ကြောင့် ဘဘကြီးသည် ဖေဖေတို့သတင်းကိုကြားပြီးဖြစ်ကြောင်းကိုလည်းကောင်း၊ ထိုသတင်းသည် သူကြားသည်ထက် ပိုပြီး ဆိုးရွားနေပြီဖြစ်ကြောင်းကို လည်းကောင်း၊ ချက်ချင်း ရိပ်မိလိုက်လေသည်။

"ကျွန်တော့်ကို အမှန်အတိုင်း ပြောပြကြပါဦး ဦးတို့ရယ်"

ကိုဦးက ဆရာ ဦးဆောင်တို့ကို တုန်ယင်ချောက်ချားစွာမေးသည်။

"ဒဏ်ရာက ဘယ်မှာလဲဟင် လက်လား၊ ခြေထောက်လား၊ ဒါမှမဟုတ် ခေါင်းလား"

ဦးကြည်ဝမ်းက အဖြေမပေး။ တစ်စုံတစ်ခု ပြောမည်ဟုပ်ပြီးမှ တံတွေးကို ဂလုကနဲမျိုသည်။ ဆရာဦးဆောင်ကတော့ ကိုဦးကို နှစ်သိမ့်ရန် ကြိုးစားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးဦးတို့လဲတွေ့မှမတွေ့ရသေးတာ့သားရယ်၊ အတိအကျတော့ မသိဘူးပေါ့"

"ဒီလိုဆို ဦးဦးတို့ဘာသိလဲ ဦးဦးတို့ သိတဲ့အတိုင်း ကျွန်တော့်ကို ပြောပြပါနော်"

ကိုဦးသည် သူ့ကိုယ်သူတည်ငြိမ်အောင်ကြိုးစားနေသော်လည်း မအောင်မြင်ပေ။

"ညီလေးနဲ့ ညီမလေး မလာခင် ကျွန်တော် အမှန်အတိုင်း သိပါရစေ၊ ဖေဖေနဲ့မေမေတို့ ဘာ ဘာဖြစ်သွားကြ"

ကိုဦးသည် လူကြီးများ၏ မျက်နှာကို အားကိုးတကြီးနှင့် အမောတကော လိုက်ကြည့်သည်။ သို့သော်သူနှင့်မည်သူကမျှ မျက်နှာချင်း အဆုံမခံကြချေ။ ဦးဘပွားက စားပွဲကြီးကို ငုံ့ကြည့်နေကာ၊ ဦးကံမြင့်က ကွမ်းကော်ပန်းလေးများကို စိုက်ကြည့်နေသည်။ ဆရာဦးဆောင်နှင့် ဦးကြည်ဝမ်တို့ကလည်း တဆတ်ဆတ် တုန်ယင်နေသော ကိုဦး၏ လက်ချောင်းလေးများကိုသာ ငေးကြည့်နေကြသည်။

ကိုဦး၏ တစ်ကိုယ်လုံး ချက်ချင်းပင် အေးစက်လာသည်။ ကားမှောက်ရာတွင် ပါဝင်ခဲ့သော ဖေဖေနှင့်မေမေတို့သည် ဒုက္ခရာ ရရှိသာမကဘဲအဆိုးရွားဆုံး အခြေအနေ တစ်ခုကို ရင်ဆိုင်ခဲ့ကြရပြီး ဖြစ်ကြောင်းကို သိသွားသည်။ ထိုအသိသည် စူးရှ ချွန်မြသော ဓားတစ်လက်လို သူ့ရင်ထဲသို့ တစ်ထစ်ချင်း တစ်လွှာချင်း စူးနစ် ဝင်ရောက် လာနေလေသည်။

"ကျွန်တော့်ကိုမညာပါနဲ့"

ကိုဦးကအော်သည်၊ ရှေ့သို့တစ်လှမ်းတိုးတော့မည်ဟန်ပြင်ပြီးမှ ရုတ်တရက် ယိုင်သွားကာ နောက်ဘက်သို့ ဆုတ်လိုက်သည်။



"မညာပါနဲ့"

လိုစကားကိုပင် အိပ်မက်မက်နေသူလို ထပ်ပြောရင်း၊ နောက်ဘက်သို့ တစ်လှမ်းချင်း ဆုတ်နေသည်။

နံရံနှင့်ကျော ကပ်မိမိပြီး နောက်ထပ်ဆုတ်စရာနေရာမရှိတော့သောအခါတွင်ကား ကိုဦးသည်ပြေးစရာမြေမရှိတော့သလို မျက်လုံးတွေ ဝိုင်းဝိုင်းလည်လာလေသည်။

"ဖေဖေပြန်လာမယ် မဟုတ်လားဟင် ဦးဦး မေမေလဲ နေကောင်းပါတယ်နော်၊ ဘာမှမဖြစ်ပါဘူးနော်"

နှုတ်မှသာ

"မညာပါနဲ့"

ဟုပြောနေသော်လည်း ကိုဦးသည် အညာခံချင်နေလေသည်။ သို့သော် သူ့ကို မျက်ရည်ဝေသော မျက်လုံးများနှင့် ကြည့်နေကြသူများက ထပ်မံ၍ ညာရန် မကြိုးစားကြတော့ချေ။

"သတိထားပါသားရယ်၊ သားက အကြီးဆုံး မဟုတ်လား"

ဆရာနှစ်ဦးက နေရာမှ ထကာ ကိုဦးဆီသို့ လျှောက်လာကြသည်။

"ညီလေးနှင့် ညီမလေး ရှိသေးတယ်လေ သားက ကိုယ့်ကိုယ်ကို ထိန်းမှပေါ့"

ဆရာနှစ်ဦး၏ မျက်လုံးထဲတွင် အမှန်တရားကို တွေ့လိုက်ရသောအခါတွင်ကား ကိုဦးသည် အသက်ရှူရန်ကိုပင်မေ့လျော့သွားသည်။ ချွန်မြသော ဓားသွားသည် သူ၏အသဲနှလုံးဆီအထိ နစ်ဝင်သွားသလို ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်လက်ခံရန် ခက်ခဲလှသော ကြောက်ရွံ့လှသော အသိတစ်ခုသည် ခန္ဓာကိုယ်တွင် လည်ပတ်နေသော သွေးများထဲတွင် ရောပါသွားသည်။ ထိုအသိက သူ့တစ်ကိုယ်လုံးကို စောင်မည်းကြီးလို တဖြည်းဖြည်းလွှမ်းခြုံ အုပ်စိုးလာသည်။

"ဖေဖေရယ် ပြန်လာပါ သားတို့ဆီကို မြန်မြန်ပြန်လာပါ မေမေရဲ့"

ကိုဦးက တအားအော်လိုက်သည်။ သို့သော် ထိုအသံသည် အပြင် သို့ထွက်မလာဘဲ လည်ချောင်းထဲတွင် ပျောက်သွားသည်။

ဖေဖေမေမေတို့သည် သူတို့ကို ထားခဲ့ကာ အပြင်သို့ထွက်သွားကြသည်။ ဝေးဝေးသို့ မရောက်နိုင်သေး၊ သူအတင်းပြေး၍ လိုက်လျှင်မီနိုင်သည်။ လက်ဆွဲပြီး အတင်းပြန်ခေါ်ခဲ့မိမည်။

"မေမေ"

ပါးပေါ်မှ မျက်ရည်များကို လက်နှစ်ဖက်နှင့်ပွတ်သုတ်ကာ ကိုဦးက အသံကုန်အော်လိုက်သည်။ သူ့ပခုံးကို သိုင်းဖက်ထားသော လက်များကို တွန်းဖယ်ကာ တဟုန်ထိုးပြေးထွက်လိုက်သည်။

"ကိုဦး မပြေးနဲ့"

ဦးကံမြင့်က စိုးရိမ်တကြီးလှမ်းအော်သည်။ လမ်းပေါ်တွင် ယဉ်သွားယဉ်လာက မပြတ်တက် "ကိုဦး" ဦးဘပွားကလည်း အော်သည်။ သို့သော် ကိုဦး၏ နောက်သို့စိတ်ကသာ ပြေးလိုက်ပြီး လူကမလိုက်နိုင်။ သူ၏ခန္ဓာကိုယ် သည် ကျောက်တုံး၊ ကျောက်ခဲကြီးလို လေးလံနေသည်။



"ကိုဦး သား"

တံခါးဝသို့ ရုတ်တရက် ရောက်လာသော ကိုကောင်းထက်က အခြေအနေအရပ်ရပ်ကို ချက်ခြင်းနားလည်သွားသည်။ ကမူးရှူးထိုး ပြေးလာသောကိုဦးအား အတင်းဆီး၍ ဖက်ထားလိုက်သည်။ အားစက်တုန်ယင်နေသော ခန္ဓာကိုယ်လေးကို ရင်ခွင်ထဲတွင် မြုပ်နေအောင်ဖက်ထားရင်း "ဦးကောင်းတို့ ရှိပါသေးတယ်၊ ကလေးရယ်" ဟု လှိုက်လှဲကြင်နာစွာ ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သည်တစ်ခါတော့ ဦးထင်သည် အရက်နာမကျဘဲနှင့် ခေါင်းထဲတွင် စစ်စစ်ကိုက်ခဲနေလေသည်။ ကလေးများ၏ ဝမ်းပမ်းတနည်းငိုရှိုက်သံသည် သူ့နှလုံးသားကို ဓားနှင့် ရိပ်ရိပ်မွှန်းနေသလို နာကျင်စေသည်။ မိဘရင်ခွင်တွင် ကြောင့်ကြမဲ့စွာ နေလာခဲ့ကြသော ကလေးငယ်သုံးဦး၏ ဘဝရှေ့ရေးကို သူမတွေးရက်ချေ။ ကလေးများ အငိုတိတ်အောင်လည်း သူမနှစ်သိမ့်တတ် မချော့တတ်ချေ။

"သူတို့ နှစ်ယောက်လုံး သေသွားကြပြီတဲ့၊ အဲဒါ တကယ်လား၊ ဟုတ်မှဟုတ်ရဲ့လား"

ကလေးတွေမဆိုထားနှင့် သူလို အသက်ခြောက်ဆယ်ကျော် အဘိုးကြီးကပင်လျှင် ထိုကိစ္စကို မယုံချင်။ တစ်စုံတစ်ဦးက များ အတည်ပေါက်နှင့် နောက်ပြောင်လေရော့သလားဟု တွေးမိနေသည်။ ထိုသို့ပင် ဖြစ်ပါစေဟုလည်း မဖြစ်နိုင်မှန်းသိလျက်နှင့် ဆုတောင်းနေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့သား ကိုကောင်းထက်ကတော့ "ဖြစ်မှဖြစ်ရလေဗျာ" ဟု မချိတင်ကဲပြောရင်း သက်ပြင်းကြီး တဟင်းဟင်းချနေသည်။ မမွေးကြုံကမူကိုတူးနှင့် ကဲကဲကို မလွှတ်တမ်းဖက်ထားသည်။ ကလေးတွေကို "မငိုပါနဲ့ကွယ်" ဟုပြောနေသော်လည်း သူကမျက်ရည်ကျနေသည်။ အဆိုးဆုံးကတော့ ဟိုအဘွားကြီး ဒေါ်ရွှေနုဖြစ်သည်။

"အံမာ... လေးရဲ့လေး၊အဖြစ်ဆိုးလှချည်လား မခင်လှရဲ့" ဟု ခုနှစ်အိမ်ကြားအောင်သည်။ ရှိုက်ငင်နေသော ကဲကဲ၏ ပခုံးလေး နှစ်ဖက်ကို ကိုင်လှုပ်ပြီး ကဲကဲရေ... မြေးလေးရဲ့၊ နင့်အမေ ပြန်မလာတော့ဘူး..." ဟဲ့ဟုလည်း အလိုက်ကန်းဆိုးမသိ ပြောသေးသည်။

"တစ်ခုတော့ ကောင်းပါတယ်လေ၊ ငါ့မှာ သူ့ကို အမြင်ကတ်နေရတော့ စိတ်ထဲမကောင်းဖြစ်နေတာ လျော့သွားတာပေါ့"

ရုတ်တရက်ချက်ချင်း အသုဘအိမ်ဖြစ်သွားသော သူတို့တိုက်တွင် လူဝင်လူ ထွက်ရှုပ်လာသည်။ ဆင်းကြ တက်ကြ မေးကြ မြန်းကြနှင့် ဆိုတော့ မမွေးကြုံတို့ ့သားအမိက လုံးဝမအားကြတော့ချေ။ ကံကောင်းကို တစ်ယောက်တစ်လက်ဝိုင်းချီနေကျဖြစ်သော ကဲကဲတို့ မောင်နှမကလည်း ဂရုမစိုက်အားကြသောအခါ ဖိုးကံကောင်း ခမျာ ဦးထင်၏ လက်ပေါ်ရောက်လာသည်။

ဦးထင်သည် ကံကောင်းကို ချီကာ လမ်းလျှောက်လိုက်၊ ကိုရန်ဝေးနှင့် မခင်လှတို့ကို ကြေကွဲစွာ သတိရလိုက်၊ ကလေးတွေကို သနားလိုက်၊ ဒေါ်ရွှေနုကို မြင်ပြင်းကတ်လိုက်နှင့် အံချိန်နာရီ အတော်များများကို လူရောစိတ်ပါ ပင်ပန်းစွာနှင့် ကုန်ဆုံးခဲ့ရသည်။



ညနေစောင်းရောက်တော့ ဖိုးမူနှင့် ဖိုးခွား မောင်နှမနှစ်ယောက် မျက်နှာငယ်ကလေးများနှင့်ရောက်လာသည်။ ဦးထင်၏လက်ထဲတွင် မှေးပြီးငိုက်နေသော ကံကောင်းကိုခေါ်သွားကြသည်။

"မောင်မင်းကြီးသားတို့ မောင်နှမ ကျေးဇူးတင်လိုက်တာဗျာ"

ဦးထင်သည် မီးဖိုချောင်နံရံကိုမှီကာ သမံတလင်းပေါ်တွင်ပင် ခြေပစ်လက်ပစ်ထိုင်ချသည်။

သူဘယ်သူနှင့်မှ စကားမပြောချင်။ ကဲကဲတို့မောင်နှမတစ်တွေနှင့် မျက်နှာချင်းဆိုင်ရမှာကိုလည်း ဝန်လေးနေသည်။ မည်သူနှင့်မျှ မတွေ့ရသော ချောင်ကလေးတစ်ချောင်တွင် တိတ်တိတ်ဆိတ်ဆိတ်ကလေး ထိုင်နေချင်သည်။

ထို့နောက် အရက်တွေမူးအောင်၊ ဒေါင်ချာစိုင်းအောင် သောက်ပစ်လိုက်ချင်သည်။ ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ သနားခြင်း၊ ဝမ်းနည်းခြင်း စသော စသော ဝေဒနာများကို သူမခံစားလိုပေ။

"သူတို့နှစ်ယောက်လုံး ငါ့ထက်အများကြီး ငယ်ကြသေးတယ်၊ လောကမှာလည်း အသုံးကျနေကြတယ်၊ အနည်းဆုံး ကလေးသုံးယောက် အတွက် သူတို့ကိုလိုအပ်တယ်"

သို့ပါသော်လည်း သေခြင်းတရားသည် ကြီးခြင်း၊ ငယ်ခြင်း လူ့လောကတွင် လိုအပ်ခြင်း၊ မလိုအပ်ခြင်း၊ အသုံးကျခြင်း၊ အသုံးမကျခြင်းများကို မကြည့်ခဲ့ပေ။

"ငါကတော့ အသက်ခြောက်ဆယ်ကျော်နေပြီ လောကမှာလဲ အသုံးမကျဘူး၊ ငါမရှိလို့လဲ ဘယ်သူ့မှာမှ မနစ်နာဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဦးထင်က သက်ပြင်းကြီး ဟင်းခနဲချသည်။

"ငါ ဘာကုသိုလ်ကောင်းမှုကိုမှ သတ်သတ်မှတ်မှတ် မလုပ်ဖူးဘူး"

ဦးထင်က သူကျော်ဖြတ်ခဲ့သော အချိန်များကို ပြန်ပြောင်းတွေးနေမိသည်။ ဒါနနှင့် ပတ်သက်သော ကောင်းမှု၊ သီလနှင့်ပတ်သက်သော ကောင်းမှု၊ ဘာဝနာနှင့်ပတ်သက်သောကောင်းမှု၊ ဘာတစ်ခုမျှ ရေရေရာရာမရှိခဲ့သည်ကို သတိရရင်း ရင်ထဲတွင် လေးလေးလံလံကြီး ဖြစ်သွားသည်။

ကောင်းသောအလုပ်ကို မလုပ်ခဲ့သူသည် သေသည်၏အခြားမဲ့၌ ကောင်းသောနေရာသို့ ကောင်းသော ဘုံဘဝသို့ ရောက်နိုင်လိမ့်မည် မဟုတ်ကြောင်းကိုလည်း သူသိသည်။

ဘုရားတရားကိုနှစ်နှစ်ကာကာ ယုံကြည်သက်ဝင်ပြီး ကိုးကွယ်ဆည်းကပ်ခြင်း မပြုခဲ့မိသော်လည်း နောက်နောင်ဘဝများနှင့် သံသရာ၏အကျိုးဆက်ကိုတော့ သူယုံကြည်သည်။

"ကိုရန်ဝေးတို့လိုသာ ငါလဲရုတ်တရက် သေသွားမယ်ဆိုရင်"

ကြောင်အိမ်အောက် ပြေးဝင်သွားသော ပိုးဟပ် တစ်ကောင်ကို ငေးကြည့်နေရင်းမှ ဦးထင်က တွေးမိသည်။

"ငရဲကျရင်လဲကျ၊ ငရဲမကျရင်လဲ တိရစ္ဆာန် ၊ အင်း... ဟောဟိုက ပိုးဟပ်လို ဘဝမျိုးကိုတောင် ရောက်ချင်ရင် ရောက်သွားနိုင်တယ်"

ပိုးဟပ်များကို တံမျက်စည်းနှင့် ရိုက်သတ်ပြီး မသေမရှင် လှည်းထုတ်ခဲ့သည်များကို သတိရပြီး ဦးထင်၏ စိတ်ထဲတွင် မအီမသာဖြစ်သွားသည်။



ညနေစောင်းလာသောအခါတွင်ကား ဦးထင်သည် အိမ်ထဲတွင် မနေနိုင်တော့ပေ။ ယောင်လည်လည်* ငုံ့လျှိုးလျှိုးနှင့် မသိမသာ ထွက်လာခဲ့သည်။ ထုံးစံအတိုင်း သောက်မည်။ ထို့နောက် ထုံးစံအတိုင်း မူးမည်။

"ဒီနေ့တော့ ထုံးစံအတိုင်းတောင်မဟုတ်ဘူး၊ ထုံးစံထက် ပိုပြီး မူးချင်တယ်၊ အားလုံးကို မေ့သွားအောင် မူးချင်တယ်၊ ကိုရန်ဝေးတို့လင်မယား၊ ကိုဦးတို့မောင်နှမ နောက်ပြီး... နောက်ပြီးတော့ ...အဲဒီ သေခြင်းဆိုတဲ့တရား"

ဦးထင်သည် အရက်မသောက်ရသေးဘဲနှင့် မူးချင်ချင်ဖြစ်နေသည်။ ခေါင်းထဲတွင်လည်း လေးလံကိုက်ခဲနေသည်။ သူအတန်ကြာအောင်မေ့လျော့နေခဲ့သော သေခြင်းတရားက သူ့ဆီ တစ်ကျော့ပြန်လာကာ "ကျုပ်ကို မမေ့နဲ့ဗျ" ဟု ခြိမ်းခြောက်နေသလို ခံစားရသည်။

သူ၏ မိခင်ဖခင် ညီအစ်ကိုမောင်နှမ ဆွေမျိုး မိတ်သင်္ဂဟများကို သာမက သူ၏ချွေးမနှင့် မြေးလေးကိုပါ ခေါ်ဆောင်သွားဖူးသော သေခြင်းတရား၏ အေးစက်စိုထိုင်းသော လက်မည်းကြီးများ၏ အရိပ်ကို ပြန်လည်တွေ့ရပြန်ပြီး နာကျင်ကြေကွဲခြင်းများကို ခံစားရပြန်ပြီး ငိုကြွေးသံများကို ကြားရပြန်ပြီ။

"ဘယ်တော့ ရောက်မလဲဆိုတာသာ အသေအချာ မသိရတာ၊ ငါ့အလှည့်လဲရောက်လာဦးမှာပဲ"

ဦးထင်ကသူ့အလှည့်ကိုတွေးရင်း ကျောထဲတွင် စိမ့်ခနဲ့ကလာသော်လည်း မထိတ်မိပြုံးရန် ကြိုးစားမိသည်။ သို့သော်မအောင်မြင်ချေ။ သေခြင်းတရားကို ကြောက်လှသည် မဟုတ်သော်လည်း၊ ထိုသေခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော တံခါးဝကြီး၏ ဟိုမှာဘက်တွင် ရှိနေမည့် တမလွန်ကို တွေးပြီးကြောက်နေမိသည်။

"အော် တရားပွဲရှိနေတယ်ထင်ပါ့"

မြသိန်းတန်ဓမ္မာရုံနား ရောက်လာတော့ စည်ကားလှုပ်ရှားနေသော သူများကို တွေ့ရသည်။ ဓမ္မာရုံထဲတွင်လည်း လူတွေပြည့်နေသည်။ နေရာမရတော့၍ လမ်းဘေးတွင် မတ်တပ်ရပ်နေသူများလည်း မနည်းလှပေ။

"ဘယ်ဆရာတော်ကြီးများ ကြွလာမှာလို့လဲ"

"တောင်တန်း သာသနာပြု ဆရာတော်ကြီးလေ"

"သြော်"

ဦးထင်က "သြော်" ကို လေရှည်ဆွဲ၍ ရွတ်မိရင်း ထိုဆရာတော်ကြီး၏ အကြောင်းကို စဉ်းစားသည်။ ဘုရားတရားနှင့် ခပ်ဝေးဝေး နေသူမို့ ထိုဆရာတော်ကြီးကို တစ်ခါမျှ မဖူးဘူးသော်လည်း ဆရာတော်ကြီး ပရိတ်ရွတ်လျှင် ပရိတ်အိုးများ ဆူကြောင်း ဝေကျကြောင်း ကိုကား ကြားဖူးလေသည်။

"ဟို ပရိတ်အိုးဆူတယ်ဆိုတဲ့ ဆရာတော်ကြီးလား"

"ဟုတ်ပါ့ဗျာ"

ဦးထင်၏ဘေးတွင်ရပ်နေသော ပုဆိုးအညိုကွက်နှင့်လူက အားရပါးရ ခေါင်းညိတ်သည်။

"အဲသလို ဆူတာကို မြင်ဖူးလားဟင်"

ဦးထင်က မေးကောင်းလား မမေးကောင်းလားတော့မသိ သိချင်ချင်ရှိသေသည်ကို တဲ့တိုးကြီးမေးမိသည်။



"ဝေကျတာကိုတော့ မမြင်ဖူးသေးဘူး၊ ပုလင်းထဲမှာ ပလုံစိလေးတွေထပြီး ပွက်လာတာကိုတော့ မြင်ဖူးတယ်"

"အဟုတ်လား"

ဦးထင်က အံ့သြနေသည်။

"အဟုတ်ဗျာ၊ ပုလင်းကိုကိုင်ကြည့်တော့လဲ တရှိန်းရှိန်းနဲ့ကို သိသိသာသာကြီးပူခြစ်လာတာပဲ"

"ပုလင်းတိုင်းလားဗျ"

"ဟုတ်ဘူးဗျ အဲဒီတုန်းက ကျွန်တော်လဲပရိတ်ရည်လိုချင်လို့ ပုလင်းထားတာပဲ ဒါပေမယ့် ကျွန်တော့်ပုလင်းက နဂိုအတိုင်းအေးစက်လို့ ဒါကတော့ ပုလင်းပိုင်ရှင်ချင်း ကလဲ သီလ သမာဓိကွာဦးမှာကိုး"

ဦးထင်သည် အရက်ဖြူဆိုင်ကို ခေတ္တမျှ မေ့လျော့သွားသည်။ သည်ဆရာတော်ကြီးအကြောင်း သူကြားဖူးနေသည်မှာကြာပြီ။ တိုက်တိုက်ဆိုင်ဆိုင် လာပြီးကြုံကြိုက်နေမှတော့ ဖူးဖြစ်အောင် ဖူးလိုက်ဦးမည်ဟု တွေးရင်း နေရာတွင် ဆက်လက်၍ ရပ်နေမိသည်။ သူ့ရင်ထဲတွင်သာမက သူ့ခေါင်းထဲမှပါ လေးလံနောက်ကျိနေခြင်းများသည် ဆရာတော်ကြီးကို ဖူးလိုက်ရလျှင် အတန်ငယ် သက်သာသွားလိမ့်မည်ဟု ထင်နေသည်။

"လူတွေက နေဖို့ပဲစဉ်းစားနေကြတယ်၊ သေဖို့ကျတော့ မစဉ်းစားကြဘူး၊ ကောင်းကောင်းနေရဖို့ချည်းပဲ ကြိုးစားနေကြတော့ ကောင်းကောင်းသေရဖို့အတွက် အချိန်မပေးနိုင်ကြဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘေးတွင် ဖြတ်သွားသော အမျိုးသမီးကြီးနှစ်ဦးက ပြောသွားကြသည်။ နှစ်ဦးလုံးရောဂီရောင် ထဘီတွေဝတ်ထားကြပြီး စိပ်ပုတီးလေးများ ပတ်ထားသော ပရိတ်ရေပုလင်းကို ကိုယ်စီကိုင်သွားကြသည်။

"အင်း ငါဆိုတဲ့အကောင်ကတော့ ကောင်းကောင်းနေဖို့လဲ မကြိုးစား၊ ကောင်းကောင်းသေဖို့လဲမစဉ်းစား ဟတ် ..... ဟတ် ..... ဟတ် ..... ဟား"

ဦးထင်က ရယ်ရန် ကြိုးစားရင်းမှ ငိုချင်နေသည်။ ကုန်လွန်ခဲ့သော အချိန်များ၊ သူဖြတ်သန်း ကျော်လွှားပြီး ဖြုန်းတီးခဲ့သော အချိန်များ ထိုအချိန်များအတွက် တစ်သက်နှင့်တစ်ကိုယ် ပထမဦးဆုံး အကြိမ်အဖြစ် နောင်တရချင်ချင်ဖြစ်နေလေသည်။ သူ့ကိုရွှေးမနှင့်မြေးက တရားမပြနိုင်ခဲ့သော်လည်း ကိုရန်ဝေးနှင့် မခင်လှကတော့ တရားပြနိုင်ခဲ့ပြီထင်သည်။

"ဟုတ်ပါရဲ့ဗျာ သေခြင်းတရားဆိုတာက ဘယ်သူ့ကိုမှ ကြိုတင်သတိပေးနေမှာမဟုတ်ဘူး၊ သူလာချင်တဲ့အချိန်မှာ ဗြုန်းခနဲရောက်လာပြီး ကိုယ့်ကိုဆွဲခေါ်မှာဆိုတော့ ကိုယ်ကလဲ အမြဲအသင့်ရှိနေမှ တန်ကာကျမှာ"

ခုနတုန်းက ပရိတ်အိုးဆုကြောင်း ပြောပြခဲ့သည့် ပုဆိုးအညိုကွက်နှင့် လူကသူ့ဘေးမှ ရှမ်းဘောင်းဘီဝတ်ထားသောသူကို လှည့်ပြောသည်။

"ဘယ်သူအသင့်ရှိနိုင်မှာတုန်းဗျာ"

ဦးထင်က စိတ်ထဲမှ ခတ်ချဉ်ချဉ်နှင့် တွေးနေမိသည်။



"သေမင်းကိုများဒည့်ကောင်း စောင်ကောင်းကြီး လုပ်လို့စောင့်ကြိုနေရမှာလားဗျာ၊ ထွတ် ......ပြောချင်ပါဘူး"

သေခြင်းတရားကို မြင်ပြင်းကတ်ရင်း ဦးထင်သည် သူ၏ဒါန၊ သီလနှင့်ဘာဝနာ ပါးရှားခြင်းကိုတွေးပြီး စိတ်အားငယ်နေမိလေသည်။ ကိုရန်ဝေးနှင့် မခင်လှတို့ကိုလည်း သတိရကာ တုန်လှုပ်စိတ်ကို အနိုင်နိုင်ထိန်းနေရသည်။

"ကျွန်တော်တော့ လှူသင့်တာကိုလှူ၊ ပေးသင့်တာကို ပေးခဲ့ပြီးပြီ၊ ခုလိုပင်စင်ယူပြီး အချိန်ပိုလေး ရှိလာပြန်တော့လဲ သီလနဲ့ဘာဝနာကို အချိန်လေးအပြည့်ပေးလာနိုင်ပြီဆိုတော့ အခုနေသေဆိုရင် သေရဲပြီဗျ၊ အထက်ကိုမဆန်ရင်တောင် ကိုယ့်ကိုယ်ကိုရဲ့ အောက်တော့ မစိုင်းတန် ကောင်းတော့ဘူးလို့ ထင်တာပဲ"

ရှမ်းဘောင်းဘီနှင့်လူက ပြောသည်။

ဦးထင်ကတော့ ခပ်မဲ့မဲ့ပြုံးရင်း ထိုနေရာမှ ထွက်ခွာရန် ...န်ပြင်သည်။ သေခြင်းအကြောင်းတွေကို သူဆက်ပြီးမကြားချင်။

သို့သော် သူမသွားဖြစ်ခဲ့ချေ။

ဆရာတော်ကြီး ကြွလာသောကြောင့် ဖြစ်သည်။ "ရောက်လာမှ ...တော့ဖူးလိုက်ဦးမယ်" ဟု တွေးရင်း ဦးထင်သည် ဆရာတော်ကြီးကို ...ောင်းကောင်းမြင်နိုင်ရန်အတွက် အုတ်ခုံလေးပေါ်တွင်တက်၍ ...ပ်ကာ မျှော်ကြည့်လိုက်သည်။

ဆရာတော်ကြီး၏ အနားတွင် ကြိုဆိုသူတွေ ဝိုင်းဝိုင်းလည်နေ...သည်မို့ ကောင်းစွာမမြင်ရ၊ သို့သော် ပြင်ဆင်ခင်း ကျင်းထားသောနေရာ

www.burmeseclassic.com

www.burmeseclassic.com



တွင် ထိုင်ပြီးသောအခါတွင်ကား ဆရာတော်ကြီးအနီးတွင် လူတွေ ရှဲသွားလေသည်။

"ကြည့်စမ်း ရတ်ရတ်သဲသဲနဲ့ လှုပ်နေလိုက်တဲ့ လူတွေ နည်းပါ့ဘူး။ ဒီလူတွေဟာ နှစ်ပေါင်းဘယ်လောက်ကြာအောင် ဆက်ပြီး လှုပ်နိုင်ကြမှာမို့လဲ၊ နောင်လေးငါးနှစ် ဆယ်နှစ် ထားပါတော့ နှစ်ပေါင်းအစိတ်၊ အင်း နှစ်ပေါင်း အစိတ်ဆို ရင် တဝက်လောက်တော့ ကုန်လောက်ပြီ၊ သေချာတာကတော့ နောင်နှစ်ပေါင်းတရာဆိုရင်တော့ ဒီနေရာမှာရှိနေတဲ့ လူတွေ တစ်ယောက်မှ လူ့ပြည်မှာ မရှိနိုင်တော့တာပဲ"

တလှုပ်လှုပ်တစ်ရွရွနှင့် နေရာယူနေကြသော လူများကို အထက်ဘက်ဆီမှ ဆီး၍ ကြည့်ရင်း ဦးထင်က တွေးနေမိသည်။

"အင်း ငါကတော့ နောက်ဆယ်နှစ်နေရရင်တောင် ကံကောင်းလှပြီ၊ ငါဖြုန်းခဲ့တဲ့အချိန်တွေက နှစ်ပေါင်း ခြောက်ဆယ်ကျော်သွားပြီ"

ဦးထင်သည် လူအများဆီမှ တစ်ဆင့် ဆရာတော်ကြီးကို လှမ်း၍ မျှော်ကြည့်လိုက်သည်။

"ဘုရား......"

ဘုရားကို မတစဖူးတရင်း ဦးထင် ရင်ထဲတွင် သိမ့်ခနဲဖြစ်သွားသည်။ တရားဟောစင်မြင့်မှနေပြီး ပရိတ်သတ်ကိုဆီး၍ ကြည့်နေသော ဆရာတော်ကြီး၏ မျက်လုံးများနှင့် သူ့မျက်လုံးများသည် တည့်တည့်ကြီး ရင်ဆိုင် တိုးမိသောကြောင့် ဖြစ်သည်။

မေတ္တာရိပ် မေတ္တာရောင်လွှမ်းကာ စင်စင်ကြယ်ကြယ် နုနည့်ညှံ့ ရှိလှသည့် မျက်လုံးအစုံကို မှင်တက်မိသလို ပြန်လည်ငေးကြည့်နေရင်း



ဦးထင်သည် ခေါင်းကိုငုံ့လိုက်မိသည်။ အပြစ်လုပ်ထားသော ကလေး ငယ်ပမာ ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။

"အချိန်ဘာမှမကျန်တော့ဘူး ရှေ့လျှောက်ပြီး မိုက် နေဦးမည် ဆိုရင်တော့ သံသရာမှာ အရှုံးကြီးရှုံးရလိမ့်မယ်"

ဆရာတော်ကြီးက သူ့ကိုထိုသို့ပင် ပြောလိုက်သည်ဟု ဦးထင် ခံစားလိုက်ရသည်။ နားနှင့်ဆက်ဆက်ကြားလိုက်ရသည်ဟုပင် ထင်လိုက်မိသည်။ လက်အုပ်ကိုအလိုလိုချီမိပြီး မော်ကြည့်လိုက်တော့ ဆရာတော်ကြီးက သူ့ကို ကြည့်မနေတော့ပေ။

"ငါမိုက်တယ်......မိုက်ခဲ့ပါတယ်"

ဖခင်ရှေ့ရောက်ပြီး အဆူခံလိုက်ရသော ကလေးဆိုးတစ်ဦးလို ဦးထင်သည် အလိုလိုငိုချင်နေသည်။

"ဟုတ်ပါရဲ့ သိ.....သိကြီးနဲ့ ဆက်ပြီးမိုက်နေဦးမယ် ဆိုရင်တော့ ငါအရှုံးကြီးရှုံးရတော့မယ် ထင်ပါရဲ့"

မျက်လုံးအိမ်တွင် ဝေ့လည်လာသောမျက်ရည်များကို မျက်တောင် တဖျတ်ဖျတ်ခတ်ကာ ထိန်းရင်း ကွယ်လွန်ခဲ့ပြီးပြီဖြစ်သော မိဘများ၊ ဆွေမျိုးများ မိတ်သင်္ဂဟများအားလုံးကို တစ်ဦးပြီးတစ်ဦး သတိရ နေမိသည်။

သူတို့တစ်တွေ လူ့ဘဝရောက်လာပြီးရှုံးသွားကြလေသလော၊ မြတ်သွားကြလေသလော၊ လူ့ရပ်လူ့ရွာမှ ဒေါသကိုလည်းကောင်း၊ လောဘကိုလည်းကောင်း၊ မောဟကိုလည်းကောင်း၊ ဆုပ်ကိုင်တွယ် ဖက် ဘဝကူးသွားကြသူများကိုလည်း မြင်ယောင်လာသည်။

သူတို့တွေ ဘယ်ရောက်သွားကြမည်နည်းဟု ဆက်၍တွေးရင်း လည်း ရင်ထဲတွင်ဟိုက်ကာ မောလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဝကိုခင်မင်တွယ်တာသော ဘဝတဏှာလည်း ရုတ်တရက် ပြတ်ချင်ချင်ဖြစ်ကာ ငြီးငွေ့စိတ်ကုန်သွားသလိုခံစားလိုက်ရသည်။

"ငါတစ်ခါမှ ဒီလိုမဖြစ်ဖူးပါဘူး"

ဦးထင်သည် သူ့ကိုယ်သူအံ့ဩနေသည်။ သူ့ဘဝသည် ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံကုန်လုံခြင်း မရှိလှ၍ နေပျော်စရာ သိပ်မကောင်းသော်လည်း သူသည် ဘဝကိုခင်မင်တွယ်တာလှသည်။ ပျင်းခြောက်ခြောက် ဘဝပင်ဖြစ်သော်လည်း ထိုဘဝကိုတွယ်တွယ်တာတာနှင့် ဖက်တွယ်ထားခဲ့သူဖြစ်သည်။ အခုတော့ သူသည်ထိုဘဝကိုပင် တွယ်တာစိတ်၊ ခင်မင်စိတ်တွေ ကုန်ခမ်းကာ ငြီးငွေ့သလို ဖြစ်သွားသည်။

"ဒီဘဝသာမက သံသရာတစ်လျှောက်လုံး အရှုံးကြီး ရှုံးရတော့မှာပါလား"

ဦးထင်သည် သူ့စိတ်ကိုသူတည်ငြိမ်အောင် ကြိုးစားရင်း ဆရာတော်ကြီးကို စူးစူးစိုက်စိုက်ကြည့်နေမိသည်။

ဆရာတော်ကြီးသည် မျက်လွှာကိုချကာ တစ်စုံတစ်ခုကို တိုင်ပေးနေသည်။ သူ့စိတ်တွေဝေဝါးနေ၍ ပထမတော့ ဘာတွေ တိုင်ပေးပြီး ပရိသတ်ကဘာတွေလိုက်ဆိုနေသနည်း သတိပင် မထားမိ "ကာမေသုမိစ္ဆာစာရာ၊ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ" ဟူသောအသံကို ကြားလိုက်သောအခါမှ "ဩော် ငါးပါးသီလ ပေးနေတာပါလား" ဟု၍ သဘောပေါက်သည်။ သူက မတ်တပ် ရပ်ရင်းမှ လက်အုပ်ကိုချီထားသော်လည်း လိုက်မဆိုမိ သူများ ရွတ်သည်ကိုနားထောင်ပြီး တွေးတွေးငေးငေးကြီးဖြစ်နေမိသည်။



ထိုစဉ်တွင် ဆရာတော်ကြီးက အားလုံးကိုလွှမ်းကာ ခြုံ၍ ကြည့်သည်။ ထို့နောက် စိုက်စိုက်ကြီးငေးနေသော ဦးထင်ကို ခေတ္တမျှစိုက်၍ကြည့်သည်။ မေတ္တာကြီးမားနက်ရှိုင်းသော မျက်လုံးများနှင့် သုရာခိုးမပြယ် ဝေနေတတ်သော မျက်လုံးများသည် စက္ကန့်အနည်းငယ်မျှ ဆုံမိလိုက်ကြပြန်သည်။

"သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရာမဏီသိက္ခာပဒံ သမာဒိယာမိ"

ဆရာတော်ကြီးက ဆက်၍ရွတ်သည်။ အခြားသူများအတွက်က ဤမျှသာဖြစ်ကောင်းဖြစ်မည် ဖြစ်သော်လည်း ဦးထင်အတွက်မူ ထိုအသံသည် ပဲ့တင်သံအဆင့်ဆင့်မြည်ဟီးကာ ရင်ထဲနှလုံးထဲထိ စီးဆင်းသွားသလိုခံစားလိုက်ရသည်။

"သံသရာမှာပါ အရှုံးကြီးရှုံး အဆုံးကြီးဆုံးရလိမ့်မယ် နော"

သူ၏ဦးနှောက်က သူ့ကို ထပ်ခါတလဲလဲ ပြောနေသည်။

ဦးထင်သည် စက္ကန့်အနည်းငယ်မျှမှင်တက်မိနေပြီး ရင်ဝယ်ယှက် ထားသော လက်ဝါးနှစ်ဖက်ကို နဖူးအထိ ချီပင့်လိုက်သည်။ အသက်ကိုပြင်းပြင်းကြီးရှိုက်၍ ရှုလိုက်သည်။ ထို့နောက် ပြတ်ပြတ် သားသား လိုက်၍ ရွတ်ဆိုလိုက်သည်။

"သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရာမဏီသိက္ခာပဒံ သမာဒိယာမိ"

"အာမဘန္တေပါ အရှင်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com

အပေါ်ထပ်ကဦးထင်တစ်ယောက် အရက်ကို ပြတ်ပြတ်တောက်
တောက်ကြီး ဖြတ်ပစ်လိုက်သည်ဟု ကြားရတော့ ဦးဘမွှား ချက်ချင်း
ပင်မယုံမိပေ။ သည်ခေါင်းဖြူဆွယ်ကျိုးအဘိုးကြီးကို အရက်ကလုံးလုံး
လျားလျားအနိုင်ယူထားပြီဟု သူသာမက လူတိုင်းက ထင်ခဲ့ကြသည်။

အခုတော့ ဦးထင်က ဦးကံမြင့်ဆီမှ အားဆေးများနှင့် ဆရာတော်
ကြီး၏ ပရိတ်ရေသည်ကို တစ်လှည့်စီသောက်ရင်း အရက်ကိုပြန်လည်
အနိုင်ယူရန် ကြိုးစားနေသည် သူ့ကိုဘယ်လိုမှမနေဘူးလားဟု
မေးလာသူတိုင်းကို "အရေးကြီးတာက စိတ်ပါဘဲဗျာ စိတ်ကိုသာနိုင်ရင်
ဒီခန္ဓာကိုယ်ကြီးက မိုးပေါ်ကိုတောင်တက်ပြီး ရှာန်ပျံနိုင်သေးတာပဲ
မဟုတ်လား" ဟု ခပ်အေးအေးပြန်ပြောခဲ့လေသည်။

သူ့မိတ်ဆွေကြီး ဒေါ်ရွှေနုကတော့ သူ့ကိုယုံကြည်ပုံမရ
"ပရိတ်ရည်ထဲဟိုအရည်တွေ ရောထည့်ပြီး သောက်ချင်သောက်နေမှာ
သိပ်ယုံရတာမဟုတ်ဘူး" ဟုစကားတင်းဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကောင်းထက်ကတော့ "အဖေဟာ သူ့စိတ်ကိုသူဒီလောက် နိုင်မယ် ပြတ်သားမယ်လို့ ကျွန်တော်ဘယ်တုန်းကမှ မထင်မိဘူး" ဟု တအံ့တသြပြောသည်။

ဦးဘမွှားကမူ ဦးထင်သည် သူကြိုးစားပြီးဖြတ်နေသော အရက်ကို လုံးလုံးလျားလျားကြီး ပြတ်နိုင်လိမ့်မည်ဟု ယုံကြည်နေမိသည်။

"အင်း ကိုရန်ဝေးတို့လင်မယား ရုတ်တရက်ကြီး ဆုံးသွားကြလို့ ဦးထင်အရက်ပြတ်တာဆိုတော့လဲ အရှုံးထဲက အမြတ်ထွက်လာတယ်လို့ ပြောရမှာပေါ့လေ"

ဦးဘမွှားသည် သူ့ရှေ့တွင် ခပ်ငိုင်ငိုင် ခပ်ငေးငေး ထိုင်နေသော ကိုဦးကိုကြည့်ရင်း တွေးနေမိသည်။ ကိုဦးသည်စားပွဲပေါ်တွင် အလှတင်ထားသော ကျောက်ဖြူသားဆင်ရုပ်ကလေးကို ငေးကြည့်နေသော်လည်း မြင်ပုံမရ။ သူ့မျက်လုံးလေးများက မှုန်ပြီး မှိုင်းဝေနေသည်။

"ကိုဦး.....မင်းဘာတွေ တွေးနေလဲ"

"ဒီလိုပါပဲ ဘဘကြီးရာ"

ကိုဦးက အသံတိမ်လေးနှင့် ဖြေပြီး ခေါင်းငုံ့လိုက်သည်။ ညိုးလျော်ခြောက်သွေ့သော ကုံကော်ပွင့်လေး တစ်ပွင့်လို ကြမ်းပေါ်မှ ကောက်ယူလိုက်ပြီး လက်ထဲတွင် လှည့်ကစားနေသည်။

"အင်း ရက်လည်ဆွမ်းတောင်ကျွေးပြီး သွားပြီ ဆိုတော့ လဲ ဘဝတစ်ခုရဲ့နောက်ဆုံးကိစ္စပါ အဆုံးသတ် သွားပြီ ပေါ့လေ"

မနေ့တုန်းကပင် ကိုရန်ဝေးတို့အတွက် ရက်လည်ဆွမ်းကျွေးခဲ့သည်။ ရက်လည်ဆွမ်းကျွေးခြင်းသည် လူ့လောကထဲသို့ရောက်လာသူ တစ်ဦးအတွက် နောက်ဆုံးလှုပ်ရှားမှုပင် ဖြစ်သည်။



ထို့နောက်တွင်ကား လူတစ်ယောက်၏ဘဝသည် တကယ်ပင် အဆုံးသတ်သွားပြီ ဖြစ်လေသည်။

သူကနံရံတွင် ချိတ်ထားသော ပြက္ခဒိန်ကို လှမ်း၍ကြည့်မိသည်။ စာလုံးအနက်ကလေးများနှင့် ထင်ထင်ရှားရှားရေးထားသော ရက်စွဲများကို တစ်ခုချင်း လိုက်ကြည့်နေရင်း ထိုနေ့များထဲမှ တစ်နေ့နေ့သည် သူ့အတွက်ရက်လည်ဆွမ်းကျွေးသော နေ့ဖြစ်လာလိမ့်မည်ဟု တွေးနေမိသည်။ ထိုနေ့သည် ဘယ်နေ့များ ဖြစ်လေမည်နည်း။ ထိုနေ့တွင် မည်သူတွေရောက်လာပြီး သူ့အကြောင်းကို ဘာတွေ ပြောကြ မှတ်ချက်ချကြ ငြင်းခုန်ကြမည်နည်း။

သူ့ကို တစ်စုံတစ်ဦးက "အတော်ကိုဘဝင်မြင့်ပြီး၊ ကြီးကြီး ကျယ်ကျယ်နိုင်တဲ့ အဘိုးကြီးဗျ" ဟု မှတ်ချက်ချလျှင် ကိုဦးတို့ မောင်နှမက "ဘဘကြီးက သိပ်သဘောကောင်းတာ၊ အဲဒီလို မပြောပါနဲ့" ဟု ပြန်လှန်ငြင်းခုန်ကြလိမ့်မည်ဟု သူထင်သည်။

"ငါ့ဘဝရဲ့ နောက်ဆုံးအချိန်ပိုင်းကလေးမှာ သူတို့ လေးတွေနဲ့ တွေ့ရကြုံရလို့ ငါ စိတ်ချမ်းသာရပါတယ်"

အခန်းကျဉ်းကျဉ်းကလေးထဲတွင် တံခါးကိုလည်းပိတ် အသည်းနှလုံးနှင့် ဦးနှောက်ကိုလည်းပိတ်ပြီး အထီးတည်းနေခဲ့သော သူသည် အသက်ရှူ၍ပင် မဝဘဲမွန်းနေခဲ့သည်မှာ ကြာပေပြီ။ သည်ကလေးတွေ ရောက်လာသောအခါမှ တင်းတင်းကြီး ပိတ်ထားသောတံခါးများ အလိုလိုပွင့်လာပြီး လေပြေလေညှင်းကလေးဝင်လာသလို ခံစားရသည်။ ပိတ်လှောင်မွန်းကျပ်နေသော ဝေဒနာမှ အတန်ငယ်သက်သာခွင့်ရခဲ့ သည်ကို သူသိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ သူတို့ဟာ ရေနွေးပူနဲ့ အလောင်းခံလိုက်ရတဲ့ ပန်းကလေးတွေလိုပဲ ညှိုးပြီး နွမ်းသွားလိုက်ကြတာ"

ပျော်ရွှင်တက်ကြွခြင်း၊ လွတ်လပ် ပေါ့ပါးခြင်း စသည်များသည် သူ့ရှေ့တွင် ထိုင်နေသော ဆယ့်သုံးနှစ်သား လူငယ်လေးဆီမှ ရုတ်တရက် ထွက်ပြေးပျောက်ကွယ်သွားကြသည်။ သူမျက်နှာ ငယ်ငယ်နုနုလေးတွင် ဝမ်းနည်း ကြေကွဲခြင်း၊ ပူပင်ကြောင့်ကြခြင်း စသော အရိပ်အယောင်များကသာ ယှက်သမ်းနေသည်။

"ဒီကလေးတွေကို အလျှင်တုန်းကလို ပြုံးနေအောင် ပျော်နေအောင် ငါဘယ်လိုနည်းနဲ့ လုပ်ပေးရပါ့မလဲ"

ဦးဘပွား၏ တစ်သက်တာတွင် တစ်ခါမျှသည်လောက် စိတ်ထဲတွင် ဆင်းရဲပင်ပန်းခြင်း မဖြစ်ခဲ့ဖူးပေ။ ကလေးများ၏ ငိုရှိုက်သံကို ကြားနေရခြင်း၊ နီရဲဖောင်းမို့နေသော မျက်နှာလေးများကို မြင်နေရခြင်းသည် သူ့အတွက် ကင်ဆာရောဂါဖြစ်ရသည်ထက်ပင် ပိုမိုပြီးစိတ်ပင်ပန်းဆင်းရဲရသည်ဟု ထင်သည်။

သူတို့၏ မိခင်နှင့်ဖခင်သည်လည်း အသေမှဖြောင့်နိုင်ပါရဲ့လား နာကျင်ပြင်းပြသော ဝေဒနာကို ခံစားပြီး ရုပ်နှင့်နာမ် မကွဲကွာခ သူတို့ ဘာအတွက် တွေးတောပူပန်သွားကြမည်နည်း။ လူလားမမြောက် သေးသော သားသမီးသုံးဦးအား ၊ ခိုကိုးရာမဲ့ တွယ်ရာမဲ့ထားခဲ့ ရခြင်းအတွက် သူတို့၏ နှလုံးသားများသည် မည်မျှ ကျွမ်းလောင် ကြေကွဲ သွားကြရမည်နည်း။

ဦးဘပွားသည် ဆက်၍ မတွေးချင်တော့သဖြင့် ခေါင်းကိုခါယမ်း ပစ် လိုက်သည်။ ကြုံတွေ့ရသော သူကို မဆိုထားနှင့် တွေးကြည့်ရသော သူပင်လျှင် ရင်ထဲတွင် မွန်းကျပ်ပြီးနာကျင်လာရသည်။

●



"ငါ ကံကောင်းပါတယ်"

ဦးဘပွားသည် သူ့တစ်သက်တာတွင် ပထမဦးဆုံး အကြိမ်အဖြစ် သူ့ကိုယ်သူကံကောင်းသည်ဟု ထင်လိုက်မိလေသည်။

"ငါ့မှာနောက်ဆံတင်းစရာ ပူပင်စရာ သံယောဇဉ် နှောင်ဖွဲ့စရာဘာမှမရှိဘူး"

ပစ္စည်းသံယောဇဉ်ကိုလည်းကောင်း၊ သားသမီး သံယောဇဉ်ကို လည်းကောင်း၊ သူကြိုးစားပြီးဖြတ်နိုင်ခဲ့သည်ဟု သူ့ကိုယ်သူထင်သည်။ သည်တစ်ဘဝ သည်တစ်သက်တာအတွက် သူပိုင်ခဲ့သော (တကယ် တော့ ပိုင်ချင်းမဟုတ်ဟု ဆိုသည်ကို သူတရားသဘောအရ ရေးရေးမျှ သဘောပေါက်ခဲ့ပြီး ဖြစ်သည်။) တိုက်တာ၊ အိမ်ယာ၊ ခြံမြေများနှင့် ငွေကြေးဥစ္စာများကို သူကလှူသင့်သည်ကိုလှူပြီး သားသမီးများအတွက် အမွေပေးသင့်သည်များကိုလည်း ပေးခဲ့ရန် စီစဉ်ခဲ့ပြီးဖြစ်သည်။

ထိုသို့စနစ်တကျ စီစဉ်နိုင်ခြင်းသည် သူ့သေနေ့ကို သူကြို၍ ခန့်မှန်းနိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။

"ငါသေတော့မယ်ဆိုတာ ငါကြိုပြီး သိခဲ့ရတာဟာလဲ တစ်နည်းတော့ ငါကံကောင်းတာပါပဲလေ"

ဦးဘပွားကအဆိုးထဲမှ အကောင်းလေးများကို ကွက်ကွက်ကွင်း ကွင်းမြင်လာသည်။

"ငါက ငါ့ကိုယ်ငါ သေမိန့်ကျပြီရယ်လို့ စိတ်ဆင်းရဲနေ မိတယ်၊ အမှန်က သက်ရှိသတ္တဝါရယ်လို့ဖြစ်လာပြီ ဆိုကတည်းက သတ္တဝါတိုင်းဟာ သေမိန့်ကျလာကြတာပဲ

www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဘယ်သူ ရှောင်လွှဲလို့ရမှာလဲ၊ ကိုရန်ဝေးတို့ခမျာမှာတော့ ဝုန်းဝုန်း ဒိုင်းဒိုင်းကြီး ဖြုန်းခနဲရင်ဆိုင် တွေ့သွားကြရတော့ ကိုယ်သေဖို့ အတွက်ရော နေခဲ့ရမယ့်သူတွေအတွက်ရော ဘာဆိုဘာကိုမျှ မမြင်နိုင်၊ မဆင်နိုင်”

ဦးဘမွှား၏အတွေးသည် သူ့ရှေ့တွင် ငူငူလေးထိုင်နေသော ကိုဦးဆီသို့ ပြန်ရောက်လာသည်။

“အခုတော့ ဒီကလေးတွေ ဘယ်လို ဘယ်ပုံဆက်ပြီး စခန်းသွားရရှာမှာလဲ”

ကိုဦးတို့မောင်နှမတစ်တွေအတွက် သူ့စိတ်ထဲတွင်ကြောင့်ကြပူပန်နေမိသည်။ အနီးဆုံး ဆွေမျိုးဖြစ်သည့် မခင်လှ၏ညီမ (တကယ်လာမည်က ညီမ၏ခင်ပွန်း) ရောက်လာမှ သူတို့၏ရှေ့ရေးကို အသေအချာ သိခွင့်ရမည်ဖြစ်သည်။

“ဦးလေးသက်နဲ့ အတူတူကျွန်တော်တို့ လိုက်သွားရမယ်ထင်တယ်”

ကိုဦး၏ အသံက တိုးတိုးတိမ်တိမ်လေး ဖြစ်နေသည်။

“မင်းတို့မှာ ဒီပြင်ဆွေမျိုးတွေရော ရှိသေးလား”

“မသိပါဘူးဘဘကြီးရယ် ရက်လည်တုန်းကလာတဲ့ ဖေဖေ့အမဝမ်းကွဲကြီးကြီးစိန်ကတော့ ကဲကဲကိုသူနဲ့လိုက်နေမလားလို့မေးတယ်”

“ကဲကဲတစ်ယောက်တည်းကိုလား”

“ဟုတ်ကဲ့”



ကိုဦး၏ ရင်ထဲတွင် ဆို့တို့တို့ကြီးဖြစ်နေသည်။ ဖေဖေက သူ့ကို စူးစိုက်၍ကြည့်ကာ ညီလေးနှင့်ညီမလေးကို ဂရုစိုက်နော်” ဟု မှာသွားသည်။

ထိုစကားကို သူမမေ့။ သူ့နားထဲတွင် ပဲ့တင်ထပ်နေသည်။ သူကလည်း “စိတ်ချပါ ဖေဖေ.....သား ဂရုစိုက်ပါ့မယ်” ဟု ပြန်ပြောခဲ့သည်။

သို့သော် လောလောဆယ်အခြေအနေတွင် သူသည် ကိုယ့်ကိုယ်ပင် အားကိုးနိုင်သူမဟုတ်သေး။ သူ့အစွမ်းသူ့အစနှင့် ငွေကြေးတစ်ကျပ်တစ်ပြားပင် မရှာဖွေနိုင်သေး။

“သူခေါ်ရင် မင်းတို့လိုက်သွားရမှာပေါ့”

“ဟုတ်......ကဲ့”

ကိုဦးခေါင်းလေးက ပိုပြီးငုံ့သွားသည်။

“လိုက်ချင်ရဲ့လား”

ကိုဦးကမဖြေပေ။ ဖေဖေ မေမေတို့နှင့်အတူ ပျော်ပျော်ပါးပါး နေခဲ့ရသော ဘဝ၊ လုံခြုံနွေးထွေးသောဘဝ၊ ကြောင့်ကြမဲ့သောဘဝ၊ ထိုဘဝကို သူတို့ဘယ်တော့မှ ပြန်ရတော့မည်မဟုတ်ချေ။

ဦးလေးသက်နှင့် ဒေါ်လေးမြသည် သူတို့၏အရင်းဆုံးသော ဆွေမျိုးများဖြစ်သော်လည်း တွေ့ခဲဆုံခဲသည်မို့ ကိုဦး၏စိတ်ထဲတွင်တော့ စိမ်းနေသည်။ ဒေါ်လေးမြ၏ သားသမီးများဖြစ်သော ကျော်ကျော်တို့ အောင်အောင်တို့၊ နောက်တိုးတိုးတို့ အငယ်လေးတို့နှင့်တော့ စိတ်ထဲတွင် ရင်းရင်းနှီးနှီး ခံစား၍ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်တစ်ခါပင် မဆုံမိကြသော်လည်း ဆုံမိသည့်အခိုက်အတုံ့တွင် ဝုန်းဒိုင်းကျဲအောင် ဆော့စကားပြီး ပျော်ကြရသည်။

သို့သော် ကဲကဲကစွာပြီး ကိုထူးက ဆော့သည်။ ကျော်ကျော်တို့ အောင်အောင်တို့ကလည်း အလိုလိုက်သားသမီးများဆိုတော့ အတန်ငယ် ဆိုးချင်သည်။ သည်တော့လည်း ဆော့ရင်း၊ စကားရင်း၊ ကုတ်ကြ၊ ဖဲ့ကြ၊ နပန်းလုံးကြနှင့်ထ၍ ရန်ဖြစ်တတ်ကြသည်ကို ကိုဦးက သတိရမိရင်း ရင်ထဲတွင် လေးလံနေလေသည်။

"ကိုဦး…"

ဦးဘပွားက ညင်သာစွာခေါ်သည်။

"မင်း ဘာဖြစ်ချင်သလဲ"

ကိုဦးက ဦးဘပွားကိုမကြည့်ဘဲခေါင်းကို ဖြည်းလေးစွာ ခါယမ်းသည်။ မည်သည့်အရာကို ဖြစ်ချင်သည် ဖြစ်စေ၊ မည်သည့်အရာကို မမြင်ချင်သည်ဖြစ်စေ၊ ဖြစ်မည့်အရာကတော့ ဖြစ်ချိန်တန်လျှင် သူ့ဟာသူဖြစ်သွားမည်သာ ဖြစ်သည်။ သူ့အသက် ဆယ့်သုံးနှစ်သာရှိသေးသော်လည်း ဖြစ်ချင်တိုင်းလည်း ကြိုးစား၍မရ မဖြစ်ချင်တိုင်းလည်း တားဆီး၍မရဟုဆိုသည်ကို ကိုဦးသည် ရေးရေးမျှ သဘောပေါက်နေမိပြီဖြစ်သည်။

"မင်း မလိုက်ချင်ပါဘူး ကိုဦးရယ် ဘာဘကြီး သိပါတယ်"

ဦးဘပွားက ပြောတော့ ကိုဦးက ဟန်ဆောင်၍ ပြုံးသည်။ သို့သော် မျက်လုံးအိမ်တွင် ရစ်ဝိုင်းနေသော မျက်ရည်များကို မတားနိုင်၍ လက်ဖမိုးနှင့်မသိမသာ ပွတ်လိုက်သည်။



"ဦးလေးသက်ရော ဒေါ်လေးမြရော သဘောကောင်းကြပါတယ် ဘာဘကြီးရယ် ကျွန်တော်တို့ကိုလဲချစ်ပါတယ်"

အလိုမှာဖက်၍ ပြောသောကိုဦးကို ဦးဘပွားက စိတ်မကောင်းသလို စိုက်ကြည့်နေသည်။ ဖြစ်ချင်သည်ထက် ဖြစ်သင့်သည်ကို ဦးစားပေးရမည်ဟု ဆိုသည်ကို ကလေးနားလည်နေပါပေါ့လားဟု တွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် တကယ်ဖြစ်လာသည်ကတော့ တစ်မျိုးဖြစ် နေလေသည်။

"ဟင်… ဒါဆိုရင် ကဲကဲတို့ သုံးယောက်အတူတူ မနေရဘူးပေါ့"

ကဲကဲက အံ့သြဝမ်းနည်းစွာ မေးသည်။ မျက်နှာကလေးနီမြန်းပြီး တုန်တုန်လှုပ်လှုပ် ဖြစ်နေလေသည်။ အစ်ကိုကြီးဖြစ်သူ ကိုဦး၏ လက်မောင်းကို အားကိုးတကြီးနှင့် အတင်းဖက်တွယ်ထားသည်။

"ကြီးကြီးစိန်ဆီမှာက ပိုကောင်းတာပေါ့သမီးရယ်၊ နောက်ပြီး ကြီးကြီးက သားသမီးမရှိတော့သမီးတစ်ယောက်တည်းကိုပဲ ချစ်ရမှာ "

ဦးသက်ထွန်းက ချော့မော့သော လေသံနှင့်ပြောသည်။ သူ၏ ဇနီးဖြစ်သူ မခင်မြက ကွယ်လွန်သူ မခင်လှ၏ ညီမအရင်းဆိုတော့ ကျန်ရစ်ခဲ့သော ကလေးသုံးဦးနှင့် ဆွေမျိုးအနီးဆုံး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကြောင့် ဤဥမမည်၊ စာမမြောက်သေးသော ကလေးသုံးဦးလုံး၏ တာဝန်သည် သူတို့၏ ခေါင်းပေါ်သို့ အလိုလို ရောက်ရှိလာခဲ့သည်။ သူက နယ်မှ ဆရာဝန်ကြီးမို့ အတော်လေး ချောင်ချောင်လည်လည်ရှိသော်လည်း ထိုတာဝန် အားလုံးကို လိုလိုလားလားလက်ခံရန်ကိုကား တော်တော်လေး ဝန်လေး နေမိလေသည်။ သည်ဝန်တာတွေကို ဘယ်သူကများ မျှဝေထမ်းနိုင်ပါ့မလဲဟု အထပ်ထပ် အပြန်ပြန် စဉ်းစားခဲ့မိသည်ကတော့ အမှန်ပင်။

ထိုအချိန်တွင် ကိုရန်ဝေး၏ အစ်မဝမ်းကွဲတော်သူ အပျိုကြီးဒေါ်ခင်စိန်က ယောကျ်ားလေးတွေကိုတော့ မလိုချင်။ မိန်းကလေးဆိုလျှင်ကား လက်တိုလက်တောင်း အဖော်အလှော်လေး ရမည်ဖြစ်၍ ခေါ်ထားနိုင်ပါကြောင်း။ ကလေးမလေး လိမ္မာလျှင်လည်း လိမ္မာသလိုကြည့်ရှုပြီး ရွှေလေး ငွေလေး ဆင်ပေးမည်ဖြစ်ကြောင်း၊ (အမွေစားအမွေခံအဖြစ် မွေးစားခြင်းတော့မဟုတ်) ပြောလာသည့်အတွက် ဦးသက်ထွန်း ဝမ်းမြောက် ဝမ်းသာဖြစ်သွားသည်။

သူကလည်း ခပ်စွာစွာ၊ ခပ်ဆိုးဆိုး၊ ခပ်ကဲကဲလေးဖြစ်သော (သူ့စိတ်ထဲတွင် ထိုသို့ပင် သတ်မှတ်ထားသည်။) ကဲကဲကို လန့်သည်။ သူ့ကလေးတွေနှင့် မကြာခဏ ရန်ဖြစ်ပြီး လက်ဦးအောင် တီးတတ်သောကဲကဲ၏ တာဝန်ကို တာတ်နိုင်လျှင်တော့ ရှောင်လွှဲချင်သည်။

"နာမည်ကိုက ကြည့်ပါလား၊ ကဲကဲဆိုမှတော့ ကဲတော့မပေါ့ "

ဟု တစ်လမ်းလုံး တွေးလာခဲ့မိသေးသည်။



"ကဲကဲ ကိုယ်ဝန်နဲ့တုန်းက မခင်လှက အတော်ကို ချူချာတာ၊ သားသမီး ဒုက္ခ ထပ်ခံရမှာလည်း သူ့ခမျာ ကြောက်နေရှာတော့ ကြီးကြီးက ယောကျ်ားလေးဆိုရင်တော့ မလိုချင်ဘူး၊မိန်းကလေးဆိုရင်တော့ ငါ့ကို ပေးဟယ်၊ ငါမွေးပေးမယ်လို့တောင် ပြောဖူးတာ၊ တကယ်မွေးလာတော့" မောင်ရန်ဝေးက–

"ကျွန်တော့် သမီးလေး မပေးနိုင်ဘူးဗျ၊ အစ်မကြီးလိုချင်ရင် ကိုယ့်ဟာကိုယ်ပဲ မွေးယူပါတော့တဲ့"လေ....။

ကြီးကြီးစိန်က အသံညက်ညက်ကလေးနှင့် ပြောသည်။ ခေါင်းကို မသိမသာ ခါပြီး ရယ်လိုက်တော့ သူ့နားမှ စိန်နားကပ်ကြီးက အရောင်တဖျတ်ဖျတ် လက်သွားသည်။ ကဲကဲကို သူက ခေါ်ယူမွေးစားမည်ဟု ဆိုသည့်အတွက် သည်ကလေး သိပ်ပြီး ကံကောင်းတာပဲဟု ပြောကြ၊ ဆိုကြ မှတ်ချက်ချကြလိမ့်မည်ဟု ယုံကြည်ထားပုံ ရလေသည်။

သို့သော် ကဲကဲကတော့ သူ့ကိုယ်သူ ကံကောင်းသည်ဟု မထင်ပေ။ ကြီးကြီးစိန်ကို ငေးကြည့်ရင်း အထိတ်တလန့်ဖြစ်ကာ ငိုချင်နေသည်။ ကြီးကြီးစိန်ကို ဖေဖေကရော မေမေကပါ သဘောကျ ချစ်ခင်ခြင်း မရှိလှကြောင်း သူသိသည်။

ကြီးကြီးစိန်သည်ချမ်းသာသော်လည်း ကပ်စေးနဲလှကြောင်း။ စကားပြောကချိုချိုနှင့် စီးပိုးတတ်ကြောင်း။ ကဲကဲ ငယ်ငယ်တုန်းက ဆေးဖိုးကုန်လှ၍ ငွေပြတ်လျှင် သူ့ဆီက ငွေချေးဖူးကြောင်း၊ ဆွေမျိုးပင်ဖြစ်သော်လည်း အတိုးကြီးကြီးယူပြီး ထိုအတိုးကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ရက်တွက်နှင့် အတိအကျပေးရကြောင်း၊ (မေမေ ပြောပြဖူးသမျှ) စသည်တို့ကို သိထားခဲ့ရသည်။

နောက်တော့ မေမေ ငွေလိုရင် ဘွားရွှေဆီမှာပဲ ဒီဆွဲကြိုးလေး ဖြုတ်ပြီး ပေါင်တော့သည်။ သူက မှတ်ကျောက် နာနာတိုက်တတ်လို့ ရွှေပွန်းပေမယ့် တော်ရုံတန်ရုံ ရက်တွက်ကို လျှော့ပေးတတ်တယ်" ဟု ပြောဖူးသော မေမေ့စကားများကို ပြန်ပြီး ကြားယောင်နေသည်။

ကဲကဲ ကြီးကြီးစိန်နောက်ကို လိုက်မသွားချင်၊ လုံးဝ မလိုက်ချင် "မေမေရယ် သမီးတို့ဆီ တကယ်ပဲကို ပြန်မလာတော့ဘူးလား" ဟုတွေးရင်း ကဲကဲခေါင်းလေးငုံ့ကာ မသိမသာရှိုက်ရင်း မျက်ရည်သုတ်သည်။

"ဒီကလေးတွေကို ငါ့ဘာမှ မကူညီနိုင်တော့ဘူးလား"

ကဲကဲတို့ မောင်နှမရှေ့တွင် ထိုင်နေသော ဦးဘပွားက စိတ်မချမ်းသာစွာ တွေးသည်။ သိသိသာသာကြီး အမ်းပြီး ဖောင်းတောင်းတောင်းဖြစ်နေသော မျက်နှာကြီးသည် စိတ်ဆင်းရဲမှုကြောင့် ပိုပြီး အိုမင်းနေသည်။ ခါတိုင်းလို ဆေးမကူဘဲ လွှတ်ထားလိုက်သော ဆံပင်များမှာလည်း ဖွါပြီးဖွာနေသည်။ သူ့ကြည့်ရသည်မှာရုတ်တရက် ချက်ချင်း အိုကျသွားသလို ဖြစ်နေလေသည်။ ဦးထင်ကတော့ သူ့ရင်ခွင်တွင် ကျောမှီ၍ ထိုင်နေသော ကိုတူးကို ခပ်ဖွဖွ ဖက်ထားသည်။သူ၏ မျက်စိအောက်တွင် ကြီးပြင်းလာကြသော သည်ကလေးသုံးဦး တကွဲတပြားစီ ဖြစ်သွားကြမည်ကို တွေးပြီး စိတ်မချမ်းမသာ မဖြစ်နေသည်။ မျက်ရည်ကို ထိန်းထားသော်လည်း ကျိတ်ကျိတ်ပြီး သက်ပြင်းရှိုက်လိုက်တော့ ကိုတူး၏ ကျောလေးသည် သိမ့်ခနဲတုန်၍



တုန်၍ သွားသည်ကို သူသတိထားမိနေရင်း သူ့ပါ ရောပြီး ပင့်သက်ရှူနေမိသည်။

"ဒီလိုဆို ကဲကဲတို့သုံးယောက်က အတူတူ မနေရဘူး ပေါ့ဟင် ဟုတ်လားဟင်"

ကဲကဲကစ ထိုစကားကိုပင် ကယောင်ကတမ်းလေး ထပ်ပြောနေသည်။ ငိုင်တွေတွေကြီး ထိုင်နေသော ဘွားရွှေတို့ လည်းကောင်း၊ ခေါင်းငုံ့ထားသော အန်တီမွေးကိုလည်းကောင်း၊ ကံကောင်းကိုချီထားသော ဦးကောင်းကိုသော်လည်းကောင်း အားကိုးတကြီး လှမ်းကြည့်သည်။

ဘဖိုးထင်၏ မျက်လုံးများသည် အခါတိုင်းကလို အရက်ခိုးတွေ ဝေမနေဘဲ ကြည်လင်နေသည်။ သူတစ်သက်လုံး စွဲခဲ့သော အရက်ကို ပရိတ်ရေသောက်ပြီး အပြီးဖြတ်နိုင်ခဲ့သော်လည်း သူ့နှလုံးသားတွင် အတပ်ထပ်ရစ်ပတ်နေသော သံယောဇဉ်ကြီး များကိုကား သူက ဘယ်လိုမှ မဖြတ်နိုင်။ "ဘဖိုးထင်ရဲ့" ဟု ကဲကဲ က ငိုသံပါလေးဖြင့် ခေါ်တော့ သူမနေနိုင်ဘဲ မျက်ရည်တွေ လည်လာသည်။

"ဒီကလေးတွေကိုတော့ ခွဲဖို့ မကောင်းပါဘူးဗျာ"

ဦးဘပွားက အသံအက်အက်ကြီးဖြင့် ပြောသည်။ မည်သူ့ကိုမျှ မကြည့်ဘဲကျွန်းသားစားပွဲကြီးကိုသာ စိုက်ကြည့်နေသည်။ အစ်ကို နှစ်ဦးကြားထဲတွင် ရယ်လိုက်မောလိုက် နောက်လိုက်ပြောင်လိုက် ခပ်နွဲ့နွဲ့လေး ဆိုးနေတတ်သော ကဲကဲ၏ ရုပ်သွင်လေးများကို ထင်ယောင်မြင်ယောင်ဖြစ်မိသည်။

မိဘနှစ်ပါးလုံး ဖြုန်းကနဲ ဆုံးပါး သွား၍ ပူပန်ညှိုးလျက် စိတ်အားငယ်နေသော သည်ကလေးမ လေးသည် အစ်ကိုနှစ်ဦးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြီးခွဲခွာရမည်ဆိုလျှင် ရင်ကွဲနာကျ သွားနိုင်သည်။ ဟုတ်သည်။ ရင်ကွဲနာ ကျသွားလိမ့်မည်။ ထိုသို့ပင် သူယုံကြည်သည်။

"ဒါကတော့ ဦးရယ်၊ ကျွန်တော်တို့လဲတတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် စီစဉ်ရတာပါ၊ သုံးဦးလုံး တာဝန်ကို တစ်ဦးတည်း ယူဖို့ကျတော့လဲ"

ဦးသက်ထွန်း စကားကို ဆက်မပြောဘဲ ရပ်ထားလိုက်သည်။ ကျွန်စကားများကို ဆက်ပြောစရာမလို။ လူတိုင်း နားလည်ပြီးသား ကိစ္စဖြစ်သည်။

"ဟုတ်ပါတယ်၊ အဲဒါကလဲ အဲဒါပေါ့လေ"

ဦးဘပွားက သက်ပြင်းကြီးချပြီး အတန်ကြာအောင် ငြိမ်နေသည်။ တစ်စုံတစ်ခုကို ပြောချင်နေသော်လည်း ပြောသင့် မပြောသင့် ချိန်ဆရင်း သူ့ရင်ထဲတွင် မောနေသည်။

ဦးသက်ထွန်းကတော့ အတန်ငယ် နေရထိုင်ရခက်နေသည်။ သည်ကလေး သုံးဦးကို ခွဲချင်လွန်း၍ ခွဲရခြင်းမဟုတ်ကြောင်း၊ အစစအရာရာ အဆင်ပြေအောင် လုပ်ရခြင်း ဖြစ်ကြောင်း စသည်တို့ကို ဘေးလူများ နားလည်အောင် သူဘယ်လိုရှင်းရမည်နည်းဟု စိတ်ပင်ပန်းစွာ တွေးနေမိသည်။

ပြဿနာ တစ်ခုခုဖြစ်လာလျှင် ထိုပြဿနာကို ပြေလည်အောင် ဖြေရှင်းရန် ဘာမှ အကူအညီမရဘဲ ဘေးမှထိုင်ပြီး ဝေဖန်လေကန်တတ်သောသူများနှင့် တွေ့နေရပြီဟု ထင်မှတ်ကာ စိတ်ညစ်နေမိလေသည်။

"ဘဘကြီး"

ကဲကဲက အားကိုးတကြီး ခေါ်သည်။ ထို့နောက် ငိုသည်။



"ကဲကဲတို့ ဒီမှာပဲ နေချင်တယ်နော် ဘဘကြီး"

ကဲကဲ၏ စကားကို ကြားတော့ ဦးသက်ထွန်းရော၊ ဒေါ်ခင်စိန်ပါ မျက်စိမျက်နှာ ပျက်သွားကြသည်။ ဆွေမျိုးတွေက ကောင်းရာကောင်းကြောင်း စီစဉ်သည်ကို ကောင်းမွန်စွာ မနာခံဘဲ၊ သူစိမ်းတွေကို လှည့်ပြီး တိုင်တည်သော အပြုအမူ ဖြစ်၍လည်း စိတ်ထဲတွင်လည်း အတန်ငယ် မျက်သွားကြသည်။ မျက်နှာရိပ် မျက်နှာကဲကို နားလည်သော ကိုဦးက ကဲကဲ၏ လက်ကလေးကို ညှစ်ကိုင်ပြီး ထားသော်လည်း ကဲကဲကမလျှော့၊ ဦးဘပွားကို အားကိုးတကြီး ကြည့်ရင်း ဆက်ပြောသည်။

"ကဲကဲ ကိုဦးတို့နဲ့ပဲနေချင်တယ် ဘဘကြီးရဲ့ နော်"

"သမီးဘယ်မှ လိုက်မသွားချင်ဘူးလား"

"ဟင့်အင်း"

ကဲကဲက ရှိုက်ရင်း ခေါင်းခါသည်။

"ကဲကဲ ဘဘကြီးနဲ့ အန်တီမွှေးနဲ့ ပြီးတော့ ဦးကောင်းတို့နဲ့ အတူတူ ဘွားရွှေနဲ့ ဘဖိုးထင်နဲ့ ပြီးတော့ ကံကောင်းလေးနဲ့ အတူတူ"

ငိုရင်းရှိုက်ရင်း ပြောနေသော ကဲကဲ၏ အသံက ဗလုံးဗထွေး ဖြစ်နေသည်။ ဘွားရွှေက မျက်ရည်သုတ်နေစဉ် ဦးထင်က နှပ်ညှစ်သည်။ ဦးဘပွား၏ မျက်လုံးတွေကတော့ နီကျင်လာသည်။

"ကဲ...ထားပါတော့ ဒီမှာနေချင်တာက ထားပါတော့"

ဦးသက်ထွန်းက ဝင်ပြောသည်။ သူသည် အတန်ငယ် စိတ်ဆိုးနေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ နေချင်လို့ နေတယ်ပဲထားပါတော့ သမီးတို့ရဲ့ တာဝန်ကို ဘယ်သူက ယူနိုင်မှာမို့လဲ၊ သမီးတို့ရဲ့ နေရေး ထိုင်ရေး၊ စားရေး သောက်ရေး နောက်ပြီး ပညာရေးနဲ့ ကျန်းမာရေး အဲဒါတွေ ကို ဘယ်သူက အကုန်အကျခံမှာလဲ"

ဦးသက်ထွန်းက စိတ်တိုသည်ကို ထိန်းပြီး ခပ်ချိုချိုပြောသည်။ ဒေါ်ခင်စိန်ကတော့ ခပ်မာမာ ခပ်ဆတ်ဆတ် ဖြစ်လာလေသည်။

"ဒါကတော့ ကျွန်မတို့က ဆွေမျိုးဝတ္တရားအတိုင်း စောင့်ရှောက်ရမယ့် အပိုင်းမို့ ပြောနေရတာပါ၊ တာဝန်ဆိုတာ ဘယ်လောက်ကြီးသလဲဆိုတာ ထမ်းကြည့်မှ သိတာနဲ့ ပါးစပ် ကလေးတစ်ခု အရင်းစိုက်ပြီး ထိုင်သနားနေရတာလောက်တော့ မလွယ်ဘူး"

ဒေါ်ခင်စိန်၏ စကားကို အနှောင့်အသွား မလွှတ်လှပေ။ ယစ္စည်း အတော်အတန် ချမ်းသာသော သူတို့၏ ထုံးစံအတိုင်း ဒေါ်ခင်စိန်သည် လူတစ်ဖက်သားကို မည်သူ မည်ဝါဟု စိတ်ဝင်စား ရမည်ထက် ငါ့ကို မည်သူမည်ဝါမှန်း သိရဲ့လားဟူသော မာနက အလျင် တက်လာတတ်လေသည်။ ယခုလည်း ဦးဘမွှားကို ပါးစပ်ကလေးတစ်ခု အရင်းစိုက်ပြီး လူတွင်ကျယ် လုပ်နေသော အဘိုးကြီးတစ်ဦးဟု ထင်ပြီး မြင်ပြင်းကတ်နေမိပုံ ရသည်။

"ကဲ...ပြောလေ သူတို့တွေကို ဘယ်သူက ကျောင်း ထားပေးပြီး ဘယ်သူက ထမင်းအလကား ကျွေးထား နိုင်မှာမို့လဲ"

ဒေါ်ခင်စိန်က ထပ်ပြောသည်။ ဦးဘမွှားကို တည့်တည့်ရင် ဆိုင်ကြည့်ပြီး လှောင်သလိုလို ပြုံးလိုက်သော်လည်း ဦးဘမွှား၏



မျက်နှာက အထူးပင် တည်ငြိမ်နေသည်ကို အံ့သြစွာ သတိထားလိုက် မိသည်။

"ကျုပ် ကျောင်းထားပေးနိုင်ပါတယ်၊ နောက်ပြီး ထမင်းလဲ ကျွေးနိုင်ပါတယ်ဗျာ"

ဦးဘမွှား၏ အသံက တိုးရုံသာမက အတန်ငယ်တုန်ကာ ရှတတ အက်တက်တက် ဖြစ်နေသည်။ သို့သော်လည်း သူတို့အားလုံး ပြတ်ပြတ်သားသား ကြားလိုက်ရသည်။

"ဒီက ကလေးတွေရဲ့ ဦးလေးတွေ အဒေါ်တွေကသာ သဘောတူ ခွင့်ပြုမယ်ဆိုရင် ဒီကလေးသုံးယောက်လုံးရဲ့ တာဝန်ကို ကျုပ် အဲ...ကျုပ်တို့ ယူပါရစေလို့ တောင်းပန် ပါတယ်ဗျာ"

တအံ့တသြ ဖြစ်နေသော မျက်နှာ နှစ်ခုကို တစ်လှည့်စီကြည့်ရင်း ဦးဘမွှားက အနူးအညွတ် တောင်းပန်သည်။

ဦးဘမွှားကို မြင်ဖူးတွေ့ဖူးလာခဲ့သည့် နှစ်ပေါင်း အတော် များများ အတွင်း၌ သူ့မျက်နှာ ဤမျှ နူးညံ့သည်ကို လည်းကောင်း၊ သူ့အသံ ဤမျှ ပျော့ပျောင်းသည်ကိုလည်းကောင်း၊ ဤမျှ ခယယ ပြောသည်ကိုလည်းကောင်း၊ တစ်ခါမျှ မကြုံဖူး မကြားဖူးသောကြောင့် ဒေါ်ရွှေနုသည် ပါးစပ်ကြီး အဟောင်းသားနှင့် တအံ့တသြ ဖြစ်နေ မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ပတ်လောက်နေတော့ ဦးဘပွား အိပ်ရာထဲသို့ လဲလေတော့သည်။ သည်နေ့တော့ နံနက် အရုဏ်တက်ကတည်းက ရင်ဘတ်ထဲတွင် ထူးထူးခြားခြား ပိုပြီး နာလာ၍ အိပ်ရာထဲမှ မထဘဲ ဆက်၍ ခွေနေမိသည်။

အခါတိုင်းလို မျက်နှာသစ်၊ သွားတိုက်ပြီး ကိုယ်လက်သုတ်သင်ခြင်းအမှု ပြုလုပ်ရမည်ကိုပင် တပင်တပန်းဖြစ်ပြီး ဝန်လေးနေမိသည်၊ တမျှဉ်းမျှဉ်းနှင့် တိုး၍တိုး၍ နာလာသော ဝေဒနာအပေါင်းကို စိတ်ထဲမှ လိုက်၍ မှတ်ကြည့်ရင်း မိမိ၏ စိတ်ကိုလည်းကောင်း၊ အသွေးအသားနှင့် အကြောအချဉ်တို့ကိုလည်းကောင်း၊ အကုန်လုံးကို လျှော့ထားလိုက်သည်။

“လာလေ မင်းလာချင်တဲ့အချိန်မှာ လာတော့ပေါ့ကွာ၊ ငါကတော့ အဆင်သင့်ပါပဲ”

သူက သူ့ဆီသို့ ရွေ့ရွေ့ချဉ်းကပ်လာနေသော ရှင်သေမင်းကို ခပ်တိုးတိုး ပြောနေမိသည်၊

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်လကျော်ကျော်ခန့်က သူ၏အတွေးကို သေခြင်းတရားကသာ ကြီးစိုးနေခဲ့သည်။ သေခြင်းဆိုသည်မှာ အလွန်ဆန်းကြယ်ပြီး ခက်ခဲလှသော ကိစ္စတစ်ရပ်ဟု ထင်မှတ်နေခဲ့သည်။ တုန်တုန်လှုပ်လှုပ်နှင့် ချောက်ချောက်ချားချား ဖြစ်နေခဲ့သည်။ သေခြင်းတရား၏ မြန်ဆန်ခြင်း၊ စိုးမရခြင်းတို့ကို သိနေသည်ဟု ထင်နေသော်လည်း တကယ့်အသိနှင့် အလှမ်းဝေးနေခဲ့သည်။

အသက်ရှင်ကျန်ခဲ့မည့် သူများကို မလိုတမာ ဖြစ်ရင်း...

"တစ်နေ့ကျရင်တော့ အားလုံးပဲ သေကြရမှာ၊ ငါတစ်ယောက်တည်း သေရမှာ မဟုတ်ပါဘူး"

ဟုဒေါသဖက်၍ တွေးနေမိသည်။ အကြောက်ကြီးကြောက်နေမိသည်။

သို့သော် သူ့ကို ကိုရန်ဝေးတို့ ဇနီးမောင်နှံက တရားပြခဲ့ကြသည်။ သေခြင်းဟူသည်မှာ အချိန်အခါ နေရာ ဋ္ဌာနမရွေး၊ ဆင်းရဲချမ်းသာမရွေး ကျန်းမာသူကိုရော မကျန်းမာသူကိုပါ လာရောက် ခေါ်ငင်တတ်ကြောင်း လက်တွေ့ပြသခဲ့ပြီ ဖြစ်သည်။

ကိုရန်ဝေးတို့ သေဆုံးခြင်းသည် အလျံတရဲရဲ တောက်လောင်နေသော မီးကျီးခဲနှင့် တူနေသည့် သူ၏စိတ်ကို ရေနှင့်လောင်းလိုက်သကဲ့သို့ ရှဲခနဲမြည်ကာ အငွေ့တချောင်းချောင်း ထသွားစေသည်။ အပူရှိန် အပူငွေ့က ဆက်လက်ကျန်နေသေးသော်လည်း မီးအပူရှိန်ကတော့ သေသွားသလို သူ့ရင်ထဲမှ မီးများလည်း ချက်ချင်းပင် အရှိန်လျော့သွားသည်။

"အင်း... သူတို့ပြခဲ့တဲ့ တရားက တကယ်ကို



တန်ဖိုးကြီးပါပေတယ်"

ဦးဘဖွားက သွားနှင့်သူများ၏ ကျေးဇူးကို အောက်မေ့နေမိသည်။

"ဘဝမှာ အနေမှားနေခဲ့တဲ့ ဦးထင်က အနေမှန်အနေတတ်ပြီး ငါကလဲအသေမမှားတော့ဘဲ အသေတတ်ရတော့မယ်ဆိုရင် သူတို့တွေ တမလွန်ကနေပြီး ဝမ်းသာကြမှာပါ"

သူ့စိတ်သည် သေခြင်းအကြောင်းကို တွေးနေသော်လည်း ယခင်တုန်းကလို ယောက်ယက်ခတ် မလှုပ်ရှားတော့ဘဲ ငြိမ်းအေးနေသည်။

ခုတင်ဘေးက စားပွဲပေါ်ရှိ ဖန်ပန်းအိုးလေးထဲတွင် သူကြိုက်သော ရေမွှေးနှင်းဆီ အဖူးအငုံကလေးများကို ထိုးစိုက်ထားသည်။ ချစ်စဖွယ် အငုံအဖူးကလေးများသည် နက်ဖြန်သောက်ဆိုလျှင် ပွင့်အာလာကြမည် ဖြစ်သည်။

ထို့နောက် စွင့်စွင့်ကားကားနှင့် အလှကြီးလှလာကြပြီး သူ၏အိပ်ခန်းကလေးကို ရနံ့မွှေးမွှေးလေး တသင်းပျံ့ပျံ့ နေအောင် စွမ်းဆောင်ပေးကြမည်ဖြစ်သည်။ ထို့နောက် ထို့နောက်တွင်ကား တဖြည်းဖြည်းနှင့် နွမ်းလာ ပျော့လာ ငိုက်လာပြီး ညှိုးလျလာကြမည်။ ကြွေရမည် ဖြစ်လေသည်။

"အင်း ဖူးရာကငုံ၊ ငုံရာကပွင့်၊ ပွင့်ရာကညှိုး၊ ညှိုးရာကနေပြီး နွမ်းခြောက်လာရမှာပဲ၊ ဒါဟာ ပန်းကလေးရဲ့သဘာဝပဲလေ လူဆိုတာလဲ ပန်းလိုပါပဲလေ၊ ငါလဲမကြာခင် နွမ်းရ ခြောက်ရတော့မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဦးဘပွား၏ မျက်လုံးများသည် ပန်းပွင့်လေးများကို စူးစိုက်ကြည့်နေရာမှ ပန်းအိုးအောက်ခြေတွင် ဖိထားသော စာအိတ်ကလေးဆီသို့ ရောက်သွားသည်။ အိတ်ထဲမှ စာကို သုံးလေးငါးခေါက် ဖတ်ပြီးပြီမို့ အလွတ်ရနေသည်။

ဖေဖေခင်ဗျား...

"ကျွန်တော် လက်ထပ်လိုက်ပါပြီ၊ မိန်းကလေးက ဂျပန် ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေတဲ့ ဖိလစ်ပိုင် အမျိုးသမီးလေးပါ၊ သဘောကောင်းပါတယ်။

ကျွန်တော်တို့ အခုအလုပ်က နှစ်စေ့ရင် အဲဒီ ဂျပန်ကုမ္ပဏီ မှာ ပြောင်းပြီး အလုပ်လုပ်ဖို့ စီစဉ်ထားပါတယ်၊ အဲဒီက လခပိုကောင်းပါတယ်။ နေရေးထိုင်ရေးလဲ အဆင်ပြေပါတယ်။

ကျွန်တော်တို့ လက်ထပ်ပွဲတုန်းက ဓာတ်ပုံတချို့ ထည့်ပေးလိုက်ပါတယ်။ ဖေဖေရော ကျန်းမာနေကောင်းပါရဲ့လား ခင်ဗျား" တဲ့။

ဦးဘပွားက အလွတ်ရနေသော စာကြောင်းလေးများကို စိတ်ထဲမှ ပြန်ရွတ်ကြည့်နေမိရင်း ခွင့်လွှတ်သော အပြုံးကို ပြုံးလိုက်မိသည်။ သူ၏ အိမ်ထောင်ရေးကိစ္စကို ဖခင်ဖြစ်သူအား ခွင့်တောင်းခြင်း သော်လည်းကောင်း၊ သင့်မသင့်တိုင်ပင်ခြင်း ကိုသော်လည်းကောင်း၊ လုံးဝမပြုလုပ်ဘဲ လက်ထပ်ပြီးကာမှ သူစိမ်းတစ်ဦးကို အသိပေးသလို အသိပေးရုံမျှသာပေးခဲ့ခြင်းအတွက် စိတ်ထဲတွင်လည်း ထိခိုက်မနေချင်တော့ပေ။ သူ၏ သားလတ်



တုန်းကလည်း ထိုသို့ပင် သိရုံမျှ သိခဲ့ရသည်မို့ သူ့မှာ ခံနိုင်ရည် ရှိနေပေပြီ။

ကုတင်ဘေးပေါ်ရှိ စားပွဲပေါ်မှ ဓာတ်ပုံလေးများကို လှမ်းယူပြီး ဦးဘပွားက အသာမြှောက်ကြည့်လိုက်သည်။ အမိုးချွန်ချွန် ဘုရားကျောင်းတစ်ခုရှေ့ဝယ် အနောက်တိုင်းဝတ်စုံ ကိုယ်စီဝတ်ထားသော မြန်မာပြည်မှ သတိုးသားနှင့် ဖိလစ်ပိုင်မှ သတိုးသမီးတို့ကို တွေ့ရသည်။ သတိုးသမီးက အသားညိုသော်လည်း ဖြူလွှသော ဂါဝန်ရှည်ကိုဝတ်ဆင်ပြီး အဖြူရောင် ပန်းပွင့်များပါသော ပန်းစည်းကို ပွေ့ပိုက်ထားလေသည်။ သားငယ်သည် ရယ်ခဲပြုံးခဲလှသော်လည်း ဓာတ်ပုံထဲတွင်တော့ ပြုံးရယ်နေသည်ကို တွေ့ရသည်။

"အင်း... မြန်မာယောကျ်ားနဲ့ ဖိလစ်ပိုင်မိန်းမတို့ သူတို့တွေ ဘယ်အရပ်တိုင်းပြည်မှာ ဘယ်နိုင်ငံသားအဖြစ် အခြေချကြမှာလဲ"

ဦးဘပွားက ဓာတ်ပုံလေးကို စားပွဲပေါ်သို့ ပြန်တင်ထားလိုက်သည်။

"သြော် ...သူတို့တွေကို ဖြတ်မှ"

ထို့နောက် မျက်စိကိုစုံမှိတ်ကာ စိတ်ထဲသို့ ပြေးဝင်လာသော အတွေးများကို ပြတ်သည်။ သားကိုလည်းကောင်း၊ သမီးကိုလည်းကောင်း မစွဲလမ်း မတွယ်တာချင်သော်လည်း သူ၏ စိတ်အာရုံကို သားသမီးတို့က အစဉ်လွှမ်းမိုးထားတတ်သည်။

သားငယ်ကို တွန်းထုတ်လိုက်လျှင် သားလတ်က ဝင်လာသည်။ သားလတ်က ထွက်သွားပြန်တော့ သမီးကြီး ဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ တစ်ခါတရံလည်း အိပ်မက်ထဲတွင် သားတွေ၊ သမီးတွေ၊ မြေးတွေက သူ့ဆောတွင် ဝိုင်းဝိုင်းလည်နေပြီး သူက စကားတွေ တဖောင်ဖောင် ပြောနေမိတတ်သည်။ (အပြင်လောကတွင် သူက သားတွေ သမီးတွေနှင့် တစ်ခါမျှ ထိုသို့ မနေခဲ့ဖူးချေ)။

"သူတို့တွေက ပညာလဲစုံကြပြီ၊ ကြင်ယာလဲ စုံကြပြီး စီးပွားဥစ္စာလဲစုံကြပြီ ဘပွားဆိုတဲ့ အဘိုးကြီး တစ်ယောက် အသက်ရှင်နေသေးသည်ဖြစ်စေ၊ သေသွားပြီဖြစ်စေ သူတို့အတွက် ဘာဆိုဘာမှ မထူးခြားဘူး၊ သူတို့တွေအတွက် အစစ အရာရာ ပြည့်စုံနေပြီ၊ ဒါကို မင်းသိသားနဲ့ မင်းစိတ်ကို မင်း မထိန်းနိုင်ဘူးလား"

ဦးဘပွားက သူ့ကိုယ်သူ ဆုံးမသည်၊ ဂယက်ထပြီး လှုပ်ရှားနေသော စိတ်ကို ဆွဲ၍ စုပြီးငြိမ်အောင် ကြိုးစားသည်။ တစ်စစီ တစ်မျှင်စီ လွင့်ပါးနေသော စိတ်အမျှင်များက လွယ်လွယ်နှင့် စုစည်း၍ မရပေ။

"လာပါဟာဆိုရင် မလာ၊ ငြိမ်ပါဟာဆိုရင်လဲ မငြိမ် ငါ့စိတ်ကိုလဲ ငါမနိုင်၊ ငါ့ခန္ဓာကိုယ်လဲ ငါမပိုင်၊ မနာပါနဲ့လို့လဲ တားမရ၊ မသေပါနဲ့လို့လဲ တားမရ"

ဦးဘပွားက အသက်ကို မှန်မှန်ရှူပြီး ထွက်သက်နှင့် ဝင်သက်ကို မှတ်သည်။ နှာသီးဖျားကို ဖြတ်ပြီး အေးခနဲဝင်သွားသောလေနှင့် နွေးခနဲပြန်ထွက်လာသော လေတို့တွင် သူ့စိတ်က ခေတ္တမျှ ကပ်လျက်ပါနေပြီး ဖျတ်ခနဲ ပြန်၍ လွင့်ထွက်သွားပြန်သည်။



"ဘာမှ မပြည့်စုံတာက ကိုဦးတို့ မောင်နှမတစ်တွေပဲ၊ တကယ်သနားစရာ ကောင်းတာက အဲဒီကလေးတွေပဲ"

သည်တစ်ခါတွင်တော့ သူ့စိတ်က ကိုဦးတို့ဆီ လွင့်ပါသွားသည်။ သည်အိမ်ထဲမှာ သူတို့နှင့်အတူ နေခွင့်ရပြီဟု ဆိုတော့ ရေထိသော ပန်းကလေးလို လန်းသွားသော ကဲကဲ၏ မျက်နှာလေးကို မြင်ယောင်လာသည်။

"မိကဲရေ ငါတို့တွေ မခွဲရတော့ဘူး အတူတူ နေရတော့မှာဟ"

ဟုကျိတ်ကျိတ်လေး အော်လိုက်သော ကိုတူးလေး၏ အသံကိုလည်း ကြားယောင်လာသည်။

"သူတို့တွေ သိပ်ကို စိတ်ချမ်းသာပြီး သိပ်ပျော်သွားကြတယ်"

ထွက်သက်ဝင်သက်ကို မေ့တစ်ချက် လျော့တစ်ချက် မှတ်နေရင်း ဦးဘပွား၏ မျက်နှာတွင် အပြုံးရိပ် ထင်လာသည်။

"သူတို့လေးတွေ ပျော်အောင် စိတ်ချမ်းသာအောင် ငါလုပ်ပေးခဲ့နိုင်တယ်"

ဦးဘပွားသည် သူ့၌ အချိန်များများ မကျန်တော့ကြောင်း သူ့ကိုယ်သူသိသည်။ ထို့ကြောင့် သူ၏ ဘဏ်စာရင်းမှ ငွေဆယ်သိန်းကို ထုတ်ယူပြီး ဦးကံမြင့် လက်သို့ အပ်ထားလိုက် ပြီးဖြစ်သည်။

"ကျုပ်မရှိတော့တဲ့ အချိန်ကျမှ အဲဒီငွေတွေကို ကလေးတွေအတွက် ဘဏ်မှာ သီးသန့်အပ်ပေးပါဗျာ၊ အဲဒီက ရတဲ့ အတိုးဟာ ဒီကလေးလေးယောက်အတွက် စားစရိတ်၊ ကျောင်းစရိတ်၊ ကျန်းမာရေးစရိတ် အစစ

www.burmeseclassic.com

www.burmeseclassic.com



အရာရာ အတွက်ပေါ့လေ ပြည့်စုံပါလိမ့်မယ်လို့ မျှော်လ
ရတာပဲ”

“အင်း... ကြက်သားတစ်ပိဿာ တစ်ထော
ဝက်သား တစ်ပိဿာ ရှစ်ရာ၊ ဘဲဥတစ်လုံး ငါးဆယ
မဖြစ်သေးဘူး ဆိုရင်တော့ ခင်ဗျားရဲ့ငွေက ဒလော
မှာပါ”

ဦးကံမြင့်က သူ့စိတ်ကို ပေါ့ပါးစေလိုဟန်နှင့် ရယ်စရာ ပြောခဲ့သေးသည်။ ထို့ပြင် သူက သူယခုနေသည့် အခန်းကလေးကိုတော့ ကိုကောင်းထက်ကို ပေးချင်သည်။

သို့သော် သည်အတိုင်းတော့မဟုတ်၊ ကိုကောင်းထက်နှင့် မမွေးကြူတို့အတွက် မင်္ဂလာလက်ဖွဲ့အနေနှင့် ပေးချင်နေသည်။ အူတူတူအတတ ကိုကောင်းထက်ကို သူက မမွေးကြူနှင့် အမြန်ဆုံ ဆင်ပြေပြီး ကလေးများ၏ မိဘနေရာတွင် အစားဝင်စေချင်သော ဆန္ဒက ရင်ထဲတွင် အတော်ကြီးမားနေသည်။

သူသည် လောကကောင်းကျိုးကို သော်လည်းကောင်း၊ တိုင်းပြည် ကောင်းကျိုးကိုသော်လည်းကောင်း၊ မြို့ရွာ ကောင်းကျိုးကိုသော်လည်းကောင်း၊ နောက်ဆုံး ရပ်ရွာကောင်းကျိုးကိုသော်လည်းကောင်း၊ ဘဝတစ်ခုမှ မည်မည်ရရ မဆောင်ရွက်ခဲ့ဖူးချေ။ ရေစုန်တွင် လှေကြုံစီးရင်း ဘဝကို သက်သက်သာသာလေး ဖြတ်သန်းခဲ့ရသူ ဖြစ်သည်။

ယခုတော့ သူ့ပတ်ဝန်းကျင် ကွက်ကွက်ကလေးထဲတွင် လှုပ်ရှားနေသော လူသားများကို စိတ်ချမ်းသာ ပျော်ရွှင်မှုကို လက်ဆောင်အဖြစ် ပေးလိုနေသည်။ သူတို့တွေ ပျော်ကြလိမ့်မယ်၊



ဝမ်းသာကြလိမ့်မယ်၊ အံ့သြသွားကြ လိမ့်မယ်ဟု တွေးရင်း သူက တစိမ့်စိမ့်နှင့် ကြည်နူးနေချင်သည်။

“အန်ကယ်ကြီး အိပ်နေလား ခင်ဗျ”

ကိုကောင်းထက်က အိပ်ခန်းဝမှရပ်၍ အသံပြုသည်။ သူက မျက်စိကို ဖွင့်ကြည့်ကာ ခပ်ယဲ့ယဲ့ပြုံးပြတော့မှ အခန်းထဲ လှမ်းဝင်လာသည်။

“နွားနို့ စစ်စစ်ကလေးရလို့ နို့ဆန်ပြုတ်ကလေး ပြုတ်လာတာ ပူပူနွေးနွေးလေး သောက်လိုက်ပါလားခင်ဗျ”

အငွေ့ထွက်နေသော ပန်းကန်ထဲမှ နို့ဆန်ပြုတ်ရနံ့သည် မွေးပျံ့ ချိုဆိမ့်နေသည်။

“အင်း... ဒီလူပျိုကြီးလဲ တကယ့်ကို မိန်းမရဖို့ ကောင်းနေပါပြီ”

ဦးဘပွားက ခုနတုန်းက တွေးမိသော အတွေးကို ပြန်တွေးမိသည်။

ဦးဘပွား အိပ်ရာထဲမှ လက်ထောက်၍ ထတော့ ကိုကောင်းထက်က ခေါင်းအုံးများကို ဆင့်၍ ထပ်ကာ ကျောမှီ လုပ်ပေးသည်။ အဆင်သင့်ယူလာသော လက်သုတ်ပဝါ သန့်သန့်လေးကို ပေါင်ပေါ်တွင် ဖြန့်ခင်းပေးသည်။

“မနက်စာကိုတော့ ဖွားရွှေက ကြက်သားမြူစွမ် ကောင်းတယ်တဲ့၊ မမွေးကြူက ထမင်းဖြူလေးကို ကြက်သားပြုတ်ကြော်လေးနဲ့ နောက်ပြီး ဂုံမင်းဟင်းခါးလေး နဲ့စားရင် ခံတွင်းပါက်မယ် ထင်တယ်တဲ့၊ အန်ကယ်ကြီး အချဉ်စားချင်ရင် ရှောက်သီးသုတ်ပေးမယ်တဲ့”

www.burmeseclassic.com

www.burmeseclassic.com



"နောက်တော့ ဘာများအတည်ဖြစ်သွားလဲ"

"အဲဒါတော့ မသိဘူးခင်ဗျ၊ သူတို့ချင်းတော့ ငြင်းနေကြတာပဲ"

ကိုကောင်းထက်၏ လက်ထဲမှ ဆန်ပြုတ်ပန်းကန်လေးကို လှမ်းယူရင်း ဦးဘမွားသည်...

"ငါ့အသက်ရယ် ...သုံးလေးနှစ်လောက်ကလေး များ ထပ်ပြီး ရှည်လိုက်ပါတော့..."

ဟု တောင့်တောင့်တတကြီး တွေးလိုက်မိသည်။

သူတမ်းတလိုချင်ခဲ့သော ဘဝသည် ထိုသို့သော ဘဝ ဖြစ်သည်။ သားတွေ မြေးတွေ ဝိုင်းနေသော ဘဝ၊ ဖြူစင်သော မေတ္တာရနံ့နှင့် အကြင်နာတရားတို့ သင်းပျံ့ထုံမွှန်းနေသော ဘဝ။ ထိုဘဝတွင် သူအသက်ရှည်ကြာ နေရတော့မည် မဟုတ်သည့် အတွက်ကိုကား အတန်ငယ်ဝမ်းနည်းချင်သည်။

သူယူလာသော ဆန်ပြုတ်လေးကို ဦးဘမွားက နှစ်နှစ်သက်သက် သောက်နေသည့်အတွက်လည်း ကိုကောင်းထက်က ဝမ်းသာ နေသည်။ အခုတော့ သူတို့ အခန်းလေးခန်းသည် အကုန်လုံး အလိုလို ပေါင်းမိပြီး အိမ်တစ်အိမ်တည်းလို ဖြစ်သွားသည်။ သူတို့တစ်တွေသည်လည်း မိသားစုကြီးလို ဖြစ်သွားသည်။ မည်သူကမျှ ကြိုးစားပြီးအတင်းဖန်တီး တိုက်တွန်းခဲ့သည် မဟုတ်ဘဲ သူ့အလိုအလျောက်ပင် ထိုကဲ့သို့ ပုံစံဝင်သွားခြင်း ဖြစ်သည်။

ဦးဘမွားဆန်ပြုတ်သောက်ကောင်းနေစဉ်ပင် မမွေးကြူနှင့် ကိုဦးရောက်လာကြသည်။ မသပ်မရပ်ဖြစ်နေသော စာအုပ်များကို င်းပြီး စောင်များကို ခေါက်ပေးသည်။ ခဏနေတော့ ဦးတင်ထ



ပရိတ်ရည် ပုလင်းနှင့် ရောက်လာပြန်သည်။

"ငါ့အရင်တုန်းက ဘာလို့များ သူတို့ကို ကြည့်လို့ မရခဲ့တာပါလိမ့်"

ဦးဘမွားက သူ့ကိုယ်သူ အပြစ်တင်မိသည်။ မိမိ ပတ်ဝန်းကျင်ရှိ လူများကို မယုံကြည်ဘဲ အထင်အမြင်သေးကာ မုန်းတီးနေခြင်းသည် ရင်ထဲတွင် တငွေ့ငွေ့လောင် နေသော မီးလို နှလုံးသားကို တရှိန်ရှိန် လောင်ကျွမ်းစေကြောင်း သူသိခဲ့ပြီး ဖြစ်သည်။

အခုတော့ သူသည် သူ၏တစ်သက်တာတွင် ပထမဆုံး အကြိမ်အဖြစ် သူ့ဝန်းကျင်ရှိ လူများကို သူ ယုံကြည်ခဲ့ပြီး မေတ္တာ ထားနိုင်ခဲ့ပြီဖြစ်သည်။ ထိုသူတို့၏ မေတ္တာ စေတနာနှင့် အပြုအစု အကြင်နာ တရားတို့ကို ယုံကြည်စိတ်ချစွာ ခံယူရသည်မှာ လည်း စိတ်ထဲတွင် မည်မျှအေးချမ်းပြီး ချမ်းသာကြည်နူးရကြောင်း သူသိနေရပြီ ဖြစ်လေသည်။

သို့သော် ထိုအေးချမ်းကြည်နူးမှုများကို သူမကြာမီ ထားခဲ့ရ တော့မည်ဟု တွေးရင်း ဦးဘမွားက သက်ပြင်းကို မသိမသာ ရှိုက်မိသည်။ သူ့တွင်အချိန်များများ မကျန်တော့သည်ကို တော့ သူအမြဲ သတိရနေမိလေသည်။

"ကလေးတွေအတွက် စီစဉ်စရာရှိတာတွေကို ကျုပ်ခရီးမထွက်ခင် စီစဉ်ပေးခဲ့ပါ့မယ်"

သူက စကားစသည်။

"နေလဲမကောင်းဘဲနဲ့ အန်ကယ်ကြီးရယ်...ဘယ် သွားမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မမွေးကြူကရဲတရဲပြောသည်။

"နေမကောင်းလို့ သွားရတာပေါ့ ကျုပ်တူမရယ်"

"ဘဘကြီး... ကြာမှာလားဟင်"

"အင်း... ကြာမယ်"

"အဝေးကြီးကိုလား... "

"အင်း... ဝေးမှာပေါ့ ကိုဦးရာ"

ဦးဘပွားက သူ့အဓိပ္ပာယ်နှင့်သူ ဖြေရင်း ပြုံးနေသည်။ အခုတော့ သူသည် သေခြင်းတရားကို တကယ်ပင် တည့်တည့် ရင်ဆိုင်ကြည့်နိုင်ခဲ့ပေပြီ။

"ဘဘကြီး ...သင်္ကြန်ပြီးမှ သွားမှာ မဟုတ်လား ဟင်"

"အင်း ...ဘဘကြီးလဲ သင်္ကြန်ပြီးမှပဲသွားချင်တာ ပါ"

"ဒီလိုဆို"

ကိုဦးက ဦးဘပွား၏ မျက်နှာကဲကိုကြည့်ကာ အတော် ငယ် ထစ်ငေါ့သွားသည်။

"ဒီလိုဆို... သင်္ကြန်တွင်းမှာ ကျွန်တော် အဲ... ကျွန်တော်နဲ့ ကိုတူးတို့..."

"အေး...ပြော...မင်းနဲ့ကိုတူးတို့ ဘာလုပ်ချင် သလဲ"

ဦးဘပွားက စကားထောက်ပေးသည်။

"ကျွန်တော်နဲ့ကိုတူးတို့ ...ကိုရင် ...အဲ ...ကိုရင် ဝတ်ချင်လို့ပါ"



"သြော်...ကိုဦးရယ်"

"ဘွားရွှေကပြောတယ်၊ သားသမီးကသာသနာ ဘောင်မှာနေပြီး အမျှအတမ်းဝေရင် မိဘအတွက် သိပ်ပြီး ကောင်း"

မျက်ရည်တွေ လည်နေသော ကိုဦးအား ကြည့်ရင်း ဦးဘပွား ရင်ထဲတွင် ဆို့နင့်လာသည်။

"ကဲကဲလဲ မယ်သီလရင် ဝတ်မယ်တဲ့"

"ကောင်းတာပေါ့ကွယ်"

ဦးဘပွားစိတ်ထဲမှနေပြီး...

"ငါသေရင်လဲ ငါ့အတွက် အမျှအတန်းဝေပေး ကလေးရယ်" ဟု ပြောမိသည်။

"မင်းတို့ ကြီးကြီးကျယ်ကျယ် ရှင်ပြုချင်လို့လား"

"မဟုတ်ပါဘူး"

ကိုဦးက ခေါင်းခါသည်။

"ဘဘကြီးဆီက ခွင့်တောင်းတာပါ၊ ကျွန်တော် ရိုးရိုးပဲ ကိုရင်ဝတ်ချင်တာပါ"

"ဝတ်ပါကိုဦးရယ်...ကောင်းတဲ့အလုပ်လုပ်တာ ဘဘကြီးက ဘာလို့ ခွင့်မပေးရမှာလဲ"

ဦးဘပွားက စကားအဆုံးတွင် ချောင်းဆိုးသည်။ သလိ ဟပ်လိုက်လျှင် သွေးစအနည်းငယ်ပါလာမည်ကို သူ့ကိုယ် သိသော်လည်း သူတို့ မမြင်စေချင်သဖြင့် မိတ်ပြီး ပြန်မျိုချလို သည်။

"ကျွန်တော်က ဘဘကြီးကို စိတ်မချလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ဘဘကြီးက နေမှမကောင်းဘဲ"

သူ့အတွက် တစ်စုံတစ်ခုကို အမြဲတမ်း ဆောင်ရွက်ပေးချင်နေသော အကြင်နာတရားနှင့် မေတ္တာတရား ယှက်သန်းနေသော ကိုဦး၏ မျက်လုံးလေးများကို ဦးဘပွားက ကျေကျေနပ်နပ်ကြီး ငေးကြည့်နေမိသည်။

"မင်းက ဘဘကြီးအတွက် ဘာလုပ်ပေးချင်လို့လဲ"

"ကျွန်တော် ဘာလုပ်ပေးရမလဲ"

ကိုဦးက ပြန်မေးသည်။

"ဘဘကြီးအတွက် မင်းလုပ်ပေးနိုင်တာတော့ ရှိတယ်၊ ဒါပေမယ့် အခုတော့ မဟုတ်ဘူး"

"ဘယ်တော့လဲ၊ ဘာလုပ်ပေးရမှာလဲ"

ဦးဘပွား၏ ရင်ထဲတွင် ပြင်းပြစွာ နာလာသည်။ တကျွတ်ကျွတ်နှင့် စုတ်သပ်လိုက်ချင်သော်လည်း ညည်းလိုက်ချင်သော်လည်း ထိုဝေဒနာများကို အံကြိတ်ပြီး တင်းခံလိုက်သည်။

"မင်း ဘယ်လောက်နာအောင် လုပ်နိုင်မှာလဲ၊ ငါမမှုဘူးကွာ၊ ငါတင်းပြီးခံမှာပါ၊ အေး... မခံနိုင်တဲ့ နေ့ကျတော့လဲ သေလိုက်ရုံပေါ့၊ ဟုတ်ဘူးလား"

ဟု သူ့ရင်ထဲမှ အသည်းအဆုပ်နှင့် ကလီစာများကို သူကပြန်ပြီး မခန့်လေးစား ပြောနေမိပြန်သည်။

"ဘဘကြီး ပြောလေ၊ ကျွန်တော် ဘာလုပ်ပေးရမှာလဲ"



"မင်းတို့အသက်ကြီးလာတဲ့အခါ ...ပညာတွေစုံတဲ့အခါ ..."

ကိုဦးက သူ့ဘာဆက်၍ ပြောမည်နည်းဟု စိတ်အားထက်သန်စွာနှင့် နားစွင့်နေသည်။

"မင်းတို့ ပညာတွေ စုံလာတဲ့အခါကျတော့ အလုပ်လုပ်ကြရလိမ့်မယ်၊ ဒီပြည်မှာ မဟုတ်ဘဲ ဒီပြင်တိုင်းပြည်မှာလဲ လုပ်ချင်လုပ်ကြရလိမ့်မယ်"

ကိုဦးက ခေါင်းညိတ်သည်။

"ကိုယ့်နိုင်ငံထက် ပိုပြီး တိုးတက်ထွန်းကားတဲ့ ဖွံ့ဖြိုးချမ်းသာတဲ့ တိုင်းပြည်တွေမှာ သွားပြီး အလုပ်လုပ်ကြတာကို ဘဘကြီး အားပေးတယ်၊ သဘောလဲကျတယ်၊ ဒါပေမယ့်..."

ဦးဘပွားက စကားကို ခေတ္တရပ်ကာ ကိုဦးအား စေ့စိုက်ကြည့်ရင်း ခပ်သဲ့သဲ့ပြုံးသည်။

"ငါဒီလို အလုပ်တွေကို လုပ်နိုင်အောင် ဒီလိုနိုင်ငံခြားငွေတွေကို ရှာနိုင်အောင်၊ ဒီပညာကို ငါတို့ရဲ့ အမိနိုင်ငံက သင်ပေးလိုက်တာပါလား ဆိုတာကိုတော့ ဘယ်တော့မှ မမေ့စေချင်ဘူး၊ ငါတို့နိုင်ငံက ဆင်းရဲလို့ ငါတို့တတ်တဲ့ ပညာကို ဒီမှာလာပြီး ရောင်းနေရတယ်လို့ သဘောထားပြီး သူတို့ဆီက အတတ်ပညာတွေ၊ နည်းစနစ်တွေကို အရယူပြီး ပြန်လာကြပါ၊ ဒီအတတ်ပညာ ဒီအတွေ့အကြုံ၊ ဒီငွေကြေးတွေနဲ့ ငါတို့တိုင်းပြည်ကို ငါတို့ တစ်လှည့်ပြန်ပြီး အလုပ်အကျွေးပြုကြမယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



ဦးဘပွားသည် မပြောစဖူး စကားကို အရှည်ကြီး ပြောရင်း အသံတွေနစ်ဝင်သွားသည်။ သူ့သားသူ့သမီး အရင်းအချာများကို သူဘာကြောင့်များ အခုလို မပြောခဲ့မိပါလိမ့်ဟု တွေးတောပြီး နောင်တကြီးစွာ ရနေသည်။

"နောက်ဆုံးတော့ ငါ့အပြစ်ပါပဲလေ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဆိုတာ ဘယ်လောက်အထိ အရေးကြီးတယ်ဆိုတာ ကို ငါကိုယ်တိုင် လေးလေးနက်နက် မတွေးခဲ့မိဘူး"

သူကိုယ်တိုင်က နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို ပေါ့ပေါ့တန်တန်ပင် သဘောထားခဲ့မိသည်ကတော့ အမှန်ပင်။ သည်တော့လည်း သူလိုဖခင်နှင့် လိုက်ဖက်ညီသော သားသမီး များကိုသာ သူရရှိခဲ့သည်။

သူ့သားသမီးများသည် သူတို့သည် မြန်မာလူမျိုး ဖြစ်သည်ကိုလည်းကောင်း၊ သူတို့နိုင်ငံသည် မြန်မာနိုင်ငံ ဖြစ်သည်ကိုလည်းကောင်း၊ ရင်ထဲ၌ စွဲမြဲမိကြဟန်မတူ၊ ကမ္ဘာမကြေ သီချင်းမှ

"ဒါတို့ပြေ... ဒါတို့မြေ...တို့ပိုင်တဲ့မြေ"

ဟူသောအပိုဒ်ကိုသိဆိုရင်း ကြက်သီးမွေးညင်း ထဖူးခဲ့ဟန်မရှိ၊ သူက သက်ပြင်းကို မျဉ်း၍ချမိသည်။

"ဒါတွေဟာ ငါ့အပြစ်ချည်းပဲ၊ ငါညံ့ခဲ့တာပါပဲ"

ဟု တွေးရင်း မျက်ရည်လည်လာသည်။ ထို့နောက် ကိုဦးကို စေ့စေ့ကြည့်ကာ တစ်လုံးချင်း ပြောမိသည်။



"ငါဟာ မြန်မာ့လူမျိုး၊ ငါ့နိုင်ငံဟာ မြန်မာနိုင်ငံဆိုတာ အမြဲသတိရနေဖို့၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို ကျေးဇူးမကန်းဖို့"

"ဖေဖေက ကျွန်တော်တို့ကို ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကိုချစ်တတ်အောင် အမြဲသင်ခဲ့ပါတယ် ဘဘကြီး"

ကိုဦးက ခပ်တိုးတိုးပြောသည်။

"အေး...ဘဘကြီးကတော့ ဘဘကြီးရဲ့ သားသမီးတွေကို မင်းအဖေလို မသင်ခဲ့မိဘူး ကိုဦးရယ်"

ဦးဘပွား၏ အသံတုန်ယင်ပြီး အက်ကွဲနေသည်။

"နောင်တစ်ချိန်မှာ မင်းဟာလဲ အဖေဖြစ်လာဦးမှာပဲကိုဦး အဲဒီအချိန်ကျတော့မင်းရဲ့သား မင်းရဲ့သမီးလေးတွေကို ဘဘကြီးရဲ့အကြောင်းကို ပြောပြပါ"

"ဘဘကြီးရဲ့အကြောင်း... "

ကိုဦးက ဦးဘပွားအား နားမလည်သလို ကြည့်သည်။

"ဟုတ်တယ် သူ့ရဲ့ သားသမီးတွေကို ကိုယ့်ပြည်၊ ကိုယ့်မြေ၊ ကိုယ့်အမျိုးကို ချစ်တတ်၊ အထင်ကြီးအောင် မသင်ကြားခဲ့၊ မပြောပြနိုင်ခဲ့တဲ့ ဟောဒီက ဘဘကြီးရဲ့အကြောင်းကိုလေ၊ လူတစ်ယောက်ဟာ နိုင်ငံကို မချစ်ရင် အမျိုးကိုလဲ အထင်မကြီးတော့ဘူး၊ ကိုယ့်ရဲ့ အမျိုးအနွယ်ကို စောင့်ရှောက်သင့်တယ် ဆိုတာ ဂိုလဲသတိမရတော့ဘူး၊ ဒီတော့ သူ့ရဲ့ မျိုးဆက်ဟာလဲ ဘယ်စစ်နိုင်တော့မှာလဲ မျိုးဆက် ဆိုတာဟာ ပျက်ပြီဆိုရင်တဖြည်းဖြည်းနဲ့ တိမ်ကော

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပျောက်သွားတတ်တယ်၊ အဲဒါကို အမြဲသိထားဖို့ လိုတယ်"

ဦးဘပွားက ကြေကွဲစွာ ပြောသည်။ သားအလတ်မှ မွေးသော မျက်လုံးပြာပြာနှင့် မြေးကလေးကို မြင်ယောင်နေသည်။

ထို့နောက် သမီးကြီးမှ မွေးသော သူ၏မြေးများ ဟိုမှာနေ ဟိုမှာကြီးပြီး မြန်မာစကားပင် မတတ်ကြတော့သော သူ၏မြေးများ၊ မြန်မာနိုင်ငံ ဟူသည်ကို ကမ္ဘာ့မြေပုံထဲတွင် မြင်လျှင်ပင် ဒါဟာ ငါတို့ရဲ့ ဇစ်မြစ် အမိနိုင်ငံပါလားဟု ယောင်၍ပင် တွေးတောမည်မဟုတ်လေသည့် သူ၏မြေးများ၊ ထိုမြေးများသည် ဟိုနိုင်ငံ အသိုင်းအဝိုင်းတွင် နေပျော်နေပြီမို့ ဟိုနိုင်ငံသားတို့နှင့် လက်ထပ်ထိမ်းမြားကာ ဟိုနိုင်ငံသားလေးများကို မွေးထုတ်ကြတော့မည် ဖြစ်သည်။

"ဦးဘပွားဆိုတဲ့ လူကြီးတစ်ယောက်ရဲ့ မျိုးဆက်ဟာ ဘာ့ကြောင့် ပျောက်သွားရတယ်ဆိုတာ နောင်းလူတွေ သိဖို့လိုလိမ့်မယ်"

ဦးဘပွားက အိပ်မက်မက်နေသူလို မှုးယစ်ရီဝေစွာ ပြောသည်။

အခန်းထဲမှ လူများသည် အားလုံး ငြိမ်နေကြသည်။ ဦးဘပွား၏ ရင်ထဲမှ ဝေဒနာကို ခုမှ တစ်စွန်းတစ်စ လှမ်းမြင်ပြီး ကအံ့တသြ ဖြစ်နေကြသည်။ ပြောသိမ့်စကားကိုလည်း မပြောတတ်ကြ၊ သားကွေ သမီးကွေ အကုန်လုံး နိုင်ငံခြား ရောက်နေသော လိုတရနေသည့် ပျော်ချမ်းသာကြီးဟု ထင်မှတ်ထားမိသော ဦးဘပွား



ကို အထီးကျန်ကြီးဟု သိရလေသောအခါ သူတို့ ဘာစကားကို ပြော၍ ဘယ်လိုဖြေသိမ့်ရမည်နည်း၊ စဉ်းစား၍ မရကြချေ။

"ကဲ...ဒီတော့"

ဦးဘပွားက ပင့်သက်ကို တစ်ဝကြီး ရှိုက်၍ရှုကာ အသံကို မြှင့်လိုက်သည်။ ကိုဦး၏ မျက်လုံးများကို တည့်တည့် ရှုစိုက်၍ ကြည့်သည်။

"မင်း ဘဘကြီးအတွက် တစ်ခုခု လုပ်ပေးချင်တယ်ဆိုရင် ကိုယ့်တိုင်းပြည်ကိုချစ်ပါ၊ ကိုယ့်လူမျိုးကို ချစ်ပါ၊ နောက်ပြီး ကိုယ့်အမျိုးကိုလဲ မတိမ်ကော၊ မပျောက်ပျက်ရအောင်စောင့်ရှောက်ပါ၊ ဒါဆိုရင် ဘဘကြီး နောက်နောင် ဘဝအထိ ဝမ်းသာရ၊ စိတ်ချမ်းသာရမှာပါ"

ကိုဦးက ညင်သာစွာ ပြုံးသည်။

"ဖေဖေတို့ မေမေတို့ကလဲ အခု ဘဘကြီး ပြောသလို အမြဲပြောခဲ့တာပါ ဘဘကြီးရယ်၊ ကျွန်တော် ကတိပေးပါတယ်၊ ကျွန်တော့်တစ်ယောက်တည်း အတွက် သာမကဘူး၊ ကိုတူးအတွက် ကကဲအတွက် နောက်ပြီး ညီလေး ကကောင်းအတွက်ကိုပါ ဘဘကြီး ဖြစ်စေချင်သလို ဖြစ်ရမယ်လို့ ကျွန်တော်ကတိပေးပါတယ်"

"သာဓုဗျာ... သာဓု ... သာဓု"

ဦးဘပွားက ကြည်နူးစွာ ရေရွတ်သည်။ ဆင့်ထားသော ခေါင်းအုံးများပေါ်သို့ ခေါင်းကိုမှီချလိုက်ကာ မျက်စိကို စုံမှိတ်ထားလိုက်သည်။ သူ့မျက်လုံးအိမ်တွင် တဝေ့ဝေ့ဝေ့ သည်လာသော မျက်ရည်များကို သူများမြင်မှာ စိုးသည့်အတွက်ကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပါသော်လည်း မျက်လုံးထောင့်စွန်းမှ သွယ်ပြီး စီးကျလာသော မျက်ရည်များကို သူမထိန်းနိုင်ခဲ့ပေ။

"အခုလို လှဲနေရင်း ညင်ညင်သာသာလေး
သေသွားရင် ဘယ်လောက်များ ကောင်းလိုက်မလဲ"

ဟုစိတ်ထဲမှ တွေးနေမိသည်။ အခုလို စိတ်ချမ်းသာနေတုန်း ကြည်နူးနေတုန်း သူသေလိုက်ချင်သည်။

"အန်ကယ်ကြီး ဆန်ပြုတ်သောက်လိုက်ပါဦး"

ကိုကောင်းထက်က ခပ်တိုးတိုးပြောရင်း သူ့ကို အသာအယာ ထူမပေးသည်။ သူက ဟန်မပျက် ပြန်ထရင်း မျက်နှာကို မသိမသာပွတ်ကာ မျက်ရည်သုတ်သည်။ စိတ်ထဲတွင် ချမ်းချမ်းမြေ့မြေ့ ကြည်ကြည်နူးနူးကြီး ဖြစ်သွား၍ နို့ဆန်ပြုတ် ပူပူနွေးနွေးလေးကို ကုန်အောင်ဆက်၍ သောက်လိုက်နိုင်သည်။

"ပရိတ်ရေလေးလဲ သောက်လိုက်ပါဦးဗျ"

ဆန်ပြုတ်ကုန်သွားတော့ ဦးထင်က ပရိတ်ရေ တိုက်ပြန်သည်။ ဦးဘပွားက တစ်ဖန်ခွက်လုံး ကုန်အောင် မော့သောက်ပစ်လိုက်သည်။ ဆန်ပြုတ်ကလည်းစွမ်း၊ ပရိတ်ရေကလည်း စွမ်း၊ အကြင်နာမေတ္တာတွေကလည်း စွမ်းသောကြောင့်လားတော့ မသိ၊ ဦးဘပွားသည် အတော်ကလေး လန်းကာ ရွှင်လာသည်။

"ကျုပ်က ခရီးထွက်ရဦးမှာဆိုတော့"

အခန်းထဲမှလူများ ပြန်လည် ထွက်ခွာမသွားမီ ဦးဘပွားက စကားပြန်စသည်၊ သူ့ကို အမှန်တကယ်ပင် ခရီးရက်ရှည် ထွက်မည်ဟု ထင်နေကြသူများကို ကြည့်ကာ သူက ခပ်သဲ့သဲ့ ပြုံးနေမိသည်။



"ကျုပ်ခရီးသွားနေတဲ့အချိန်မှာ သူတို့ရဲ့ ဦးလေးတွေ အဒေါ်တွေက ဆွေမျိုးဝတ္တရားအရ လာခေါ်ကြဦးမှာပဲဗျ၊ ဒါကတော့ သူတို့ရဲ့ ဝတ္တရားပဲလေ"

"ကျွန်တော်တို့ ဒီမှာပဲနေချင်တယ်"

ကိုဦးက ခပ်တိုးတိုးပြောသည်။ ဦးဘပွား သဘောကျသလို ပြုံးသည်။

"ဒါကြောင့်မို့လို့ပေါ့၊ ဘဘကြီး ခရီးသွားတဲ့အခါ မင်းတို့ကို အစစအရာရာ အုပ်ထိန်းဖို့ စောင့်ရှောက်ဖို့"

ဦးဘပွားက ပရိတ်ရေပုလင်းကြီး ပိုက်ထားသော ဦးထင်ကို လှမ်းကြည့်ကာ အနိုင်ကျင့်သောအသံနှင့် ပြောသည်။

"ကျုပ်တော့ ဒီကလေးတွေကို ဦးထင်တို့သားအဖလက်ထဲကိုပဲ အပ်ခဲ့ရမှာပဲဗျ"

"စိတ်ချပါဗျာ"

ဦးထင်က လိုလိုလားလား ခေါင်းညိတ်သည်။ ဦးဘပွား အနေနှင့် အခုလို ပြောစရာပင်မလို၊ သူတို့အားလုံးက ကလေးများကို သွေးသားအရင်းအချာလို ပြုစုစောင့်ရှောက်ကြမည်သာ ဖြစ်သည်။ သို့သော် ယခုလို ဖွင့်ဟပြီး အပ်နှံလာပြန်တော့လည်း ကြည်နူးကျေနပ်မိသည်။

"ဟုတ်ရဲ့လား မောင်ရင်လေး"

ဦးဘပွားက ခုတင်စွန်းတွင် ခပ်ကျုံ့ကျုံ့ထိုင်နေသော ကိုကောင်းထက်ထံမှ ထောက်ခံမဲ ထပ်တောင်းပြန်လေသည်။

"စိတ်ချပါ အန်ကယ်ရဲ့ စိတ်ချပြီးသွားပါ၊ အန်ကယ်ကြီးပြန်လာတဲ့အထိ ကလေးတွေကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ အသေအချာ စောင့်ရှောက်ထားပါ့မယ်"

ကိုကောင်းထက်က သဘောရိုးနှင့် ပြောသည်။ ခုနဟုန်းက မမွေးကြူကို ဦးဘပွားက "နေမကောင်းလို့ သွားရတာပေါ့" ဟု ပြောလိုက်သဖြင့် နိုင်ငံခြားသို့ ဆေးကုသွားခြင်းပင် ဖြစ်ရမည်ဟု တထစ်ချ ယူဆနေမိသည်။

"ဒါပေမယ့် ကလေးတွေကို ကျေးမွေးပြုစုတယ်၊ စောင့်ရှောက်တယ်ဆိုတာ ခက်သား၊ အဲဒါကို ယောက်ျားတွေကလဲ သိပ်ပြီး နိုင်နင်းကြ ကျွမ်းကျင်ကြတာ မဟုတ်ဘူးဗျနော"

ဦးဘပွားက မမွေးကြူကို လှည့်ပြောသည်။ ကရုဏာစိတ်တွေကဲကာ တစ်ချိန်လုံး ငြိမ်နေသော မမွေးကြူက ယောင်ယောင်ကန်းကန်းနှင့် ခေါင်းညိတ်သည်။

"အဲဒီပညာကို အမျိုးသမီးတွေကသာ တတ်ကျွမ်းကြ၊ နားလည်ကြတာ၊ ဟုတ်တယ်မဟုတ်လားဟင်… ကျုပ်တူမ"

မမွေးကြူ ခေါင်းညိတ်လိုက်ပြန်တော့ ဦးဘပွားက အူရွှင်လာသလို ခပ်တိုးတိုးရယ်သည်။

ဦးဘပွားဘာကို ဆိုလို၍ ဘာကိုဦးတည်ပြောနေမှန်း သူတို့မသိ၊ ရယ်ခဲပြုံးခဲလှသော သူ့ကို ပြုံးပြုံးရယ်ရယ် တွေ့ရသည့်အတွက်သာ တအံ့တသြ ဖြစ်ချင်နေကြသည်။

သို့သော် သူတို့ အံ့သြ၍မှ မဆုံးမီ ဦးဘပွားဟူသည့် လူ့ခွစာကြီးက ပို၍ အံ့သြရုံမျှမက အားလုံးကို မှင်တက်မိသွားစေမည့် လုပ်ထည့်လိုက်သည်ကတော့ …



"ဒီတော့ ဒီက မောင်ရင်လေး ကိုကောင်းထက် ကို ကျုပ်တူမကြီး မမွေးကြူက လက်ထပ်ထိမ်းမြားခွင့်ပြုဖို့ အကြောင်း ကျုပ်ကပဲ ကြားကနေပြီး အနူးအညွတ် တောင်းပန်ပါရစေလားဗျာ" တဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com

ကိုကောင်းထက်နှင့် မမွေးကြူတို့သည် အားလုံး၏ ဆန္ဒအတိုင်း မြန်မာနှစ်မကူးမီပင် အကျဉ်းရုံး၍လက်ထပ်ဖြစ်ခဲ့ကြလေသည်။

သင်္ကြန်အကြိုနေ့တွင်တော့ ကိုဦးတို့ ညီအစ်ကို ကိုရင်ဝတ်ကြသည်။

ထိုနေ့တွင် ပိတောက်ပန်းတွေလည်း လှိုင်နေအောင် ပွင့်ဆလသည်။ အတော်လေး ထုထုထောင်ထောင်ရှိလာသော ဦးဘပွားက ဧည့်ခန်းသို့ ထွက်လာသည်။ ကြိုင်နေအောင် ပျံ့မွှေးနေသော ပိတောက်ပန်းရနံ့များကို ရှူရှိုက်ရင်း သူဖြတ်သန်း ကျော်လွှားခဲ့ဖူးသော သင်္ကြန်ပေါင်းများစွာကို ပြန်လည် မြင်ယောင်နေမိသည်။

ကဲကဲသည် ဖန်ရေတကောင်းတစ်ခုထဲတွင်၊ ပိတောက်ခိုင်၊ ပိတောက်ခက်များကို စုပြုံကျပ်ညပ်နေအောင် ထိုးထည့်ပြီး ဦးဘပွား၏ ဧည့်ခန်းကိုအလှဆင်ပေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းအိုးထိုးခြင်း၊ ပန်းအလှပြင်ခြင်း လုပ်ငန်းများကို လုံးဝမကျွမ်းကျင်သော်လည်း၊ ကဲကဲ၏ ပိတောက်ပန်းများသည် အလှမပျက်ပေ၊ ဘုရားတင်လိုတင်၊ ဖန်တကောင်းထဲ ထည့်လို ထည့်၊ အကိုင်းလိုက် ထောင်ထားလိုကလည်း ထား၊ ခေါင်းမှာ ပန်လိုလျှင်လည်းပန်၊ ဘယ်လိုပဲထားထား ဘယ်လိုပဲနေရနေရ ဝင်းဝင်း ဝါနေသော ပိတောက်ပန်းများသည် ကြည့်မငြီးအောင် လှပနေသည်။ ရှူရှိုက်၍ မဝနိုင်အောင် ပျံ့မွှေးသင်းကြိုင်နေ သည်။

"မွှေးလိုက်တာ... "

ဦးဘပွားသည် ပိတောက်ပန်းတွေ ဝေနေသော သူ၏ ဧည့်ခန်းကို လွမ်းခြုံကြည့်ရင်း၊ စိတ်နှလုံး သာယာအေးချမ်းနေသည်။ ပျံ့ပျံ့သင်းနေသော ရနံ့ကို မျှဉ်း၍ရှူရှိုက်ရင်း၊ ပန်းအိုးတွေကို တစ်အိုးပြီးတစ်အိုး ထိုးနေသော ကဲကဲကို ခပ်ပြုံးပြုံးကြည့်နေမိသည်။

"ဘဘကြီးရဲ့၊ ကိုဦးတို့ဆီ လိုက်မှာ မဟုတ်လား ဟင်..."

"အေး... လိုက်မှာပေါ့ကွ"

"ကိုဦးက မှာလိုက်တယ်၊ ဘဘကြီးကို ရအောင် ခေါ်ခဲ့ပါတဲ့"

"ဟုတ်လား"

ကိုဦးတို့ ညီအစ်ကိုသည် ဘုန်းကြီးကျောင်းတွင်ပင် သံဃာတော်များအား ဆွမ်းကပ်ပြီး၊ သင်္ကန်းဆီးကြမည်ဖြစ်သည်။ ထို့ကြောင့် နံနက် စောစောကတည်းက ကိုကောင်းထက်တို့ စုံတွဲ နှင့်အတူ ဘုန်းကြီးကျောင်းသို့ သွားနှင့်ကြပြီ ဖြစ်သည်။



"ဦးကောင်းကလဲ မှာသွားတယ်၊ ဘဘကြီးကို အသေအချာ တွဲပြီး ခေါ်လာခဲ့တဲ့"

"အံမာဗျာ ကျုပ်က တွဲခေါ်စရာ မလိုပါဘူး၊ ညည်းတွဲချင်ရင် သူ့အဖေ ဘဖိုးထင်ကြီးကို သွားပြီး တွဲခေါ်ချေ"

"ဘဖိုးထင်က ကဲကဲတွဲစရာ မလိုဘူး ဘဘကြီးရဲ့ သူ့ကို ဖွားရွှေက တွဲခေါ်မှာ ဟိ..."

ဦးဘပွားက မခံချင်သလိုပြောတော့၊ ကဲကဲက အပြောင် အပျက်ပြောရင်း လှှာကလေး ထုတ်ကာ ရယ်သည်။ ကိုကောင်း ထက်နှင့် မမွှေးကြူတို့ အဆင်ပြေသွားကြသည့် နောက်ပိုင်းတွင် ဦးထင်နှင့် ဒေါ်ရွှေနုသည် အများသူငါ၏ ပစ်မှတ်ကြီး ဖြစ်လာသည်။

သူတို့နှစ်ဦးကို တစ်လမ်းလုံး ရိပ်ဖမ်းသံဖမ်းနှင့် စနေကြ သည်။ သဘောသကာယ ကောင်းနေချိန်တွင် မသိသလို ငြိမ်နေ တတ်သော်လည်း၊ စိတ်အခန့်မသင့်ပါက ဒေါ်ရွှေနုက ဆဲလွှတ် တတ်သည်။

"လူကြီးတွေကို ဒီလိုပဲစရ၊ နောက်ရသလား ကဲကဲရဲ့ ဘွားရွှေ ကြားရင် အဆဲခံနေရဦးမယ်"

ကဲကဲက ခေါင်းလေးပုကာ တခစ်ခစ်နှင့် ရယ်သည်။ သည်ကလေးမလေး အလှုင်တုန်းကလို ချိုချိုရွှင်ရွှင်လေး ပြန်ဖြစ်လာ သည့်အတွက် ဦးဘပွား၏ စိတ်ထဲတွင် ချမ်းမြေ့ကြည်နူးသွားသည်။

လမ်းပေါ်တွင် ရေပက်ကစားနေသော ကလေးတို့၏ အသံများက ဆူညံနေသည်။ လမ်းသွားလမ်းလာတွေက "အကြို

www.burmeseclassic.com

www.burmeseclassic.com



နေ့ရေမပက်ရဘူးလေ” ဟုအော်ကာ လွတ်အောင်ပြေးသူက ပြေးသည်။

တစ်ချို့ကတော့ ကလေးတွေ၏ လက်ထဲမှ ရေခွက်ကိုလုကာ သူတို့အား ပြန်လောင်းသွားကြသည်။ အော်သံ ဟစ်သံ၊ ရယ်မောသံများနှင့် ဆူညံစည်ကားနေသော သင်္ကြန်အကြိုကို ဦးဘပွားက ငေးမောကြည့်နေမိသည်။

“ဘဘကြီး ကဲကဲအပေါ်ကိုခဏလေး သွားလိုက်ဦးမယ်နော်”

“အေး... ”

“ခဏနေရင် ဘုန်းကြီးကျောင်း သွားကြမယ်နော်...”

“အေးအေး သွားတာပေါ့”

“ဘဘကြီးသာ ပါမလာရင် နင့်ကိုထုမယ်တဲ့၊ ကိုတူးကပြောတယ်”

“ဟုတ်လား”

ဦးဘပွားက အလိုက်သင့်ပြောနေသော်လည်း လမ်းပေါ်တွင် ပြေးလွှားပျော်ရွှင်နေကြသူများကို ငေးကြည့်နေမိရင်း စိတ်တွေက လွင့်ပါးနေသည်။

“အင်း...သင်္ကြန်၊ သင်္ကြန်တွေ တစ်နှစ်ပြီး တစ်နှစ်ကျ ငါ့အသက်ဟာလဲ တစ်နှစ်ထက် တစ်နှစ် ကြီးလာခဲ့တာပဲ”

ဦးဘပွားသည် သူကျော်လွှားခဲ့သော သင်္ကြန်များကို ပြန်တွေးရင်း လှိုက်မောလာသည်။ ငယ်စဉ်တုန်းက သင်္ကြန်ကျလျှင်



သူအလွန်ပျော်ခဲ့သည်။ ကလေးဘဝတုန်းကတော့ ရိုးရိုးပျော်သည်။ လူပျိုလူရွယ်ကလေးဖြစ်လာတော့ မူးပြီးပျော်၊ ရူးပြီးပျော်သည်။

သင်္ကြန်ရက်များတွင် ဆင်နွှဲခဲ့သော အချစ်ပွဲများ၊ ရန်ပွဲများလည်း မနည်းလှ၊ အရွယ်ကလေး ထောက်လာတော့ သင်္ကြန်ရေကို သူမကြိုက်တော့၊ သင်္ကြန်ဆိုလျှင် တောင်ကြီး၊ မေမြို့ (ပြင်ဦးလွင်)၊ ဟဲဟိုး စသည့် အေးရာအရပ်ကို သူရွေးခဲ့သည်။

အရိပ်အောက်တွင် လည်းကောင်း၊ အခန်းထဲတွင် လည်းကောင်း၊ သူပျော်မွေ့ခဲ့သည်။ တစ်ဦးထဲတော့ မဟုတ်အဖော် မိန်းမပျိုတစ်ဦးနှင့် ဖြစ်သည်။ သူ့အဖော်တွေက တစ်နှစ်နှင့် တစ်နှစ်မထပ်။ အခုပြန်စဉ်းစားတော့ သူတို့၏ ရုပ်သွင်ကိုလည်းကောင်း၊ အမည်ကိုလည်းကောင်း၊ ကောင်းစွာပင် အမှတ်မရချင်တော့။

သင်းပျံ့မွှေးကြိုင်နေသော ပိတောက်ပန်းနံ့ကို ခုံမင်စွာရှူရှိုက်ရင်း ဦးဘပွား၏ ရင်ထဲတွင် နောက်ကျိကျိ ဖြစ်လာသည်။

“တောင်ပေါ်က ပိတောက်တွေက ဝါဖျော့ဖျော့နဲ့ မကြိုက်ပါဘူး၊ ကျွန်မက ပိတောက်ဆိုရင် ဝင်းပြီး ဝါထိန်နေမှ ကြိုက်တာ”

ဟု သူ့အဖော် မိန်းကလေးတစ်ဦး ပြောဖူးသည်ကို ဝေဝေဝါးဝါး သတိရမိသည်။

ထိုမိန်းကလေး၏ စကားကို အမှတ်မထင် ပြန်ပြီးသတိရမိသော်လည်း သူ့ရုပ်သွင်ကိုကား ဖြူသလား ညိုသလားပင် စိတ်ထဲတွင် သိပ်၍ မသဲကွဲတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဘဝဆိုတာ အိပ်မက်တွေမက်နေ ရသလို ပါပဲ၊ အိပ်မက်တွေ ဆက်တိုက်မက်ပြီး နိုးလာပြန်တော့လည်း ဘာမှ ထင်ထင်ရှားရှား မရှိ"

ဆေးလိပ်သောက်ချင်စိတ် ပေါ်လာသဖြင့် ဦးဘပွားသည် ကုတ်အင်္ကျီအိတ်ထဲတွင် အသင့်ရှိနေသော စီးကရက်ဗူးကို ထုတ်သည်၊ စီးကရက်ဖြူဖြူလေးကို ခေတ္တမျှ ငေးကြည့်နေမိပြီးမှ မီးညှိကာ ဖွာရှိုက်သည်။ စီးကရက်ခိုးများကို ဝမ်းတွင်းသို့ မက်မော စွာ ရှိုက်သွင်းလိုက်ရင်း ခပ်မှဲမှဲပြုံးမိသည်။

"အင်း... ခုမှ တွေးလို့ပိုကောင်းလာတယ်... စီးကရက်ခိုးတွေနဲ့ အတွေးတွေက ရောပြီး ဝေဝေဝါးဝါး မထင်မရှားနဲ့"

သူက စီးကရက်ခိုးများကို မှုတ်ထုတ်လိုက်သည်။

အငွေ့ဖြူဖြူများထဲတွင် ရိပ်ရိပ်ကလေး ပြုံးနေသော သူ့ ချစ်ဇနီးကို တွေ့ရသည်။ ချစ်ဇနီးက သူကြိုက်သော ကံ့ကော် ပန်းကိုမပန်၊ ပိတောက်ပန်းတွေ ဝေနေအောင် ပန်ထားသည်။

သို့သော် ပန်းတွေက မဝါ၊ ဖြူနေသည်။ မီးခိုးတွေ လည်းဖြူဖြူ၊ သူဝတ်ထားသော အင်္ကျီကလည်း ဖြူဖြူ၊ ဇနီး ပန်ထားသော ပန်းတွေကလည်း ဖြူဖြူ၊ အားလုံးဖြူနေသည်။ ဖြူ နေသော ပိတောက်များကလည်း စူးစူးနစ်နစ် မွှေးပျံ့နေသည်။

"ဒီလောက် မွှေးနေပြန်တော့လဲ မူးလာသလိုပဲ"

သူက အနားတွင် ရစ်ဝဲနေသော ပိတောက်ရနံ့ကို ရှူရှိုက်ရင်း မွန်းကျပ်လာသည်။ ပန်းနံ့ထဲတွင် မှျင်မှျင်ကလေး ရောပါလာသော စီးကရက်နံ့ကို သီးသန့်ဖယ်ထုတ်ပြီး နှစ်သက်စွာ ရှူလိုက်ချင်သည်။



"ဘုရား... ရင်ဘတ်ထဲက အောင့်လိုက်တာ"

မွှေးထုံသင်းပျံ့လွန်းသော ရနံ့များကို ဆက်၍ မရှူရှိုက် ချင်တော့သည့်အတွက် ဦးဘပွားသည် နေရာမှ အသာထကာ ထမင်းစားခန်းဘက် လျှောက်လာသည်။ နှာခေါင်းထဲတွင် အလုံး အရင်းနှင့် နေရာယူထားသော အမွှေးနံ့တွေ ပျောက်လိုပျောက် ငြား စီးကရက်ကို တအားရှိုက်၍ ရှူလိုက်သည်။ ထိုနောက် ချောင်းတွေ တအားဆိုးလာသည်။

"ဆိုး ...ဆိုး... သေအောင်ဆိုး ဟဲ့ ချောင်း"

ချောင်းတွေ တဟွတ်ဟွတ်နှင့် အဆက်မပြတ်ဆိုးရင်း ဦးဘပွား စိတ်ထဲမှ ပြောနေမိသည်။ ချောင်းတစ်ချက် ဆိုးတိုင်း ရင်ဘတ်ထဲမှ တစ်ချက်နာသည်၊ ထို့နောက် ရုတ်တရက် ပျို့တက် လာပြီး မျက်နှာသစ်ခွက်ထဲသို့ ဝေါ့ခနဲ ထိုးအန်ချလိုက်မိသည်။

"သွေးတွေ..."

ခြင်းခြင်းနီသော သွေးများကို မြင်တော့ သူ့မျက်လုံးတွေ ပြာဝေသွားသည်။ ထိုနောက် ချောင်းတွေ ဆိုးပြန်သည်။ မဆိုး မိအောင် တားသော်လည်း မရ၊ တင်းသော်လည်းမနိုင်၊ ပွက်ခနဲ အန်ချမိသော သွေးများကို မကြည့်ချင်သော်လည်း မြင်နေရသည်၊

"သွေးတွေအန်နေပြီ ...ဘုရား...ဘုရား ငါသွေး တွေ အန်နေပြီလား"

သူက တုန်တုန်လှုပ်လှုပ်တွေးရင်း နံရံကို အားပြုစွာ မှီထားလိုက်မိသည်။ ရင်ဘတ်ထဲတွင် စူးပြီး အောင့်နေသော ဝေဒနာကို သိသိသာသာ ခံစားနေရသည်။

"ဘဘကြီးရေ... "

www.burmeseclassic.com

www.burmeseclassic.com



ကဲကဲ၏ အသံကို ကြားရသည်။

"ဘဘကြီးရေ သွားမယ်လေ"

ဦးဘပွားသည် စားပွဲပေါ်မှ လက်သုတ်ပုဝါကို ကောက်ကာ ပါးစပ်ကို ကမန်းကတန်း သုတ်လိုက်သည်။

ထိုနောက် လက်ဆေးကြွေဇလုံမှ ရေပိုက်ခေါင်းကို ဖွင့်ချလိုက်သည်။ နီရဲသော သွေးရောင်သည် ကျလာသော ရေများနှင့် ရောကာ အရောင်ဖျော့သွားသည်၊

"ဦးကံမြင့်ကို ခေါ်ခိုင်းရင် ကောင်းမလား"

ကိုဦးတို့ ရှင်ပြုပွဲတွင် ဦးကံမြင့်သည် တစ်ဦးတည်းသော အထူးဧည့်သည်တော် ဖြစ်သည်။ ယခုအချိန်လောက်ဆိုလျှင် ဘုန်းကြီးကျောင်းသို့ ရောက်လျှင်ရောက်နေလောက်ပေပြီ။

"ငါဒီလို ဖြစ်နေတယ်ဆိုရင် ဦးကံမြင့်တော့ ပျာယာခတ်သွားမှာပဲ နောက်ပြီး ဆေးရုံတင်ဖို့ သွေးသွင်းဖို့ အရေးတကြီး လုပ်မှာပဲ"

ပန်းနုရောင်ရေများသည် ရေထွက်ပေါက်မှ ဝဲလှည့်ကာ ထွက်သွားသည်။

"တော်ပါပြီ... တော်ကြာ...သူတို့ အကုန်လုံး လန့်ဖျပ်ကုန်လိမ့်မယ်၊ စိုးရိမ်ပြီး အကုန်လုံး ပြန်ပြေးလာကြရင် ရှင်ပြုပွဲလေးတောင် ပျက်ချင်ပျက်သွားမှာ...အို ...တော်ပြီ... တော်ပြီ ဘယ်သူ့ကိုမှ မပြောတော့ပါဘူး"

ဦးဘပွားက သူ့စိတ်ကို သူဆုံးဖြတ်သည်။ ရှင်ပြုပွဲလေး အေးချမ်းစွာ ပြီးဆုံးသွားပါစေတော့။



"ဘဘကြီးရေ... ဘာလုပ်နေလဲ၊ သွားကြမယ်လေ"

ကဲကဲက ဦးဘပွား၏ဘေးသို့ ရောက်လာသည်။ သူ့မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်ကိုလည်း သတိထားမိဟန် မရှိ။

"ကဲကဲ...သွားနှင့်ပါလား"

"ဟင်...ဘာဖြစ်လို့"

"ဘဘကြီးဆီကို ဧည့်သည်တစ်ယောက် လာဖို့ရှိတယ်၊ ဘဘကြီး စောင့်နေရမယ်"

"ဟင်...ဒီလိုဆို သမီးလဲ အတူတူစောင့်နေမယ်လေ၊ ပြီးမှ အတူတူသွားမယ်နော်"

ကဲကဲငိုချင်သွားသည်။ ဘဘကြီးမပါဘဲ သူမသွားလို့ ကိုဦးတို့ ကိုတူးတို့ မျှော်နေကြမည်ကိုလဲ သူသိသည်။

"ဘဘကြီး ပါမလာရင် ကိုဦးက ဆူမှာ၊ နောက်ပြီး ကိုတူးကလဲ ဆူမှာ"

"အေး... ဒါပေမယ့် ဘဘကြီးက ဧည့်သည်ကို စောင့်ရဦးမယ်ဆိုမှ လိုက်လာလို့ မရဘူး"

"ကဲကဲလဲ အတူတူစောင့်"

"မစောင့်နဲ့ ...သွား"

ဦးဘပွား စိတ်တိုတောင်းစွာနှင့် အော်သည်။ နဖူးပြင်တွင် ချွေးတွေစို့နေပြီး မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်နေသည်ကို ကဲကဲက အခုမှ သတိထားမိပြီး စိုးရိမ်သွားသည်။

"ဟင်...ဘဘကြီး နေမကောင်းဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို စိုးရိမ်တကြီး မော်ကြည့်နေသော ကဲကဲကို ကြည့်ရင်း ဦးဘပွား ဝမ်းနည်းသွားသည်။

"ဘဘကြီး နေမကောင်းရင် ကဲကဲ စောင့်နေမယ်လေ၊ မသွားတော့ဘူး"

"မစောင့်နဲ့ ... သွား"

"ဘဘကြီးမှ နေမကောင်းတာ"

"ကောင်းကောင်း မကောင်းကောင်း သွား"

ဦးဘပွားက ဒေါသသံနှင့်အော်ပြန်တော့ ကဲကဲ၏မျက်လုံးလေးများ ဝိုင်းသွားသည်။ "ငါ့စကားကြောရှည်လို့ ဘဘကြီး စိတ်ဆိုးသွားပြီလား" ဟုတွေးတောကာ အလန့်လန့်အဖျပ်ဖျပ် ဖြစ်သွားသည်။

"သွားလို့ ဆိုနေတယ်နော်"

ဦးဘပွားက အံကြိတ်သံနှင့် ထပ်ပြောသည်။ သည်ကလေးမလေးကို သည်အခန်းထဲမှ မြန်မြန် ထွက်သွားစေချင်လှပြီ။

"မသွားသေးဘူးလား ဟင်..."

ကဲကဲက ရုတ်တရက် မျက်ရည်တွေ လည်လာကာ ခေါင်းလေး ငုံ့လိုက်သည်း ထို့နောက် "ဟုတ်...ကဲ့" ဟု အသံတုန်တုန်လေးနှင့် ပြောပြီး ဆုတ်ကန်ကန်လေးထွက်သွားသည်။ ဘဘကြီးက သူ့ကို ဘာလို့ သည်လောက် စိတ်ဆိုးသွားရတာလဲ ဟု စဉ်းစား၍မရ။

"ဘဘကြီးမလာနိုင်ရင် ကိုဦးတို့ သင်္ကန်းဝတ်ပြီးတော့ ခေါ်လာမယ်နော်"



အပေါက်ဝရောက်တော့ လည်ပြန်လေး လှည့်ကာ မရဲတရဲနှင့် တိုးတိုးလေးပြောသည်။ ချောင်းဆိုးချင်စိတ်ကို အတင်းထိန်းပြီး တင်းတင်းမာမာကြီးဖြစ်နေသော ဦးဘပွား၏ မျက်နှာက အတန်ငယ်ပျော့သွားသည်။ ထို့နောက် ခေါင်းလေးကို လေးပင်စွာ ညိတ်ပြသည်။

"သမီးကားပြန်လွှတ်လိုက်မယ်နော် ဘဘကြီး ညှို့သည်ပြန်သွားရင် လာခဲ့မလားဟင်"

အတန်ငယ်အားတက်သွားသော ကဲကဲက တိုးတိုးလေး ထပ်ပြောသည်။

ဦးဘပွားက ကြိုးစား၍ ပြုံးရင်း ခေါင်းကိုထပ်ညိတ်သည်။ သို့သော် သူပြောသော ညှို့သည်က သေမင်းဟူသည့် ညှို့သည် ဆိုတော့ ထိုညှို့သည်လာဖြစ်လို့ လာလျှင်...သူက မျက်ရည်စို့စို့ ဝဲနေသော ကဲကဲ၏မျက်နှာလေးကို ငေးကြည့်ရင်း ...

"ဝမ်းမနည်းပါနဲ့ ကလေးရယ်၊ မင်းကို ဘဘကြီး စိတ်ဆိုးနေတာ မဟုတ်ပါဘူး"

ဟုစိတ်ထဲမှ ပြောနေမိသည်။ ထို့နောက် သူ့ကိုယ်သူ မထိန်းနိုင်တော့ဘဲ ချောင်းဆိုးလာသည်။ ထို့ကြောင့် ကဲကဲကို လက်ပြပြီး နှင်သည်။

"ကျုပ်တော့ သွားတော့မယ်ဗျို့"

ဦးထင်၏ မျက်နှာငယ်လေးနှင့် ထွက်လာသော ကဲကဲ ၏ လက်ကိုဆွဲခေါ်ရင်း အော်ပြောသည်။

"တကယ်သွားရမှာက ကျုပ်ပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သူကချောင်းတဟွတ်ဟွတ်ဆိုးနေရင်း စိတ်ထဲမှ ပြန်ပြောနေမိသေးသည်။ ဟုတ်သည်၊ တကယ်သွားနှင့်ရမည်က သူဖြစ်သည်ဟု သူ့ကိုယ်သူ သိနေသည်။

"ဟဲ့…ကလေးတွေ ဥပုသ်သည်ကို ရေမပက်ရဘူးဆိုမှ ငရဲမကြောက်ကြဘူးလား ဟင်"

ဒေါ်ရွှေနု၏ အသံစာစာကို ကြားရပြန်သည်။ ထို့နောက် ကလေးများ၏ ရယ်မောသံ၊ ကားစက်နှိုးသောအသံ၊ ကားထွက်သွားသော အသံ။

"ဆိုး… ဆိုးစမ်းဟဲ့၊ ဒီချောင်းဆိုးလိုက်စမ်းဟဲ့၊ ဒီချောင်း"

အခုမှ စိတ်လွတ်ကိုယ်လွတ် ချောင်းဆိုးရင်း ဦးဘဖွားကစိတ်ထဲမှ ပြောနေမိပြန်သည်။ တင်းတင်းကျပ်ကျပ်ကြီး ဖြစ်နေသော ရင်ဘတ်ကြီး တပြင်လုံးက ပို့ပြီးနာကျင်ကာ အောင့်လာ သည်။ ထို့နောက် သူအန်သည်။

"ဘုရား… ဘုရား"

တစ်သက်နှင့်တစ်ကိုယ် ညှီမှုများသော သွေးများကို သူမမြင်ဖူးခဲ့၊ သူ့ကိုယ်ထဲမှ ညှီမှုများသော သွေးများ အန်ထွက်လာသည်ကို ရဲရဲဝံ့ဝံ့ မကြည့်ရဲသည့်အတွက် မျက်စိကို မှိတ်ထားလိုက်သည်။

"အိပ်နေလိုက်တာ ကောင်းမယ်ထင်တယ်"

ခြေလှမ်းအနည်းငယ်သာ ဝေးကွာသော အိပ်ခန်းဆီသို့ သူက ခယဉ်းပင်ပန်းစွာ တစ်လှမ်းချင်း လှမ်းလာခဲ့သည်။



"ဦးကံမြင့်ကတော့ ငါ့ကို မြန်မြန်သေတယ်လို့ မထင်သေးပါဘူး၊ ဒါပေမယ့် အထဲက သွေးကြောတွေ ရတ်တရက် ပေါက်ကွဲကုန်မှာကိုတော့ သူအမြဲစိုးရိမ် နေတယ်"

ဖွေးပြီး သန့်နေသော မွေ့ရာကို လှမ်းမြင်လိုက်တော့ ခဏလောက် ငြိမ်ငြိမ်လေး လှဲနေလိုက်လျှင် သက်သာသွားလေမလားဟု သူက မျှော်လင့် လိုက်မိပြန်သည်။

သို့သော်အိပ်ရာပေါ်သို့ ကမူးရှူးထိုး လှဲအိပ်မည်ပြုစဉ် သူ့ကိုယ်သူ မထိန်းနိုင်ပဲအန်ပြန်သည်။ ဖြူဖွေးနူးညံ့သော အိပ်ရာခင်းဖြူဖြူပေါ်သို့ ပွက်ခနဲ ပွက်ခနဲကျလာသော သွေးများကို သူက ကြောက်လန့်တကြား ကြည့်ရင်း တစ်ကိုယ်လုံး အေးစက်ကာ ဘုန်ယင်လာသည်။

သွေး–သွေး ထိုသွေးများကို သူမကြည့်ချင်၊ မမြင်ချင် ရင်ဘတ်ထဲမှ စူးစူးရှရှ နာကျင်လှသော ဝေဒနာကိုလည်း ကြာရှည် မခံစားချင်၊ လွန်မြောက်ချင်သည်။ ဘယ်နည်းနှင့်မဆို လွန်မြောက် သက်သာချင်သည်။

"ခဏနေရင် သက်သာသွားမှာ၊ ဒါဟာ သိပ်ကြာမှာ မဟုတ်ပါဘူး"

သူက သူ့ကိုယ်သူ အားပေးရင်း အိပ်ရာပေါ်တွင် တစ်စောင်းကြီး လှဲအိပ်နေမိသည်။ အသက်ရှူရသည်မှာ ရင်ထဲသို့ လေမရောက်၊ သူရှူသွင်းလိုက်သော လေများသည် ဘယ်ကိုများ ရောက်ကုန်လေသနည်းဟု တွေးကာ ပင်ပင်ပန်းပန်း ရှိုက်၍ရှိုက်၍ ရှူရင်း သူ့ကိုစောင့်မျှော်နေကြမည့် ကိုဦးတို့ ညီအစ်ကိုအား သတိရသည်။ သူပါမလာ၍ ကဲကဲကိုများ ဝိုင်း၍ဆူနေကြလေမလား။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကျက်ဖြူဖြူသည် သူ့အပေါ်တွင် ဝဲကာ ပတ်ချာလည်နေသည်။ စားပွဲပေါ်မှ ပန်းအိုးကလေးကတော့ ဆယ်လုံးလောက် ပွားသွားသည်၊ နွမ်းပျော့နေသော ရေမွှေးနှင်းဆီ ကလေးများသည် အပေါ်သို့လွင့်တက်သွားပြီး မျက်နှာကျက်နှင့်အတူ ရောကာ ချာချာလည်နေသည်။ ထို့နောက် သူ့ကိုယ်ပေါ်သို့ တစ်ပွင့်ပြီးတစ်ပွင့် တဖြုတ်ဖြုတ်နှင့် ပြုတ်ကျလာကြသည်။ ထိုသို့ပင် သူထင်သည်။

"မကြောက်နဲ့ ...မကြောက်စမ်းနဲ့၊ ဒါဟာ ကြောက်စရာမဟုတ်ပါဘူး"

သူ၏စိတ်က သူ့ကို ပြောသည်။ ပျံ့လွင့်နေသော အာရုံများကို အတင်းဆွဲ၍စုသည်။ တပင်တပန်း ရှိုက်၍ ရှူနေရသော ဝင်သက်နှင့် ထွက်သက်တို့တွင် သတိကို ကပ်ရန် ကြိုးစားသည်။ ငြိမ်းသည်ဟု မဟုတ်သော်လည်း ခဏလေးတော့ ငြိမ်သွားသည်။

ဟိုးအဝေးဆီတွင် အလင်းရောင်ပျပျလေးကို မြင်ရသည်။ ကိုရင်ဝတ်ပြီးသွားကြပြီဖြစ်သော ကိုဦးတို့ ညီအစ်ကိုက သူ့ဆီသို့ လျှောက်လာကြသည်။ တည်ငြိမ်သော ကုန္ဒြေကလေးများနှင့် မျက်လွှာကိုယ်စီချကာ တစ်စုံတစ်ခုကို ရွတ်ဆိုနေကြသည်။ သူ သဲသဲကွဲကွဲ မကြားရ၊ အသံတွေက ဝေဝါးနေသည်။

ထို့နောက် ...ဟိုးအဝေးဆီကလာသော အသံလိုလို၊ ချိုအေးနူးညံ့သော အသံလေးကို တိုးတိုးလေးကြားရသည်။ "ဗုဒ္ဓံ မြတ်စွာဘုရားကို သရဏံ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆည်းကပ်ပါသည် အရှင်ဘုရား၊ ဓမ္မံ တရားတော်မြတ်ကို သရဏံ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆည်းကပ်ပါသည် အရှင်ဘုရား၊ သံဃံ သံဃာတော်မြတ်တို့ သရဏံ ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆည်းကပ်ပါသည် အရှင်ဘုရား"



သဲ့သဲ့လေးကြားနေရသော အသံကို နားစိုက်ထောင်ရင်း ဦးဘပွားက လက်နှစ်ဖက်ကို ရင်ဝယ် စုစည်းကာ လက်အုပ်ချီမိုးကန်တော့လိုက်သည်။

ဟော... ရင်ထဲတွင် ချူးချူးရှရှအောင့်ပြီး အနေဆိုးလာပြန်ပြီ။ အန်ချင်လာပြန်ပြီ၊ ချောင်းတွေ ဆိုးလာပြန်ပြီ၊ သူက စားပွဲစွန်းကို ဖမ်းကိုင်ပြီး ထရန် ကြိုးစားသည်။ သို့သော် စားပွဲကို မကိုင်မိ၊ စားပွဲပေါ်မှ ပန်းအိုးသာ လက်နှင့်ယမ်း၍ ရိုက်မိသည်။

"ခွမ်း" ခနဲကွဲကြေသွားသော အသံကို ကြားရသော်လည်း သူဘာမှန်းမသိ။ ဖန်ကွဲစကို ဆုပ်ကိုင်မိ၍ လက်တွင် ရှကာ သွေးထွက်လာသော်လည်း သူနာမှန်းမသိ။ သူအန်ချင်သည်။ ရင်ထဲတွင် ဆို့နေ ကျပ်နေ ခဲနေသည်။ နာနေသည်။ ထိုဝေဒနာ အားလုံးကို သူအန်ထုတ်ပစ်လိုက်ချင်သည်။

သူက ပင်ပနိးကြီးစွာ ချောင်းဆိုးရင်း ဝေါခနဲ ထိုး၍ အန်ချလိုက်သည်။

"ဟော...ကဲကဲ၏ အံသံလေးကို ကြားရပြန်ပြီ" "ဘဘကြီးရေ"တဲ့။ "တရားနာရအောင်လေ" တဲ့။

"အေး... လာခဲ့မယ်၊ ဘဘကြီး လာခဲ့မယ်၊ တရားနာဖို့ ဘဘကြီး လာ... လာ... လာ...မှာ... ပေါ့"

ဦးဘပွားက စိတ်ထဲမှ ပြန်ပြောနေမိသည်။

"ဟိုတ်တယ် တ... ရား... နာ... ရ... ဦး"

သူ၏ ဦးခေါင်းသည် လည်ပြီး စိုက်ကျသွားသည်။ သတိလစ်မသွားမီသူသည် ဝေဒနာအပေါင်းမှ လွန်မြောက် သက်သာသွားသည်ဟု သူ့ကိုယ်သူ ထင်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုန္ဆွေးတောက်ပနေသော အပြင်လောကတွင် ဝင်းဝင်း ဝါသော ပိတောက်ပန်းများက လန်းဆန်းဝေဆာနေသည်။ ဝန်းကျင် တစ်ခွင်လုံးတွင်လည်း မွှေးထုံသင်းပျံ့နေသည်။ ရိုယ်မောပျော်ရွှင် နေကြသော ကလေးတို့၏ အသံကလည်း ဆူညံနေလေသည်။

လေအေးစက် တပ်ဆင်ထားသော အခန်းထဲတွင်တော့ သွေးနံ့တွေ ညှီနေလေသည်။ အေးစက်စိုထိုင်းပြီး ငြိမ်သက် တိတ်ဆိတ်နေသည်။ ဖန်ကွဲစ သွေးစတွေ ကျဲပြန့်ပေကျံနေသော ကြမ်းပြင်ပေါ်သို့ နွမ်းနွမ်းပျော့ပျော့ နှင်းဆီပွင့် နှင်းဆီလွှာ ကလေးများက ကြွေလွင့်ပြီး ကျလာလေသည်။



ပန်းကလေးများ ဖူးလာ၊ ငုံလာ၊ ပွင့်လာကြသည်။ မွှေးပျံ့ သင်းထုံလာကြသည်။ ထို့နောက် တဖြည်းဖြည်းနှင့် ညှိုးလာနွမ်းလာပြီး ခြောက်သွေ့သွားကြသည်။ ကြွေကြရသည်။

ထိုအရာများသည် ဤလောက၊ ဤသံသရာကြီး၏ ဖြစ်စဉ်၊ ဖြစ်မြဲ၊ ဖြစ်ဆဲ မမှတာများပင် ဖြစ်သည်။

အရေးကြီးသည်ကား မကြွေမီ မနွမ်းမီ သူ့မိခင်ပန်းပင်နှင့် သူ့ပတ်ဝန်းကျင်ကို သူက အလှဆင်နိုင်ဖို့ သင်းပျံ့မွှေးကြိုင် ရနံ့လှိုင်စေဖို့ပင် ဖြစ်သည်ကို ကွယ်လွန်သူ ဦးဘမွားတစ်ယောက် ကောင်းစွာ သဘောပေါက်နားလည်ခဲ့ပြီး ဖြစ်လေသည်။

မစန္ဒာ

၁၅-၁၂-၉

www.burmeseclassic.com